# သမာဓိဉာဏ်မြင်

# ကိုယ်တွေ့ကျင့်စဉ်ပညာစခန်း

သို့

.... .... .... .... .... .... ....

.... .... .... .... .... ....

မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ တေဝိဇ္ဇာပတ္တရမာန္တာဟု ကျော်ကြားခဲ့သော ကျေးဇူးရှင် သဲအင်းဂူကျောင်း ဆရာတော်ဘုရားကြီး၏ဂုဏ်ကျေးဇူးတော်များကို အာရုံပြုလျက် ထိုကျေးဇူးတော်မြတ်ကို တုံ့ပြန်သောအားဖြင့် "သမာဓိ ဉာဏ်ဖြင့် ကိုယ်တွေ့ကျင့်စဉ် ပညာစခန်း" စာအုပ်အား "ဓမ္မဒါန"အဖြစ်ဖြင့် လှူဒါန်းပါသည်။

မှ

အမည် .... .... .... .... .... .... ....

လိပ်စာ .... .... .... .... .... .... ....

.... .... .... .... .... ....

## ဤစာအုပ် ဖြစ်မြောက်ရေးအတွက်

စာအုပ်အမည်- သမာဓိ-ဥာဏ်မြင်-ကိုယ်တွေ့ကျင့်စဉ်

ကိုယ်တွေ့တင်ပြသူ- ဦးဓါသေဠ(ခေါ်) ဦးလှထွန်း

အကူအညီအပြည့်အဝ- ဒေါ်ထိပ်တင်စု- ဦးဩဘာ-
ဦးတင်မောင်-ဦးစိန်လင်း- ဒေါ်အေးအေးသန်း
ဒေါ်သန်းသန်းစိန်- ဒေါ်အုန်းကြည်- ဦးဘိုနှင့်
မိသားစု-ဒေါ်ယုမေနှင့် သမီးများ-ဦးသိန်းမြင့်-
ဒေါ်မြစိန်နှင့်အဖွဲ့ ဦးစိုးမြင့်(ပြည့်သူ့ပုံနှိပ်တိုက်)
ဦးဘုန်းမြင့်-ဦးရှိန်ခင်-ဦးနီ၊ဦးမျိုးညွန့်(မန္တလေး)
ဦးထွန်းအောင်-ဒေါ်ရီမြ-ဦးအောင်ကြည်(ဇွဲ)

ထုတ်ဝေသူ- ဦးလှထွန်း၊တိုက်အမှတ်(၁) အခန်း(၂၀)
ပြည်တော်သစ်ရိပ်သာ ပုဇွန်တောင်၊

ပုံနှိပ်သည့်စက်- ဦးချိုအောင်သန်း ပြည့်သူ့ပုံနှိပ်တိုက်
အမှတ်၆၅/၉၃လမ်း၊ ရန်ကုန်။

ဘာသာရေးစာမူ- (က) ထုတ်ဝေခွင့်အမှတ် (၉၇၇၃)
(ခ)ကာင်းလွတ်ခွင့်အမှတ်(၀၂၃၀၀၅)

ရိုက်ကြိမ်နှင့်အုပ်ရေ- ပဉ္စမအကြိမ်၊ အုပ်ရေ (၂၀၀၀)
ဒီဇိုင်း- ဦးရွှေတင့် အင်ဂျင်နီယာ (ဆ၊မ)
ပန်းချီ- မောင်ဇော်ဝင်း
မျက်နှာဖုံးရိုက်- ချင်းတွင်း (ဘလောက်) လှိုင်
အတွင်းဘလောက်များ- ဘသစ်အင်ဆန်း

ရန်ကုန်မြို့၊ သင်္ကန်းကျွန်းမြို့နယ်၊ ဘာဝမြင့်ရိပ်သာ အနီး
မေဃဝတီ ရွှေကျောင်းတော်ရကျောင်းတိုက်မှ ဒုလ္လဘ
ရဟန်းအပါး(၁၀၀၀)ပြည့် သစ္စာအဓိဋ္ဌာန် ပါရမီရှင်-

သိရိဘဒ္ဒန္တဝါသေဋ္ဌ(ခေါ်)ဦးလှထွန်း

တင်ပြသေ

# သ မာ ဓိ ဉာဏ် မြင်

## ကိုယ်တွေ့ ကျင့်စဉ်

## ပညာ စခန်း

## အနန္တဂိုဏ်းဝင်များအား ကန်တော့ခြင်း

"နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ"

ကျွန်ုပ်သည်—ဘုရား- တရား- သံဃာ ရတနာ တည်းဟူသော ရတနာမြတ်သုံးပါး တို့ကို ရှိသေမြတ်နိုး လက်စုံမိုးကာ ရှိခိုးပူဇော် ကန်တော့ပါသည်။

ကျွန်ုပ်သည် အနန္တဂိုဏ်းဝင် ဖြစ်တော်မူသော ကျေးဇူးရှင် မိခင်ဖခင်နှစ်ပါးတို့အား ရှိသေမြတ်နိုး ရှိခိုးကန်တော့ ပါသည်။

ကျွန်ုပ်သည် အတတ်ပညာ အမျိုးမျိုးတို့ကို တတ်မြောက်အောင် သင်ကြားဆုံးမခဲ့သော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ပညာရှိ ဆရာသခင်တို့အား ရိုသေမြတ်နိုးလျက် ကန်တော့ ပါသည်။

ကျွန်ုပ်သည် အရိယာနွယ်ဝင် သူတော်စင်များ ဖြစ်ကြသော ပါရမီရှင်-ပညာရှင်- သိဒ္ဓိရှင်-မဟိဒ္ဓိရှင်- ပုဂ္ဂိုလ်မွန်-ပုဂ္ဂိုလ်မြတ်များအား မေတ္တာဂါရဝပြင့်ရိုသေစွာ ရှိခိုးကန်တော့ပါသည်။

မြတ်စွာဘုရား၏ သာသနာတော်သည် နေရောင် လရောင်ကဲ့သို့ထွန်းလင်းပြီး ၃၁-ဘုံသားတို့သည် အန္တရာယ် အပေါင်းကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၍ ချမ်းသာ ကြပါစေ ဟု မေတ္တာပို့ သပါသည်။

မောင်လှထွန်း
ဓရိယ-ပညာစခန်း

"ဦးညွှတ်ကန်တော့ပါ၏"

ကွယ်လွန်သူ ဘခင် ဦးအေးမောင်နှင့် အသက်ရှင်လျက်ရှိသော မိခင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးရင် ကျေးဇူးရှင် နှစ်ပါးကိုလည်းကောင်း၊ စရိယ ပညာပါရမီ စခန်းသို့ အဖက်ဖက်မှ ပါရမီဖြည့်ပေးခဲ့သော ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာန ၊တိုင်း ဦး စီး ဌာ န မှူး (ထ-သ-ရ) ဦးကြည်အောင်ရင်း၊ ၎င်း "သမာဓိဉာဏ်မြင် ကိုယ်တွေ့ကျင့်စဉ် ပညာစခန်း" ဟူသော စာအုပ်ဖြင့် ဦးညွှတ်ကန်တော့ပါ၏။

မောင်လှထွန်း
စရိယ-ပညာစခန်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | သမာဓိ-ဉာဏ်မြင် | |
| ၂ | ဓမ္မဒါန လက်ဆောင်ပုံစံ | |
| ၃ | စာအုပ်ဖြစ်မြောက်ရေးမှတ်တမ်း | |
| ၄ | ဦးလှထွန်း၏ သမာဓိဉာဏ်မြင် | |
| ၅ | အနန္တဂိုဏ်းဝင်အား ကတော့ခြင်း | |
| ၆ | ဦးညွှတ်ကတော့ပါ၏ | |
| | ပန်ကြားချက် | ၁၁ |
| | သဲအင်းဆရာတော်၏ဂုဏ်ကို ကျေးဇူးတုန့်ပြန်ခြင်း | ၁၄ |
| | သဲအင်းဆရာတော်ဘုရား တရားဟောနေစဉ် | ၁၄-၁၅ |
| | ပဌမပိုင်း-သမာဓိဉာဏ်မြင် ဝိပဿနာ-ယာနိက | ၁၅ |
| ၁ | သဲအင်းဂူဆရာတော်ဘုရားအပေါ် ကျွန်တော်၏ အမြင်နှင့် ခန္ဓာကိုယ်တွေ့ | |
| - | သဲအင်းဂူသို့ရောက်ပုံ | ၁၆ |
| - | ချောင်းကြည့်ကွယ်ကြည့်နေစဉ် | ၁၉ |
| - | မရိကံယူပုံ | ၂၀ |
| - | သဲအင်းဂူအခြေခံရှုကွက် | ၂၂ |
| - | ဝင်လေထွက်လေသသိထား အသိမလွှတ်စေနဲ့ | ၂၂ |
| - | စုံထောက်နှင့်ဝရမ်းပြေးဥပမာ | ၂၄ |
| - | ဘောင်ချိန်နည်း | ၂၄ |
| - | ရှေ့စိတ်ကတော်ချင်၊ နောက်စိတ်ကတွန်းတင် | ၂၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | ပစ္စုပ္ပန်တည့်တည့်ရှု | ၂၆ |
| - | ဝင့်ကြွေး(ဝါ)သံသရာကြွေး | ၂၇ |
| - | ဝေဒနာမချုပ်ဘဲ မတော်ပါနဲ့ | ၂၀ |
| - | ဝိပဿနာနှင့် သမထယာနိက | ၂၉ |
| - | ပါရမီဆိုတာ | ၂၉ |
| - | ကျွန်တော်ထွက်ပြေးခဲ့ပါသည် | ၃၀ |
| - | စိတ်ရှင်းသွားပါသည် | ၃၈ |
| - | တရားထိုင်ပုံ ထိုင်နည်း | ၄၀ |
| - | ဦးမချုပ် မနေနိုင်တော့ပါဘုရား | ၆၃ |
| - | ဒကာကြီး ဘာစဉ်းစားနေသလဲ | ၇၃ |
| - | ကျွန်တော့်အခြေအနေ | ၈၀ |
| - | လောကီပညာရှိ | ၁၁၅ |
| - | ပတ္တမြားရတနာ | ၁၁၇ |
| - | နာမ်ကိုရှု၊ ရုပ်ကိုမရှုနဲ့ | ၁၂၄ |
| - | အကြောင်းသတ်တရား | ၁၂၇ |
| ၂ | တောက်ပနေသောကြယ်တပွင့် | ၁၃၂ |
| - | လူဝတ်ကြောင်ကို ရှုံ့ရှာလာခြင်း | ၁၃၃ |
| - | တရားပြခြင်းနှင့် ဌာနဖွင့်ခြင်း | ၁၃၄ |
| - | တရားဌာန ပေါ်ပေါက်လာပုံ | ၁၃၄ |
| - | ပါရမီပြည့်ဘက် ပဋ္ဌာန်းဆက် | ၁၃၅ |
| - | ကမ္မဋ္ဌာန်းစခန်း | ၁၃၅ |
| ၃ | ဗိုလ်ငါးဗိုလ်၊ လက်ကိုင်ထားချက် | ၀၃၆ |
| - | သမာဓိဉာဏ်မြင်လာပုံ | ၁၄၀ |

- ပညာဉာဏ်စစ်ဆေးခြင်း ၁၄၆
- တချိန်သာတွေ့ရသည့်ပုဂ္ဂိုလ် ၁၅၁
- ရုပ်တုဆင်းတုကို မရှိခိုးဘူး ၁၅၅

၄ မှော်ဘီမြို့နယ်-နှောကုန်းကျေးရွာ
သဲအင်းဂူကျောင်း ဝဇိမပိတ်-အဓိဋ္ဌာန်စခန်း ၁၅၇

၅ ကတုံးမတုံးဘူး-သင်္ကန်းမဆီးဘူး-ညစာစားမယ် ၁၇၈

၆ ဆရာတော်ဦးရေဝတ၏ ပါရမီရိပ် ၁၈၂

- ရှေးမင်းတို့၏ အသုံးအဆောင်ပစ္စည်း ၁၈၃
- ဆုတောင်းပြည့် မြတ်စိန္တေ ရောင်တော်ပြန်ဘုရား ၁၈၄
- ထူးခြားသော ထန်းဖူး ၁၈၄
- ထူးခြားသောငှက်ပျောမင်း ၁၈၅
- သစ်ကနက်ပင်။ ဒေဝတာ ဗောဓိပင် ၁၈၆

၇ ဝိမုတ္တိယုဂ ကမ္မဋ္ဌာန်း နည်းပြဆရာတော်
(သိရီဘဒ္ဒန္တရေဝတာဘိဝံသ၊မဟာထေရ်) ၁၈၇

- ပဋ္ဌမပိုင်း သမာဓိဉာဏ်မြင်
ဝိပဿနာ-သုတပဒေသာ ၁၈၈
- မပြစ်မှားထိုက်သော ခင်ပွန်းကြီး(၁၁)ပါး ၂၁၃
- ကိလေသာကြောင့်ဖြစ်သော မီး(၁၁)ပါး ၂၁၃
- ဆရာတုဆရာယောင်(၅)မျိုး ၂၁၄
- မေတ္တာတရားကို ပွါးလေ့ရှိ၏အကျိုး (၁၁)ပါး ၂၁၄
- ကိုယ်စောင့်နတ်(၀၂)ပါး ၂၁၆
- ဝိသုဒ္ဓိတရား(၇)ပါး ၂၁၈
- မပြစ်မှားထိုက်သောပုဂ္ဂိုလ်(၀၀)ပါး ၂၂၃
- ပါရမီ(၁၀)ပါး ၂၂၈

ကုသိုလ်(၁၀)ပါး ၂၃၂

- သမ္မာသမ္ဗုဒ္ဓဘုရားလောင်း ဆုတောင်း ၂၃၄
- ပစ္စေကဗုဒ္ဓလောင်း ဆုတောင်း ၂၃၅
- အဂ္ဂသာဝက ဆုတောင်း ၂၃၆
- အတုယူဘွယ်ကောင်းသော ဆုတောင်းများ ၂၃၅
- တောင်းသင့်သောဆုများ ၂၃၇
- မတောင်းသင့်သော ဆုမျိုးများ ၂၃၈
- တောင်းသင့်သောဆုမျိုးများ ၂၄၀
- ဗောဓိပက္ခိယတရား ၃၇ ပါး ၂၄၂
- ပါရမီတော် ဖြည့်ကျင့်တော်မူပုံ ၂၄၇
- ခုနှစ်ရက် ခုနှစ်လအဘွင်း မဂ်ဖိုလ်ရနိုင်ပုံ ၂၄၈
၂ ဓူတင်(၁၃)ပါး ဆောက်တည်ပုံ ၂၄၉
၃ ပဋ္ဌာန်း နှစ်ဆယ့်လေးပစ္စည်း ဘုရားရှိခိုး ၂၅၃
၄ သုခဒါတဗ္ဗ ဓမ္မဒါနများ ၂၅၅
၅ ပရိတ်တော်ကို ရွတ်ဆိုအပ်သော အချိန်ကာလ ၂၆၀
၆ အောင်စကြာ ပဌာန်းနှင့်ပါဠိအနက် ၂၆၂
၇ သမ္ဗုဒ္ဓေဂါထာတော်ကြီးနှင့် ပါဠိအနက် ၂၆၃
၈ နမောတေဂါထာနှင့် ပါဠိအနက် ၂၆၅
၁၀ ပထဝီဇယဂါထာနှင့် ပါဠိအနက် ၂၆၇
၁၁ စိန္တာမဏိဂါထာနှင့် ပါဠိအနက် ၂၆၈
၁၂ ငါးပါးသီလ စောင့်ထိန်းရခြင်း အကျိုးငါးပါး
နှင့် မစောင့်ထိန်းခြင်းတို့၏ အပြစ် ၂၆၉
၁၃ ဖြဟ္မာစိုရ်နှင့်ယှဉ်တွဲသော ဒါနများအကြောင်း ၂၇၇
၁၄ ဘုရားလောင်းမျောက်မင်း၏ပါရမီဖြည့်ပုံ ၂၈၃
၁၅ အမှားပြင်ဆင်ချက်များ ၂၈၇

## ( ပန်ကြားချက် )

ဤစာအုပ်တွင် ပါဝင်ဖော်ပြထားသော အဖြစ်အပျက် အကြောင်းအရာများမှာ အပိုအသုံမရှိဘဲ ပကတိဟုတ်မှန်သော အဖြစ်အပျက်မှန်များကိုသာ ဖော်ပြထားသဖြင့် အထူးသဖြင့် စိတ်ဝင်စားဘွယ်ရာဖြစ်သော အဖြစ်အပျက်များကို ကျင့်စဉ် တလျှောက် တွေ့ကြုံရသည်တို့ကို ဖတ်ရှုတွေ့မြင်ကြရမည် ဖြစ်ပါ သည်။

ဤသို့ ထူးဆန်းသောအဖြစ်အပျက်များကို ဖတ်ရှုကြရသော အခါ၊ မိမိတို့ သဘောမကျမယုံကြည်နိုင်သော အချက်များကို တွေ့ရှိပါက ယုတ်တရက် ချက်ခြင်းကဲ့ရဲ့ခြင်း ပြစ်တင်ခြင်းများ ကို မပြုလုပ်ကြသေးဘဲ မိမိတို့နှလုံးရည်တွင် တည်ရှိသော လောကီ ဗဟုသုတ ဉာဏ်မျက်စိ၊ လောကုတ္တရာ ဗဟုသုတ ဉာဏ် မျက်စိဖြင့်သာ နှိုင်းယှဉ်သုံးသပ်၍ ဝေဖန်ကြစေလိုပါသည်။

"ကိုယ်တွေ့ကျင့်စဉ် ပညာစခန်း" ကို ကျွန်တော် စိတ်ကူးယဉ်ပြီး ဖွဲ့နွဲ့၍ရေးသားထားသည်မဟုတ်ပါ။ ကျွန်တော် ကိုယ်တိုင် ကျင့်ကြံအားထုတ်ရာမှ ဖြစ်မြောက်လာသော ကျင့် စဉ်များကို ကျွန်တော်ရေးတတ်သလို ရေးသားဖော်ပြခြင်းမျှသာ ဖြစ်ကြောင်း ရိုးရိုးသားသား ဝန်ခံပါသည်။

ဤစာအုပ်တွင် ဝိပဿနာကျင့်စဉ်ပိုင်းနှင့် သိဒ္ဓိပေါက် ပညာ စခန်းကျင့်စဉ်ပိုင်းဟူ၍ အပိုင်း(၂)ပိုင်းခွဲခြားပြီး ဖော်ပြထား

ပါသည်။ အဆိုပါကျင့်စဉ်များအကြောင်းကို မဖော်ပြမီ စာရှုသူအပေါင်းတို့အား ရှေးဦးစွာ အသိပေးလိုသည်မှာ၊ ကျွန်တော်သည် ယခင်က ခရစ်ယာန်ဘာသာဝင်တဦး ဖြစ်ခဲ့ပါသည်။ သို့ရာတွင် သဲအင်းဂူဆရာတော်နှင့်တွေ့ဆုံပြီး ဗုဒ္ဓတရားတော်မြတ်ကို စူးစမ်းလိုသောစိတ်ဖြင့် လက်တွေ့စမ်းသပ်ကြည့်ရာမှ ထူးခြားစွာသိမှု ခံစားမှုကို ရရှိခဲ့ပါသည်။ ကျွန်တော်ကိုယ်တိုင် ကြား-နာ-ကျင့်ကြံအားထုတ်လိုက်သောအခါ၊ ကျွန်တော်ဖြစ်ချင်သောအရာများ ဘာတခုမျှဖြစ်မလာပါ။ ကျွန်တော်မဖြစ်ချင်သောအရာများသာ ဖြစ်လာပါသည်။ တရားသဘောအရ ကိုယ့်သဘောမဟုတ် သူ့သဘောဆောင်၍ အနတ္တကို ထင်ထင်ရှားရှား တွေ့လာရပါသည်။

ထို့ပြင် ဝိပဿနာတရားကျင့်ကြံအားထုတ်ရာတွင် "ဝဋ်ကြွေးဆပ်ခြင်း"ကို မယုံကြည်ခဲ့ပါ။ သို့သော် လက်တွေ့သဘောတွင် "ဝဋ်ကြွေးများဆာမက အတိတ်စိတ်ကျခြင်း"များကိုပါ ထူးဆန်းစွာ တွေ့ခဲ့ရပါသည်။

တန်ခိုးရှင်မှာလည်း မိမိ၏အားထုတ်မှုမရှိလျှင် ပို့ဆောင်ပေးနိုင်မည်မဟုတ်ကြောင်း ကိုယ်တိုင်သိလာပါသည်။

လက်တွေ့စမ်းကြည့်ရာမှ အမှန်ကိုအမှန်အတိုင်း မြင်လာပါသည်။ သေမှရောက်မည့် နိဗ္ဗာန်ကို ယခုဘဝပွန်တွင် သဘောပေါက်ခဲ့သည်အတွက် အသက်ဆက်ခံချင်သောဆန္ဒ ပြင်းပြလာခြင်း ဖြစ်ပါသည်။

နိဗ္ဗာန်သည်ရင်း၊ ကောင်းကင်ဘုံသည်ရင်း၊ ဘာသာရေး စကားပြောကြားကြရာ၌ အမှန်အမြတ်ထား၍ ပြောကြားကြ သော်လည်း၊ တရားအားမထုတ်သောသူများ သိလွယ်သော အရာ (မြတ်ချမ်းသာ) မဟုတ်ပါ၊ တရားအားထုတ်သော ပုဂ္ဂိုလ်များနှင့်သာ ထိုက်တန်သောအသိတရား ဖြစ်ပါသည်။

ဤ သမာဓိ ဉာဏ်မြင် ကိုယ်တွေ့ကျင့်စဉ် ပညာစခန်း စာအုပ် တွင် တကဏ္ဍနှင့် တကဏ္ဍ အဆက်အစပ်များ၌ စာ(လေ့လာမှု) အနှစ်အရသာ ပြတ်လပ်၍ ကင်းမဲ့နေသည်ကို တွေ့ရှိရပေ လိမ့်မည်။ ထိုသို့တွေ့ရှိခဲ့သော် ဖြည့်စွက်၍သတ်ရှု ဆင်ခြင်ကြပါရန်နှင့် စာမျက်နှာတိုင်းတွင်လည်း အမှား နည်းနိုင်သမျှ နည်းအောင် ကြိုးစား၍ ပြင်ဆင်ထားပါသည်။+ အမှားအမှန် ပြင်ဆင်ထား သော်လည်း အချို့နေရာများ၌ အမှားထပ်မံတွေ့ရှိပါက အမှန် ပြင်ဆင်ပြီးမှသာ သတ်ရှုပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

၁၃၃၄-ခု၊ကဆုန်လပြည့် မောင်လှထွန်း
တနင်္ဂနွေနေ့ (၁-၅-၇၂) ထုတ်ဝေသူ

ပဋ္ဌဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ

အဿာသ ပဿာသ ထွက်လေဝင်လေ ဤနှစ်ထွေ ရပ်စဲတော်မူပြီးသော မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ တေဝိဇ္ဇာပတ္တ ရဟန္တာဟု ကျော်ကြားခဲ့သော သဲအင်းဂူကျောင်း ဆရာတော်အရှင် ဦးဥက္ကဋ္ဌ၏ ကျေးဇူးဂုဏ်ကို အာရုံပြုလျက် ထို ကျေးဇူးတော်မြတ်ကို တုံ့ပြန်သောအားဖြင့် ဤကိုယ်တွေ့ကျင့်စဉ် ပညာစခန်းခေါ် "သမာဓိဉာဏ်မြင်" စာအုပ်ကို ရေးသားရခြင်း ဖြစ်ပါသည်။

မောင်လှထွန်း

စရိယ ပညာစခန်း



"ကိုယ့်စိတ် ကိုယ်စစ်"ဟု အမြဲသတိပေးနေသည့်
"အမြဲလင်း ဇွဲတင်း"ကျေးဇူးရှင် (သဲအင်းဂူ
ဆရာတော်ဘုရားကြီး)"ကျေးနှစ်ကောင်"
စာရေး_ဟောပြော ဆုံးမနေပုံ။

# ပ ထ မ ပိုင်း

# သမ္မာဒိဋ္ဌိ ဉာဏ်မြင်

ဝိ ပ ဿ နာ ယာနိက

## သဲအင်းဂူဆရာတော်အပေါ်
## ကျွန်တော်၏အမြင်နှင့် ခန္ဓာကိုယ်တွေ့

### သဲအင်းဂူသို့ ရောက်ရပုံ

၁၃၃၀-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၁၀)ရက်၊ သောကြာနေ့ (၁၁-၄-၆၉) သကြံန်မကျမီ နှောကုန်းရွာ၊ သဲအင်းဂူကျောင်း ခန်းမအတွင်း ကုဋီသွားလမ်းဘေးရှိကျောင်း (ဦးထွန်းမြိုင်၏ ဂူကျောင်း)ရှေ့၌၊ ကျွန်တော်သည် ခလေးများကိုထိန်းနေပါသည်။ အချိန်အားဖြင့် နံနက် ၁၀-နာရီ ၃၀ မိနစ်ခန့် ရှိမည်ဟုထင်ပါသည်။

ဘုန်းကြီးတပါးသည် ကျွန်တော့အနားသို့လျှောက်လာပြီး စကားအစမရှိပါပဲ-

ဘုန်းကြီး....ဒကာကြီး ဒကာကြီးဟာ အရိယာသူတော်စင် သူတော်ကောင်းဖြစ်တယ်။ ဦးပဥ္စင်းရဲ့ သာသနာကို ပြုရမယ်။

ဘုန်းကြီးကိုကြည့်လိုက်သောအခါ၊ နေပူထဲမှာ ထီးဆောင်း မသွားပါ။ ပါလာသောထီးကြီးကို ထမ်းထားပါသည်။ ဘုန်းကြီးနှင့်အတူ ဘေးမှလူတယောက် ပါလာပါသည်။ ထို့နောက်-
ဘုန်းကြီး....သာသနာ မပြုချင်ဘူးလား။

ထိုကဲ့သို့ မေးလိုက်သောအခါ ကျွန်တော်၏နားထဲတွင်၊ ဂျက်လေယာဉ် ကောင်းကင်သို့ ပျံတက်သည့်အသံကဲ့သို့ "ဝီ-ဝီ" ဆိုသည့်အသံကြီးတခု မြည်ဟည်းလာပြီး အဆင့်ဆင့်ပဲ့တင်ထပ်ခါ (သာသနာကို ပြုရမယ်) ဆိုသောအသံ ကြားလာပါသည်။ သို့သော် ကျွန်တော်၏စိတ်ထဲတွင် ဒီဘုန်းကြီးဟာ ငါ ခရစ်ယာန်ဖြစ်တာကို မသိဘူးနဲ့တူတယ်လို့ အတွေးတွေက ပေါ်လာပါသည်။ ကျွန်တော်၏စိတ်တွင် ဤကဲ့သို့ ဖြစ်ပေါ်နေခဲ့သော်လည်း ကျွန်တော်၏နှုတ်မှ-
ကျွန်တော်....သာသနာ ပြုချင်တာပေါ့လို့ ပြောပါသည်။
ဘုန်းကြီး ....သာဓု-သာဓု-သာဓုလို့ နှုတ်ကဆိုပြီး ထွက်သွားပါသည်။

ဘုန်းကြီးပြန်သွားသောအခါ ကျောင်း (ဦးထွန်းမြိုင်၏ဂူကျောင်း)အဘွင်းမှာရှိနေသည့် သုံးခွမြို့၊ သုသာန်ဆရာတော်အရှင် ဦးသာသန ဆွမ်းစားရန်ထွက်လာပြီး- "ခုနက စကားပြောသွားတဲ့ ဘုန်းကြီးဟာ သဲအင်းဂူကျောင်း ဆရာတော်ဘုရားကြီး" ဟု ပြောပြပါသည်။ ထိုအခါမှ ထိုဘုန်းကြီးကို သဲအင်းဂူဆရာတော်မှန်း သိခဲ့ရပါသည်၊ သို့နှင့် ကျွန်တော်သည် ခသေးကိုချိုပြီး အိမ်မဲ ဇရပ်ဆီသို့ ရှေ့ရှုပြန်ပါသည်။ ဇရပ်ရောက်သော် ဇရပ်ရှင် "ဦးလှဆောင်"ကို ဤအကြောင်း

ပြောပြသောအခါ "ဆရာတော် ပညတ်တတ်ရင် မှန်တယ်၊ မင်း သာသနာပြုရလိမ့်မယ်လို့"ထပ်ဆင့်ပြောပါသည်။ထိုစကားကိုကြားရသောအခါ ကျွန်တော်၏ ခရစ်ယာန်ဘဝကိုမေ့ပြီး ဝမ်းသာလွန်း၍ မျက်ရည်များကျခဲ့မိပါသည်။ ကြက်သီးတွေ ထလာပြီးနောက် စိတ်အေးချမ်းသွားပါသည်။ ကျွန်တော်၏ စိတ်ဓာတ်ကလေးသည် တမျိုးပြောင်းသွားကြောင်း အသိရှိလိုက်ပါသည်။ ဆရာတော် ပညတ်ထုတ်လျှင် မှန်တတ်သည်။ သာသနာပြုရတော့မည်။ ခရစ်ယာန်သာသနာလော-ဗုဒ္ဓသာသနာလော-ကျွန်တော် မဝေခွဲတတ်ပါ။ သာသနာပြုရမည်ကိုသာ ဝမ်းသာနေခြင်း ဖြစ်ပါသည်။

ကျွန်တော် သံအင်းမြေကိုရောက်ရခြင်းအကြောင်းမှာ ကျွန်တော်၏ ယောက္ခမကြီး ဒေါ်မိမိလေးက "ငါတို့ သုံးခွ သံအင်းဂူဆရာတော်ဘုရားကြီးတရားပွဲမှာကွယ်၊ ဝက်လိုအော်တဲ့လူက ထအော်ကြတယ်- ငိုတဲ့လူတွေငိုကြတယ်- ရီတဲ့လူတွေကလည်း ရီကြတယ်" တော်တော့်ကိုထူးတယ်၊ ငါတော့ကွယ် တခါမှ မမြင်ဘူးဘူး။ မင်း တခါလောက်သွားကြည့်ပါလားဟု အကြံပေးစကား ပြောသောကြောင့် သံအင်းဂူမြေကို ရောက်ခဲ့ရခြင်းဖြစ်ပါသည်။

နံနက် ၁၀-နာရီ ၃၀-မိနစ်လောက်မှာ နံနက်စာကို ယောဂီ(၇)အိမ်ထောင်စုတို့ စုပေါင်းဝိုင်းဖွဲ့၍ စားရင်းနှင့် ၁၂ နာရီသို့ လက်တံပြနေပါပြီ၊ ရေတွင်းမှ ရေဆွဲပေးသူကဆွဲပေး အိုးခွက် ဆေးတဲ့လူကဆေးကြောကြနှင့် တပျော်တပါးကြီးပင် ဖြစ်ပါသည်။ ဝဝလင်လင် စားသောက်ပြီး ခေတ္တလဲလျောင်း

နေတဲ့သူကလည်းနေကြ၊ အိပ်သူလည်းအိပ်ကြ၊ တရားပွဲအချိန် ကျလဲ သွားသူကသွားကြပါသည်။ ကျွန်တော့်မှာမူ အိပ်ကျန် ခဲ့ပါသည်။ ယောဂီအချို့သည် နေ့လည်တရားပွဲမှ တရားထိုင်၍ အပြန် ထူးခြားစွာ ဖြစ်ပျက်ပုံတွေ သူတမျိုး-ငါတဖုံ ပြောသံ များကြောင့် အိပ်ယာမှလန့်နိုးခဲ့ရာ အခွင့်ကောင်း ရှုကွင်း တကွက်တော့ဖြင့် လက်လွှတ်ခဲ့ရပါသည်။

## ချောင်းကြည့် ကွယ်ကြည့်နေစဉ်

ည(၆)နာရီမထိုးမီ စည်တည်းသံ၊ မောင်းသံ၊ ကြေးစည် သံများတို့က၊ တရားနာယူ တရားကျင့်ကြမည့် ယောဂီသူရဲ ကောင်း လူချည်ချွန်များကိုပင့်ဖိတ်နေပါပြီ၊ ပရိသာတ်ထဲတွင် တောင်ပြော မြောက်ပြောနှင့် ကျွန်တော်လည်း တဖြည်းဖြည်း ခြင်း ဓမ္မာရုံသို့ ရောက်ခဲ့ရပါသည်။

နေရာယူကြပါ လာပါ ဒီမှာလွတ်နေပါတယ်၊ ဒီမှာလူမရှိ သေးဘူး ရွှေ့တိုးပါ၊ နဲနဲလေး ရွှေ့ပေးပါ"ဟု ပြောသံတွေ ကြားရပါသည်။ ကျွန်တော်သည် နောက်ယောင်ခံ လိုက်နေခဲ့ ရာမှ ပေ(၁၀၀)အရှည်၊ အကျယ်ပေ(၄၀)အကျယ် အစိဌာန် စခန်းရှိ ခန်းမကြီးမှာကား တရားထိုင်မည့်သူများနှင့် ပြည့်နေ ပြီး၊နောက်ကျကျန်နေခဲ့သောသူမှာ ကျွန်တော်တယောက်သာ ဖြစ်ပါသည်။ ကျွန်တော်သည် တရားထိုင်ရန်မဟုတ်။ တရား ထိုင်စဉ် ပေါက်ပြန်ကြသော ယောဂီများဖြစ်ပျက်ပုံ(ဝင့်ကြွေး ဆပ်ပုံ)ကို လေ့လာကြည့်ရှုရန် လာသူပီပီ တံခါးဝမှ ဟိုကြည့်

ဒီကြည့် ချောင်ကွယ်၍ ချောင်းကြည့်လိုက် ကွယ်ကြည့်လိုက် နှင့်နေစဉ်-

"ကဲ....ကဲ ကန်တော့ကြ၊ ကန်တော့ကြ"ဟု ပြောသံကြားရ ကျွန်တော်ကနောက်အဆုတ် လူတဦးတယောက်က နောက်မှ တွန်းမ၍ ပို့ဘိသည့်အလား အပေါ်သို့ရောက်သွားပြီး ဆရာတော်ရဲ့ တရားဟောပလ္လင်ခြေရင်းတည့်တည့်တွင် ရောက်လျက်ဖြစ်သွားပါသည်။ လူအများလုပ်သလိုတော့ မလုပ်တတ်သဖြင့် ဆောင့်ကြောင့်ထိုင်ပြီး အလိုက်သင့်နေလိုက်ပါသည်။

## ပ ရိ ကံ ယူ မုံ

ယောဂီပရိသာတ်အများ စုပေါင်း၍၊ ယခုလို ပုဗ္ဗကိစ္စပရိကံ ပြုကြပါသည်။

"နမော တဿ-ဘဂဝတော-အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

မြတ်စွာဘုရား၊ ဘုရားတပည့်တော်တို့သည် ယခု တရားအားထုတ်ဆဲအခါ၌၊ မြတ်စွာဘုရားအား နိဗ္ဗာန်ကိုရည်မှန်း၍ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို လှူဒါန်းပါ၏။ ကပ်လှူပါ၏။ ပူဇော်ပါ၏။ ခန္ဓာငါးပါး- ရုပ်နာမ်နှစ်ပါးကို လှူဒါန်းရတဲ့ အကျိုးကြောင့် မဂ်ဉာဏ်-ဖိုလ်ဉာဏ်-နိဗ္ဗာန်ဉာဏ်-နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား-

ကမ္မဋ္ဌာန်းဆရာဖြစ်တော်မူသော သဲအင်းဂူကျောင်း ဆရာတော်အရှင်သူမြတ်ဘုရား-ဘုရားတပည့်တို့သည် ယခု တရားအားထုတ်ဆဲအခါ၌၊ ဆရာတော်အရှင်သူမြတ်အား နိဗ္ဗာန်ကို



ဦး၀ါသေဋ္ဌ (ခေါ်) ဦးလှထွန်း၊ ယိုးဒယားမှ ပင့်လာသော
ရောင်ခြည်ဘော်ကွန့်မြူးသည့် ဆုတောင်းပြည့်
မြဆင်းတုပုံတော်

ရည်မှန်း၍ ခန္ဓာငါးပါး-ရုပ်နာမ်နှစ်ပါးကို လှူဒါန်းပါ၏။ကပ်လှူပါ၏။ ပူဇော်ပါ၏။ ခန္ဓာငါးပါး-ရုပ်နာမ်နှစ်ပါးကို လှူဒါန်းရသောအကျိုး၊ အရှင်ဘုရား၏ သိအပ်သော ဓာတ်တရား၊ ပရမတ်တရား၊ ရုပ်တရား၊ နာမ်တရား၊ သစ္စာတရားတို့ကို ဘုရားတပည့်တော်တို့အား ပေးသနားတော်မူပါ အရှင်ဘုရား—

ဘုံ(၃၁)ရှိရှိသမျှဝေနေယျ၊ သတ္တဝါအပေါင်းတို့ကို ကုန်းမှာနေ ကိုးကုဋေ- ရေမှာ နေဆယ်ကုဋေ- ထုန်းသတ္တဝါ- ရေသတ္တဝါ- သဗ္ဗေသတ္တာ- သတ္တဝါအပေါင်း၊ စကြာဝဠာတံတိုင်း ဖိလာပတ်ကုံး ကုန်းမကျန်-ရေမကျန်- အထက်ဘဝဂ်-အောက်အဝီစိအထိ (၃၁) ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်း၊ ကျွန်ုပ်တို့၏ဒါနကုသိုလ်-သီလကုသိုလ်-ဘာဝနာကုသိုလ်၊ အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရကြရအောင်အားလုံး-ကြားကြားသမျှ အမျှ-အမျှ-အမျှ ယူတော်မူကြပါကုန်လော့-

အရိယာသူတော်ကောင်းများ ပို့သသောမေတ္တာ-ပေးဝေသောကုသိုလ်၏ အဘို့ကိုလည်း အကျွန်ုပ်တို့က ဝမ်းမြောက်ဝမ်းသာနှင့် သာဓု-သာဓု-သာဓု။

ဟုအမျှအတန်းပေးဝေပြီး၊ ဆရာတော်ဘုရားက ပဏာမတရားထိုင်မှုထိုင်နည်းကို သင်ပြရန် ရှုကွက်ကိုပေးပါသည်။

## သံအင်းဂူ အစခြခံရှုကွက်

ဤသို့ပြုရမည့် ရှေးဦးပုဗ္ဗကိစ္စ၊ပရိကံပြုပြီးလျှင် ဆရာတော်၏ မိမိခန္ဓာကိုယ်ကို ကြာရှည်ထိုင်နိုင်မည့် ဣရိယာပုဒ်နဲ့၊ မိမိကြိုက်သလို ထိုင်ပါ။ ဒကာမများလည်း တင်ပလ္လင်ခွေ ထိုင်ချင်ရင် ထိုင်နိုင်ပါတယ်။ ပဆစ်ဒူးတုတ်ပြီး ထိုင်ထိုင်၊ တင်ပလ္လင်ခွေ ထိုင်ထိုင်၊ ကြိုက်သလိုထိုင်ပါ။ သို့သော် ခန္ဓာကိုယ်ကို တောင့်မထားနဲ့၊ တင်းမထားနဲ့၊ မဗွိမပင့်ဗဒါကျကျ၊ မူလသဘာဝ အတိုင်း ထိုင်ပါ။ နောက်မျက်စေ့မှိတ်ထားပြီး၊ လက်နှစ်ဘက်ကို တင်ပလ္လင်ခွေပေါ်တွင် လက်ချင်းထပ်၍ဖြစ်စေ၊ အခြား ကိုယ်ကြိုက်သလို ထားပါ။ တရားထိုင်လို့ မပြီးမချင်း ဣရိယာပုဒ်ကို မပြင်ပါနဲ့။ ယားရင်လဲမကုတ်ပါနဲ့။ ဘယ်လိုဘဲဖြစ်ဖြစ်၊ ဝေဒနာဆုံးသည့်တိုင်အောင် တရားထိုင်လို့ပြီးသည့်တိုင်အောင် သီးခံပြီး နေပါ။

## ဝင်လေ-ထွက်လေသတိထား-အသိမလွှတ်စေနဲ့-

နှာသီးဝခေါ်တဲ့ နှာသီးဖျား အသားဆိုင်ကလေးတွင် စိတ်ကိုထား(အာနာပါန)ဆိုတဲ့ ဝင်တဲ့လေကိုလဲ ဝင်မှန်းသိ-ထွက်တဲ့လေကိုလဲ ထွက်မှန်းသိ- လေဆိုတာပညတ်- စိတ်ထဲမှာမထားနဲ့၊ နှာသီးဖျား အသားဆိုင်ကလေးကိုတိုး-ထိဝင်လာတာ၊ တိုး-ထိထွက်သွားတာလေးကိုဘဲ သတိထားပြီး၊ သိရုံသိနေ-ရှုတဲ့ အခါလဲ- တာယီငြွေပျက်လောက်အောင် ကိုယ်ကရှုပ်ကြံပြီး

မရှုပါနဲ့၊ လုပ်ကြံမှုကြီးဖြစ်သွားလိမ့်မယ်။ သူ့သဘောအတိုင်း ရှုပါ။ ငါသဘောမဖြစ်အောင် သတိထားပါ။ ဘုရားက အနတ္တလို့ ဟောထားပါတယ်။ အနတ္တဆိုတာ သူ့သဘောပါ။ ကိုယ့်သဘော မဟုတ်ပါဘူး။ ကိုယ့်သဘောနဲ့ ကာယိန္ဒြေ ပျက်လောက်အောင် လုပ်ပြီး ရှုလိုက်ရင်၊ ငါ့သဘော ဖြစ်သွားပါလိမ့်မယ်။ ငါသဘော မဖြစ်စေနဲ့၊ သို့သော်—ရှုနေကြထက် (၂)ဆ(၃)ဆခန့်ရှုပါ။ သို့မှသာ ဝိတက်မဝင်သာဘဲ၊ သမာဓိ ရလွယ်ပါလိမ့်မယ်။ ရှေရှေဆွဲ၍ လေးလေး ရှုခြင်း၊ တိုတိုနဲ့ ခပ်စိပ်စိပ် ဆတ်ဆတ် ရှုခြင်း စသည်တို့မှာ ကိုယ်ကြိုက်သလို၊ နှစ်သက်သကို၊ ကိုယ့်သဘာဝနှင့် အဆင်ပြေသလို ရှုနိုင်ပါတယ်။ နှာသီးဖျား အသားဆိုင်ကလေးကို လေတိုးဝင်တိုင်း၊ ထွက်တိုင်း သတိမလွတ်ပဲ သိနေဘို့သာ အရေးကြီးပါတယ်။

စိတ်ဘယ်မှမရောက်အောင် နှာသီးဖျား အသားဆိုင်ကလေးကို ဝင်လေ–ထွက်လေ ထိတိုင်းသတိထား၊ အသိကပ်ပြီး သိနေမှုဟာ ပထမအစတော့ စိတ်ကလေးက ဟိုရောက်– ဒီရောက် ရှိဘတ်ပါတယ်၊ နောက် သဒ္ဓါ ဝိရိယနဲ့ ကြိုးစားပြီး အသိမလွတ်ရအောင် သတိပြုဖန်များလာတဲ့အခါ– စိတ်ရဲ့တည်ငြိမ်မှု (သမာဓိ)ကို ရလာပါလိမ့်မယ်။ တရားထိုင်နေစဉ်မှာ ဘာမှ ကြံစည် တွေးတော ဝေဘန် စဉ်းစားခြင်း မပြုပဲ– နှာသီးဖျားမှာသာ စိတ်ကိုထားပြီး၊ နှာသီးဖျား အဆိုင် အခဲကလေးကို လေတိုးထိတိုင်း–သတိထားပြီး–အသိမလွတ်ရအောင် သမာဓိကို ထူထောင်ပါ။

## စုံထောက်နှင့် ဝရမ်းပြေး ဥပမာ

အသိကပ်ပြီး ရှုနေရာက၊ အချိန် အတော်ကလေး ကြာရင်၊ ခန္ဓာကိုယ်မှာ- ပူ-အေး- ညောင်းညာ- ထုံ-ကျင်-ကိုက်-ခဲ ဆိုတဲ့ ရုပ်တရားကြီးရဲ့ ပေါက်ပြန့်မှု တွေဟာ - သူ့သဘော အတိုင်း ပေါ်လာပါလိမ့်မယ်။ ဒီအခါကျတော့- ပထမ နှာသီးဖျားမှာ ထားတဲ့စိတ်ဟာ နှာသီးဖျားမှာ မနေတော့ပဲ- သူ့သဘောနဲ့သူ ပေါက်ပြန့်ဖြစ်ပျက်တဲ့ ဝေဒနာပေါ် ပြောင်းသွားပါလိမ့်မယ်။ ဒီလို ပြောင်းသွားတဲ့စိတ်ကလေးက ဝေဒနာရဲ့ အစ-အလယ်-အဆုံး သိအောင်လိုက်ပါ။ ဥပမာ- ဝရမ်းပြေး တယောက်ကို စုံထောက်က နောက်က မျက်ခြေမပြတ် လိုက်နေ သလိုပါပဲ- မျက်ခြေပြတ်သွားရင်- ဝရမ်းပြေး လွတ် သွားလိမ့်မယ် မဟုတ်လား။ အဲဒီ-ဥပမာအတိုင်းပဲ ဆုံးအောင်လိုက်ပါ။ သဘောကို မိအောင်ဖမ်းပါ။ အချိန်မပိုင်းပါနဲ့။ ဝေဒနာမဆုံးပဲနဲ့-မတော်ပါနဲ့။ တနည်း ပြောရရင်- ပြောင်းလဲ ဖြစ်ပျက်နေတဲ့သဘော မဆုံးပဲနဲ့ (ဝါ) အဆုံးကို မရောက်ပဲနဲ့- မတော်ပါနဲ့။ ဒီတော့မှ ရုပ်သဘော၊ နာမ်သဘော၊ ရုပ်-နာမ်နှစ်ပါးတို့ဟာ တပြိုင်ထဲဖြစ် တပြိုင်ထဲချုပ်တဲ့ သဘောကို သိနိုင်ပါလိမ့်မယ်။

## ဘောင်ချိန်နည်း

ဒီလိုသိနိုင်အောင်ကလဲ-ဝေဒနာနဲ့သမာဓိဟာ ချိန်ခွင်လျှာလို ဘောင်ကိုက်သွားဘို့ အရေးကြီးပါတယ်။ (ရှုပြီး စိတ်တည်ငြိမ်

နေတာက-သမာဓိ၊ ရုပ်ပေါက်ပြန်မှုကိုသိပြီး-ခံစားနေတာက ဝေဒနာ) ဥပမာ- ဝေဒနာတကျပ်သား ဆိုလျှင်လဲ- သမာဓိ တကျပ်သား ရှိပါစေ။ ဝေဒနာ ငါးမူးသားဆိုလျှင် သမာဓိက ငါးမူးသားရှိပါစေ ။ ဝေဒနာ တမတ်သားဆိုလျှင် သမာဓိက တမတ်သား ရှိပါစေ။ ဝေဒနာနဲ့သမာဓိဟာ ချိန်ခွင်လျှာလို ဘောင်ကိုက်သွားပါစေ။ သမာဓိအားက လွန်ကဲနေရင်လဲ-ဖြစ်ပျက် ပိတ်သွားပါလိမ့်မယ်။ သမာဓိ အား နည်းနေရင်လဲ— ဝိပဿနာဉာဏ်အမြင်မသန်ပဲ ရှိပါလိမ့်မယ်။ ဝေဒနာ ဒဏ်ကို မခံနိုင်ပဲ ကော်ပြစ်လိုက်ပါလိမ့်မယ်။ သတိထားပါ။

## ဒေါ့စိတ်ကတော်ချင် နောက်စိတ်ကတွန်းတင်

ဒီလိုအားထုတ်နေရင်း-ဝေဒနာက ပြင်းထန်အားကြီးလာရင် တော်ချင်တဲ့စိတ် ဖြစ်ပေါ် လာတတ်ပါတယ်။ ဒီအခါမှာ နှာသီးဖျား အသိကပ်ပြီး ခတ်ပြင်းပြင်းရှူပေးပါ။ ဒီ တော်ချင်တဲ့ ရှေ့စိတ်ကိုလဲ-နောက်စိတ်က တွန်းတင်ပေးပါ။ ဘယ်လို တွန်း တင်ပေးရမလဲဆိုတော့- ခန္ဓာကိုယ်ကို ဘုရားလဲ လှူထားတယ်။ ဆရာတော်ဘုရားကြီးလဲ လှူထားတယ်။ တရားထူး မရပဲနဲ့တော့ ငါမထဘူး၊ အရိုးကြေကြေ၊ အရေခမ်းခမ်း၊ လဲလို့ပင်သေသေ- တရားထူးမရရင်-ငါမနေ (သမ္ပပ္ပဓာန် ဝိရိယ)ဆိုတဲ့- ဇွဲသတ္တိနဲ့ တွန်းတင်ပေးပါ။ တော်ချင်တာက အပါယ်လေးပါး သွားမဲ့ စိတ်- အဝိဇ္ဇာ စိတ်၊ တွန်းတင် ပေးတာက နတ်ပြည် (၆) ထပ် သွားမဲ့စိတ်-ဗြဟ္မာ(၂၀)သွားမဲ့စိတ်- နိဗ္ဗာန်သွားမဲ့စိတ်- ဝိဇ္ဇာ စိတ်ပေါ့တယ်။

ဝေဒနာမှာ ဉာဏ်မျက်စိနဲ့ကြည့်- ဖြစ်ပေါ်နေတဲ့ ဝေဒနာထဲမှာ- ပူရင်လဲ ပူတာရှိသလား၊ အေးရင်လဲ အေးတာရှိသလား- ထုံရင်လဲ ထုံတာရှိသလား- ကျင်ရင်လဲ ကျင်တာရှိသလား- ကိုက်ရင်လဲ ကိုက်တာရှိသလား- ကြွပ်ရင်လဲ ကြွပ်တာရှိသလား၊ လှုပ်ရင်လဲ လှုပ်တာရှိသလား- ငါ- သူတပါး- ယောကျ်ား- မိန်းမရှိသလား- မြပ်သက္ကာန်ရှိသလား၊ အရောင်အဆင်းရှိသလားလို့ ဉာဏ်မျက်စိနဲ့ ရှုကြည့်၊ ဒီလိုရှုကြည့်တော့မှ ရုပ်နာမ်မှတပါး- ဘာမှမရှိ-ပြောင်းလဲမှုဖြစ်ပေါ်မှု-ချုပ်ပျက်မှုသဘော သက်သက်သာ ရှိပါတယ်ဆိုတာ-ဉာဏ်များမြင်လာလိမ့်မယ်။ သိလာလိမ့်မယ်။ ဒီလိုတကယ်မြင်ရင်-အနုတ္တပ်ပြီး- အပါယ် ဘယ်တော့မှ မကျ-အပါယ်လွတ်ပြီ။

## ပစ္စုပ္ပန် ဘည့်တည့်ရှု

ပစ္စုပ္ပာန်ဖြစ်ပေါ်တဲ့ ရုပ်နာမ်(ဝေဒနာ)ကိုသာရှု- ဥပမာ- ကဘွတ်ပေါက်က-အစာကို စောင့်နေတဲ့ ဗျိုင်းဟာ- ပေါ်ပြီးတဲ့ ငါးကိုလဲမကြည့်ဘူး-မပေါ်သေးတဲ့ ငါးကိုလဲ လှမ်းမကြည့်ဘူး- မိမိရှေ့မှာ ပေါ်လာတဲ့ ငါးကိုသာ ပစ္စုပ္ပာန်တဲ့တဲ့- ဇာတ်ကနဲ ကောက်ယူလိုက်တဲ့ ဥပမာလိုပဲ-တရားအားထုတ်တာမှာလဲ ဖြစ်ပြီးတဲ့ အတိတ်ကိုလဲ ပြန်မတွေးနဲ့-မဖြစ်သေးတဲ့အနာဂါတ်ကိုလဲ လှမ်းပြီး မကြံစည်နဲ့- မတွေးတောနဲ့- ပစ္စုပ္ပာန် တဲ့တဲ့ကိုသာရှု- သမာဓိ အားကောင်းရင် မိမိခန္ဓာကိုယ်ကို မှန်ထဲမှာမြင်ရသလို မြင်ရလိမ့်မယ်။ မွှေးညှင်းကလေးတွေ- မွှေးညှင်းပေါက်ကလေး

တွေ့ကမ ဘျှန် မြင်ရလိမ့်မယ်။ ခန္ဓာကိုယ်အပျက်တွေကိုလဲ သမာဓိအားကောင်းရင်-ကောင်းသလိုမြင်ရလိမ့်မယ်။ ရှူနေတာကိုလဲ-အရှူမရပ်နဲ့- သူ့သဘောအတိုင်း-ရှူနေပါ၊ ခံစားမှုဝေဒနာက ပြင်းထန်လာလျှင်-ရှူတာကလဲ သူ့သဘောနဲ့သူ-ပြင်းထန် လာလိမ့်မယ်။ ဝေဒနာကနုံးသွားရင် ရှူတာကလဲ သူ့သဘောနဲ့သူ နုံးသွားလိမ့်မယ်။ သူ့သဘောနဲ့သူ ဖြစ်တာတွေကိုဖြစ်ပါစေ။

ကိုယ့်သဘောလုပ်မဖြစ်ပါနဲ့-သူ့သဘောနဲ့သူဖြစ်နေတာက-အနတ္တ။ ကိုယ့်သဘောလုပ်လိုက်လျှင်-အတ္တ ဖြစ်သွားလိမ့်မယ်-သတိထားပါ။

## ဝဋ်ကြွေး(ဝါ)သံသရာကြွေး

အချို့သော ယောဂီ ပုဂ္ဂိုလ်များမှာ တော် တော် ကြီးကြောက်စရာလန့်စရာ အံ့စရာကောင်းလောက်အောင် ခပ်ကြမ်းကြမ်း ဝုန်းဝုန်း-ဒိုင်းဒိုင်း-လှုပ်လှုပ်ရှားရှား စသည်ဖြင့် ရုပ်၏ ပေါက်ပြန်မှုတွေကို တွေ့ရတတ်တယ်- ခံရတတ်တယ်။ အဲဒီလို ပေါက်ပြန်မှုတွေ-ခံစားဘာတွေကို- ပညတ်လိုတော့- ဝဋ်ကြွေးဆပ်ရတယ်(ဝါ)သံသရာကြွေးဆပ်ရတယ်လို့ခေါ်တယ်။ သံသရာကြွေးဆိုတာ ဘဝသံသရာကပြုခဲ့တဲ့ အကုသိုလ်ကံတွေကို အပါယ်မှာ ခံရမည့်အစား ချက်ခြင်းခံလိုက်ရခြင်းဖြင့် ပြုခဲ့တဲ့အကုသိုလ်ကံကို ဖြတ်ခြင်း ဖြစ်ပါတယ်။ ဒီလို ဖြစ်တတ်တာဟာ ပုဂ္ဂိုလ်တိုင်းလဲ မဟုတ်ပါဘူး။ ဖြစ်တတ်တဲ့ပုဂ္ဂိုလ်များကလဲ မကြောက်ပါနဲ့၊ ဝမ်းသာစရာပင် ကောင်းပါသေးတယ်။ သူ့သဘော

အတိုင်း၊သူ့ဖြစ်တာ ငါကဖြစ်ချင်လို့ဖြစ်တာမှမဟုတ်ပဲ ဟု နှလုံးသွင်း၊ပြီး သဘောကိုသာ မိအောင်-ရှုမိအောင်-ဖမ်းပါ။ သည်းခံရှုနေပါ။ ဖြစ်ပေါ်လာတဲ့ဝေဒနာကိုသာ ဆုံးအောင်လိုက်ပါ။

ဝေဒနာမချုပ်ဘဲ မတော်ပါနဲ့

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက ဖြစ်လိုက်-ပျက်လိုက်နေတာသည် သံသရာ၊ ဖြစ်-ပျက် ဆုံးလျှင် နိဗ္ဗာန်၊ သံသရာဆုံးလျှင် နိဗ္ဗာန်ဟု ဟောကြားတော်မူခဲ့တဲ့အတိုင်း ဖြစ်လိုက်-ပျက်လိုက်နဲ့ ဖြစ်ပေါ်နေတဲ့ဝေဒနာ-တခါဆုံးလျှင်- ဖြစ်ပျက်ရတဲ့အဆုံး-သံသရာရဲ့အဆုံးရောက်သွားတာပါပဲ၊ တဒင်္ဂအားဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်ခြင်း ဖြစ်ပါတယ်။ အဲဒီလို-ဖြစ်ပျက် တခါဆုံးဘူးတဲ့ပုဂ္ဂိုလ်-သံသရာ တခါဆုံးဘူးတဲ့ပုဂ္ဂိုလ်သည် အပါယ်ကို မလားနိုင်တော့ပါ။ တထိုင်ထဲနဲ့ အပါယ်ကလွတ်တာပါပဲ၊ ဒါကြောင့်- တရားထိုင်တဲ့အခါမှာ ဝေဒနာဆုံးအောင်ထိုင်ပါ (ဝါ)ဖြစ်-ပျက် ဆုံးအောင်ထိုင်ပါ။ ဝေဒနာမဆုံးပဲ မတော်ပါနဲ့။

ဤနည်းအတိုင်း ဆက်လက်အားထုတ်သွားပါလျှင် သမာဓိအားကလဲကောင်း- ဝိပဿနာဉာဏ်တွေကလဲ ရင့်သန်ပြီး၊ မိမိတို့ပါရမီအလိုက် တမဂ်-တဖိုလ်၊ နှစ်မဂ်-နှစ်ဖိုလ် မှစ၍ အရဟတ္တမဂ် အရဟတ္တဖိုလ် အသိရနိုင်ပါတယ်။

## ဝိပဿနာနှင့် သမထ ယာနိက

တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်များ သိသင့်သိထိုက်ကြတဲ့ အကြောင်းတခုကတော့- သမထ ယာနိက ဝိပဿနာ ယာနိက ရယ်လို့ ပါရမီအလိုက်- ပုဂ္ဂိုလ်အမျိုးမျိုး ရှိကြတယ်ဆိုတာ သိထားကြဘို့ လိုပါတယ်။ သမထ ယာနိက ပုဂ္ဂိုလ်များကတော့- ခန္ဓာကိုယ်ရဲ့အပျက်တွေ-အရိုးစုတွေ-အပုပ်အပွတွေကို အမျိုးမျိုး မြင်ပြီး ဉာဏ်စဉ်တက်ကြပါတယ်။ တရားထူး ရကြပါတယ်။ ဝိပဿနာယာနိကနဲ့ တရားတွေ့ကြဟဲ့ ပုဂ္ဂိုလ်များဟာ- သမထ ယာနိက ပုဂ္ဂိုလ်များလို ခန္ဓာကိုယ်အပျက်တွေကိုမတွေ့ရ-မမြင်ရတော့- တရားရသော်လည်း ရမှန်းမသိပဲ ရှိတတ်ကြပါတယ်။ ဒါကြောင့်-သူများမြင်သလို ကိုယ်မြင်မှာပဲလို့ အထင်မရောက်ကြပါနဲ့။ မစွဲလမ်းကြပါနဲ့-သူ့ပါရမီနဲ့သူ ကိုယ့်ပါရမီနဲ့ကိုယ်-မြင်ပုံချင်းမတူတဲ့သဘောကို သတိထားကြပါ။

## ပါရမီဆိုတာ

တရားအားထုတ်တဲ့အခါမှာ-ဝေဒနာနဲ့သမာဓိချိန်ခွင်လျှာကို ဘောင်ကိုက်သွားဘို့နဲ့-ဘုရားဟောတဲ့ မဇ္ဈိမပဋိပဒါကျဘို့ကိုလဲ သတိပြုပါ။ အရေးကြီးလှပါတယ်။ တရားကို သိဘို့-မြင်ဘို့ ကတော့- သမာဓိ အားကောင်းပလားဆိုရင်- ဘာဝနာမယ ဉာဏ်တွေ-သူ့သဘောအတိုင်းသူ ပေါ်လာပြီး သိပါလိမ့်မယ်။ မြင်ပါလိမ့်မယ်။ သဒ္ဓါ ဝီရိယနဲ့သာ ကြိုးစား အားထုတ်ပါ။

ပါရမီရှိသလောက်တော့ မချရပါတယ်။ ကိုယ့်ကိုယ်ကို ပါရမီရှိမှာမဟုတ်ဘူးလို့တော့ ဘယ်တော့မှမထင်ပါနဲ့- အလွန်ရခဲတဲ့ လူ့အဖြစ်ကိုလဲ ရခဲ့ပါပြီ။ လူ့အဖြစ်ရလာတော့လဲ သာသနာတွင်းမှာ သာသနာတော်နဲ့ကြုံကြိုက်နေရပါပြီ။ သူတော်ကောင်းတရား-သမထဝိပဿနာတရား-အဘိဓမ္မာတရားတွေကိုလဲ နာယူခွင့်ရနေကြပါပြီ။ အဲဒီတော့- ကိုယ့်ပါရမီဟာ မသေးလှဘူးဆိုတာ သိနိုင်လောက်ပါတယ်၊ ပါရမီမရှိဘူးလို့တော့ မထင်ကြပါနဲ့။ ပါရမီဆိုတာကလဲ-ဘူးသီး ခရမ်းသီးလို လေတိုက်တိုင်းကြီးထွားလာမည် မဟုတ်ပါ။ မိမိကလုပ်မှ ဖြည့်ဆည်းပူးမှလဲ ပါရမီရင့်သန်လာနိုင်တယ်။ အားထုတ်မှလဲ အပါယ်က လွတ်နိုင်တယ်၊ အရိယာဖြစ်နိုင်တယ်။ နိဗ္ဗာန်ကိုရနိုင်တယ်။ အားမထုတ်ကြရင်တော့ လူ့ာလမ်းဖြစ်တဲ့ အပါယ် ၄-ပါး ချိတိုင်ကိုပဲ ပြန်ကြရမှာပဲ။ ဒါကြောင့် အားထုတ်နိုင်အောင် အားထုတ်ကြပြီး တဆိုင်ထဲနဲ့ တရားထူးတရားမြတ်ကို ရကြပါစေလို့ ဆုတောင်းပါတယ်၊ ကြိုးစားအားထုတ်ကြပါ။

## ကျွန်တော် ထွက်ပြေးခဲ့ပါသည်

ဟု-ဆရာဘော်ဘုရားက ဟောကြားနေစဉ် ကျွန်တော်သည် အောက်မှ အမာခံတပ်နဲ့ ငိုယ်နဲ့ထိနေရာမှ၊ လုံးဝမခံနိုင်တော့သည့်အတွက် ကမာန်းကတန်းထပြီး၊ ဓမ္မာရုံကိုကျောခိုင်း၍ ထွက်ပြေးလာပါသည်။ ခြေထောက်က အလွန်နာကျင်ပြီး ကျင်သည်ဖြစ်၍၊ ထော့နဲ့-ထော့နဲ့နှင့် ပြန်လာခဲ့ပါသည်။

ဆရာတော်ဘုရား-တရားဟောရင်း ပို့ပေးနေတဲ့ရှုကွက်ကို ဘာမှနားမလည်သည့်ပြင်၊ ဟောသည့်-နာမ်ရုပ်-ဝေဒနာ-မဇ္ဈိမ ပဋိပဒါ-ဆိုတဲ့စကားလုံးတွေဟာ ကျွန်တော့်အဖို့က အထူး အဆန်းစကားများ ဖြစ်နေပါသည်။ သို့နှင့်ပင် ထိုဆန်းသော စကားများကို တွေးရင်းနှင့် ဇရပ်သို့ပြန်လာခဲ့ပါသည်။

\+ × +

## ' သဲအင်းဂူ ဆရာတော် '

ကျွန်တော်၏ဘဝတွင် တခါမျှမကြုံဘူးသော အတွေ့အကြုံ ခံစားချက်များသည် ထူးခြားသလောက် ခံစားရသောနာကျင်မှုသည်လည်း အတော်ပြင်းထန်စွာ ခံစားရပါသည်။

တညလုံး ဆရာတော်ရှုကွက်ပေးခြင်းကို နားထဲတွင်ကြားနေရင်း ညကိုလွန်စေခဲ့ပါသည်။ မနက်မိုးလင်း (၆) နာရီခန့်တွင် ဝ:ရားဆိုင်ရန် စည်နှင့်တကွ ထိုးစည်များက ပင့်ဘိတ်ခေါ်နေပါသည်။ ကျွန်တော့်မှာမူ ညကထွက်ပြေးလာခဲ့၍ မျက်နှာမပြဝံ့၊ သို့သော် စိတ်ဝင်စားလျက် နေပါသည်။ နေ့ကား ၁၃၃၀-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၁-ရက် (၁၂-၄-၆၉) ကိုးကွယ်ယုံကြည်နေသည့် ခရစ်ယာန်ဘာသာရေးဆိုင်ရာ ဥပဒေသက ဟန့်တားထားသည်နှင့် ဆန္ဒရှိသမျှ တင်ပြသင့်မသင့်ကို အတူသွားသူ ဦးနီအား ပြောပြရင်း ဆရာတော့်စံကျောင်းသို့ ရှေ့ရှုလျက်သွားနေပါသည်။ စံကျောင်းထဲ၌ ယောဂီ အပြည့်အကျပ် စံကျောင်းပတ်ဝန်းကျင်၌လည်း အပြည့်

ရင်ထဲ၌ ပြောချင်သောအချက်များမှာလည်း အပြည့် စိတ်ထဲက လည်း၊ နေရင်း နေရင်း တွေ့ချင်စိတ် ပြင်းပြလာပါသည်။

သို့နှင့် လူကြားထဲတိုးဝင်ပြီး ဆောင့်ကြောင့် ထိုင်ချမသိုလို ပုဆစ်တုတ်ထိုင်ရမလိုလိုနှင့်ကြည့်ရာ မျက်နှာစိမ်းများသာ ်ရ၍ ရှက်သလိုလို ကြောက်သလိုလိုနှင့် အလယ်သို့ရောက်ခဲ့ပါသည်။

ဆရာတော်က-

"ကြွကြွ ဒကာကြီး-ကြွကြွ။ ဘာတွေများ ပြောချင်လို့လဲ"ဟုအစချီလိုက်သော် ကျွန်တော် အတော်အံ့သြ မိပါသည်။ ဆရာတော် ကျွန်တော့်တွေ့ချင်စိတ် ပြောချင်စိတ် ဖြစ်နေတာကို ဘယ်သူပြော၍ ကြိုတင်သိနေသနည်းဟု စိတ်၌ ဖြစ်ပေါ်နေခိုက် "ကျွန်တော် ဘုန်းကြီးကိုလဲ စကားပပြော တတ်ဘူး၊ ပြောရင်ဖြစ်ပါ့မလား"ဟု မေးလျှောက်စဉ်-

ဆရာတော်က-

"ပြောပါ....ပြောပါ" တခါထပ်ပြီးပြော ပြန်သော် ကျွန်တော် အတော်ပဲအံ့သြမိပါသည်။ အဘယ် ကြောင့်ဆိုသော် ဆရာတော်ကို ကျွန်တော် ခရစ်တော်ဘုရား အား ယုံကြည်ချက် ခံယူချက်ကို နှိုင်းယှဉ်၍ ရှင်းပြလိုသော ဆန္ဒနှင့် နောက်တချက်မှာ ဆရာတော် ညကဟောကြားသော တရားပေါ်မှ အချက် (၇)ချက် ဘောင်ဝင်မဝင်ဆိုသော အချက်ကို စဉ်းစားနေခိုက် "အော်....အော် ညက ထပြေးတဲ့ ဒကာကြီးကိုး ဒကာကြီးက ခရစ်ယာန်ကိုး ကောင်းပြီ-ကောင်းပြီ ပြောပါအုံး ဟောပါအုံး" ဒီလိုပါဟု ကျွန်တော့်စကားစလိုက်

သည့်တွင် ယောဂီမွှာမိတ်ဆွေအားသုံးသည် အုံ့အုံ့ ညြညြနှင့် ခေါင်းတွေ ကျွန်တော့်ဘက်ကိုလှည့်ပြီး အကဲခတ်နေသည်ကို တွေ့ရပါသည်။

ကျွန်တော်အနေနဲ့ ဘုန်းကြီးဆီကကတိ(၇)ချက်တောင်းချင်ပါတယ်။ ဘုန်းကြီး ကတိပြုနိုင်ပါမလား။

ဆရာတော်၊ ကဲ တောင်းပါ ခဘာင်းပါ ဘာကတိတွေလဲ

ဤအချိန်တွင် အနားတွင်ရှိသော ပရိတ်သတ်က သဲအင်းဆရာတော်နှင့် ကျွန်တော်အား တအံ့တသြ အကဲခတ်နေကြပါသည်။ သဲအင်းဆရာတော်ဘုရား၏ သဘာဝမှာ အလှူခံရှိပါက မည်သည့် ဝတ္ထုပစ္စည်းမဆို စွန့်တတ်သော အလေ့ ရှိသည်ကို ဒကာ ဒကာမများက သိပြီးဖြစ်နေသောကြောင့် ကျွန်တော်က ဝတ္ထုပစ္စည်းအတွက် အရေးဆိုမည်လော၊ သို့မဟုတ် ဆရာတော်ဘုရားအား စည်းကမ်းကန့်သတ်ပြီး အကြပ်ကိုင်မည်လော၊ ၎င်းတို့အနေဖြင့် စိတ်ဝင်စားပုံ ပေါ်နေပါသည်။

ထိုအခိုက် အသံဘသံက ဆွမ်းဘုန်းပေးဘို့ အချိန်ကျရောက်ပါပြီဘုရားဟု ခပ်ကျယ်ကျယ် လျှောက်ထားလိုက်သောအခါ စိတ်ဝင်စားနေသော ပရိသတ် လှုပ်လှုပ်ရွရွ ဖြစ်သွားပါသည်။

ပရိသတ်အားလုံးထွက်သွားကြသော်လည်း ကျွန်တော်ကမူ မိန်းမထိုင် ထိုင်လျက်ရှိနေပါသည်။

ဆရာတော်-

“ဒကာကြီးလဲ ဒီဘက်ကဝိုင်းထဲဝင်ပြီးစား”ဟု

ပြောသော် ဘုန်းကြီးဝိုင်း လူဝင်စားကြတာလဲ မတွေ့သည့်အတွက် ခင်လန့်လန့် ခပ်ကြောင်ကြောင် ဖြစ်သွားပါသည်။ ပုဂံတချပ် ဆရာတော်ကတောင်းပြီး ဝိုင်းထဲမှစားသောက်ဘွယ်များ ယူပြီးချကျွေးပါသည်။ ကျွန်တော်လည်း အားနာနာနှင့် ထိုင်စားလိုက်ပါသည်။

နာရီဝက်ခန့်အကြာ ဆွမ်းစားပွဲအသိမ်း ဝံကျောင်းဘေးမှာ စားစရာလာလှူသောသူများ၊ ကန်တော့လိုသောသူ၊ မေးချင်သော ယောဂီတွေကလည်း စွတ်ဝင်လာကြပြန်ပါသည်။ အချိန်အတန်ငယ်ကြာသွားပါသည်။ ကျွန်တော်လည်း ရေးမှတ်လာခဲ့သော စာရွက်ပြန်ကြည့်ပြီး၊ ယောဂီများ ဆရာတော်၏အနီးအဖြေ ကြားထဲတွင် ပဆစ်ခွေနိုင်တော့ပဲ ယဉ်ယဉ်ကျေးကျေး ဝင်စွက်၍၊ တောင်ကြည့် မြောက်ကြည့် ကြည့်ပြီး ယောဂီများ ခေတ္တစောင့်နေကြပါဦး ဟူသောအမူအရာပြလျက် "ဆရာတော် ကျွန်တော်ခုနက ကဘိုးဘောင်းချင်တဲ့အချက်( )ခုကို ဘင်ပြ ချင်ပါတယ်"ဟု ပြောလိုက်စဉ် ဘေးက ယောဂီပရိသတ်မှာ မျက်တောင်မခပ်နိုင်ပဲ ကျွန်တော့်အား စိုက်၍ ကြည့်နေကြပါသည်။

မေး။ ကျွန်တော် အရဲစွန့်ပြီး (၁)အချက်က ဘုန်းကြီးကို ပြောတတ်ဘဲ ဘာသာစကားနဲ့ ပြောမယ်၊ တရားရမလား....

ဖြေ။ တရားရမယ်-ရမယ်။

မေး။ (၂)အချက်က ဘုန်းကြီးကို မရှိခိုးဘူး ဦးမချဘူး ဒါကော....

ဖြေ၊ ဒါလဲရတယ် မကန်တော့နဲ့ တရားရမယ်။

မေး။ (၃)အချက်ကတော့ ဥပုသ်စောင့်ခြင်း အစာရှောင်ခြင်း အလုပ်လဲမလုပ်နိုင်ဘူး တရားရမလား....

ဖြေ၊ ဒါလဲရတယ် ကြိုက်သလောက်စား ဘယ်နှစ်ကြိမ်စားစား ကဲ-တောင်းတောင်း။

မေး။ (၄)အချက်က ကတုံးမတုံးဘူး....

ဖြေ၊ ရတယ်။

မေး။ (၅)အချက်က သင်္ကန်းမဝတ်ဘူး....

ဖြေ။ ရတယ် ရတယ်။

မေး။ (၆)အချက်က မိန်းမနဲ့ ကလေးတွေနဲ့ အတူနေမယ် တရားကျင့်ရင်ကော ရမလား....

ဖြေ။ "ဒါလဲရတယ်" သင်္ကန်းဝတ်ရင်တော့ မိန်းမနဲ့အတူ မနေရဘူးပေါ့၊ ဒါကောသိလား။

ကျွန်တော်။ အော် ဒါကို ကျွန်တော်သိပါတယ်။

ဆရာတော်။ ထွက်ရင်တော့ မိန်းမနဲ့ ခလေးနဲ့ ပျော်ပျော်ကြီးနေ တရားကျင့်ရင် ရတယ်။

မေး။ ဒီသို့ဆို နောက်ဆုံး(၇)အချက်ကတော့ အစိုးရအလုပ် လုပ်ရင်း တရားကျင့်ရင်းကော တရားရမလား....

ဖြေ။ ဆရာတော်က "အဲဒီသို့ကျင့်ရင်လဲ ရပါတယ်"။ ဝင်ပြီး ကျင့်တာ-ကျင့်ကြည့်ပါ။ ထူးထူးခြားခြား တရားထူး တရားမြတ်များ ရရှိပါလိမ့်မယ်။

ဟူ၍ ဆရာတော်၏ စကားအဆုံးတွင် ကျွန်တော်၏ နား နှင့်ဖက်မှာ "ဝီး" ဆိုတဲ့ အသံရှည်ကြီးဟာ ဒုတိယအကြိမ် ကြက်သီးခမ္မးညှင်း ထပြီး တုန်လှုပ်ခြောက်ခြားသွားစေပါသည်။ ဘာ့ကြောင့်ဖြစ်သည်ဆိုသည်ကို ကျွန်တော်မသိပါ။

ဆရာတော်- ကဲ မေးချင်တာရှိသေးသလား။

ကျွန်တော်- မရှိပါဘူး။

ဆိုပြီး. လူကြားထဲမှ ထွက်လာခဲ့ပါသည်။ စံကျောင်းအပြင် ရောက်လျှင် - စံကျောင်းထဲမှ လူတယောက်က ထွက်လာပြီး- "ယောဂီ- ဘယ်ဇရပ်မှာ တဲသလဲ" ဟု မေးလာရာ၊ အော်- ကျွန်တော်လား- အိမ်မဲဦးလှဆောင်ဇရပ်မှာပါ ဟု ပြန်ဖြေလိုက် ပါသည်။

## စိတ်ရှင်းသွားပါသည်

ကျွန်တော်လဲ-စိတ်ထဲမှာ မေးချင်တာတွေကို တခုမကျန် မေးလိုက်ရ၍ သိပ်ပျော်သွားပါသည်။

မေးလို့ရတယ်- အဖြေပြန်ပေးတယ် ဆိုလျှင်၊ ရန်ကုန်သူ-ရန်ကုန်သားတို့အဖို့ ဆိုလျှင်၊ တန်းစီစောင့်ပြီး မေးရန် မလို၊ ငွေလဲမကုန်ဆိုတော့ သိတ်ကြိုက်- သိတ်ဟုတ်ပဲ လို့ တွေးပြီး-ကျွန်တော်ပြုံးမိပါသည်။ ဇရပ်နောက်သော် အတူလာကြသော ယောဂီ ဓမ္မမိတ်ဆွေထဲမှ၊ ကြည့်မြင်တိုင် မှ ဦး မောင် ကြီး ကို ပြောပြသောအခါ "ဟာ ထူးတာပေ!" ဒီလိုဆို မလုပ်ချင်တာ မလုပ်နဲ့-တပွဲတလမ်း နဲ့ကြည့်ပါလား"ဟု အားပေးသော အသံများ ကြားရပါသည်၊ ကျွန်တော်ကမူ သိပ်စမ်းချင်စိတ်ပြင်းပြ သွားပါသည်၊ ရဲ လာပါသည်။ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိ ၊နေပူကြဲကြဲ -လမ်းလျှောက်ချင် သလို- ထိုင်ချင် သလိုလို-အိပ်ချင်သလို- သောကကြီး ရောက်လာကတဲက-ဒီလို စိတ်ထဲမှာ ဖြစ်ပုံ ခံစားရပုံ တခါမျှ တွေ့ကြုံမှုမရှိခဲ့ဘူးပါ။

ဤအချိန်မှာ-ကုန်သွယ်ရေးဌာနမှ မန်နေဂျာတဦး၊ ပ-လ-က မှ အင်ဂျင်နီယာ တဦးနှင့် ကျောင်းသားကလေး (၃)ဦး၊ ကြည့်မြင်တိုင်မှ ဘုရားဒကာ ဦးမောင်ကြီးတို့ကလည်း အားပေး ကြပါသည်။

ဦးလှမောင်၊ "ကျွန်တော်က ဝင့်ကြွေးများလို့ ဒီဇရပ်မှာပဲ သီးသန့် တရားထိုင်ဆပ်ရမယ်" ဟိုယောဂီ ပ-လ-က

အင်ဂျင်နီယာကို လက်ညှိုးညွှန်ပြပြီး သူလဲ ဒီမှာ ထိုင်မှာပါ။ ခင်ဗျား ဝင်စမ်းကြည့်ချင်တယ်ဆို”ဟု ကျွန်တော့်ကိုလည်း လှမ်းမေးရာ၊ ကျွန်တော်က “မနေ့ညက တရားသွားထိုင်တာ နာလွန်းလို့ ထပြေး ခဲ့ရတယ် မခံနိုင်ဘူးဗျ” “အဲ့လဲ နာရင် ထပြေး ချင်တဲ့စိတ် ပေါ်လာပြီး တပိုင်းတစကြီးဖြစ်မှာစိုးလို့ ချိန်ဆနေတာပါ”ဟု ကျွန်တော် စောဓကတက် နေသောအချိန်တွင်-

ဦးလှဆောင်က- “ဘုရားရှေ့တဲ့ဝဲ့က ခရစ်ယာန်ကြီးကထိုင်၊ သူ့ဘေးက ဦးအောင်မြင့်(ပ၊ လ၊ က မှ အင်ဂျင်နီယာ)ကထိုင်၊ နံပါတ်(၃)နေရာမှာ ဦးလှမွှောင် (အမ်၊ အီး၊ အိုင်၊ စီ) က၊ ထိုင်ဗျာ၊ နံပါတ်(၄)နေရာမှာ ဘုရားဒကာကြီးဦးမောင်ကြီးက ထိုင်၊ ချစ်ကိုကို နှင့် မောင်ကို တို့က ဒီမှာထိုင်၊ ၂၈ လမ်းမှ ဦးမြဟန်-ဒေါ်မြရီ သား ဝင်းမော်ဟန် ယောဂီ(၇)ယောက် ကို အသီးသီး နေရာချပေးပါသည်။

ဦးလှဆောင်က- “ကဲကဲ ကန်တော့ ကန်ဘော့”ဆိုပြီး ဘုရားကို ကန်တော့ခိုင်းပါသည်။ ကျွန်တော်ကမူ မကန်ဘော့ပဲ ထိုင်လျက် နေပါသည်။ ပုဗ္ဗကိစ္စပရိကံပြုရန် တိုင်ပေးပါသည်။ ကျွန်တော်နှင့် တရားထိုင်မည့် ယောဂီအားလုံး လိုက်ဆိုကြပါသည်။ ပြီးလျှင် ၃၁ ဘုံသားတို့ အမျှအတန်းဝေစေပြီး သာဓု သာဓု သာဓုဟု ခေါ်ပြပါသည်။

## တရား ထိုင် ပုံထိုင်နည်း

ဦးလှဆောင်က "တင်ပလ္လင်ခွေ ခြေခြင်း မ ထပ် စေ နဲ့၊ အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာ ထားပါ။ ဘယ်လက်ဝါး ပေါ် ညာလက်ဝါး ဖြန့်၍တင်ပါ။ မျက်စိနှစ်ဘက်မှိတ်ထားပါ။ ခေါင်းကို အောက်သို့ အနည်းငယ်မျှ စိုက်ချထားပါ။ ကဲ....ကဲ ရှုရှု။ ဝိပဿနာတရားအားထုတ်တဲ့အခါမှာ ရှေးဦးစွာသဘော ပိုက်ထားရမှာက "ငါ"တရားအားထုတ်နေတယ်လို့ "ငါမရ။ "ငါ"မဝင်ရ။ "ငါ"မထင်ရ။ ရုပ် နာမ်ဓမ္မ ပရမတ္ထသဘော သဘာဝတရားတွေကို စိတ်နှင့် စေတသိက် နာမ်တရားကိုသာ ရှုမှတ် ဆင်ခြင် ပွားများနေခြင်းပဲလို့ နှလုံးသွင်း ထားရမယ်။ ဒါမှ"အတ္တ"စင်ပြီး "အနတ္တ"မြင်စွမ်းနိုင်မယ်။ နဂိုလ်ရှိုက်နေမြဲ ရှူနေမြဲအတိုင်းသာ ဝင်လေကိုရှိုက်၍ ထွက်လေကို ရှူနေပါ။ လျော့လွန်းတော့ ပတ် တင်းလွန်းတော့ ပြတ်တဲ့၊ ဒါကြောင့် မလျော့လွန်း မတင်းလွန်း စေပဲ အလယ် အလတ် မှန်မှန် သာ ရှိုက်ရှူပေးပါ။ ယားရင်လဲမကုတ်နဲ့ ကိုယ်ကာလဲမလှုပ်နဲ့၊ ခေါင်း ကလဲ ပုတ်သင်ညိုကဲ့သို့ မညိတ်နေပါနဲ့ "ကာယ" ဣန္ဒြေကို ထိန်းသိမ်းထားဘို့က လိုပါတယ်။ အရေးကြီး တာက ဣန္ဒြေ (၆)တန် လုံရမယ်

(၁) ဣန္ဒြေ(၆)တန်လုံရင် ဖြစ်ဆဲရုပ်နာမ် ဉာဏ်မှာထင် တော့တယ်။

(၂) ဖြစ်ဆဲရုပ်နာမ် ဉာဏ်မှာထင်ရင် ဆက်တလက္ခဏာ ဉာဏ်မှာထင်တော့တယ်။



အစ်ငွှာန်ဖြင့် ကြွရောက်လာသော "ကုက္ကုဋ္ဌဘာယာ
ရှင်ဥပဂုတ္တရဟန္တာ" အရှင်သူမြတ်ကြီး
ပုံတော်။

(၃) သင်္ခါရလက္ခဏာ ဉာဏ်မှာထင်ရင် သဘာဝလက္ခဏာ ဉာဏ်မှာထင်တော့တယ်။

(၄) သဘာဝ လက္ခဏာ ဉာဏ်မှာ ထင်ရင် သာမည လက္ခဏာ ဉာဏ်မှာထင်တော့တယ်။

(၅) သာမညလက္ခဏာ ဉာဏ်မှာထင်ရင် "ဗ-လ-ဝ" ဝိပဿနာ· မှန်စွာဖြစ်တော့တယ်။

(၆) ဗလဝ ဝိပဿနာ မှန်စွာဖြစ်ရင် မဂ်- ဖိုလ်- နိဗ္ဗာန် ဇကန်ဖြစ်တော့တယ်။

(၁) ဗလဝ ဝိပဿနာ မှန်စွာမဖြစ်ရင် သာမညလက္ခဏာ ဉာဏ်မှာမထင်သေး။

(၂) သာမည လက္ခဏာ ဉာဏ်မှာ မထင်ရင် သဘာဝ လက္ခဏာ ဉာဏ်မှာမထင်သေး။

(၃) သဘာဝ လက္ခဏာ ဉာဏ်မှာ မ ထင်ရင် သင်္ခါရ လက္ခဏာ ဉာဏ်မှာမထင်သေး။

( ၅ )

(၄) သက်တလကွဏာ ဉာဏ်မှာမထင်ရင် ဖြစ်ဆဲရုပ် နာမ် ဉာဏ်မှာမမြင်သေး။

(၅) ဖြစ်ဆဲရုပ်နာမ် ဉာဏ်မှာမသင်ရင် ဤကြွေ(၆)တန် အမှန်မလုံသေး။

(၆) ဤကြွေ(၆)တန်အမှန်မလုံရင် မင်္ဂဖိုလ် နိဗ္ဗာန် ဝေးလှသေး။

ဟူ၍ "ဆရာတော်ဘုရားကြီးက ဤကြွေ (၆)တန် အမှန် လုံရန် အရေးကြီးကြောင်း မှာကြားခဲ့ပုံကို ပြပေးနေပါသည်။

"နှာသီးဝ၌ဖြစ်စေ၊ အထက်နှုတ်ခမ်း၌ဖြစ်စေ ဝင်ထွက်နေ သောလေကို ဝင်ဆဲခဏ–ထွက်ဆဲခဏ၌ထိလျှင် ထိမှန်းသိလိုက် ပါ။ ကနဦးစိတ်ကလေးဟာ ရှိုက်ရှူနေသောလေကို မိမိနှာ သီးဝ၌ ဝင်တာကလေးလဲသိလိုက် ထွက်တာကလေးလဲသူလိုက် အသိအမြဲတန်းရှိနေမှသာ စိတ်ကလေးတည်ငြိမ်မှာတဲ့ ရှေးဦးစွာ ရှိုက်ဝင်၍ ဝင်လာသောလေ ထိခြင်းကို အာရုံပြုပြီးမှသာ ရှူထုတ်၍ ထွက်လာသောလေထိခြင်းကို အာရုံပြုပါ။ ရှိုက်တိုင်း "ထိသိ" ရှူတိုင်း"ထိသိ"ဟူ၍ မြဲမြန်သော သတိထားလျက် "ထိသိ–ထိသိ·ထိသိ" ဟူ၍တဒင်္ဂရုံ တဝိထိစိတ်ထဲမှာ စွဲမှတ် လျက် အာရုံပြုခါရှိုက်ရှူ၍ ရှုမှတ်ဆင်ခြင်နေရပါမယ်။ ဆင် တန်းအစသာ ဖြစ်ပါတယ်။ သတိပြုဘို့လိုပါတယ်။အာရုံများ၍

အခြားကိုမကြည့်နဲ့-မသိနဲ့ မအောက်မေ့နဲ့ မတွေးဘောနဲ့ မကြံစီနဲ့ ဆရာတော်ဘုရားကြီးက မိန့်ထားတယ်။ အတိတ်ကို လဲမတွေးနဲ့ ထိတ်သန့်တထိတယ် အနာဂါတ်ကိုလဲမတွေးနဲ့ ပျံ့လွင့်တတ်တယ်။ ပစ္စုပ္ပန်တည့်တည့် ဖြစ်ဆဲရုပ်-နာမ်အပေါ် မှာသာ ရှုမှတ်ဆင်ခြင်နေရမယ်။ ရုပ်နှင့်နာမ်ဟာ တထပ်တည်း ဖြစ် တထပ်တည်း ပျက်တဲ့သဘောသာ ရှိတယ်။ မိမိနှာသီးဝ၌ ဝင်လေကိုလဲ ဝင်တယ် ထွက်လေကိုလဲ ထွက်တယ်လို့ မှတ်မနေ တော့ပဲ ထိသိ-ထိသိ-ထိသိ လို့လဲ မှတ်မနေတော့ပဲ ဝင်လေကို ဗဟိဒ္ဓမှကန်တဲ့သဘော ထွက်လေကိုလဲ အဇ္ဈတ္တမှထွန်းတဲ့သဘော ဖြစ်တဲ့ ဝါယောသဘောဓာတ်ချပ် ပရမတ်၏ လက္ခဏာသဘာဝကို သာ စိတ်စူးစိုက်၍ ရှုမှတ်ဆင်ခြင်နေရမယ်။"

"သမထက နိဝရဏာငြိမ်းသည်။ ဝိပဿနာက ရုပ်-နာမ် သဘောစသည်။ ရှုရ-မှတ်ရ ဉာဏ်အမည်။ ထူးဆွေပြား မှတ် သားဉာဏ်နှစ်လီလို့ ဆိုထားတဲ့အနက် ပိတ်ပင်ဖုံးလွှမ်းဘတ်သော ကြောင့် "နိဝရဏ" မည်ကုန်သော တရားငါးပါးကို သိထားဘို့ လိုပါဘယ်....

(၁) ကာမစ္ဆန္ဒနိဝရဏဆိုတာ၊ ကာမဂုဏ်တို့၌ တပ်မတ် သောလောဘ၊

(၂) ဗျာပါဒ နိဝရဏဆိုတာ၊ ဒေါသတရား ရန်ငြိုးဖွဲ့ ခြင်း၊

(၃) ထိနမိဒ္ဓနိဝရဏဆိုတာ အိပ်ခြင်း ငိုက်မြည်းခြင်း၊
(၄) ဥဒ္ဒစ္စနိဝရဏဆိုတာ၊ စိတ်မငြိမ်သက်ခြင်း၊ စိုးရိမ်ခြင်းလက္ခဏာ၊

(၅) ဝိစိကိစ္ဆာ နိဝရဏဆိုတာ အာရုံကို မဆုံးဖြတ်နိုင်ခြင်း၊

စသည်တို့ကို သိထားရမယ်။ တရားထိုင်နေစဉ် အထူးသဖြင့် "ထိနမိဒ္ဓ"တရားက ဝင်ရောက်ပိတ်ပင် ဖုံးလွှမ်းတတ်သဖြင့် အဝင်မခံပဲ သတိနှင့်ငယ်ရှား၍ ပြင်းပြင်းကလေး ရှိုက်ရှူပေးလိုက်ပါ။ ဝင်လေ ထွက်လေကို နှာသီးဝ၌ ကန့်တဲ့သဘော တွန်းတဲ့သဘောဖြစ်တဲ့ ဝါယော လေဓာတ်ပရမတ်၏ လက္ခဏာသဘာဝကို ရှုမှတ်ဆင်ခြင်နေရာမှ နှာသီးဝ၌ သတိပြုစွာနှင့် အသိကပ်ထားပါ။ အသိမကင်းကြွနဲ့ အသင်္ဘလုံး အမြတ်ဆုံး ကျေးဇူးရှင်ဆရာတော်ဘုရားကြီး မကြာခဏ အမိန့်ရှိပါတယ်"

"သံသရာလုံးက ရူပါရုံစသောအာရုံတို့၌သာ ကျက်စားလာခဲ့တဲ့ 'စိတ်ရိုး' 'စိတ်မိုက်' ကို ဆုံးမလိုသောဓမ္မာမကာကလျာဏနွယ်ဝင် သူတော်စင်တို့သည် ထွက်သက် ဝင်သက်တည်းဟူသော ချည်တိုင်မှာ နွားငယ် နွားရိုင်းနှင့်တူသော 'စိတ်ရိုး' စိတ်မိုက်'ကို 'သတိ'တည်းဟူသော ကြိုးဖြင့်မြဲမြံစွာ ဖွဲ့ချည်ထားရပါမယ်"

"ဝိပဿနာ"မှုမှာ သတိအလွန်လိုပါတယ်။ သတိပဋ္ဌာန်-သတိန္ဒြေ- သတိဗိုလ်- သမ္မာသတိမဂ္ဂင် ခေါ်သော သတိ-

စေတသိက် စသည့် သတိသမ္ဗောဇ္ဈင် မည်သည့် အကြွမ်ကြွမ် အဖန်ဖန် ထပ်ခါထပ်ခါ ပွါးများနေရမည့်တရားပါပဲ။ ရုပ်နာမ် တို့ကို ရှုမှတ်နေရာ၌၊ သမာဓိဆိုတာ ည်စဖြစ်သဖြင့် ထို"သမာဓိ"၌ "သမ္မာဝါယမ" "သမ္မာသတိ" "သမ္မာသမာဓိ"ဟူသော မဂ္ဂင် (၃)ပါးကို လုံခြုံအောင် စောင့်ထိန်းရပါမယ်။"

"နာသီးဝ၌အသိကပ်နေရာမှ သတိမြဲမြန်လာသဖြင့် ဝင်လေ ထွက်လေ ရှိုက်ရှူ နေစဉ်- မိမိ လက်ဖဝါးဖြင့် လက်ဖဝါး- ဒူးခေါင်းဖြင့် ဒူးခေါင်း၊ ရင်ချိုင့်ဖြင့် ရင်ချိုင့်၊ မိမိ ငုံယ် တနေ ရာရာကို အာရုံဖြင့် စူးစိုက်ကြည့်ပါ။ သမာဓိ တင်းပြည့်ကျပ်ပြည့် တည်ကြည်မြဲမြံ-ထက်သန်လာလျှင် ကိလေသာ အနှောင်ထု ပေါက်ထွင်းပြီး၊ ဝိဇ္ဇာအလင်းရောင်ရ၍ မနောဒွါရမှ မိမိရုပ်ကို အမှန်အတိုင်း မြင်နိုင်ပါလိမ့်မယ်။ ရုပ်ပေါ်ကသာ ကိလေသာ ဖြစ်ဘာ၊ ရုပ်ပျက်ကိုမြင်မှ-ဘာဗ္ဗာသေမှ-ဝိပဿနာမှု၌ သမာဓိ တည်ကြည်ခိုင်ခန့်ရန် အသွန်အရေးကြီးလှပါတယ်။ ဒါကြောင့် ဆရာတော်ဘုရားကြီးက သမာဓိ ဦးဆောင် ပေးကြ၊ သမာဓိ ဦးဆောင်ပေးကြ၊ အသိမကင်းကြနဲ့-အသိမကင်းကြနဲ့လို့-တရား ထိုင်နေကြသော ယောဂီများကို အမြဲတစေ သတိ ပေးလေ့ ရှိပါတယ်"

"သတိ မြဲမြန် သဖြင့် စိတ် အတော် အတန် တည် ငြိမ် ၍ "သမာဓိ"ရလာသောအခါ "ပညာ"နှင့် ဆောင်ချိန်ရပါမယ်၊ နာသီးဝ၌ အသိကပ်၍ "တွန်းတဲ့သဘော" "ကန်တဲ့သဘော"

ရှုမှတ်ဆင်ခြင်နေရာ၌ နာ့သီးဝအမာခံက ပထဝီဓါတ်သဘော၊ နာ့သီးဝ၌ စိုစိုထိုင်းထိုင်းကလေးကိုသိနေရတာက အာပေါဓါတ်သဘော၊ နာ့သီးဝ၌ ပူပူနွေးနွေး ကလေးကို သိနေရ တာက တေဇောဓါတ်သဘော၊ နာ့သီးဝ၌ ထိထိပြီး တွန်းကန်နေတဲ့သဘောကို သိနေတာက-ဝါယောဓါတ်သဘော၊ ဒီဓါတ်ကြီးလေးပါးသာ ထင်ထင်ရှားရှားရှိနေတာတွေ့ရမယ်။ ဒီဓါတ်ကြီးလေးပါးကလဲ ဖြစ်လိုက်-ပျက်လိုက်-ဖြစ်လိုက်-ပျက်လိုက်နဲ့ မမြဲဆင်းရဲစွာလှ-စိုးမရတဲ့ မဟာဘုတ် ဓါတ်ကြီးလေးပါးပါပဲ။ ဒီဓါတ်ကြီးတွေကလဲ ဓါတ်သဘော ဓါတ်ဆောင် နေ တာ ပဲ။ အကြောင်း အကျိုး တရားတွေပဲလို့ သိရင်- မြင်ရင်- ထင်ရင် "ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ယောဂီ စသဖြင့် မတွေ့တော့ပဲ၊ အတ္တစွဲ-သက္ကာယဒိဋ္ဌိကွာလိမ့်မယ်၊ အပယ်တံခါးပိတ်တော့တယ်။ ထိုမှတဆင့်တက်ရင် "ကန်တဲ့သဘော" "တွန်းတဲ့သဘော" "ဝါယော လေဓါတ်-ရုပ်ပရမတ်" ဖြစ်တဲ့ရုပ်ကို ဆင်ခြင်ပြန်သော်၊ ရုပ်ဟောင်းတွေ ကုန်ကုန်သွား- ပျောက်ပျောက်သွားတာက အနိစ္စတရားပဲ။ သန္တတိဖြင့် အစဉ် ဖုံးလွှမ်း၍ နေတာကြောင့်- သခါရဘို၏ မပြတ် ဖြစ်ပျက်နေတဲ့အဖြစ်ကို နှလုံးမသွင်းနိုင်တာကြောင့် အနိစ္စလက္ခဏာ ကောင်းစွာမထင်နိုင်ပဲဖြစ်နေတယ်။ အနိစ္စနုပဿနာဉာဏ်ပေါ်လျှင်တော့ မြဲသည်ဟုမှတ်ထင်သော နိစ္စသညာပျောက်တယ်။ နောက် ရုပ်အသစ်တွေထပ်ဆပ်ပြီး ဖြစ်နေတာက ဒုက္ခတရားပဲ၊ အဖြစ်-အပျက်တို့ဖြင့်ညှဉ်းတာမဖက်- အမြဲမပြတ် နှိပ်စက်နေတာကို နှလုံးမသွင်းတဲ့အတွက်၊ ဣရိယာပုဒ်ဖြင့် ဖုံး လွှမ်း နေ တာ ကြောင့် ဒုက္ခ

လက္ခဏာ ထောင်းစွာမထင်နိုင်တာဖြစ်တယ်။ ဒုက္ခ နုပဿနာ ဉာဏ်ပေါ်လျှင်တော့ဖြင့် ချမ်းသာတယ်လို့ မှတ်ထင်နေတဲ့ သုခသညာပျောက်တယ်"။

"ပရမတ္ထ ရုပ်တရား အပေါင်းဟာ စင်စစ်မှာ ပြောင်းလဲ-ပြောင်းလဲဖောက်ပြန်နေတယ်ဆိုတဲ့ "ရုပ်လက္ခဏာ" သဘာဝ သဘောတရားတွေကို ပိုင်အောင် ရှုမှတ်ဆင်ခြင်နေရမယ်။ ထို ရုပ်တရားများ တခုပြီး တခု ပြောင်းလဲ ဖေါက်ပြန် နေရာမှာ လိုက်လိုက်ပြီး အာရုံညွတ်၍၊ ဒုက္ခ သုခ ခံစားတဲ့ တရားက 'နာမ်လက္ခဏာ' သဘောပါပဲ။ ခံစားပြီးတော့လဲ ပျက်တဲ့ သဘောတရားသာ ရှိတယ်လို့ ပိုင်အောင်ရှုရမယ်"

"ရှုရှိုက်နေတာက သပ်သပ်၊ ပြောင်းလဲ ဖေါက်ပြန်နေတဲ့ ပရမတ္ထရုပ်တရားတွေက သပ်သပ်၊ အာရုံညွတ်ပြီး ခံစားနေတဲ့ နာမ်တရားတွေက သပ်သပ်၊ မြင်နေတဲ့အဆင်း ရုပ်"အသုဘရုပ်" ကြီးကလဲ သပ်သပ်၊ တခြားစီဖြစ်နေပြီး၊ ရုပ်-နာမ်ကွဲသွားတော့တယ်။ ပကတိစိတ်ကလေးကလဲ 'ကြားကာလ"ဆိုက်ရောက်၍ အလွန် ကြည်လင်သန့်ရှင်းတည်ငြိမ်လာပါလိမ့်မယ်။ ထိုအခါမှာ စိတ္တသဘာဝဌာန်ဖြစ်နေပါပြီ"။

"မြင်နေတဲ့ အဆင်းရုပ်-ပညတ်ရုပ်ပေါ် ရှုကြည့်ဆင်ခြင် သုံးသပ်ရင်း၊ "အသုဘတရား"သာ ပေါ်လိမ့်မယ်။ အဆင်းတွေ စိမ်းတာ- ဝါတာ- နီတာ- မဲတာ- ဖြူတာ တွေ ပေါ်လျှင်

ပြောင်းလွဲ ဖေါက်ပြန်နေတဲ့ ရုပ်သဘောကိုရှု။ တင်းတယ်-တောင့်တယ်-ထုံတယ်- ကျင်တယ်-အောင့်တယ်- ကိုက်တယ်လို့ နာတာကိုမသိနဲ့၊ ဝေဒနာတခုပေါ်လာရင် ဝေဒနက္ခန္ဓာလို့သိ၊ ဝေဒနက္ခခန္ဓာက နာမ်၊ နာမ်ဟာ တခုပြီးတခု ဝေဒနာကိုလိုက်ညွတ်ပြီး ခံစားတတ်တဲ့ နာမ်သဘောကိုရှု။ ဘုရား ဆင်းတု ဘော်တွေ- ရဟန္တာတွေ- နတ်တွေ-ပြဟ္မာတွေ-ယောကျ်ားတွေ မိန်းမတွေ တခုခု ပေါ်လာရင် "အသုဘ"သဘောကိုသာ သိ၊ သူ့သဘောနဲ့သူ ပေါ်လာတာပဲလို့သာ သိလိုက်။ အသုဘ သဘောကိုသာ နှလုံး သွင်းနေပါ။ မမှတ်နဲ့ မှတ်နေရင် ပညတ်ဖြစ်နေမယ်။ "အသုဘ"သဒ္ဒါသည် မတင့်တယ်ဘူးတဲ့၊ သေသည့်အခါ အမျိုးမျိုး ဖြစ်ပေါ်လာတတ်သော ပုံသဏ္ဍာန် ဒြပ်ကို "အသုဘ"လို့ ခေါ်တယ်။ စက်ဆုတ် ရွံရှာဘွယ်- မကြည့်ဝန့် မနာသာ တရားတွေပဲ၊ ကျေးဇူးရှင် ဆရာတော်ဘုရား ဟောပေါ်ပြထားတဲ့ (၁)ရက်အသုဘမှ (၁၀)ရက်အသုဘ၊ မရှိတဲ့ အသုဘ လက္ခဏာ သဘာဝ တရား တွေပဲ၊ ၎င်းတို့ကို ပွါး၍ ထင်အောင် မြင်အောင်-သဘောပေါက်အောင် ရှုကြည့်ပါ။ အသုဘလက္ခဏာ သဘာဝတရားတွေကို မနောအမြင် သဘော အမြင်နဲ့ မြင်ရင်-ထင်ရင်-စွဲနေရင်တော့"တဏှာ"သေလိမ့်မယ်။ ခန္ဓာ အိမ်ကြီးဟာ ပိုးကောင် အိမ်ကြီး- ပိုးကောင် ဌာန ကြီး-ပိုးကောင် သင်္ချိုင်းကြီးပဲ၊ ပိုးမျိုး (၈၀) စားသောက် နေတဲ့ ခန္ဓာအိမ်ကြီးပဲ၊ သေလျှင်တော့ ငှက်ပျောတုံး - လက်ပံတုံး-အသုံးမကျဟု ဆိုရိုး စကား ရှိပေမဲ့- ငှက်ပျောတုံး ကမှ မုန့် ဟင်းခါးထဲ ထည့်ရသေးတယ်၊ လက်ပံတုံး ကလည်း ခုံဘိနပ်

ခုတ်လို့ အသုံးကျသေးတယ်၊ ဒီခန္ဓာကြီးကတော့ သေပြီးနောက် ဘာမှ အသုံး မကျတော့ဘူး၊ အနှစ်သာရ ကင်းမဲ့တဲ့ အသုဘ တရားကြီး စင်စစ် ဖြစ်တော့တယ်-ဟု ဆရာတော်ဘုရား မိန့်ကြားတော်မူပါတယ်။ ရုပ် လက္ခဏာသဘာဝ-နာမ် လက္ခဏာသဘာဝ - အသုဘလက္ခဏာ သဘာဝ တရားများ အပေါ်မှာ ကြည့်ရှုဆင်ခြင်သုံးသပ်နေပါ”

“ဥပမာ- ဝေဒနာ ၀ိသား တက်တယ်ဆိုရင် သမာဓိကလဲ ၀ိ သား၊ ဝေဒနာ ၂၀သား တတ်တယ်ဆိုရင်- သမာဓိကလဲ ၂၀သား စသဖြင့် ဘောင်ချိန်ပြီး ဇောတင်းပြီးရှုပေးပါ”

“ဝေဒနာပြင်းလာတော့-နာသီးဖျားရှုနေတဲ့ နာမ်တရားက မနေနိုင်တော့ဘူး၊ သူ့သဘောနဲ့သူ ဝေဒနာကို သွားရှုလိုက်၊ နာမ်က ဒုက္ခ ဝေဒနာကို မခံစားချင်ဘူး၊ မခံစားချင်တော့ နှာသီးဝပြေးကပ်တယ်-နှာသီးဝမှာထားလဲ မနေချင်ဘူး၊ နာမ်က ဝေဒနာကို ပြေးသိ ပြန်တယ်၊ ဒီတော့မှ ငါ့စိတ်ကလေးဟာ ငါသွားရာမှာမနေတော့- “ငါလဲ မပိုင်ပါကလား- ငါ ပြုပြင်လို့လဲ မရပါလား-သူ့သဘောသူဆောင်နေတဲ့ ရုပ်ဓမ္မ-နာမ်ဓမ္မ ပါကလား”ဟု အနတ္တာနုပဿနာဉာဏ် ပေါ်လာမယ်။ ဝေဒနာ ပြင်းထန်သေးအခါ- ရှေ့စိတ်က ပျက်ပြီး တော်ချင်လာရင်- နောက်စိတ်ကတွန်းတင်ပေးပါ။ ဝေဒနာ ပြင်းထန်လာသော်- တနေရာတည်းကို စိုက်၍ မရှုပါနဲ့၊ ဝေဒနာပေါ်ကို သညာ မဖြစ်စေပဲ- တကိုယ်လုံးကို ဖြန့်၍ ရှုပေးပါ။ ဝေဒနာတခု

ပေါ်လာရင် ငါ့ပေါင်က တင်းတယ်-တောင့်တယ်-ထုံတယ်-ကျင်တယ်-ကိုက်တယ်-အောင့်တယ်-နာတယ်လို့- မသိလိုက်နဲ့၊ သညာမပေးပါနဲ့၊ စိတ်ကလေးကို ပြောင်းပစ်လိုက်ပါ။ ခန္ဓာ ငါးပါးသာစွဲပြီး "ငါ"ပျောက်အောင်ရှုပါ။ ဝေဒနာ တခု ပေါ်လာရင်- ဝေဒနက္ခန္ဓာလို့ သိလိုက်ပါ။ ဝေဒနက္ခန္ဓာက "နာမ်" - "နာမ်" စိတ်ကို ပြောင်းလိုက်ပါ။ ဝေဒနာ တခု ပေါ်လာရင် နာမ်ကလိုက်ညွှတ်ပြီး ခံစားတတ်တဲ့သဘောသာ ရှိတာမို့- ဝေဒနက္ခန္ဓာလို့ သိလိုက်ပါ။ အမှတ်သညာ ပေးနေတာက - သညက္ခန္ဓာ၊ ပြုပြင်ပေါင်းစုံ စီရင်ပေးနေတာက- သင်္ခါရက္ခန္ဓာ၊ သိမှုကလေးကတော့ သိပြီး ပျက်တဲ့ သဘော မျှသာရှိတာက "ဝိညာနက္ခန္ဓာ"- အပူအအေး အစရှိသည်တို့ ကြောင့် ပြောင်းလွဲဖေါက်ပြန်နေတဲ့ ပရမတ္ထ ရုပ်တရားတွေက "ရူပက္ခန္ဓာ"၊ အခုလို ခန္ဓာငါးပါး ဖွဲ့လိုက်ပြီး- ရုပ်နဲ့နာမ်ပဲ ရှိတော့တယ်။ "ငါ"လွတ်သွားအောင် ရှုမှတ်ဆင်ခြင်ပါ"

"ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက- ခန္ဓာငါးပါးသာ ဖြစ်တယ်- ခန္ဓာငါးပါးသာ ပျက်တယ်၊ 'ဝေဒနာ'ကို လက်နဲ့ ကိုင်ပြလို့လဲ မရဘူး၊ ငါနာတယ်- ငါ့ပေါင်ကတင်းတယ်- ငါ့ ပေါင်ကတောင့်တယ်-ကိုက်တယ်- အောင့်တယ် ဆိုရအောင်လဲ 'ငါ'မှမရှိပဲ-မရှိတာမသိနဲ့-ရှိတာကိုသာသိ၊ အမှန်ရှိတဲ့ သဘော တရားတွေကိုသာ ရှုမှတ် ဆင်ခြင်ရမည်လို့ မိန့်မှာပါတယ်။ အမှန်မြင်- အမှန်သိ- အမှတ်ထင်ရင်တော့ နိစ္စ-သုခ- အတ္တ-

အနေအားဖြင့် နှလုံးသွင်းမှုများရင် အယောနိသောမနသိကာရ မဖြစ်တော့ပြီ”

“တွန်း တဲ့ သ ဘော- ကန် တဲ့ သ ဘော- လက္ခဏာဟာ အကြောင်းမဲ့ဖြစ်ပေါ်လာတာမဟုတ်ပါဘူး၊ သူ့ရဲ့အကြောင်းက ‘စိတ်’ပါပဲ။ ‘စိတ်’အကြောင်းခံပြီး ‘တွန်းတဲ့သဘော’ ‘ကန်တဲ့သဘော’ လက္ခဏာ ရှိတဲ့ ‘စိတ္တဇ ဝါယောရုပ်’ အ ကျိုး ဟာ ဖြစ်ပေါ်လာတယ်”

“အကြောင်းအကျိုး တရားတွေကိုသာ အမှန်အတိုင်း မြင်လာကြရင်တော့ ငါ သူတပါး- ယောကျ်ား- မိန်းမ- ယောဂီ စသည် မရှိတာ သိလာလိမ့်မယ်။ အနိစ္စ-ဒုက္ခ-အနတ္တ-အသုဘ အနေအားဖြင့် နှလုံးသွင်း မှန်မှန် ရှုမြင်နေခြင်းဟာ ယောနိသော မနသိကာရ ဖြစ်နေပြီ။ အဲဒီလို အမှန်အတိုင်းမြင်-အမှန်အတိုင်း သိ- အမှန်အတိုင်း ထင်ရင် ‘အတ္တစွဲ’ ပြုတ်သွားတယ်။ ယထာဘူတဉာဏ် ဖြစ်ပေါ်လာတော့မယ်၊ အရေး အကြီးဆုံး အချက်က သဒ္ဓါစိတ်ပါပဲ။ သဒ္ဓါရှိမှ ဝိရိယရှိမယ်၊ ဝိရိယရှိမှ သတိရှိမယ်၊ သတိရှိမှ သမာဓိမြဲမယ်၊ သမာဓိမြဲမှ ပညာဖြစ်မယ်။ သဒ္ဓါဟာ-ပကတိသဒ္ဓါ-ဘာဝနာသဒ္ဓါ-နှစ်ပါးရှိတယ်။ ဗောဓိပက္ခိယအရာမှာ-ဘာဝနာသဒ္ဓါကိုသာ လိုပါတယ်”

“ဘာဝနာသဒ္ဓါဆိုတာကလဲ-

ထွက်သက်- ဝင်သက် ကမ္မဋ္ဌာန်း

( ၆ )

အလုပ် အစရှိတဲ့ ဘာဝနာ အလုပ်ကို အရိုးကြေကြေ - အရေခမ်းခမ်း- အားသွန်ခွန်စိုက်- ကြိုးပွားလေအောင်- ပျိုးထောင်ထားအပ်တဲ့ သဒ္ဓါဟာ- ဘာဝနာသဒ္ဓါလို့ ခေါ်တယ်။ဘာဝနာသဒ္ဓါကို-ဗောဓိပက္ခိယအရာမှာ-သဒ္ဓိန္ဒြေလို့ခေါ်တယ်၊ ကာယဂတာ သတိစွဲပြီး ထွက်သက်-ဝင်သက်စတဲ့ မိမိကိုယ်ခန္ဓာထဲမှာ စိတ်ကို မြဲအောင် ထားနိုင်ရင် ဘာဝနာသဒ္ဓါကို ရပြီလို့ မှတ်ရမယ်''

''ပကတိသဒ္ဓါဆိုတာကတော့-

ဒါနမှု- သီလမှု- သမထမှု တွေဖြစ်နေတဲ့ သဒ္ဓါစိတ်ကို ဆိုလိုပါတယ်။ ဒါကြောင့်- သဒ္ဓါ (၂)မျိုး၊ ပကတိသဒ္ဓါနှင့်ဘာဝနာသဒ္ဓါတို့ကို ခွဲခြားပြီး သိဘို့လိုပါတယ်''

''ကျေးဇူးရှင် သဲအင်းဂူဆရာတော်ဘုရားက- ဗိုလ်ငါးပါးလက်ကိုင် ထားပြီး မနားမနေ ကြိုးစားကြ- တကယ် ကြိုးစားကြလျှင်- ဆရာမှာတဲ့အတိုင်း ကျင့်ကြံအားထုတ်ကြလျှင် တရားထူး-တရားမြတ် တွေ့ရလိမ့်မယ်။ တထိုင်ထဲနဲ့လဲ သောတာပန်တည်နိုင်တယ်။ ယုံယုံကြည်ကြည် သဒ္ဓါစိတ်နဲ့ အားထုတ်ကြပါ။ သံသရာဝဋ်ဘေး လွတ်လိုသူများ သဒ္ဓါစိတ်ဖြင့် ကြိုးစား အားထုတ်ကြပါ''

## အသုဘ-မြင်ပါပြီ

"အသုဘမြင်နေတဲ့ယောဂီကလဲ- အသုဘကြီး ဆင်ခြင်ပါ။ ဝေဒနာခံစားနေရတဲ့ယောဂီကလဲ ဝေဒနာရဲ့ အစ- အလယ်- အဆုံး လိုက်ရှုပါ။ အဲဒီလို တရားပို့လိုက်လဲဆုံးရော ကျွန်တော် ခံစား.နေရသော ဝေဒနာမှလွတ်ပြီး၊ ပုံပျက်လှန်နေသောဘုန်းကြီး တပါး ရှေ့တွဲတွဲမှာ လျောင်းနေတာကို အံ့ဩစွာ တွေ့မြင်ရ ပါသည်"

"ကျွန်တော်လည်း- အတော်ပဲ အံ့ဩပြီး သွား ပါ သည်။ သေသေ ချာချာ ခေါင်းမှ ခြေထောက်-ခြေထောက်မှ.ခေါင်း အပြန်ပြန် အလှန်လှန် ကြည့်ပါသည်။ သို့နှင့် ကျွန်ဘော်က- 'ဘုန်းကြီးသေနေတာ လက်လဲရှာမတွေ့ဘူး- သက်ဘယ်မှာလဲ'လို့ မနေနိုင်မေးတော့၊ ပုံပျက်လှန်နေဘဲ ဘုန်းကြီးက- 'သူ့လက်ဟာ ပိုက်မထားပါဘူး၊ ဘေးမှာလဲ ချမထားပါဘူး၊ သေသေချာချာ ကြည့်ပါ၊ လက်(၂)ဖက်လုံးဆပ်ပြီးဘော့ ဗိုက်ပေါ်မှာ တင် ထားဘယ်'ဟု ပြောပါသည်။ ကျွန်ဘော်သည် သူပြောသည့် အတိုင်း ကြည့်သောအခါ- သူ့ရဲ့ လက်(၂)ဖက်ကို အသေအချာ မြင်ရ ပါသည်။ ခပ်စောစောက ပြင်းထန်စွာ တက်နေသော ဝေဒနာကြောင့်-လူမှာနုံးပြီး မောနေသည့်အချိန်တွင်၊ အမှောင် ခွင်း၍ အလင်းရောင် ထွန်းထောက်ပြီး မြင်ရသည့် အတွက်- ဝေဒနာအပေါ်မှာ စိတ်မရှိတော့ပဲ- နာသီးဝက ရှုနေသည်က သပ်သပ်၊ ပြောင်းလဲ့ ပေါက်ပြန်နေသော ပရမတ္ထ ရုပ်တရား

များက သပ်သပ်မြင်နေသော အဆင်းရုပ်၊ အသုဘရုပ်ကြီးကလဲ သပ်သပ်–ထခြားစီဖြစ်နေပါသည်။

ထိုအချိန်တွင်၊ တရားပို့နေသည့်ဦးလှဆောင်က ‘တကျော့ သစ်တဲ့တရား’လို့ဆိုပြီး ကျွန်တော့်နားကပ်၍ ‘ယောဂီ- နှလုံးသွင်းမှန်နေပါစေ၊ အသုဘ လက္ခဏာတွေ မြင်နေရင်–အသုဘလက္ခဏာစိတ်၊ တစိတ်ထဲဖြစ်နေမှသာ ပုံပျက်မှာ၊ ပုံပျက်မှ မစုံမက် မဘာတွယ်မှာ၊ စုံမက်နေရင် တွယ်တာနေမှာ တကျော့သေမှာ မဟုတ်ဘူး၊ တကျော့သေမှ သက္ကာယ်ပျက်မယ် ဃနကြေမှာ၊ နှလုံးသွင်းပွါးများရမှာက (၁)ရက်အသုဘ၊ ကာယကိုယ်ကြီး ပျော့ပျော့ပြောင်းပြောင်း နွေးနွေးကလေးရှိသေးတယ်၊ (၂)ရက်အသုဘက အေးစက်တောင့်တင်းလာပြီး အသားလဲ ဝါလိုက်လာပြီ၊ (၃)ရက်အသုဘက အသားဝါရာမှ နီကွက်-ညိုကွက် မဲကွက်တွေ ပေါ်လာပြီး အပုပ်နံ့ ကလဲ ထွက်စပြုနေပြီ (၄)ရက်အသုဘက အပုပ်နံ့တွေက တထောင်းထောင်းထွက်လို့၊ ဒွါရ (၉)ပေါက်က သွေးပုပ် -ပြည်ပုပ် အပုပ်ရေတွေ ယိုကျလာပြီး စက်ဆုတ်ဘွယ်ရှိသော အကောင်ဖြစ်လာပြီ (၅)ရက်အသုဘက ပိုးလောက်တွေဘရွှ-ဘဖြစ်ဖြစ်နဲ့စားနေပြီး အပေါက်ပေါက်-အဘွင်းတွင်းရှိတဲ့ မနှစ်သက်ဘွယ်အကောင်ဖြစ်နေပြီ (၆)ရက်အသုဘက မျက်စိအတွင်းသားတွေပြူးထွက် လျှာကြီးကလဲထွက်ပြီး–တဖောင်းကြီးကိုက်လို့–ဝမ်းခေါင်းထဲမှာလဲ ပိုးလောက်တွေ တဖြစ်ဖြစ်နဲ့စားလို့- ရွံရှာဘွယ်အကောင်ဖြစ်နေပြီ (၇) ရက်အသုဘက တကိုယ်လုံးဖေါင်းပွပြီး မျက်နှာကလဲ စကောလောက်နီးနီး ရောင်ရမ်းပြီး မကြည့်ဝန့်မနေသာအကောင် ဖြစ်

နေပြီ (၈)ရက်အသုဘက တကိုယ်လုံးပြွမ်းပြီး ပိုးလောက်တွေ စားလှသဖြင့် သွေးအလိမ်းလိမ်းနဲ့အသားတွေ- အူတွေ-ပွဲကျ- ရိကျ-ရော်ကျနေပြီး ရစရာမရှိတဲ့အကောင်ကြီးဖြစ်နေပြီ (၉) ရက်အသုဘက အသားတွေ-အူတွေ-တပိုင်းတစနဲ့ အရိုးစုသာ ဖြစ်နေပြီ (၁၀)ရက်အသုဘက အသွေး-အကြောမကပ်တဲ့ ဖရိ ဖရဲဖြစ်နေတဲ့ အရိုးစုချည်းသာ ကျန်တော့တယ်"

"အဲဒီလို အသုဘလက္ခဏာ-သဘာဝတရားတွေ တကယ်ရှိ တဲ့တရားတွေကိုမြင်ပါမှ အမြင်စင်ကြယ်တယ်-အမြင်စင်ကြယ်မှ စိတ်စင်ကြယ်မှာ- စိတ်စင်ကြယ်မှ ဝိပဿနာ သမာဓိရမည်- သမာဓိရမှ ပညာဖြစ်မယ်။ အသုဘသဘောကလဲ (၄)မျိုး ရှိတယ်....

(၁) ပထဝီအသုဘ။ အရိုးတွေလဲ ပုပ်ပွလှသဖြင့် မဲနက် လာပြီး အဆင်တွေပြုတ်ကျ-ဆွေးမြည့်သွားလို့ အမှုန့်တွေ ဖြစ်သွားတဲ့သဘော။

(၂) အာပေါအသုဘ။ ပုပ်ပွဖူးရောင်အကက်ကွဲပြီး ရေ မြုပ်-ရေစိုင်ခဲများ ဆူပွက်ထသလို ဒွါရ (၉)ပေါက်မှ သွေးပုပ်-ပြည်ပုပ်-အပုပ်ရည်တွေ ယိုထွက်ကျတဲ့သဘော။

(၃) တေဇောအသုဘ။ မီး ပန်း လွတ် သလို- ပေါက် ပေါက်-ပေါက်-ပေါက်နဲ့ လောင်ကျွမ်းပြီး၊ တကိုယ်လုံး မဲ့နက်နေတဲ့သဘော။

(၄) ဝါယောအသုဘ။ ပုပ်ပွလှလို့ ပိုး လောက် တွေ တဖြစ်ဖြစ်နဲ့ခန္ဓာထဲ-အူအသဲ စသည်တို့ကို စားနေသဖြင့် အူတွေ အသဲတွေ-အကြောတွေ-အသားတွေ-အရိုးအဆစ်တွေပါမကျန်ပဲ့ကျ- ပြုတ်ကျ- ပြုတ်ကျနေတဲ့သဘောတွေပါပဲ”

“အသုဘသဘောတရားတွေကို ဒလစပ်ကြီး ဆင်ခြင် နှလုံးသွင်းနေရမှာက....

(၁) မျက်စိကမြင်တာလဲ အသုဘသဘော။

(၂) နားကကြားတာလဲ အသုဘသဘော။

(၃) နှာခေါင်းကနံတာလဲ အသုဘသဘော။

(၄) ပါးစပ်ကစားတာလဲ အသုဘသဘော။

(၅) ကိုယ်ကထိလိုက်တာလဲ အသုဘသဘော။

(၆) မနောကသိလိုက်တာလဲ အသုဘသဘော။

(၇) တင်းတာ-ဖေ့ာင့်တာပေါ်လဲ အသုဘသဘော။

(၈) ယိုစီးတာ-ဖွဲ့စည်းတာပေါ်လဲ အသုဘသဘော။

(၉) ပူတာ-စပ်တာပေါ်လဲ အသုဘသဘော။

(၁၀) လှုပ်တာ-ရွှတာပေါ်လဲ အသုဘသဘော။

(၁၁) ယိုဘာ-ပေါက်တာပေါလဲ အသုဘသဘော။

(၁၂) အိပ်ဘာ-ထတာလဲ့ အသုဘသဘော။

(၁၃) ထိုင်တာ-ရပ်တာလဲ အသုဘသဘော။

(၁၄) သွားဘာ-လှမ်းတာလဲ အသုဘသဘော။

(၁၅) ဝေဒနာပေါလာလဲ အသုဘသဘော။

"တလောကလုံး-အသုဘသဘောသာမြင်နေရင်-ဘာမှတ် ပဲပေါ်ပေါ်'အသုဘ'သဘောကိုသာသိနေရင်- အသုဘသဘော ကိုသာ ဆင်ခြင်နှလုံးသွင်းနေရင်-တဏှာသေမယ်-အသုဘလက္ခ ဏာစိတ်နဲ့ယှဉ်ပြီး အသိရှိနေမယ်ဆိုရင်တော့ တံခါး(၆)ပေါက် ကို အသုဘလက္ခဏာနဲ့ ထိန်းသိမ်းနိုင်တယ်"

"အသုဘတရား(၁၀)ပါး အသုဘသဘောတရားကို ပြနေ တာ ဝိပဿနာဘရားကို ပြနေတာ တဏှာသေတို့ ပြနေတာ တလောကလုံးမှာ (၁)ရုပ်ကလဲပြောင်းလဲ ပြောင်းလဲဖောက် ပြန်နေတဲ့သဘောတရား(၂)နာမ်ကလဲ လိုက်လိုက်ညွှတ်ပြီးခံစား နေတဲ့ သဘောတရား (၃) အသုဘရုပ်ကြီးကလဲ ပြောင်းလဲ ပျက်စီးယိုယွင်း ပုပ်ပွဖူးရောင်လောက်စားနေတဲ့သဘော အရိုး ကျရမဲ့သဘောဘရား ဒီအသုဘ လက္ခဏာသဘောတရားတွေကို သာ သဘောအမြင် မနေဘအမြင်နဲ့မြင်နေရင်တော့ မိမိခန္ဓာ ပုံပျက်ကိုမြင်လာလိမ့်မယ်။ မိမိခန္ဓာ ပုံပျက်တော့ မစုံမက်တော့

ဘူး မတွယ်တာတော့ဘူး မိမိခန္ဓာကိုယ်ကို ရွံရှာစက်ဆုတ်လာမယ် မလိုချင်တော့ဘူး ခန္ဓာပျက်တွေမှ တဏှာသေမှာ တဏှာသေမှသာ နိဗ္ဗာန်ရောက်နိုင်တယ်။ တလောကလုံး "အသုဘလက္ခဏာတွေကိုသာ မြင်နေမယ်ဆိုရင်ဘော့" ဒီတာဘဝထဲနဲ့ နိဗ္ဗာန်ကိုသွားနိုင်တယ်လို့ တရားပို့ပေးတယ်" ကျွန်တော်လဲ ဆရာလုပ်သူပြောသမျှကို နားထောင်ပြီး သူပြောတဲ့အတိုင်း လုပ်ပါတယ်။ ဝေဒနာဆိုတာလဲမသိဘူး ခံစားတယ်ဆိုတာလဲ မသိဘူး မသိတာတွေကိုကျော်လိုက်ပြီး ပြောတဲ့အတိုင်း တခုမကျန်ပျောက်သွားတဲ့အဆုံးမှာ မြင်နေတဲ့ ဘုန်းကြီးအသုဘကြီးဟာ မီးလောင်ပြီး မဲနက်၍ အရိုးစုမှ မိုးပွင့်များကဲ့သို့ တဖျောက်ဖျောက်ကျလာပြီး နောက်ဆုံး လေယူသိမ်းပြီး ကောင်းကင်သို့ အကြည်ဓာတ်ကြီးနှင့်တကွ တက်ပြီး ပျောက်ကွယ်သွားပါတယ်။အဲဒီအချိန်မှာ စိတ်သာအေးမြပြီး အသက်တာ တလျှောက်မှာ မကြုံစဘူးနှင့် မခံစားဘူးရသော ခံစားခွင့်ကိုရရှိပါတယ်။

ခပ်စောစောက မခံနိုင်တဲ့ဝေဒနာတွေဟာ အခုအချိန်မှာ လုံးဝခံစားမှုမရှိတော့ပဲ လူကောင်းပကတိဖြစ်ပြီး အေးမြကြည်လင်တဲ့စိတ်များကိုလဲ ရရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ တရားပို့နေတဲ့ဦးလှဆောင်က အသုဘမမြင်သေးတဲ့သူက စိတ်အာရုံဖြင့် မိမိရှေ့မှာ ခန္ဓာကိုယ်ကြီး စန့်စန့်ကြီးထား အသုဘသဘောဖြစ်နေပြီလို့ စိတ်မှာထင်မှတ်ထားပါ၊ စိတ်ကိုပြောင်းထားပါလို့ ပြောပြန်တော့ ပြောတဲ့အတိုင်း မိမိခန္ဓာပုံကြီး ပေါ်လာပြန်တယ်။ အဲဒီအသုဘကိုပြန်ပြီးရှုပြန်တော့လဲ အထက်ကလိုဘဲ ပြန်

ဖြစ်တယ်။ "တရားပို့တဲ့ ဦးလှဆောင်က ဝေဒနာချုပ်တဲ့ လူကတော့ တော်မယ်ဆိုတော်နိုင်ပါတယ်။ အသုဘမမြင်သေး တဲ့ ယောဂီနဲ့ မြင်ဆဲရှိနေတဲ့ယောဂီက ပို့တဲ့အတိုင်းလိုက်ပါ။

"အသုဘခန္ဓာ မည်းမျှပျက်စီးယိုယွင်းပုပ်ပွပြီး- အပုပ်ရေတွေ ပျော်ကျ၊ အသားတွေရိကျ-ရောင်ကျ၊ ပိုးလောက်တွေ ဖွဲ့ထွေး လိုက်-အအုံလိုက်နဲ့ စားနေကြတာ ယူစရာ- ရစရာမရှိအောင် ခန္ဓာကြီးပုံပျက်နေလို့- မကြည့်ဝံ့မနာသာ အကောင်အဖြစ်သို့ ပြောင်းလဲ ပျက်စီးသွားတဲ့ ဝိပရိဏာမ သဘော တရားတွေကို သဘောအမြင်-မနောအမြင်နဲ့ စိုက်ကြည့်ပေးပါ။ မိမိကိုယ်ကိုလဲ 'အသုဘကောင်အဖြစ် စိတ်နဲ့မှုလုပ်တော့ နာမ်ခန္ဓာလေးပါး ခွါလိုက်-နာမ်နဲ့ရုပ်ခွဲလိုက်-ကျန်တဲ့ရုပ်ဟာ အသုဘအကောင်ပဲ၊ အသုဘကောင် အဖြစ် စိတ်မှာ ပြောင်း လိုက်လို့ ဗဟိဒ္ဓမှာ လက္ခဏာတွေမြင် လာရင် မိမိ ခန္ဓာထဲ မိအောင်ဖမ်းပြီး ဆွဲ သွင်းပါ"

"အသုဘလက္ခဏာတွေ ထင်ရှားလာအောင် ဘယ်လို ရှုရ မလဲဆိုတော့-

(၁) ပုပ်တာရှု၊ ပုပ်တာမြင်၊ ပုပ်တာသိလိုက်ပါ။

(၂) ပွတာရှု၊ ပွတာမြင်၊ ပွတာသိလိုက်ပါ။

(၃) ဖေါင်းတာရှု၊ ဖေါင်းတာမြင်၊ ဖေါင်းတာသိလိုက်ပါ။

(၄) အပုပ်ရေတွေယိုစီးတာရှု၊ အပုပ်ရေတွေ ယိုစီးတာကို မြင်၊ အပုပ်ရေတွေ ယိုစီးတာကိုသိလိုက်ပါ။

(၅) လောက်တွေက ဖြစ်ဖြစ်နဲ့ စားနေတာရှု၊ လောက်တွေက ဖြစ်ဖြစ်နဲ့ စားနေတာမြင်၊ လောက်တွေက ဖြစ်ဖြစ်နဲ့ စားနေတာကိုသိလိုက်ပါ။

"တခြား ဘာမှ လိုက်မသိနဲ့၊ ငါ့ခန္ဓာကြီး အသုဘကြီး၊ အသုဘကြီး၊ ပုပ်တယ်၊ ပွတယ်၊ ဖေါင်းတယ်၊ အပုပ်ရေတွေ ယိုစီးကျတယ်၊ ပိုးလောက်တွေ ဝမ်းခေါင်းထဲ တဖြစ်ဖြစ်နဲ့ စားနေတယ်-လို့ သညာပေးပြီးရှုလိုက်ပါ။ ကေဂ္ဂဘာ ကျအောင်ရှုပါ။ စိတ်အလုပ်ပါ၊ ထိုအခါ မိမိခန္ဓာရုပ်ပျက်ကြီးကို တဒင်္ဂမြင်တဲ့ ပုဂ္ဂိုလ်၊ ဝိက္ခမ္ဘနမြင်တဲ့ပုဂ္ဂိုလ်ရှိမယ်၊ စွဲအောင် ဒလစပ်ကြီးမြင်လာအောင် ဆက်လက်နှလုံးသွင်းလိုက်ပါ'လို့ ပို့တယ်။ ပို့တဲ့အတိုင်း မိမိ ခန္ဓာကိုယ်ကြီးဟာလဲ အသုဘကြီး ဖြစ်လာတယ်။ ဦးလှဆောင်က 'မိမိခန္ဓာကိုယ်ကြီးမှာ အသုဘဓါတ်အကြောင်းတရားပေါ်တော့ အသုဘလက္ခဏာအကျိုးတရားတွေ ထင်ထင်ရှားရှား မြင်လာမယ်။ အသုဘ လက္ခဏာ အကျိုးတရားတွေ ပေါ်တော့ ဆောက်တည်ရာမရ ယူစရာ-ရစရာမရှိတဲ့ ရုပ်ပျက်ကြီးကို ပကတိမျက်စိနဲ့ဖွင့်ကြည့်သလို မနောဒွါရမှာ မြင်လာပြီး၊ ပစ္စုပ္ပန် ဥပါဒါန်တွေ တဒင်္ဂ လွတ်တယ်၊ အသုဘ ရုပ်ပေါ်မှာ သစ္စာ ၄-ချက်ကိုလဲ မြင်နိုင်တယ်"



အဓိဋ္ဌာန်ဖြင့် ကြွရောက်လာသော “သုမေဓါ ဒက္ခိဏ
သာခါ” ဘုရားရှင် ကိုယ်တော်မြတ်ကြီး
ပုံတော်။

“ငါ့လက်၊ ငါ့ခြေ၊ ငါ့ကိုယ်၊ ငါ့ခေါင်း၊ မိန်းမပဲ၊ ယောကျ်ားပဲ စသဖြင့် စွဲလန်းနေတဲ့ ‘သုဘ’တရားကိုယ်တွေကို ပယ်လိုက်ဘာက သမုဒယသစ္စာကိုပယ်တာ၊ ‘အသုဘ’တရားကိုယ်တွေ ကျန်နေတာ၊ ရုပ်-နာမ် ဒုက္ခသစ္စာကို ပိုင်းခြားပြီးသိတာ။ အသုဘတရား အသုဘလက္ခဏာတွေကို မိမိခန္ဓာမှာ တင်ပြီး ပွါးများနေတာက မဂ္ဂသစ္စာ၊ အသုဘတရားပွါးများလို့ တဏှာ ချုပ်သွားတာက နိရောဓသစ္စာ၊ ဒါဟာ အသုဘတရားဖြင့် သစ္စာလေးပါး ခွဲပြတာ။ ရုပ်လက္ခဏာ-နာမ်လက္ခဏာ-အသုဘ လက္ခဏာ တပါးပါးကိုသာ ဒလစပ်ကြီးမြင်နေရင်တော့ သီလ ဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ပညာဝိသုဒ္ဓိဖြစ်မယ်။ အမှန်မြင်မှ စိတ်စင်ကြယ်မယ်။ စိတ်စင်ကြယ်မှ သမာဓိရမည်။ သမာဓိရမှ ပညာ ဖြစ်မယ်။ မိမိစိတ်က ခန္ဓာမှာ အသုဘလက္ခဏာတွေကို စိတ်မှ ရှုမှတ်ဆင်ခြင်နေမယ်ဆိုရင် မမြဲတဲ့သဘော၊ အနိစ္စ ဆင်းရဲ ရတဲ့သဘော၊ ဒုက္ခ တပြောင်းတည်းပြောင်း၊ ပြောင်းလဲ ဖေါက်ပြန် နေတဲ့ သဘော၊ ဝိပရိဏာမ တရားတွေကို အမှန် အတိုင်း တွေ့မြင်လာပါလိမ့်မယ်။ အသုဘ လက္ခဏာဟာ အသုံးလက္ခဏာပဲ သကဒါဂါမ်-အနာဂါမ်-ရဟန္တာအဆင့်ဆင့် သို့တိုင် အကျိုးပေးမဲ့တရားဘဲဟု ကျေးဇူးရှင် ဆရာတော်ဘုရား က မိန့်မြွက်ထားပါတယ်။ “ဒါကြောင့် ကြိုးစားပါ အလျော့ မပေးပါနဲ့ လူရည်ချွန်ရွေးနေတာ”လို့ အားပေးရင်း တရားပို့ ပေးပါသည်။

( ၇ )

ကျွန်တော့်မှာမူ ဘုန်းကြီးအသုဘကြီးကဲ့သို့ အသုဘလက္ခဏာ အကျိုးတရားတွေပေါ်တော့ ဆောက်တည်ရာမရ ယူစရာ ရစရာမရှိတဲ့ ရုပ်ပျက်ကြီးကို ပကတိမျက်စိနဲ့ဖွင့်ကြည့်သလို စိတ်မှမြင်နေရပြီး ပစ္စုပ္ပန်ဥပါဒါန်တွေ တဒင်္ဂအားဖြင့် လွတ်ခဲ့ပါသည်။ တရားထိုင်ပြီးသော် အချိန်အခါအားဖြင့် ၂-နာရီနှင့် ၁၅-မိနစ် ကြာခဲ့ပါသည်။ ပထမဦးဆုံး အဓိဋ္ဌာန် ပြည့်မြောက်အောင်မြင်ခဲ့သည့် မှတ်တမ်းဖြစ်ပါသည်။ ကျွန်တော်၏ခန္ဓာမှာ တွေ့ကြုံခံစားချက်များကို ဝိုင်းဝိုင်းလည်မေးကြ-ပြောကြ-ဘာဖြစ်သည်-ညာဖြစ်သည်ဖြင့်ပြောကြရာ ကျွန်တော်ကတော့ ဘာမျှနားမလည် အကြောင်သားဖြစ်နေပါသည်။

ဤကဲ့သို့ တွေ့ကြုံခံစားခဲ့ရသည့်အချိန်မှစ၍၊ စိတ်ခေတ်ကြည်လင်သလောက် ကိုယ်လက်တို့မှာ လေးလံပြီး တခုခုကိုကြည့်သောအခါ ၂-ခုထပ်နေဘိသကဲ့သို့ စိတ်မှာဖြစ်ဖြစ်လာပါသည်။ သညာအားဖြင့် ဝေဒနာပေါ်ပြီးနောက် ဖြစ်ခြင်း- ပျက်ခြင်းဓမ္မကို ဟုတ်တိုင်းမှန်စွာ မြင်ခဲ့ရပါသည်။တရားထိုင်ပြီး ဓမ္မာရုံမှ ပြန်လာသောသူများသည် စကားပြောသူပြော အချင်းချင်း အတွေ့အကြုံများ ဆွေးနွေးသူက ဆွေးနွေးနေကြပါသည်။ကျွန်တော့်မှာမူ မောမောနှင့် ခေတ္တအနားယူလိုက်ပါသည်။ ညနေ (၅)နာရီခွဲခန့်တွင် ရေမိုးချိုးနေစဉ် ကျွန်တော့်စိတ်ထဲ၌ ပျော်သလိုလို ဝမ်းနည်းသလိုလိုနဲ့ဖြစ်ပြီး၊ မျက်စိကြည့်သောအခါ မရှင်းမရှင်း မျက်တောင်ခတ်၍ မှိတ်မိရင်သော်လည်းကောင်း၊ ဖွင့်လိုက်သောအချိန်တွင်လည်းကောင်း ဘုန်းကြီး အသုဘကြီး

ကိုသာ မြင်မြင်နေပါသည်။ ဖွင့်သောအခါ၌ စိတ်ကြည်လင်သော်လည်း ဖြစ်ခြင်း-ပျက်ခြင်း-ကြွေကျက်ရွှံခြင်းတွေက ဟုတ်တိုင်းမှန်စွာ ပေါ်ပေါ်လာပါသည်။ သို့နှင့် ဓမ္မာယောဂီဖြစ်သော ဦးနိုကိုအဖော်ပြု၍ "ဆရာတော်"ထံ သွားလျှောက်သောအခါ "ဉာဏ်စဉ်တက်နေပြီ ကောင်းပါတယ် ဆက်ကြိုးစားပါ"ဟု ဆရာတော်ကအားပေးပါသည်။ သဲအင်းဂူနယ်မြေကို ပတ်ပတ်လည် လှည့်လည်ကြည့်ရှုရင်း ဦးနိုနှင့်ကျွန်တော် အိမ်မဲဇရပ်သို့ ပြန်ခဲ့ပါသည်။

## ဦးမချပဲ မနေနိုင်တော့ပါဘုရား

အသင်းရောင်ကြီးသည် ကွယ်ပျောက်သွားလေပြီ။ လေပြေလေညင်းတို့ကလည်း တဝီဝီဘိုက်ခိုက်နေသည့်ကြားမှ စည်တချက် ကြေးစည်တချက်ဖြင့် ဓမ္မာရုံမှလည်း ဖိတ်ခေါ်နေပြီ-ယောဂီဓမ္မမိတ်ဆွေများလည်း အလျှိုလျှို ဝင်နေကုန်ကြပြီး ကျွန်တော် မှာကား တရားပွဲ တဝက်တပျက် ထွက်ပြေးခဲ့သူဖြစ်၍ ကိုယ့်သိပ်ပြောကိုယ်ရှက်ပြီး လူအားလုံး မျက်စိအမှိတ်မှာ ဝင်မည်ဟုအကြံရှိစဉ်တွင် "တဦးတယောက်က တွန်းပို့လိုက်သလို အပေါ်သို့ ဒုတိယအကြိမ် ရောက်ပါသည်" အပေါ်မှ တရားပြနေသော ရဟန်းတော်တပါးက လက်ညှိုးညွှန်၍ ဆရာဘော်၏မလွှင်ရှေ့ ၂-ပေခန့်လှတ်လပ်နေသော ဖျာကလေး တချပ်ပေါ်တွင် အသင့်ခင်းထားသော နေရာထိုင်ခင်းကလေးတခုပေါ်သို့ အလိုက်သင့် ထိုင်လိုက်ပါသည်။

ကျွန်တော်လည်း နေရာရသဖြင့် ဘုန်းကြီးအား ကျေးဇူးတင်သည့်သဘောဖြင့် ပြုံးပြလိုက်ပါသည်။ ပရိသတ်များ (၃) ကြိမ်ဦးချသောအခါ ကျွန်တော်လည်း လိုက်၍ ဦးချပါသည်။ ယောဂီပရိသတ် ဩကာသဆိုသောအခါ၌ ကျွန်တော်လည်း လိုက်ဆိုပါသည်။ ဆိုနေစဉ် ဆိုနေရင်း ကြက်သီးမွေးညှင်းတွေထခါ ပူထူပြီး တကိုယ်လုံး ဆပ်ဆပ်တုံလာပါသည်။ ဆိုနေရင်းဖြင့် မျက်ရည်များက အဘယ်အကြောင်းခံကြောင့်မှန်း၍မသိ-မျက်ရည်များကျလာပါသည်။ သုတ်လိုက်ပါသည်။ ပြန်၍ကျလာပါသည်။ လည်ချောင်းကြီးမှာ ပိတ်လာပါသည်။ တအားဟစ်၍-ဟစ်၍ အော်၍ပင် ငိုလိုက်ချင်ပါသည်။ ကျွန်တော်သည် ဆက်ဆို၍ပင် မဖြစ်တော့ပါ။ ဘာဖြစ်လို့မှန်းလည်းမသိပါ။ "အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား-ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏အရှင်ဘုရား" ဟု ဆိုပြီးသည်နှင့်တပြိုင်နက်၊ ကျွန်တော်သည် အလိုအလျောက် လက်အုပ်ချီပြီးသား ရှိသောလက်တို့ဖြင့် ရှိသေညွတ်ကြိုး ပြားပြားဝပ်၍ကန်တော့လိုက်မိပါသည်။ ထိုအချိန်၌ပင်....

ဆရာတော်။ "ဒကာကြီး"

ကျွန်တော် ။ "မှန်လှပါဘုရား"

ဆရာတော်။ "ဦးမချ-ဝတ်မပြုဘူးဆို"

ကျွန်တော်။ "မှန် လှ ပါ ဘု ရား -ဘု ရား တပည့်တော် ဝတ်မပြု-ဦးမချပဲ မနေနိုင်တော့လို့ပါဘုရား"ဟု အသံများ တုံတုံရီရီဖြင့် ဝမ်းနည်းဝမ်းသာဖြစ်ပြီး မျက်ရည်များ မျက်နှာပေါ်တွင် စီးကျလျက် ပြန်လျှောက်လိုက်ပါသည်။

ဆရာတော်။ "အစောတုံးက ပြော တတ် သလို ပြောမယ်ဆိုတာကော - အခုတော့ ဘုန်းကြီးနဲ့ စကားတောင်ပြောတတ်နေပြီကော ဒကာ"

ကျွန်တော်။ "တ ပည့် တော် မှာ နေ့ လည် က အသုဘပေါ်ပြီးနောက် ဖြစ်ခြင်း-ပျက်ခြင်း-ခုမှကို ဟုတ်တိုင်းမှန်စွာ မြင်ခဲ့ရလို့ပါဘုရား"

ဆရာတော်ဘုရားကလည်း ဆက်လက်ပြီး၊ အခုလို တရားဒေသနာများ ဟောကြားပါသည်-

"ရုပ်နာမ်ဆိုတာ ပညတ်လား-ပရမတ်လား သိရ မှာတော့ ရှုပ်သဘောတရားလေး ပြောလိုက်ရင် ပညတ်ပဲ၊ အဲဒီတော့-

ပြောလိုက်ရင် ပညတ်ဖြစ်တော့- ပညတ် ပြောမှသာ ပရမတ် ပေါက်မယ်၊ ပရမတ်ပြောပါဆိုရင် ဘယ်လိုလုပ်ပြောမလဲ၊ အဲဒီ တော့ ပညတ်ပြောမှသာ ပရမတ်သဘောပေါက်တယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလဲပဲ ပညတ်နဲ့ ပရမတ် (၂)ခု စပ်ပြီး ဟောသွားပါတယ်။ သတ္တဝါတွေ သိကြအောင်ဆိုပြီးတော့- ပညတ်နဲ့ပရမတ် (၂)ခုစပ်ပြီးတော့ သဘောပြောသွားတယ်။ ဘုရားကဟောလိုက်တာတော့ သူ့တရားက အကုန်လုံး အမှန် ချည်းပဲ၊ အဲဒီတော့-လူတွေရဲ့ အယူအဆလေးတွေက နဲနဲတော့ ကွာတယ်။ ဦးပဥ္စင်းတို့ဟာ သမထ-ဝိပဿနာ ဝိပဿနာယာနိက၊ သမထယာနိက- ဒါတွေကိုမကွဲဘူး၊ အတိတ်ကာလတုံးက မကွဲ ဘူး၊ အခုအခါ-သာသနာကြီးမှိလာတဲ့အချိန်အခါမှာ-သမထနဲ့ ဝိပဿနာဟာလဲ ကွဲဘို့အင်မတန်ခဲယဉ်းတယ်၊ လုပ်ယူမှ ခန္ဓာမှာ ရှာမှ သဘာဝတွေ့လာတဲ့ အချိန်အခါကျတော့ သိကောင်းတဲ့ တရား၊ ခန္ဓာကမှ မရှာလို့ရှိရင်- အပြင်ဘက် ရှာနေလို့ကတော့ သိပါ့မလား၊ သဘာဝသဘောတရားဆိုတာ ဒါပါပဲ။ သဘာဝ သဘောဆိုတာ ဒါပဲ။ သူ့သဘောသူ အသီးသီး ဆောင်နေတဲ့ ရုပ်နာမ်ဓမ္မလို့ ဘုရားက ဟောတယ်။ အဲဒီတော့ ဝိပဿနာ ယာနိက-သမထယာနိက-အချို့ကတော့ ရှုတဲ့ဥစ္စာယာ ဘာကို ရှုသလဲဆိုတော့- များသောအားဖြင့် ဒကာကြီးရေ- အပြော ကတော့ ပရမတ် ပြောတယ်၊ လုပ်တဲ့ အချိန်အခါကျတော့- ပညတ်ကြီး"။

"ဘုရားကဘယ်လိုဟောသလဲဆိုတော့ အတိတ်-အနာဂါတ် ပစ္စုပ္ပန်ဆိုတဲ့ ကာလသုံးပါးရှိတယ်မဟုတ်လား၊ အတိတ်ဆိုတာလဲ

မရှိတော့ဘူး၊ ပျက်သွားပြီး နောက်ထပ်တဖန် မဖြစ်တော့ဘူး၊ မရောက်သေးသော အနာဂါတ် စိတ်ကိုလဲ မမျှော်နဲ့ မရောက်သေးဘူး၊ ပစ္စုပ္ပန်ကို သဘောတရားလေး ပစ္စုပ္ပန်သာ ဘုရားက ဟောဘယ်။ အတိတ်တွေ အနာဂါတ်တွေ မဟောဘူး၊ အဲဒီတော့ အတိတ်-အနာဂါတ်ဟောတဲ့ ကာလသုံးပါး ဟောပြန်တော့လဲ ပဋိစ္စသမုပ္ပါဒ် ဟောတယ်၊ ဝိပဿနာ သက်သက် ဟောတော့ ဘာဟောလဲ၊ ပစ္စုပ္ပန်သဘောတရားပဲဟောတယ်"

"အတိတ်ကိုလဲ တွေးလိုက်မှာ စိုးလို့ မရောက်သေးသော အနာဂါတ် စိတ်ကို မျှော်လိုက်မှာစိုးလို့- မရှိတဲ့ တရားတွေကို ရှိတယ်ထင်လိုက်မှာစိုးလို့ ပစ္စုပ္ပန်ပဲ ဟောတယ်။ အဲဒီတော့— ဦးပဥ္စင်းကလဲ စာဆိုတဲ့ဥစ္စာ သူများ နှိုင်းယှဉ် ညှိနှိုင်းထားပြီး- ရေးမှသာ လက်သင့်ခံနိုင်တယ်။ ခန္ဓာအတွေ့ကျတော့ သဘောကျတော့ မတူဘူး၊ အဲဒီတော့-စာဆိုတဲ့ဥစ္စာ အရိယာသူတော်ကောင်းများဟာ ရေး အရိယာကြီးတွေဟာ ခန္ဓာကိုယ်တွေ ဉာဏ်အမြင်- ပညာအမြင် မြင်သွားတော့၊ စာရေးတယ် ဆိုတဲ့ဥစ္စာ၊ သူများနှင့်ညှိနှိုင်းရေးရမဲ့တရားတွေကို ခန္ဓာဆိုတဲ့ဥစ္စာက စာနဲ့သွားကိုက်ကြည့်လို့ရှိရင် အယူအဆချင်းက ကွဲတတ်တယ်"

"တကယ့်မညတ် ခန္ဓာက သဘာဝ၊ အဲဒီတော့ သဘာဝတရားဆိုတာ ရုပ်နာမ်သဘာဝ အထင်အရှား ဖော်ပြ ဆုံးမဩဝါဒ ပေးပါဆိုတော့ သဘာဝက သတ်သတ်- ရုပ်နာမ်က သတ်သတ်၊ အဲ့ဒီလို ကွာမနေဘူးလား၊ အဲဒီတော့ သဘာဝ

တရားကတော့ တကယ်ခန္ဓာမှာရှာရင် သဘာဝတရားတွေပါ တယ်။ အဲဒီတော့- ဦးပဉ္စင်းတို့ လဲပဲ အတိတ်ကာလ တုန်းက ရဟန်း(၇)ဝါရပါသေးတယ်၊ (၇)ဝါရသေးတော့ ဦးပဉ္စင်း သဲအင်းဂူကယောဂီများဟာ- သမာဓိအခြေခံ နဲ့သေးတဲ့ အချိန် အခါမှာ- ဦးပဉ္စင်းက ဘယ်လိုပေးသလဲ ဆိုတော့ ကမ္မဋ္ဌာန်း တရားပေးတာကိုပဲပြောတာ၊ ဘယ်လိုအခြေခံပေးသလဲဆိုတော့ သမထကြီးကိုပေးလိုက်တယ်-သမထကြီးပေးတာပေါ့၊ ဘယ်လို ပေးသလဲ- စပြီးတည်ကတဲကိုက တရားနှလုံးသွင်း ကျင့်ကြံအား ထုတ်တဲ့ ယောဂီပုဂ္ဂိုလ် ရှုတဲ့အချိန်အခါမှာ သတိပဋ္ဌာန်တရား (၄)ပါးပေးဘယ် ဘုရားကသဲ သတိပဋ္ဌာန်(၄)ပါးပဲဟောတယ် မဟုတ်သား၊ ကာယသတိပဋ္ဌာန်- ဝေဒနာ သတိပဋ္ဌာန်- စိတ္တ သတိပဋ္ဌာန်-ဓမ္မာသတိပဋ္ဌာန်၊ သတိပဋ္ဌာန် တရား ( ၄ )ပါးက လွဲလို့ နိဗ္ဗာန်ရောက်ကြောင်းတရား မရှိဘူး”

“အဲဒီတော့- သတိပဋ္ဌာန်တရား(၄)ပါးဟာ ကနဦး စိတ် ကလေးက ပဌမ အာနာပါန သတိကိုယူလိုက်တယ်၊ သမထ လုပ်ရင် သမထ ပေါ့၊ ဝိပဿနာလုပ်ရင် ဝိပဿနာကြီးပေါ့၊ ရှေးက သဲလုံးအမျှ ပွင့်သွားတဲ့ မြတ်စွာဘုရား အရှင်ကိုယ်တော် မြတ်ကြီးတွေဟာ ဘာနဲ့သွားသလဲ၊ အာနာပါနနဲ့သွားတဲ့ဥစ္စာကို အာနာပါန၊ ဝိပဿနာလုပ်ရင် ဝိပဿနာပေါ့၊ သမထလုပ်ရင် သမထပေါ့၊ အဲဒီတော့-သမထနဲ့ဝိပဿနာဆိုတာ၊ အချုံကတော့ အာနာပါန ဟာ သမထကြီးပါလို့ဆိုတော့၊ အဲဒီတော့ ပညတ်

ပရမတ် မကွဲဘူးဆင်တယ်၊ မကွဲသေးလို့ ပြောတာပေါ့၊ ကွဲလို့ ရှိရင်လဲ ပြောမှာမဟုတ်ဘူး"

"တချို့ကလဲ ပြောလေ့ပြောထ ရှိတယ်၊ 'သဲအင်းဂူဟာ သမထကြီး ပါကွာ' လို့ အဲဒီလို ပြောလေ့ ပြောထ ရှိတယ်၊ သဲအင်းဂူက သမထလား- ဝိပဿနာ ဆိုတဲ့ဥစ္စာ၊ ဘုရားဟော ထားတဲ့ တရားလက္ခဏာကို နှလုံးသွင်းတာ၊ အချို့ကတော့- မြင်နေတာကြီးဟာ အပြောကတော့ ပညတ်ပေါ့၊ သဘောက ပရမတ်၊ ပြောတာက အသုဘလက္ခဏာ- အသုဘ သဘော၊ စိတ်မနော ဒွါရက သဘောတရားလက္ခဏာ၊ သဘောတရားကို မြင်နေတာကပရမတ်၊ကိုယ်ကတော့ သမထလား-ဝိပဿနာလား မကွဲဘူး၊ အားထုတ် မကြည့်သေးလို့- ဘုရားက ဟောထား တာက ဘယ်လို ဟောထားလဲ၊ အကုန်လုံး ဝိပဿနာလုပ်ရင် ဝိပဿနာချည်းပဲ"

"အကုန်လုံးသမထလုပ်ရင် တံခါး(၆)ပေါက်က အကုန်လုံး သမထချည်းပဲ၊ အဲဒီတော့-အကုန်လုံး သမထနဲ့ဝိပဿနာနဲ့ဟာ ဒီနေ့အတွက်မှာ- တိုတို တုတ်တုတ်နဲ့ ယောဂီ တရားသမားတွေကို သမထနဲ့ဝိပဿနာနဲ့ သမထ လုပ်နေပုံ ဝိပဿနာ လုပ်နေပုံဟာ လမ်းကြောင်း(၂)သွယ်ရှိတဲ့အနက် (၂)သွယ်လမ်းကြောင်းကို တခါတည်း သဘောပေါက်အောင် ဘာသာ လို ပြော ရ ရင် မကောင်းဘူးလား၊ ဘာသာလိုပြောမှသိမှာပဲ"

"အဲဒီတော့၊ ဒကာဒကာမများ အသံကိုမနာနဲ့၊ ဦးပဥ္စင်းကလဲ အသံကောင်းတာမှုဟုတ်ဘူး၊ တွန်းဟောနေတာ အသံကောင်းနေတာမဟုတ်ဘူး၊ တရားကျင့်တဲ့ ဒကာ ဒကာမတွေ သဘောပေါက်အောင်လို့ ဟောတာ၊စာကျတော့ ယသာနုဘာဝါတောတောင်မသိဘူး၊ဒါကြောင့်မို့လို့ ခုနတုန်းက ဟိုဦးပဥ္စင်းကြီးကို သီလပေးဘို့၊ ဦးပဥ္စင်းက မပေးတတ်လို့ ခေါ်လာရတာ၊ ဘာ ကြောင့်လဲ ဆိုတော့-အဲဒါ ခရစ်ယာန်ဦးပဥ္စင်းကြီး (လူအမည်- သိက္ခာတော်ဘွဲ့ရ အသင်းအုပ်ဆရာတော် ဦးစိန်ဖေ-မှော်ဘီမြို့နယ်၊ရဟန်းဘွဲ့ ဦးဇိန)၊ နောက်ပြီးတော့ ဦးပဥ္စင်းက ပေါ့သေးသေးမဟုတ်ဘူး၊ နဂိုလ်က ခရစ်ယာန် တရားဟောဆရာကြီး ဆိုတော့- ဦးပဥ္စင်းက တရားတွေဘာတွေ ပေးလိုက်တော့ ခရစ်ယာန်ဆရာကြီးဟာ အခုတော့ မထွက်နိုင်ဘောဘူး၊ သားပစ်-မယားပစ်-သမီးပစ်ကို တခါတည်းဖြစ်ကုန်ပြီး မထွက်တော့ဘူး၊ ခန္ဓာရှာတော့-သဘောတွေသွားတာကိုး၊ ဘုရားက ဟော ထား တာ က သဘောဟုတ်မှ လောကုတ် ဆိုတာကိုး၊ သဘောသာဟုတ်ပါ၊သဘောဟုတ်လို့ရှိရင် လောကုတ္တရာ တရားတွေဟာ သဘောမဟုတ်လို့ရှိရင် လောကုတ္တရာတရား ရမါ့မလား"

"ရုပ်နာမ် သဘာဝတရားကို ထင် ထင် ရှား ရှား ဆိုဆုံးမ ဩဝါဒပေးပါဆိုတော့၊ ရုပ်နာမ်ဟောရမှာက သမထ ဟောရမှာ၊ ဟောရမှာကလဲပဲ-ဝိပဿနာဝဟောရမှာ၊ ပရမတ် ဟောရမှာ၊ ဘုရားက ပညတ်အယ်လိုဟောသွားသလဲ၊ ကေစဝနံတလုံးထဲ ဟော သွား တယ်၊ ဦးပဥ္စင်း အတိတ်က ပေးထားတဲ့ တရား

ကမ္မဋ္ဌာန်းဟာ- သတိပဋ္ဌာန် လေးပါး ပေးတယ်၊ ဘယ်လိုဟာ ပေးသလဲ- အဇ္ဈတ္တသဏ္ဍာန်က ပညတ်ကို ပေးတယ်၊ ဘယ်လို ပညတ်-သမထကို ပေးသလဲဆိုတော့-"

"အဇ္ဈတ္တသဏ္ဍာန်က တွန်းတဲ့ သဘောကို တွန်းတာလေး သိလိုက်ပါ။ အဲဒါ သမထ ဝိပဿနာမဟုတ်သေးဘူး၊ တချို့က အဲဒါ ဝိပဿနာ ထင်နေတယ်၊ ဝေးပါသေးတယ်၊ ဒါ-ဝိပဿနာကြီး ထင်နေ တယ်၊ ဒါကြောင့်မို့ ငြင်းကြတယ်။ အဇ္ဈတ္တသဏ္ဍာန်က တခါထဲကို သမာဓိ နဲ့တဲ့ အချိန်အခါမှာ-သတိပဋ္ဌာန်တရားလေးပါးနဲ့ တခါထဲပေးလိုက်တယ်၊ ယောဂီပုဂ္ဂိုလ်တွေကိုပေးလိုက်ဘယ်။ ကဲ-ဒကာကြီးတွေ-ဒကာမကြီးတွေ နှလုံးသွင်းလိုက် မျက်စိ မှိတ်လိုက်တဲ့ အချိန် အခါ- အဇ္ဈတ္တသဏ္ဍာန်က တွန်းလိုက်တဲ့ သဘောလေးကိုသိလိုက်ပါ၊ ကန်တဲ့ သဘော လေးကို သိလိုက်ပါ၊ ဘုရားက ဝါယောဓာတ် ၏ သဘောကို တွန်းတယ်၊ ကန်တယ်ဆိုတာ ဘုရားက ပညတ်လို့ ပြောတာ၊ တွန်းတာ-ကန်တာ ပညတ် လား- ပရမတ် လား၊ ဘုရားက ခေါ်ဝေါ်သမုတ်တဲ့ သဘောလေး၊ ဝါယောရုပ်၏ သဘောတရား-ဝါယောဓာတ်၏ သဘောတရား၊ တွန်းတယ်-ကန်တယ်တဲ့၊ အဲဒီလိုပြောလိုက်တာ ယောဂီတွေဟာ သမာဓိ မရှိသေးဘူး၊ သမာဓိက တပဲဘိုးမျှ မရှိသေးဘူး၊ တပဲဘိုးမျှ မရှိတော့ ပညတ်ပေးမှပဲ၊ လက်ဦးတုန်းက အခြေခံတရားတုန်း

ကတော့ ပညတ်သမထကြီးကိုပေးလိုက်တာ၊ သမထ များသူကတော့ တွန်းတယ်-ကန်တယ် ပေးတဲ့ဥစ္စာ ဝိပဿနာ ထင်နေတယ်၊ သမထပေးဟာ-သမာဓိရှိအောင်လို့ သတိပဋ္ဌာန်တရားလေးပါး တခါတည်းပေးတာ၊ အဇ္ဈတ္တသန္တာန်က တွန်းတဲ့သဘောလေးကို သိလိုက်ပါ၊ ဗဟိဒ္ဓက ကန်တဲ့ သဘောလေးကို သိလိုက်ပါဆိုတော့- မရှိတဲ့တရားကိုပေးတာ၊ ဘုရားခေါ်ဝေါ် သမုတ်တဲ့ ပညတ်ကိုပေးတာ၊ ဘုရားခေါ်ဝေါ် သမုတ်ထားတဲ့ ပညတ်ကြီးမဟုတ်လား၊ တွန်းတယ်-ကန်တယ်ဆိုတာ ဘုရားခေါ်ဝေါ်တဲ့ တရားကို။ အဲဒီတော့ ပညတ်ကြီးတင်ပေးလိုက်တာ တွန်းတာလေး သိလိုက်-ကန်တာလေး သိလိုက်။ အဲဒီလို အသိခိုင်းတာ၊ စိတ်ကလေးတည်အောင်လို့ ချပေးလိုက်တာ၊ တည်အောင်လို့ပေးတာ၊ ကြာကြာထိုင်ပါများတော့ အောက်က အမာခံနဲ့ ကိုယ်နဲ့ တွေ့လိုက်တဲ့အခါ- ဝေဒနာ ဖြစ်လာတယ်၊ ဝေဒနာဖြစ်လာတော့- နဂိုလ်တုန်းက ကမ္ဘာလဆန်းတရက်ကတည်းက ဒကာကြီးတို့-ဦးပဉ္စင်းတို့ သိတဲ့အသိက- ဒါက လူမသင်ရဘူး၊ တင်းတာရယ်-တောင့်တာရယ်-ထုံတာရယ်- ကျင်တာရယ်-ကိုက်တာရယ်- ကြွပ်တက်လာတာရယ်- ချွေးကျလာတာရယ်-ပူတာရယ်-အေးတာရယ်- လှုပ်တာရယ်- တွန်းတာရယ် ဒါဟာ လူသင်ရလို့လား၊ ကမ္ဘာလဆန်း-သံသရာလဆန်းတရက်ထဲကသိတာ၊ သူ့သဘောနဲ့သူ- သံသရာလဆန်း ၁-ရက်ထဲက မရှိတဲ့တရားတွေ သိလာတယ်မဟုတ်လား၊ သိလာတော့ ခန္ဓာမှာ တင်းတာပေါ်လာလိမ့်မယ်၊ မရှိတဲ့ပညတ်ကိုပေးတာ”

## ဒကာကြီး ဘာစဉ်းစားနေလဲ

ဆရာတော်က ကျွန်တော့်အနားက လာပြောနေပါတယ်၊ သူပြောတဲ့တွေက တခါမှမကြားဘူးတဲ့စကားတွေလဲဖြစ်တယ်၊ အာတွေကလဲ ခြောက်လာတယ်၊ မောကလဲ မောလာတယ်၊ ဆရာတော်က အနားက ရပ်ပြီး ပြောနေတော့ ထပြေးဘို့ အားတော်ခက်လာတယ်၊ ဒါပေမဲ့ ဆရာတော်ဘာပြောအုံးမလဲလို့ တွေးနေတဲ့အခါမှာ-'ဒကာကြီး-ဘာစဉ်းစားနေသလဲ၊ နှာသီးဝမှာ အသိကပ်ထားပြီး ရှူပေး-ရှူပေး'ဟု ပြောလိုက်ပြန်တော့ ကျွန်တော် ဘာစဉ်းစားနေတယ်ဆိုတာ ဆရာတော်သိသွား၍ ကြောက်ကြောက်ဖြင့် ဆက်၍ ပြောဘာနားထောင်ရင်း ဆက်ရှူနေစဉ်-

''တင်းတာပေါ်လာလိမ့်မယ်၊ဘင်းတဲ့အစလေးကိုသိလိုက်ပါ၊ ဘုရားဟောထားတဲ့တရားက ဥပါဒ်-ဌီ-ဘင်တဲ့ ဘုရားဟောတယ် မဟုတ်သား၊ ဥပါဒ်ရယ်,ဌီရယ်,ဘင်ရယ် လို့ ဘုရားဟောလိုက်တော့- အဲဒီဟာကို ဘာသာလို ပေးနေတာ၊ တင်းတာ ပေါ်လာလို့ရှိရင် တင်းတဲ့အစလေးကို သိလိုက်ပါ၊ သမ ၁ ပေးနေတာ၊ တင်းတာအစလေးကနေပြီး တင်းတာ အလယ် ရောက်သွားအောင် လိုက်သွားပါ၊ တင်းတာ အလယ်ကလေးကနေပြီး တင်းတဲ့ အဆုံးလေးကို သိလိုက်ပါ၊ အဲဒီ- တင်းတာ အစ-တင်းတာအလယ်- တင်းတာအဆုံး သဘောတရားလေးကို သိအောင်လို့ပေးတာ၊ တောင့်တာ ပေါ်လာတော့ တောင့်တယ်၊

တောင့်တာအစ–တောင့်တာအလယ်–တောင့်တာ အဆုံးလေးကို သိလိုက်ပါ၊ အဲဒါကို တင်ပေးလိုက်တာ၊ နောင်ကျမှခွဲပေးမယ်”

“ဒကာမကြီးတို့ ကနဦးစိတ်ကလေးဟာ အဇ္ဈတ္တသဏ္ဍာန်က နှာသီးဖျား၊ နှာသီးဝတံခါးကို တွန်းတဲ့သဘောလေး၊ ကန်တဲ့ သဘောလေး သိလိုက်တာက ‘ကာယသတိပဋ္ဌာန်’ သတိပဋ္ဌာန် တရားလေးပါ၊ တရားလေးပါးနှင့်လိုက်တော့ သမထ ဖြစ် သွားပြီး၊ ကာယသတိပဋ္ဌာန် တင်းတာပေါ်တော့ တင်းတာသိ သွားပြီး သိလိုက်တော့၊ တင်းတာ သိလိုက်တဲ့ဥစ္စာ၊ အဲဒါ နာမ်ဝေဒနာခံစားလိုက်ပြီး– အဲဒါဘာလဲ ဝေဒနာဖြစ်သွားပြီး တော့ တင်းတာ သိလိုက်တဲ့ဥစ္စာ– ခံစားနေတာ ‘ဝေဒနာ သတိပဋ္ဌာန်’ ၂–က တင်းတာသိနေပြီ၊ တင်းတယ်လို့သိလိုက်တဲ့ ဥစ္စာ– အဲဒါ သမထ။ ပူတယ်လို့သိလိုက်တာ သမထ၊ အောင့် တယ်လို့သိလိုက်တာ သမထ၊ ပညတ်တွေပြောတာသမထချည်းပဲ၊ ဒါ ဝိပဿနာမဟုတ်ဘူး”

“အဲဒီတော့ တချို့ကတော့ တင်းတာသိရင်– ဝိပဿနာ တောင့်တာသိရင်– ဝိပဿနာထင်နေတယ်၊ အဲဒါ သမထကြီး ဘုရားက ဝိပဿနာဆိုဘာ သဘောတရားပဲ။ အဲဒီတော့ တင်း တာအစနဲ့ တင်းတာအလယ် တောင့်တာအစနဲ့ တောင့်တာ အလယ် ထုံတာအစနဲ့ထုံတာအလယ် ထုံတာအဆုံး ဒါအဆုံး ပေးလိုက်တာ၊ နောက်ကျတော့ သဘောနဲ့နဲ့ပေါက်လာတော့ တင်းတဲ့သဘောတရားဆုံးအောင် ပေးလိုက်တယ်၊ ဆုံးအောင်

သိလိုက်တယ်၊ အဲဒီအစနဲ့-အလယ်နဲ့-အဆုံးနဲ့ပေးလိုက်တော့ သူ့အစနဲ့-အလယ်နဲ့-အဆုံးနဲ့-သူ့မိအောင်ဖမ်းတယ်၊ ဖမ်းလိုက်တဲ့ အချိန်အခါကျတော့ အဆုံး-အဆုံးလေးကို သူသိသွားတယ်၊ အဆုံး-အဆုံးလေးသိတော့ တင်းတာအစ- တင်းတာအလယ် တင်းတာအဆုံးသိလိုက်တော့ တင်းတာလေးဆုံးသွားတော့ စိတ်ကလေးတည်ငြိမ်သွားတယ်၊ တဒင်္ဂကလေး ငြိမ်သွားတဲ့ အချိန်အခါကျတော့ ဒကာ-ဒကာမများကို ပစ္စုပ္ပန်ရုပ်-နာမ်ကိုပေးတာပဲ"

"ဒကာမကြီးတွေ တင်းတာအစ- တင်းတာအလယ် တင်းတာအဆုံး ရောက်သွားပြီဆိုရင် စိတ်ကလေး တည်ငြိမ်နေလိမ့်အုံးမယ်၊ ဒုက္ခတွေကုန်သွားတော့ စိတ်ကလေးတည်ငြိမ်နေပြီဆိုရင် အဲဒီစိတ်ကလေးဟာ၊ ဒုက္ခကုန်ဆုံးသွားပြီဆိုရင်- အအေးဓာတ်ကလေးကို နာမ်ခံစားနေလိမ့်အုံးမယ်၊ ငြိမ်သက်နေလိမ့်မယ်၊ အဲဒီလို ငြိမ်သက်နေရင်- ဒုက္ခကုန်ဆုံးသွားတဲ့နေရာလေး အဆုံးရောက်သွားပြီဆိုရင် စိတ္တသတိပဋ္ဌာန်- စိတ္တသတိပဋ္ဌာန်-နောက်တခါတင်းတာချုပ်သွားတော့ တောင့်တာပေါ်လာပြီး သူ့သဘောနဲ့သူပေါ်လာပြီး သူ့သဘောသိလိုက်လို့ရှိရင် စိတ္တသတိပဋ္ဌာန်-သတိပဋ္ဌာန်တရားလေးပါးနဲ့ပေးတာ၊ သတိပဋ္ဌာန်တရားလေးပါးနဲ့ဆုံးတော့ နောက်ကျတော့ ဒီအဲသတိပဋ္ဌာန်တရားလေးပါး လိုက်ပါများလာတော့ တင်းတာအစ-တင်းတာအလယ် တင်းတာအဆုံး-ဒါတွေသိလာတယ်၊သမာဓိဖြစ်လာပြီး တောင့်တာအစ-တောင့်တာအလယ်- တောင့်တာအဆုံး-ရလာပြီး ထုံတာအစ-ထုံတာအလယ်-ထုံတာအဆုံး၊ အောင့်တာအစ

အောင့်တာအလယ်-အောင့်တာအဆုံး၊ ကိုက်တာအစ-ကိုက်တာအလယ်-ကိုက်တာအဆုံး၊ ကြွပ်တာအစ-ကြွပ်တာအလယ်-ကြွပ်တာအဆုံး၊ ချွေးကျတာအစ-ချွေးကျတာအလယ်-ချွေးကျတာအဆုံး၊ ပူတာအစ ပူတာအလယ်-ပူတာအဆုံး၊ အေးတာအစ-အေးတာအလယ်-အေးတာအဆုံး၊လှုပ်တာအစ-လှုပ်တာအလယ်လှုပ်တာအဆုံး၊တွန်းတာအစ-တွန်းတာအလယ်-တွန်းတာအဆုံး၊ အဲဒီသဘောတွေကိုသိလာမယ်။ ဘာသိသေးသလဲ-ဘာမှမသိဘူး ဘာမှမသိတာ စိတ်ကလေးတည်တာပဲရှိတယ်၊ စိတ်ကလေးတည်တော့ ဒကာကြီးတွေ-ဒကာမကြီးတွေ တင်းတာအစ-တင်းတာအလယ်-တင်းတာအဆုံး သိရဲ့လားလို့မေးရင် သိပါတယ်လို့လျှောက်ကြမှာပဲ။ တပည့်တော်တို့ တင်းတာအစ- တင်းတာအလယ်-တင်းတာအဆုံးလဲ သိပါပြီ၊ တောင့်တာအစ-တောင့်တာအလယ်တောင့်တာအဆုံးလဲသိပါပြီ၊အကုန်လုံးအစ အလယ်အဆုံး သိပါပြီလို့ဆိုကြမယ်၊ အဲ....အလယ်ကိုမသိနဲ့ဒကာကြီးတို့ဒကာမကြီးတို့ ပြောင်းပြန်ပြီ၊ စိတ်-စိတ် မပြောင်းသို့ရပါ့မလား၊ ဒီအတိုင်းလုပ်နေလို့ရှိရင် ဒါပဲရှိတော့မှာပေါ့-သူ့လိုက်ချင်တာတွေ လိုက်နေမှာပေါ့- တခါထဲကိုတင်ပေးတယ် အဲဒီတော့ ဒကာကြီး ဒကာမကြီးတို့သိရမဲ့တရားကတင်းတာအစလေးသိလိုက်ပါ၊ တင်းတာအဆုံးလေးသိလိုက်ပါ၊ အလယ်ကို မသိနဲ့တော့-ပြောင်းလိုက်ပြီ၊အလယ်ကိုမသိနဲ့-အလယ်စိတ်ကို ဖျောက်ပစ်လိုက်ပြီ၊ စိတ်တွေပြောတာ-ဘုရားက စိတ်ပဲဟောတယ်။ စိတ်တွေကိုပြောဒါ၊ဒကာကြီး-ဒကာမကြီးတို့ အစနဲ့-အလယ်နဲ့တင်းတာအစ- တင်းတာအဆုံးကိုပဲ ရှုခိုင်းလိုက်တာ။ အဲ....

တခါထဲကို ဒကာ-ဒကာမကြီးတွေက တင်းတာအစနဲ့- တင်းတာအဆုံးလဲသိလိုက်ပြန်ပြီ၊ တင်းတာအစ- တင်းတာအဆုံးသိလိုက်တော့ တင်းတာအဆုံးသိသွားရော အဲဒီတော့ ပြောင်းပြီး တင်းတာအစ-တင်းတာအဆုံး သိလိုက်တော့ တင်းတာအဆုံးကို မသိနဲ့တော့ ဖြစ်လာတဲ့သဘောတရားလေး ဖြစ်တဲ့သဘောလေး-ပျက်တဲ့သဘောလေးသိလိုက်-သဘောကိုပြောပြီး ပြောင်းပြန်ပြီ၊ ဖြစ်တဲ့သဘော-ပျက်တဲ့သဘော ဒါပဲသိတော့ တင်းတယ်လို့မသိနဲ့- တောင့်တယ်လို့မသိ- ထုံတယ်လို့မသိနဲ့ အောင့်တယ်လို့မသိနဲ့-ကိုက်တယ်လို့မသိနဲ့-ကြွပ်တယ်လို့မသိနဲ့- ပူတယ်လို့မသိနဲ့-အေးတယ်လို့မသိနဲ့-ဆင်းရဲတယ်လို့မသိနဲ့-ချမ်းသာတယ်လို့မသိနဲ့- ဖြစ်လာတဲ့သဘောတရားရယ်- ပျက်သွားတဲ့သဘောတရားရယ်-ဖြစ်တာနဲ့ပျက်တာနဲ့- ဒါပဲသိလိုက်တော့-စိတ်ပြောင်းလိုက်ပြီ၊ အဲဒီလို ဆရာကပြောလိုက်တော့ ဒီလိုရှုသွားတာပေါ့။ ဆရာကဒီလိုလုပ်ပါဆိုပါတော့ ဘာလုပ်မလဲ စိတ်ကိုမသိလို့ ဆရာတင်တယ်မဟုတ်လား မသိလို့ "ဆရာတင်ရင် ဆရာမှာတဲ့အတိုင်းလုပ်ရင် ရမယ့်တရား" အဲဒီတော့ ဒကာ-ဒကာမတို့က တင်းတာလဲမရှုတော့ဘူး၊ တောင့်တာလဲမရှုတော့ဘူး သမာဓိကကောင်းလာပြီ၊ စိတ်ကတည်ငြိမ်လာပြီ၊ ဒီစိတ်ကနေပြီး ဒီစိတ်ကိုပြောင်းနိုင်ပြီ၊ စိတ်ကိုကြည့်တယ် ဒကာ-ဒကာမ စိတ်ကိုကြည့်တော့ အဲဒါတွေ ဒီစိတ်ကနေပြီး၊ ဒီစိတ်ကိုပြောင်းလိုက်တော့ဆို ပြောင်းပြီ၊ ဘာကို အပြောင်းခိုင်းလိုက်လဲ ခုနတုံးက တင်းတာအစ-တင်းတာအဆုံး-တင်းတာကိုမသိနဲ့၊ တောင့်တာကိုမသိနဲ့-

ဖြစ်လာတဲ့သဘောတရား ပျက်သွားတဲ့သဘောတရား ဒါကို ပြောင်းပစ်လိုက်ပြီး၊ ခုနက တင်းတာအစ၊ တင်းတာအဆုံး သိသေးလား မသိတော့ဘူး ဖြစ်လာတဲ့သဘောတရားလေးရယ် ပျက်သွားတဲ့သဘောတရားလေးရယ် ဒါကိုသိတယ်။ အဲဒီတော့ ဖြစ်လာတဲ့သဘောတရားလေး သိလိုက်တော့ ပျက် သွား တဲ့ သဘောတရားလေးသိလိုက်တော့ ဆိုတော့၊ ဖြစ်တာ-ပျက်တာ သူ့ဖြစ်တဲ့သဘောလေး ပျက်လာတဲ့သဘောဆိုတော့ ဖြစ်တယ်-ပျက်တယ်-ဖြစ်တယ်-ပျက်တယ်-တခါထဲကို အဇ္ဈတ္တသန္တာန်က မဟာဘုတ်မှာတ်ကြီးလေးပါးပေါ်က ဖြစ်လာတဲ့သဘော ပျက်သွားတဲ့သဘော ဖြစ်လာတဲ့သဘော တင်းတဲ့သဘောလေးကိုလဲ ဖြစ်လာတဲ့သဘောသိလိုက်၊ ပျက်သွားတဲ့သဘောလဲသိလိုက်၊ဒါ လေးပဲ တခါတည်းဖြစ်သဘော- ပျက်သဘော- ဖြစ်သဘော- ပျက်သဘောဆိုတော့ဖြစ်တာ ပျက်တာသူမြင်သွားရော ဖြစ်တာ ပျက်တာမြင်သွားတော့ အဇ္ဈတ္တသန္တာန်ကဖြစ်တာနဲ့ ပျက်တဲ့ သဘောလေးမြင်လိုက်တော့ မျက်စိကလဲဖြစ်တဲ့သဘော ပျက်တဲ့ သဘောဖြစ်နေပြီ၊ မျက်စိကလဲ မြင်လိုက်တဲ့အချိန်အခါ ဖြစ်တဲ့ သဘောနဲ့-ပျက်တဲ့သဘောတွေနေပြီ၊နားနဲ့အသံနဲ့ကြားလိုက် တဲ့အချိန်အခါ ဖြစ်တဲ့သဘော-ပျက်တဲ့သဘောမတွေ့ဘူးလား- နှာခေါင်းနဲ့အနံ့ ထိမှန်လိုက်တဲ့ အချိန်အခါဖြစ်တဲ့သဘောနဲ့ ပျက်တဲ့သဘော၊ လျှာနဲ့ရသာနဲ့ စားလိုက်တဲ့အချိန်အခါဖြစ် တဲ့သဘော-ပျက်တဲ့သဘော၊ ကိုယ်နဲ့အတွေ့နဲ့ ထိမှန်လိုက်တဲ့ အချိန်အခါဖြစ်တဲ့သဘောနဲ့ ပျက်တဲ့သဘော၊ မနောနဲ့ဓမ္မနဲ့ ပေါင်းဆုံလိုက်တဲ့ အချိန်အခါ ဖြစ်တဲ့သဘော-ပျက်တဲ့သဘော၊

ဖြစ်တဲ့သဘောနဲ့ ပျက်တဲ့သဘောကိုသိပြီလား အဲဒါ မင်္ဂ မဟုတ်ဘူး အချို့ကဖြစ်-ပျက်ကြီးမြင်နေတာကို မဂ်လို့ပြောကြတယ်....

"လောကီ ဝိပဿနာဉာဏ်- ဝိပဿနာစိတ်ပဲ ရှိသေးတယ်၊ ဖြစ်တာ- ပျက်တာ ဆိုတာ ဝိပဿနာပညာ မရောက်သေးဘူး၊ ဝိပဿနာဉာဏ်-ဝိပဿနာစိတ် ဒါပဲရှိသေးတယ်၊ အဲဒီဘော့- တံခါးခြောက်ပေါက်က အာရုံငါး-အာရုံခြောက်နဲ့တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း တရားပြတဲ့ ကမ္မဋ္ဌာန်းဆရာက နေပြီး ဖြစ်သဘောနဲ့ပျက်သဘောကို သိလိုက်ပါဆိုတော့ အဇ္ဈတ္တသန္တာန်က ဖြစ်တာ-ပျက်တာသဘောကိုရှုလိုက်တော့ ဗဟိဒ္ဓကျပြန်တော့လဲ အဆင်းတခုပေါ်လာလဲ ဖြစ်တာနဲ့ ပျက်တာရယ်၊ ဖြစ်တာနဲ့- ပျက်တာရယ်ချည်း သူဖြစ်နေတယ်၊ ဖြစ်ပျက် စုံမနေဘူးလား၊ ဖြစ်တာရယ်-ပျက်တာရယ်သူဖြစ်နေပြီ၊ ဖြစ်တဲ့သဘောနဲ့-ပျက်တဲ့ သဘောကို သူသိနေပြီ၊ ဒကာ-ဒကာမကြီးတို့ ဖြစ်တဲ့သဘောနဲ့ ပျက်တဲ့သဘောကနေပြီး ဖြစ်တဲ့သဘောကိုဖြုတ်ချလိုက်-ဖြစ်တဲ့ သဘောကို မသိနဲ့၊ ပျက်တဲ့ သဘောကို ကြည့်စမ်း- ပြောင်းလဲ ပြန်ပြီ၊ စိတ်ကလေး-စိတ်ကလေး၊ ဒီလိုမှ-စိတ်မပြောင်းနိုင်ပဲနဲ့ တရားဘယ်ဘော့ရမှာလဲ၊စိတ်အစဉ်ကလေးတွေပြောင်းသွားတာ ဘုရားက စိတ်ကိုဟောတာ၊ ဦးပဥ္စင်းက ကိုယ့်စိတ်ကိုယ် စစ် ဆေးလို့သိတာ ညာလို့မရဘူး၊ ဝိပဿနာညာရင် ဒကာ-ဒကာမ ကြီးတွေ လေးဘက်ထောက်ပြီး၊ မိုးကျောခိုင်းပြီး၊ တိရိစ္ဆာန် ဖြစ်ကုန်မှာ၊ သံသရာလဆန်းတရက်ထဲက ခွေးတွေ-ဝက်တွေ-

နွားတွေ-ကြက်တွေ ဖြစ်နေလိုက်တာ ခုထက်ထိ ဖြစ်အုံးမှာပဲ၊ မသိလို့ရှိရင် ဖြစ်မှုယ်”လို့ တရားပို့သွားပါသည်။

## ကျွန်တော့်အခြေအနေ

ကျွန်တော်လည်း၊ ဆရာတော်ဘုရားက တရားပို့ရင်း ခေတ္တ အသံစဲနေစဉ်- ထပြေးဘို့ အခွင့်ကောင်း စောင့်နေပါသည်။ ဆရာတော်ပေးနေတဲ့ ရှုကွက်သဘောလဲ နားမလည်ပါ။ နားထဲ တွင်လည်း အဆန်းတွေဖြစ်နေပါသည်။ စကားလုံးတွေကလည်း ထပ်ဖန်တလဲလဲ နားထဲဝင်အောင် ရိုက်သွင်းနေဘိသည့်အလား- ပေးပို့နေသည့်ရှုကွက်တွင်“တိရစ္ဆာန် ဖြစ်နေလိုက်တာ”ဆိုသည့် အခါ ကျွန်တော်လည်း ဘာမျှနားမလည်၍ ယည်ပင်းထောင် လျက်၊ နောက်ဘက်ရှိ ပရိသတ်များအား လှည့်ကြည့်မိပါသည်။ ထကယ်ပါပေ ‘ဂွမ်-ဂွမ်၊ ရှူးရှူးဆိုသည့် အသံတွေ၊ ဝုန်း ဒိုင်း- ဝုန်းဒိုင်း အသံတွေ၊ ကယ်ပါဘုရား- တပည့်တော်ကို ကယ်ပါ ဘုရား’ ပါးစပ်က အမြုပ်တစီစီနှင့် တွေ့ရသဖြင့် အလန့်ပင် အံ့သြမိပါသည်။ ကျွန်တော့်မှာလည်း ကိုယ်က နည်းနည်း ညောင်းပြီး လေးလံနေသဖြင့် မသွက်လက်ပါ။ ဤကဲ့သို့ စိတ်ဝင်စားနေချိန်တွင်- သုံးခွမြို့ သဲအင်းဂူ ကျောင်းတိုက်ခဲ- ကျောင်းထိုင် ဆရာတော်က ‘ဒကာကြီး- ကိုယ့် အလုပ်မှာသာ ကိုယ်လုပ်၊ သူများကိုကြည့်မနေနဲ့၊ ပြန်ထိုင်-ပြန်ထိုင်’ဟု ပြောမှ သတိပြန်ရပြီး မျက်စိမှိတ်၍၊ ဝင်လေ-ထွက်လေကို ခပ်မြင်းပြင်း လေး ပြန်၍ရှုစဉ်-ဆရာတော်က ရှုကွက်ကိုဆက်လက်ပို့ပေးရာ-

"အဲဒီတော့-ခုနတုန်းက ဖြစ်တဲ့သဘောနဲ့-ပျက်တဲ့သဘောနဲ့ ရှိသွားတယ်မဟုတ်လား၊ ဖြစ်တဲ့သဘောကို ဖြုတ်ချလိုက်တယ်၊ သမာဓိက ကောင်းလာပြီလေ-ခိုင်းတိုင်းရပြီလေ၊ ဘာကြောင့် ခိုင်းတိုင်းရသလဲ သမာဓိအရှိန်ပဲ၊ အဲဒီစိတ်ကနေ ဒီစိတ်ပြောင်း လိုက် ဆိုတော့- စိတ်တည်ငြိမ်ပြီး သမာဓိ ရလာပြီ၊ ကေဂ္ဂတာ ဖြစ်လာပြီ၊ သမာဓိဆိုဘာ-ဒီစိတ်ကနေပြီး ဒီစိတ်ပြောင်းလိုက်တဲ့ ဥစ္စာကဘာလဲတဲ့-ကေဂ္ဂတာရလာပြီ' ဖြစ်တဲ့သဘောနဲ့-ပျက်တဲ့ သဘောကို လက်ဦး တင်ပေးလိုက်တာ တင်ပေးလိုက်တော့- ဒကာမ ကြီးတွေ- ဒကာ ကြီးတွေ အဇ္ဈတ္တ သန္တာန်မှာ ဖြစ် သဘောကို မသိနဲ့တော့— ပျက်တဲ့သဘောကို ကြည့်စားစမ်း၊ ပျက်တဲ့သဘော တလုံးထဲသိဆိုတော့-တင်တာပေါလဲ ပျက်တဲ့ သဘော၊ တောင့်တာပေါ်တော့လဲ ပျက်တဲ့သဘော၊ ကိုက်တာ ပေါ်လာလဲ ပျက်တဲ့သဘော၊ ကြပ်တက်လာတာ ပေါ်လဲ- ပျက်တဲ့သဘော၊ ယိုစီးလာတာလဲ ပျက်တဲ့သဘော၊ ပူတာ ပေါ်လဲ ပျက်တဲ့သဘော၊ အေးတာပေါ်လဲ ပျက်တဲ့သဘော၊ လှုပ်တာပေါ်လဲ ပျက်တဲ့သဘော၊ တွန်းတာပေါ်လဲ ပျက်တဲ့ သဘော၊ လှုပ်တယ်တွန်းတယ် ရှိသေးသလား- ပျက်တဲ့သဘော တခုထဲရှိတယ်၊ အဲဒါမှ ဝိပဿနာဉာဏ်-ဝိပဿနာစိတ်-ဝိပဿနာ ပညာ-အပျက်တခုထဲရှိတယ်"

"အပျက်တခုထဲ မဂ်မဟုတ်သေးဘူး၊ မဂ်မဟုတ်သေးဘူး၊ ဝေးပါသေးတယ်။ လောကီဉာဏ်ပဲရှိသေးတယ်။ လောကကြီး

ထဲမှာပဲ ရှိသေးတယ်။ ဖြစ်ပျက်နဲ့ ပျက်တယ် - ပျက်တယ် ပျက်တယ်နဲ့ ဒါပဲဖြစ်နေတယ်၊ ဒီတော့—အတိတ်ကလဲပျက်ခဲ့ပြီ၊ အခုလဲ ပျက်တာကြီးမြင်နေရပြန်ပြီ၊ အခု ပျက်တာကြီးသိနေလို့ ရှိရင် အနာဂါတ်ရော ပျက်ဦးမှာပဲ၊ ဘုရားက ဖြစ်—ပျက် ဆုံး ရမယ်ဆို၊ ယခု ရှုတ်နေကြတဲ့ ဒကာကြီးတို့ရဲ၊ "ဥဒယဗ္ဗယဥာဏ် ဘင်္ဂဥာဏ်—ဘယဥာဏ်" ဆိုတော့၊ ဦးပဥ္စင်းက မရှုတ်တတ်ဘူး၊ အများရှုတ်လို့ ဦးပဥ္စင်းကပြောရတာ၊ ဝိပဿနာ ယောဂီပုဂ္ဂိုလ် ဟာ—ဘုရားရှေ့ဥာဏ်တော်တွေကို လိုက်နေဘို့မလိုဘူး၊ ဘုရားက သိတာ၊ ကိုယ်သိတာမဟုတ်ဘူး၊ ကိုယ်သိတာက— ဘာကိုအရင် သိဘို့ အရေးကြီးသလဲဆိုတော့— ယထာဘူတ အမှန်ဥာဏ်— အမှန်သိဘို့ အရေးကြီးတယ်"

"ယထာဘူတဥာဏ် ရလို့ ရှိရင်— နာမရူပ ပရိစ္ဆေဒဥာဏ်၊ နာမရူပ ပရိစ္ဆေဒဥာဏ် ရလို့ရှိရင် သင်္ခါရုပက္ခာဥာဏ်၊ သင်္ခါရုပက္ခာဥာဏ်ရလို့ရှိရင် ဖြစ်ပျက်နယ်ကြီးကို လွတ်မသွားဘူးလား၊ နို့ ဥာဏ်စဉ်တဆယ့်ခြောက်ပါး၊ ဥာဏ်စဉ်တွေ ရှုတ်နေလို့ ရှိလို့ ရှိရင် ကိုယ်သိတာမဟုတ်ဘူး၊ ဘုရားသိတာ ရှုတ်နေလဲ—ရှုတ် တာပဲ၊ သိဘို့က ဘာကိုသိရမလဲဆိုတော့— အခု ကျင့်လာတဲ့ ဥစ္စာတော့၊ စိတ်တွေပြင်လာခဲ့တယ်မဟုတ်လား၊ ပြင်လာခဲ့တော့ အပျက် တဖက်ထဲဖြစ်နေပြီ၊ 'ဝိပဿနာ ဥာဏ်— ဝိပဿနာ စိတ် ဝိပဿနာ ပညာ' ခေါ်တယ်၊ ဒါမှ 'ဝိပဿနာ' ပညာခေါ်တယ်၊ အဲဒီ— ဝိပဿနာပညာရပေတဲ့လဲ အပါယ်တော့ လွတ်ပါတယ်၊ အပျက်တဖက်ထဲဖြစ်နေလို့ ဝိပဿနာပညာကိုး၊ ဒီတော့-သညာ

လွတ်သွားတာပေါ့၊ အပျက်ချည်းဖြစ်နေတယ် စုဋ္ဌသောတာပန် မဟုတ်သေးဘူး၊ ကောလံ–ကောလသောတာပန် မဟုတ်သေးဘူး၊ မဂ်ရဖို့ဝေးပါသေးတယ်”

“အခုတော့– ဖြစ်ပျက်ကြီးကို တချို့က မဂ်ထင်နေဘယ်၊ ဝိပဿနာဉာဏ်ဆိုတာ အပျက်တဖက်ဘည်း၊ အပျက်တခုတည်း ဖြစ်နေတယ်။ အပျက်တခုဘည်း ဖြစ်နေတော့ အတိတ် ကလဲ ပျက်ခဲ့လို့–အခုလဲ ပျက်တုန်း၊ အနာဂါတ်လဲ ပျက်လိမ့်အုံးမယ်။ ပျက်လက်စ ဆုံးပါ့မလား၊ ဘယ်တော့မှ ပျက်လက်စမဆုံးဘူး။ ဒါကြောင့်– အရေးကြီးတယ်ဆိုတဲ့ ဥစ္စာ ဘာအရေးကြီးလဲ– ဆရာက-ဖြစ်ပျက်ကြီး‘မဂ်’လို့ ပြောနေတော့လဲပဲ မသိတဲ့ပုဂ္ဂိုလ်တွေက ‘မဂ်’ ထင်နေတာပေါ့။ ‘မဂ်’ဆိုတဲ့ ဥစ္စာက ဘုရားက ဟောထားတာ၊ ကောဝစနံတလုံးတည်း ဟောထားတာ၊ ဘယ်လို ဟောထားလဲ -ဖြစ်ပျက်ဆုံးရမယ်။ ဝေဒနာချုပ်ရမယ်။ ရုပ်-နာမ် ချုပ်ရမယ်။ ဒီသုံးလုံးသိရင် မဘော်သေးဘူးလား”

“ဖြစ်ပျက်ချုပ်ရင်–ဝေဒနာချုပ်ရင် -ရုပ်နာမ်ချုပ်ရင်လို့ ဘုရားကဟောထားတာမဟုတ်သား၊ ဒီသုံးလုံးချုပ်လို့ရှိရင် ရုပ် နာမ်ချုပ်ရင် ဝေဒနာရှိသေးလား ဝေဒနက္ခန္ဓာငါးပါးရော ဝေဒနာချုပ်သွားပြီဆိုရင် ဖြစ်ပျက်ရှိသေးသလား ဖြစ်ပျက်ချုပ် သွားရင် ဝေဒနာချုပ်သွားတယ်။ ဝေဒနာချုပ်လို့ရှိရင် ရုပ် နာမ်ပါချုပ်တယ်။ ရုပ်နာမ်ချုပ်သွားတယ်ဆိုရင် ဘာရှိသေးလဲ၊ မဖြစ်-မပျက်တာပေါ့၊ အဲဒီတော့ တချို့လောကကြီးမှာလဲပဲ

ဗီလိုဖြစ်နေတယ် "မေ့နေတာတွေကို မင်္ဂလို့ ထင်နေတယ်" မေ့နေတဲ့ဥစ္စာ "မောဟ" ဒကာကြီး သဲအင်းဂူလာချင်တော့ သဲအင်းဂူသိမှ သဲအင်းဂူလာနိုင်တယ်၊ သဲအင်းဂူကိုရောက်ဘူးတဲ့ ပုဂ္ဂိုလ်မေးရမှာပေါ့၊ သဲအင်းဂူသိတဲ့ပုဂ္ဂိုလ်က ဘယ်သူ့မေးရမှာတုံး ကိုယ်ကမသိရင် သိတဲ့ပုဂ္ဂိုလ်ကို မေးရမယ်၊သိလို့ရှိရင် မေးဘို့လိုသေးလား ဒကာ-ဒကာမတွေ သဘောပေါက်ဘို့ဟာကိုသေသေချာချာ သဒ္ဓါနဲ့တင်ပေးတာ၊ဆယ်နှစ်ကျင့်-ဆယ့်ငါးနှစ်ကျင့်-အနှစ်နှစ်ဆယ်ကျင့်-တော်ကြာဖြစ်ပျက်—ဖြစ်ပျက် ဖြစ်ပျက်—ဖြစ်ပျက်နယ်ကြီးက လွတ်ပါ့အုံးမလား၊ ဘုရားက ဖြစ်ပျက်ချုပ်ရမယ်လို့ ဟောတယ်၊ နာရူပ ပရိစ္ဆေဒဉာဏ်ဆိုတာ— လူတိုင်းပါ၊စပ်ဖျားကလေးနဲ့ပြောတယ်၊ သခ်ါရုပေက္ခာဉာဏ် ဆိုတာ လူတိုင်း ပါးစပ်ဖျားကလေးနဲ့ပြောတယ်—နာမရူပပရိစ္ဆေဒဉာဏ်ဆိုတာ ဘယ်ဟာဖြစ်တာလဲ ယထာဘူတဉာဏ်ဆိုတာ ဘယ်စိတ်—ဘယ်လိုမြင်တာလဲ၊ အဲ အသိလေးတွေ ဝိပဿနာ ယောဂီပုဂ္ဂိုလ်က သိရမဲ့တရားတွေ အားလုံး အခုလိုအားထုတ်မှသိမှာနော်— အားမထုတ်ပဲနဲ့ စာအုပ်ကြီးကြည့်လို့ကတော့ သိပါ့မလား၊ စာထဲပဲဖြစ်မှာပေါ့— ခန္ဓာရှာလိုက်လို့ရှိရင်— သဘောတရားတွေကိုတွေ့နိုင်တယ်—အဲအခုဟာ— ဒကာကြီးရဲ့— ပရမတ်ပညတ်ဆိုတာ နှစ်ဖက်စပ် စပ်ပြီးတော့နေတယ်၊ ပညတ်ပြောမှ ပရမတ်ပေါ်မှာကိုး အဲဒီတော့ ဦးပဥ္ဇင်း လက်ဦးရှုထားတဲ့ဥစ္စာကတော့ သမထအခြေခံပြီးတော့ထားခဲ့တယ်၊အခုတော့ ဒီနှစ်ကစပြီးတော့ စိတ်တွေပြောင်းပေးတယ်။ ယောဂီတွေက သမာဓိအားကောင်းလာတယ်။ အားကောင်းလာတော

ဦးပဉ္စင်းဝန်ခံတယ်၊ ငါ့ယောဂီတွေတော့ သမာဓိအခြေခံကောင်းပြီး ငါပြောလိုက်လို့ရှိရင် သဘောပေါက်နိုင်ပြီ– ဦးပဉ္စင်းပြောပေမဲ့ သူမှ သမာဓိမှ တပဲဘိုးမှမရှိရင် ဦးပဉ္စင်းဟောတာသိပါ့မလား၊ သမာဓိမရှိလို့မသိတာ၊ သမာဓိရှိရင်သိတယ်၊ သမာဓိမရှိတဲ့ပုဂ္ဂိုလ်– စာသမာဓိနဲ့တော့ မသိဘူး၊ သညာကိုးဒကာကြီးရဲ့- အဲဒီတော့ ခန္ဓာကသမာဓိရှိလာပြီဆိုရင် သိပါတယ်။ အဲဒီတော့ ယောဂီတွေဟာရင့်ကျက်လာပြီး ရင့်ကျက်လာလို့ရှိရင် ငါတလုံးတပါဒပြောလိုက်လို့ရှိရင် ငါအတ္တကနေပြီး ငါအနတ္တ၊ ဘုရားကဟောထားတယ်-ဘုရားက"အတ္တ- အနတ္တ"မဟုတ်လား-ဒကာကြီးရဲ့၊ အဲဒီတော့ ငါ့ယောဂီတွေဟာဖြင့် အတ္တရှိသေးတယ်၊ အတ္တနယ်ကနေပြီး လွတ်အောင်လို့ အနတ္တသဘော တင်ပေးပါ့မယ်-ဆိုပြီးတော့ အတ္တကနေပြီး– အနတ္တတင်ပေးတယ်။ ဘုရားက ဒိရုပ်နဲ့ဒိနာမ်ကို ဟောတယ်မဟုတ်လား၊ ပညတ်ကိုတင်စားပြောတယ်၊ ဘယ်လိုပြောလဲဆိုတော့ ဘုရားက၊ အတ္တ-အနတ္တဟောတယ်။ ဘုရားက အခုနောက်ပိတ်ဆုံး သာသနာ-ကာလဝိမုတ္တိယုဂခေတ်ဟာ ဘုရားတဆူတဆူပေါ်တာက ဘာကြောင့်ပေါ်တာတုံး၊အနတ္တလောကီမှာ ဒီခေတ်ကြီးမှာ သတ္တဝါတွေ အနတ္တမြင်အောင်လို့-သိအောင်လို့- ဘုရားတဆူဘဆူပွင့်တာပဲ၊ ဒီတော့- အနတ္တမြင်အောင်ပြလိုက်လို့ရှိရင် အတ္တစိတ်သုဉ်းမယ်မဟုတ်လား။ အခုနတုန်းက ဦးပဉ္စင်းယောဂီတွေ ဝိပဿနာ-ဝိပဿနာပညာဖြစ်ပြီး တလောကလုံးဟာ—ပျက်ဘဲ့သဘော။ ကြားတာလဲ ပျက်တဲ့သဘော။ နံ့တာလဲ ပျက်တဲ့သဘော။ စားလိုက်တဲ့ ရသာလဲ ပျက်တဲ့

သဘော။ အပျက်တခုထဲ သိလိုက်တာလဲ ပျက်တဲ့ သဘော။ ပေါက်လိုက်တာလဲ ပျက်တဲ့သဘော။ လှမ်းတာလဲ ပျက်တဲ့ သဘော။ လှမ်းတယ်—လှမ်းတယ်—လှမ်းတယ် မရှိတော့ဘူး။ ပညတ်ကြီးမရှိတော့ဘူး။ သမထကြီး မရှိတော့ဘူး။ ဝိပဿနာ သက်သက်ဖြစ်သွားပြီ”

“အဲဒါဘာလဲတဲ့ တင်ပေးလို့၊ စိတ်တွေတင်ပေးလို့ စိတ်ကလေးတွေ ပြောင်းပြောင်း မပေးလို့ရှိရင် သမထကြီးနဲ့ပဲ နေမှာပေါ့၊ စိတ်ကလေးတွေ ပြောင်းသွားပုံလေးတွေ-ဝိပဿနာ ယောဂီပုဂ္ဂိုလ်ဟာ လက်ဦးတော့ဒကာကြီး-သမထပဲ- သမထက နေပြီး ဝိပဿနာဖြစ်အောင် စိတ်ကလေးတွေပြင်ပြီး သဘော တွေ ပေးသွားတာ၊ အဲဒီလိုပေးဘာ- နို့မို့ ယောဂီပုဂ္ဂိုလ်ဟာ လုပ်သာလုပ်ပါဆိုလို့ ယောဂီဘာလုပ်ရမလဲ၊ ဒါလုပ်ပါဆိုတော့ ဒါလုပ်-ဒါပဲရှိတယ်၊ အဲဒီတော့-ဝိပဿနာနဲ့သမထ- အချို့က ကွဲတာမဟုတ်ဘူး၊ အဲဒီတော့-နောက်ကျမှပဲ သဘောကို ပြော ပြအုံးမယ်။

“အခုဟာက-သဘောကိုပြောချင်လို့ ဘုရားထဆူ-တဆူ ပွင့် တာဟာ-အနုတ္တမြင်တွေချင်လို့ပွင့်တယ်၊ အခု နောက်ပိတ်ဆုံး သာသနာ ကာလဝိမုတ္တိယုဂခေတ်-အနုတ္တသာသနာတပတ် ပြန် လည်လာပြီး တပတ်ပြန်လှည့်သာတော့-ဦးပဥ္စင်းတခုပြောမယ်၊ ဒကာကြီးတွေ-ဒကာမကြီးတွေ ဟိုတုန်းကတော့ ရထားတွေစီး တယ်၊ မာစီဒီးကားတွေစီးတယ်၊ ဘောစ်ဘောဆိုလားဘာဆိုလား-

မြန်မြန်ပြေးတဲ့ကားတွေပေါ်၊ ရထားတွေစီးတယ်- အဲဒါစီးနေလို့ ရှိရင်တော့ ကြာတယ်၊ အရေးအကြောင်းဆိုရင် မိုင်းဗုံးနဲ့ထိရင် တခါထဲ လေးဘက်ပြစ်သွားရော၊ မိုင်းဗုံးလွှတ်တဲ့နည်းက-အခု နောက်ပိတ်ဆုံး ကာလဝိမုတ္တိယုဂခေတ်-အနုတ္တသာသနာတပတ် ပြန်လည်လာပြီး၊ အတ္တကနေပြီး အနုတ္တဘင်ပေးမယ်၊ တလုံးထဲ နှစ်လုံးထဲ တင်းပေးမယ်၊ သမာဓိကလဲ ယောဂီတွေတောင်းလာ တာကိုး၊ ဘုရားက- အနုတ္တသာသနာကို အတ္တ နယ်ကနေပြီး အနုတ္တသဘောတင်းပေးတယ်၊ လက်ဦး- အတ္တကနေပြီးပြတာ”

“ဒါကြောင့်မို့လို့- ခုနတုန်းက ဦးပဥ္စင်းတို့ ယောဂီထဲက- ဟိုတုန်းကဘောဘမျိုးပြောတယ်၊ နို့ လောကကြီးက- ဟိုတုန်း ကတော့ တမျိုးထဲကိုး၊ ဟိုတုန်းက တမျိုးထဲရှုလိုက်ဆို ရှုတယ်၊ ဒါပဲရှုနေတာပဲ၊ မြင်တယ်ဆိုရင် မြင်တယ်-မြင်တယ်-ဒါကြီးက လက်စသပ်အုံးမလား၊ ဒါကြီးကလဲ-ပရိကံ ဒါပဲရှိတယ်၊ ဒီဟာ ကြီးကလွှတ်နိုင်ပါအုံးမလား၊အဲ-ဘယ်တော့မှမလွှတ်ဘူး၊သံသရာ ဆုံးနိုင်မှာလဲမဟုတ်ဘူး- ဆုံးပါမလား၊ ဒါကြီး ဘယ်တော့မှ မဆုံးဘူး”။

“အဲဒီတော့-ဦးပဥ္စင်း ဟိုတုန်းက ‘စိတ်’ကိုပဲ ပေးတယ်၊ အဲ- သဘောကို တင်ပြီးတော့ ပေးလာတယ်၊ သမထကြီးကနေ- ပြီးတော့- အခု နောက်ပိတ်ဆုံး သာသနာမှာ ယောဂီတွေ အလျင်အမြန်- သောတာပန်ကြီးတွေဖြစ်အောင်- သကဒါဂါမ် ကြီးတွေဖြစ်အောင်-အနာဂါမ်ကြီးတွေဖြစ်အောင် အယူမှား-

အမှတ်များတဲ့ မိစ္ဆာဒိဋ္ဌိပြုတ်သွားအောင် မြင်လိုက်တဲ့အပေါ်မှာ ကိုလေသာ- ကာမ ခေါင်းပါးအောင် မြင်လိုက်တဲ့ အပေါ်မှာ ကာမကိလေသာ ပယ်သတ်နိုင်အောင် မြင်လိုက်တဲ့အပေါ်မှာ ယိုစီးခြင်း ကိလေသာ သတ်နိုင်အောင် မြင်လိုက်တဲ့အပေါ်မှာ ယိုစီးခြင်းကိလေသာ အာသဝခန်းခြောက်အောင်– အခုတော့ ဒကာကြီးတို့မင်္ဂလာဒုံက 'ဂျက်နဲ့ဖော်ကာ'နဲ့ တင်တယ်- ဘာ ကြောင့်လဲတဲ့၊ အတ္တကနေပြီး အနတ္တထင်တယ်၊ အဲဒီတော့- မင်းတို့သဲအင်းဂူဆရာတော်က ဘယ်လိုလဲဆိုတော့–ခု တမျိုးကြီး ဖြစ်နေပြန်ပလား၊ နဂိုလ်တုန်းက တမျိုးထဲ ပေး တာ ဘွေ့က အားကြီးတာကိုး ဒကာကြီးရဲ့၊ တမျိုးထဲ ပေးတာတွေက အား ကြီးနေတော့- ဦးပဥ္စင်း တမျိုးထဲ ပေးမှလဲ သူတို့ ယုံမှာကိုး၊ ဦးပဥ္စင်း တ မျိုး ထဲ မပေး နိုင်ဘူး၊ ပုဂ္ဂိုလ်တွေ လေးဘက် ထောက်မှာစိုးလို့၊ ဒီမှာဖြစ်နေတာ-စိတ်ကိုတမျိုးထဲ မပေးဘူး၊ နို့-ဘုရားက ဟောထားတာက- နှာတလက်ထဲနဲ့ ဆေးဆရာ လုပ်သလား၊ ဆေးအမျိုးစုံထားတယ်၊ နို့-ဘုရားလက်ထက်က ရှင်သာရိပုတ္တရာကြီးတို့ ကမ္မဋ္ဌာန်းတရား ပေးတာတောင် မှား ပေးနေသေးတာကိုး။ အဲဒီတော့- ဘုရားက သွားပြီးမြင်တော့ ဘုရားက- ဆေးမျိုးစုံထားတာကိုး၊ ဆေး မျိုး စုံ ထားတော့- ဘယ်လိုပေးလဲဆိုတော့- ပုဂ္ဂိုလ်အလိုက်-စရိုက်အလိုက်–ယောဂီ အလိုက် ပေးတာကိုး။

"အော်-ဒီယောဂီဟာဖြင့် ကမ္မဋ္ဌာန်းပြ ရှင်သာရိပုတ္တရာကြီး ကမ္မဋ္ဌာန်းတရား ပေး မှား နေတော့- ဘုရားက သွားပေးတယ်၊

ဘယ်လိုပေးသလဲဆိုတော့- ရေကန်စာခု ဖန်ဆင်းပြီး ကြာဖူး ကလေး လှတဲ့ဥစ္စာ၊ ပန်းတိမ်သယ်ကိုး ဟိုအတိတ်က- ကြာဖူး ကလေး ပြတာနဲ့တခါထဲ ရှုပ်ဟန္တာဖြစ်တယ်။ ဒါ-သူ့ကမ္မဋ္ဌာန်း နဲ့သူ ဒကာကြီးရဲ့ နှာတလက်ထဲနဲ့ ဆေးဆရာလုပ်နေလို့ကတော့ ဖြစ်မှာမဟုတ်ဘူးထင်တယ်။ အတိတ်ကာလတုန်းက အဆင်းရှု လာတဲ့ ပုဂ္ဂိုလ်ရှိတယ်၊ အသံရှုတဲ့ပုဂ္ဂိုလ်ရှိတယ်၊ အနံ့ရှုတဲ့ပုဂ္ဂိုလ် ရှိတယ်၊ ရသာရှုတဲ့ပုဂ္ဂိုလ်ရှိတယ်၊ အတွေ့ရှုတဲ့ ပုဂ္ဂိုလ် ရှိတယ်၊ ဓမ္မရှုတဲ့ပုဂ္ဂိုလ်ရှိတယ်၊ လူဟာ အမျိုးမျိုးပဲမဟုတ်လား။

"ပုဂ္ဂိုလ်အစားစား၊ တရားလဲအစားစား၊ ပုဂ္ဂိုလ်အစားစား တရားလဲမတူဘူး၊ သဘာဝ ကျတော့ အတူတူ၊ အဲဒီတော့— အတိတ်ကာလတုန်းက နာမ်ရှုလာတဲ့ ပုဂ္ဂိုလ်- အတိတ်ကာလ တုန်းက ရုပ်လက္ခဏာ ရှုလာတဲ့ပုဂ္ဂိုလ်- အတိတ်ကာလတုန်းက အသုဘလက္ခဏာ ရှုလာတဲ့ပုဂ္ဂိုလ်- အတိတ်ကာလက ဓာတ်ရှု လာတဲ့ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ သူ့ကမ္မဋ္ဌာန်းသူ ပေးရတာ၊ သူ့ကမ္မဋ္ဌာန်းမှ မပေးလို့ရှိရင် ရပါ့မလား၊ အဲဒီတော့- သူ့ ကမ္မဋ္ဌာန်းသူ ပေးရတာ၊ အဲဒီတော့ ဦးပဉ္ဇင်းတို့လဲပဲ- လက်ဦး တုန်းက ပေးလိုက်တဲ့ဥစ္စာ ပရိကံ နိမိတ်၊ ဘာပေါ်လာသလဲ ဆိုတော့-ပေါ်လာတဲ့ကမ္မဋ္ဌာန်းပေးတာ၊ နာမ်ကမ္မဋ္ဌာန်း ပေါ် လာတဲ့ ပုဂ္ဂိုလ် နာမ်ကမ္မဋ္ဌာန်းပေးတယ်၊ ရုပ်ကမ္မဋ္ဌာန်း ပေါ် လာတဲ့ ပုဂ္ဂိုလ် ရုပ်ကမ္မဋ္ဌာန်းပေးတယ်၊ အသုဘကမ္မဋ္ဌာန်း ပေါ် လာတဲ့ပုဂ္ဂိုလ် အသုဘကမ္မဋ္ဌာန်း ပေးတယ်၊ ဓာတ်ကမ္မဋ္ဌာန်း ပေါ်လာတဲ့ပုဂ္ဂိုလ် ဓာတ်ကမ္မဋ္ဌာန်းပေးတယ်၊ နှာတလက်ထဲနဲ့

ဆေးဆရာ မလုပ်ဘူး၊ သဘောကို ပေးတာ၊ အစ ဏ နေပြီး ပေးလိုက်တဲ့ဥစ္စာ၊ ယောဂီဟာ- အပျက်တဖက်ထဲ သန့်နေပြီး- အပျက် တဖက်ထဲ သန့်တော့- ပျက်တာကို သူ သိနေ တယ်၊ ဝိပဿနာဉာဏ်- ဝိပဿနာစိတ်- ဝိပဿနာပညာ ဖြစ်နေဟယ်၊ ရင့်ကျက်လာပြီ၊ အဲဒါ မဂ်မဟုတ်သေးဘူး၊ ကဲ အပျက်တဖက်ထဲ သူပျက်တယ်လို့ သူတခုထဲထင်နေပြီး ပျက်တယ်လို့ထင်နေတော့ အဲဒီတော့-ဒီဟာ အတ္တနယ်ရှိသေးတယ်၊ ပညတ်နယ်ပဲ ရှိသေးတယ်၊ အဲဒီတော့-ပညတ်နယ်ကနေပြီးတော့ တခါထဲကို အနတ္တသဘော မြင်အောင်—ဘခါတဲ ပရမတ်သဘောကို မြင်အောင် ပေးတော့မယ်"

"အတ္တနယ်က- အနတ္တနယ် ရောက်အောင်၊ အဲဒီဘော့— ယထာဘူတဉာဏ်ရအောင် အမှန်တရားတွေမြင်အောင် သင်္ခါရုပက္ခာဉာဏ် ရအောင်- နာမရူပပရိစ္ဆေဒ ရုပ်နာမ်ကွဲသွားအောင် ပေးပြီ။ ရုပ်နာမ်ကွဲတယ်ဆိုတာ တချို့က ပြောလေ့ပြောထ ရှိတယ်၊ ပူတာကရုပ်-ပူတာသိတာကနာမ်၊ အဲဒီလို ပြောတယ်။ ဒါ ခလေးလဲသိတယ်—ဒီအသိမျိုး ခလေးလဲ သိတယ်"

"ရုပ်နာမ်ကို ဘုရားကဟောထားတယ်-နာမရူပ ပရိစ္ဆေဒဉာဏ် ဥဒယဗ္ဗယဉာဏ်လို့-ဒီလိုဟောတယ်။ ဥဒယဗ္ဗယဉာဏ်ရယ်-နာမရူပ ပရိစ္ဆေဒဉာဏ်ရယ်-သင်္ခါရုပက္ခာဉာဏ်ရယ်-ဉာဏ်သုံးပါး၊ ဒီပြင်ဟောတာတွေကော မသိဘူး၊အဲဒီတော့ စိတ်ပြောင်းတော့မယ်၊ ဖြစ်ပျက်က နေပြီးတော့ သူ ဖြစ်ပျက်ပေါ်တည်နေပြီ၊

စိတ်သမာဓိကောင်းပြီ၊ သမာဓိကောင်းလာတော့ သဘောထင်ပြီ၊ ဒီဖြစ်ပျက်ချုပ်သွားအောင်လို့ ဘုရားက ဖြစ်ပျက်ချုပ်ရမယ်ဆို ဖြစ်ပျက်ချုပ်ရအောင် ဖြစ်ပျက်ကို သင်္ခါရုပေက္ခာဉာဏ်ရအောင် ပေးပြီး-ဘယ်လိုမြင်နေသလဲ”

“တပည့်တော်တို့ဘုရား- မျက်စိနဲ့မြင်လဲ ပျက်တဲ့သဘော၊ အသံကြားလိုက်လဲ ပျက်တဲ့သဘော၊ အသံရယ်လို့မသိတော့ပါဘုရား၊ ပျက်တဲ့သဘောတခုတည်း ဖြစ်နေပါတယ်၊ နှာခေါင်းနဲ့ အနံ့နဲ့နမ်းလိုက်တဲ့အခါ အနံ့မွှေးသည်-သင်းသည်-ကြိုင်သည် လို့မသိတော့ဘူး ပျက်တဲ့သဘော လျှာနဲ့ရသာနဲ့ စားလိုက်သည့်အခါ ပျက်သည့်သဘော အတွေ့နဲ့ ကိုယ်နဲ့ ထိမှန်လိုက်တဲ့အခါ ပျက်သည့်သဘော မနောနဲ့ ဓမ္မနဲ့ ပေါင်းဆုံတဲ့အခါမှာ ဓမ္မရုပ်ပေါ်မှာ ပျက်တဲ့သဘော အပျက်တခုတည်း ဖြစ်နေပါတယ်-ဘုရား၊ ကဲ....ငါ့ယောဂီ သမာဓိတည်ပြီ၊ အပျက်တည်နေပြီ၊ အပျက်တည်နေပြီဆိုလို့ ဒီစိတ်ကနေပြီး၊ စိတ်ပြောင်းလို့ရပြီ၊ စိတ်ကိုကြည့်တာ စိတ်ကြည့်မှုသိတော့မှာပေါ့-ငါ့ယောဂီ စိတ် ဘယ်လိုတည်နေသလဲဆိုတာ ဒီစိတ်တွေ့မှုဟုတ်ပဲနဲ့ ဒါတွေ လျှောက်ပြောလို့ ဘယ်ရမလဲ”

ယောဂီစိတ်က ဘယ်လိုဖြစ်နေသလဲဆိုတာ စိတ်ကိုကြည့်ရတာ တရားပြတာ စိတ်အလုပ်တွေ စိတ်အလုပ်တွေ စိတ်စစ်ကြည့်

တယ် အော်....အော် ငါ့ယောဂီစိတ်တည်နေပြီ၊ ဘာကိုတည်နေသလဲ၊ ဧကဂ္ဂတာတည်နေပါလား၊ အပျက်တခုတည်းတည်နေပြီ၊အပျက်တခုတည်းတည်နေတဲ့ ဧကဂ္ဂတာစိတ်ဟာ ဒီဘက်ဧကဂ္ဂတာက-ဒီဘက်ဧကဂ္ဂတာ ပြောင်းတော့မယ်။ သဘောပြောင်းတော့မယ်၊အတ္တနယ်-သင်္ခါရနယ်-အဲဒီကပြီးတော့ အနတ္တသဘောကို မဖြစ်မပျက်တဲ့ သဘောကို ပြောင်းပေးတော့မယ်၊ ကဲ....ဒကာမကြီးတွေ-ဒကာကြီးတွေ သံသရာ လဆန်းတရက်ထဲက ပျက်လာခဲ့ပြီ၊ အခုလဲ ပျက်တာကြီးဖြစ်နေပြန်ပြီ။ အခုပျက်တာကြီးရှိနေသေးလို့ရှိရင် အနာဂါတ်လဲ မပျက်ပေဘူးလား၊ ပျက်လက်စမဆုံး-အတိတ်ကလဲပျက်ခဲ့ပြီ၊ အခုလဲပျက်တုံးပျက်တာပဲသိနေသေးတယ်။ အနာဂါတ်လဲ ပျက်တာသိလိမ့်အုံးမယ်-

အဲဒီတော့ ပျက်တာရှိလို့ရှိရင် မပျက်တဲ့သဘောရှိရလိမ့်မယ်-ရှာရမယ်လေ၊ ပျက်တာရှိလို့ရှိရင် မပျက်တဲ့သဘောရှိရမယ်။ အဲဒီတော့ ဒကာမကြီးတွေ ဘယ်လိုကြည့်ရမလဲ-အဇ္ဈတ္တသန္တာန်က ဒီပေါ်ကချည့်ပေးတာ-ဒီဝေဒနာပေါ်က ဒုက္ခဝေဒနာပေါ်ကချည့်ပေးတော့ ဒီပေါ်ကစိတ်တွေပြောင်းပေးတာဒီပြင်က- ပြောင်းတာမဟုတ်ဘူး၊ အပြင်ကရှာတဲ့- တရားမျိုးမဟုတ်ဘူး၊ ဝိပဿနာဆိုတာ ခန္ဓာကိုယ်တွေ-ဉာဏ်မြင်- ပညာမြင် ဒီပြင်ကရှာတဲ့တရားတွေမဟုတ်ဘူး၊ စာအုပ်ထဲကလဲ ရှာတာမဟုတ်ဘူး၊ ခန္ဓာကရှာတာ-

“အဲဒီတော့ အပျက်တဖက်ထဲဖြစ်နေတော့ အပျက်ဧကဂ္ဂတာ တည်နေတဲ့ စိတ်ကနေပြီးတော့ သဘောပြောမယ်။ ဘယ်လို ပြောမလဲ ဒကာမကြီးဘော့ကြည့်စမ်း ဒကာမကြီးတွေ စိတ် ကလေးတည်ပြီလေ၊ ဧကဂ္ဂတာစိတ်ကနေပြီး။ ဒီစိတ်ကနေပြီး ဒီစိတ်ပြောင်းလို့ရပါ့မလားဆိုတဲ့ဥစ္စာ-ဟိုကထဲက ပြောင်းလာခဲ့ တာ တင်းတာအစ-တင်းတာအလယ်- တင်းတာအဆုံးကနေပြီး တော့-စိတ်တွေဒီစိတ်ကနေပြီး ဖြစ်လာလို့တည်ပလား၊ တည် လို့ရှိရင်-ဒီစိတ်ပြောင်းလိုက်စမ်း-ဒီစိတ်ကနေပြီး ဒီစိတ်ပြောင်း ပစ်လိုက်တာ ဒီစိတ်ကဖြစ်တာပျက်တာ-ဖြစ်တာ ပျက်တာကနေ ပြီးတော့-အပျက်တခုထဲပြောင်းပစ်လိုက်တယ်- အပျက်တခုဖြစ် နေတယ်-ငါ့ယောဂီတော့ စိတ်တွေပြောင်းလို့ရပြီ၊ ငါအလျင် အမြန် အနတ္တထိုးပြနေသမှုပဲဆိုပြီး၊ ဘုရားက အနတ္တလက္ခဏာ တရား ဟောတယ်မဟုတ်လား၊ အရေးအကြီးဆုံး အဲဒီတော့ ယောဂီအနတ္တလက္ခဏာကိုပြပြီး၊ သဘာဝလက္ခဏာကိုပြပြီး၊စာ ထဲက သဘာဝလက္ခဏာ သဘာဝလက္ခဏာ လူတိုင်း လူတိုင်း ပါးစပ်ဖျားမှာ သဘာဝလက္ခဏာ ပြောတယ်မဟုတ်လား”

“သဘာဝလက္ခဏာ-သမညလက္ခဏာ၊ သဘာဝလက္ခဏာဆို တာ ဘာလဲလို့ဆိုရင်တော့- သူတို့ကိုမေးလို့ရှိရင် -ပြောနိုင်မှာ မဟုတ်ဘူး၊ အားထုတ်တဲ့ပုဂ္ဂိုလ်တော့ ပြောနိုင်တယ်၊အဲဒီတော့ သဘာဝလက္ခဏာဆိုတာ- အနတ္တလက္ခဏာ- သဘာဝတရား- သဘာဝတရားက ပစ္စုပ္ပန်သဘာဝရှိတယ်၊ သဘာဝရှိတာက- အနတ္တတရား၊ ဘုရားက ဒီရုပ်နဲ့ဒီနာမ်မမြဲတဲ့တရား၊ ဒီမမြဲတဲ့

တရားက ဖြစ်ပျက်နေတဲ့တရား ဖြစ်ပျက်နေတဲ့တရား၊ ပညတ် ပြောနေတာ၊ ဖြစ်ပျက်နေတာ မမြဲတာပဲ၊ မမြဲတာကလဲ ရုပ်နဲ့ နာမ်-ရုပ်နာမ်ကလဲအနတ္တ-ဟောပညတ်ကိုပြောသွားတယ်၊ အဲဒီ တော့ ပုဂ္ဂိုလ်တွေလိုတိုင်း ပါးစပ်ဖျားက "အနတ္တ-အနတ္တ- အနတ္တ-အနတ္တ-အနတ္တ" ဒီအနတ္တကြီးပဲပြောတယ်၊ ဘုရားက ပညတ်လို့-အနတ္တဆိုတာ သဘောတရားလေး ဖြစ်ရမယ်၊ဘယ် သဘောတရားလဲဆိုတော့-ရုပ်သဘောနဲ့နာမ်သဘော- သဘော တရားဟာ သူ့သဘောဘယ်လိုလဲ- ပစ္စုပ္ပန်ကြည့်- ဘုရားက အတိတ်ကိုလဲမတွေးနဲ့-မရောက်သေးတဲ့အနာဂါတ်ကိုလဲ မမျှော် နဲ့-ပစ္စုပ္ပန်ပေါ်လာတဲ့ သဘောကိုကြည့်ဆိုတော့ သဘော ကြည့်ရလိမ့်မယ်"

"အဲဒီတော့-ဒကာမကြီးတွေ- ဝိပဿနာပညာ ဖြစ်နေပြီး- ကေဂ္ဂတာစိတ်ရတော့-ဒီဧကဂ္ဂတာကနေပြီး- ဒီဧကဂ္ဂတာ-အရိယာ များဟာ စိတ်ပြောင်းနိုင်တယ်၊ ဒကာမကြီး လှနဲ့ထိုး-မီးမှို ရှို့လိုက်တော့ ပြောင်းနိုင်ပြီ၊ ဧကဂ္ဂတာစိတ်ဆိုတာ ပညာ-မီးပုံ ရှို့လိုက်ဘယ် ဒကာကြီးရဲ၊ ဥပမာ ပြောတာ-စိတ်ပြောင်းနိုင်ပြီ၊ ဧကဂ္ဂတာစိတ်ရနေပြီ၊ သိပ်ပူနေတယ် ဒကာကြီး၊ မီးတွေ သိပ် ပူတယ်၊ အေးတဲ့ဟာလေး-စိတ်ကလေးပြောင်းထားလိုက်တယ်၊ ဧကဂ္ဂတာစိတ် ခေါ်တယ်၊ ဒီလိုမှ မရပဲနဲ့ တခါထဲ အပယ် ဈေးဘက်ထောက်ရမယ်သာမှတ်။ ဒါ ပြောင်းလာတဲ့စိတ်တွေကို ပြောတာ၊ ယောဂီပုဂ္ဂိုလ်ကို ဒီလိုမှ မရပဲနဲ့ "သေခါနီးဆဲဆဲ- မာတ်ကြီးလေးပါးဆာ နာလိုက်တာ-ကိုက်လိုက်တာနဲ့ လူးလိမ့်

ပြီးတော့ လေးဘက်ဆောက် ကျောခိုင်း ခွေးတွေ-ဝက်တွေ-နွားတွေဖြစ်' ဒီအသိမျိုးကတော့ လူတိုင်း-လူသေသိုကတော့ လူတယောက်မှ မဖြစ်ဘူး"

"ဘာကြောင့်လဲတဲ့၊ ပူတာကြီး-ကိုက်တာကြီး-နာတာကြီး ဆင်းရဲတာကြီး- ချမ်းသာတာကြီး ဒါပဲသိတယ်။ ခလေးလဲ သိတယ်။ ဒီအသိမျိုးကတော့- ရေထဲကို ဖင်လျောဆင်းပြီး- ငါးတွေဖြစ်မယ်၊ ဒီလို မသိရဘူး ဝိပဿနာဉာဏ်- ဝိပဿနာ စိတ်နဲ့ သိရမှာ၊ ဝိပဿနာပညာဖြစ်ရမယ်၊ ဝိပဿနာပညာက နေပြီး-အနတ္တသဘောတရားမြင်ရမယ်၊ အနတ္တသဘောတရားက နေပြီး- လောကုတ္တရာမဂ်ကို ကူးရမယ်၊ သဘောပြောတာပါ။ အဲဒီတော့- သဒ္ဒါနဲ့ ဟောတာပါ၊ ဦးပဥ္စင်းက သဒ္ဒါနဲ့ ဟော တာပါ၊ အပင်ပန်းခံပြီးပို့ တာ-သိစေချင်လွန်းလို့ပါ၊ ပုဂ္ဂိုလ်တွေ လေးဘက်ထောက်ပြီး မိုးကိုကျောခိုင်းပြီး ခွေးတွေ-ဝက်တွေ ဖြစ်မှာစိုးလို့၊ အခု ဦးပဥ္စင်းတို့ကတော့ ဘာတွေ စားနေသလဲ ဆိုတော့ ပဲတွေ-ရုံးပဒေသီးတွေစားတယ်၊ ရန်ကုန်မြို့ကတော့ ငါးတွေ-ကြက်သားတွေစားတယ်-မသိပဲနဲ့စားရင် မိုးကျောခိုင်း မှာချည်းပဲ၊ မသိပဲနဲ့စားရင်- မိုးကျောခိုင်းမယ်မှတ်၊ အရသာ ခံစားရင် မိုးကျောခိုင်းမဲ့ပုဂ္ဂိုလ်ချည်းပဲ"

အဲဒီတော့ ဘုရားကရုပ်နဲ့နာမ် အနတ္တလို့ဟောတယ်၊ ရုပ်နဲ့ နာမ်အနတ္တ၊ ဒီရုပ်နဲ့-ဒီနာမ်ဟာ မမြဲတဲ့တရား၊မမြဲတဲ့တရားဟာ ဖြစ်ပျက်တယ်၊ အဲဒီတော့ ဒီအနတ္တလို့လွတ်ရမယ်၊ဘုရားဟောတဲ့

အနတ္တလဲလွှတ်ရမယ်၊ ရုပ်နဲ့နာမ်နဲ့လဲလွှတ်ရမယ်၊ မမြဲတယ်ဆိုတဲ့ ဘုရားဟောတဲ့ပညတ်ကြီးကို မမြဲတာလဲလွှတ်ရမယ်၊ ဘုရားပြောတဲ့ ဖြစ်ပျက်နေတယ်ဆိုတဲ့ ပညတ်ကြီးကိုလဲလွှတ်ရမယ်၊ ကဲ....ဘယ်လိုနှလုံးသွင်းရမလဲ ပစ္စုပ္ပန်ကြည့်ပြီး ယောဂီကို တင်ပေးဘယ်၊ ဒကာမကြီးတွေ- ဘာသာလိုတင်ပေးလိုက်တယ်- ဒကာမကြီးတွေပဲ ဖြစ်တာတွေ—ပျက်တာတွေမသိနဲ့-ဘယ်လိုသိရမလဲ-စိတ်ပြောင်းပြီ၊ အဲဒီခန္ဓာထဲက-ဘာသာလို ပြောင်းပေးလိုက်တယ်၊ တင်းလာလိမ့်မယ်-တင်းတာကနေပြီး- တောင့်လာလိမ့်မယ်-တောင့်တာကနေပြီး ထုံလာလိမ့်မယ်-ထုံတာကနေပြီး ကျင်လာလိမ့်မယ်- ကျင်တာကနေပြီး- အောင့်လာလိမ့်မယ်- အောင့်တာကနေပြီး— ကိုက်လာလိမ့်မယ်- ကိုက်တာကနေပြီး- ကြွပ်လာလိမ့်မယ်-ကြွပ်တာကနေပြီး—ယိုကျလာလိမ့်မယ်- ယိုကျတာကနေပြီး-ပူလာလိမ့်မယ်-ပူတာကနေပြီး-အေးလာလိမ့်မယ်- အေးတာကနေပြီး- တွန်းလာလိမ့်မယ်- တွန်းတာကနေပြီး-ကန်လာလိမ့်မယ်—

အဲဒီတွန်းတယ်-ကန်တယ်- ဖြစ်တယ်-ပျက်တယ်- အဲဒါတွေ မသိနဲ့ဘော၊ တခုပြီး-တခု သူ့သဘောကိုကြည့်လိုက်စမ်း။ ဘယ်လိုလဲ ရုပ်၏အစဉ်တစိုက် တခုပြီးတခု ပြောင်းလဲနေတဲ့သဘောကိုကြည့်လိုက်စမ်း ဒီမှာကြည့်လိုက်တော့ ဟိုဘက်ကနေပြီး ဒီဘက်စိတ်ကို ပစ္စုပ္ပန်စိတ်ကလေးကိုကြည့်လိုက်တော့ ရုပ်တွေပြောင်းနေတာပေါ့-စိတ်ကလေးပြောင်းလိုက်တာ-သမာဓိအရှိန်တွေကောင်းလာလို့-ဒီလိုမှတင်းမပေးနိုင်လို့ရှိရင် အနတ္တာဆိုတာ

ဘယ်လိုဟာလဲ လူတိုင်းပါးစပ်ဖျားလေးမှာ အနတ္တ-အနတ္တ- အနတ္တများနေတယ်၊ အနတ္တတကယ်သိလို့ရှိရင် ပစ္စုပ္ပန် ဘာကို သိမလဲ အနတ္တသညာလွတ်ပြီးတော့ ဘာကိုအနတ္တပြောတာလဲ ပြောစမ်းဆိုရင်-အဇ္ဈတ္တသန္တာန်ထဲက ခန္ဓာအစဉ်တစိုက် ရုပ်၏ ဝိပရိနာမ ပြောင်းလဲဖောက်ပြန်နေတဲ့ သဘောတရားတွေ တွေ့ နေတယ်ဆိုရင် အနတ္တမြင်ပြီ။

အဲဒီလိုမှ မသိပဲနဲ့ အနတ္တဖြစ်ပျက်- သခ်ါရုပေက္ခာဉာဏ်- ဥဒယဗ္ဗယဉာဏ်- ဘင်္ဂဉာဏ်ဆိုတာ ဘုရားဟောတဲ့ ဉာဏ်တွေ လျှောက်ပြောနေတယ်—သူလဲမသိဘူး တကယ့် ပစ္စုပ္ပန်သိရမှာက အနတ္တတရားက ခန္ဓာမှာ-သဘောတရားလေး ဘယ်လိုသဘော တရားလဲ တင်းတာကပေါ်လာတယ်— တောင့်တာကပေါ်လာ တယ်-တခုပြီးတခု—တခုပြီးတခု အစဉ်တစိုက် ခန္ဓာထဲကရုပ်တွေ ပြောင်းလဲနေတယ်-တင်းရုပ်ကပေါ်ရုပ်သဘောကိုသိရမယ် ဘယ် လိုပြောင်းလဲနေတဲ့သဘောလဲ တင်းတာကပေါ်လာတယ်တောင့် တာကပေါ်လာတယ် -တခုပြီးတခု- တခုပြီးတခု အစဉ်တစိုက် ခန္ဓာထဲကရုပ်တွေ ပြောင်းလဲနေတယ်-တင်းရုပ်ကပေါ်-တောင့် ရုပ်ကပေါ်-တင်းရုပ်ကပေါ်လိုက်-နောက် တောင့်ရုပ်ပေါ်လိုက် တော်တော်ကြာ ထုံရုပ်ပေါ်လာလိုက် သေတာမဟုတ်ဘူး— အနတ္တသဘောလေး တင်ပေးလိုက်တာ၊ အဲ....သေသလား-သေ ရင် တော်တော်ကြာရင် ပုပ်သွားမှာပေါ့—ဒီခန္ဓာကြီးယာ မသေ ဘူး-အစဉ်တစိုက် ရုပ်တွေဟာပြောင်းလဲသည့်သဘောတရားဟာ

အနုတ္တသိရမှာက— ပြောင်းလွဲခြင်းသဘောတရားလေး သိနေတယ်”

“အော်—ဘုရားကဟောထားတယ်၊ ခေတ်ကြီးလေးပါးကလဲ တင်းတယ်- တောင့်တယ်- ထုံဘယ်- ကျင်တယ်- အောင့်တယ် ဆိုတာ ခေတ်၏သဘော-ခေတ်လဲမသိဘူး-ရုပ်လဲမသိဘူး၊ အခု တော့ ခေတ်ဆိုတဲ့ဥစ္စာဟာ ဘယ်ဟာလဲ၊ ဘုရားက ဟောထား တာက တင်းတာလဲခေတ်-တောင့်တာလဲခေတ်-ထုံတာလဲခေတ်- အောင့်တာလဲခေတ်၊ အခုတော့မရှိ ပညတ်— အဲဒီ တင်းတာ- တောင့်တာ-ထုံတာ-ကျင်တာပဲသိတယ်၊ ခေတ်ကိုတော့ သိတာ လားတဲ့-မသိဘူး၊ ခေတ်ကိုသိရမှာ-အဲဒီခေတ်ကိုသိရမှာ-ပေါ်တဲ့ သဘောတရားက ခေတ်တဲ့၊ တင်းတာပေါ်လာတာက ခေတ်- တောင့်တာပေါ်လာတာကခေတ်- ထုံတာပေါ်လာတာကခေတ် ပညတ်လို့ပြောတာခေတ်ပဲ-ပေါ်လာတဲ့သဘောတရားကခေတ်- ပူတယ်- အေးတယ်- လှုပ်တယ် ဆိုတာက ခေတ်-ပညတ်လို ပြောတယ်၊ နှစ်လုံးနှစ်လုံး ပြောသွားတယ်”။

အဲဒီ သဘောတရားဟာ ဘာလဲ၊ ပြောပြန်ပြီ-ရုပ်၏သဘော တရားကိုကြည့်လိုက်တယ်၊ ရုပ်ဆိုတဲ့သဘောတရားဟာ အစဉ် တစိုက် ပြောင်းလဲနေတဲ့သဘောဟာ ရုပ်— အခုတော့— ပူတာ ရုပ်လို့ပြောတယ်၊ ဘုရားကဟောတယ်- ဝိပရိနာမ ပြောင်းလဲ ဖောက်ပြန်တယ်တဲ့—ပညတ်လို့ပြောတာ၊ ဘယ်လို ဝိပရိနာမ ပြောင်းလွဲဖောက်ပြန်သလဲဆိုတော့ “စာက စာအမှန်” မှန်လိုက်

တာမှ သေးကို ထွက်ရော၊ အဲဒီတော့- ဝိပရိနာမ ပြောင်းလွဲ ဖောက်ပြန်တယ်ဆိုတော့-ခန္ဓာမှာ တခုပြီးတခု ပြောင်းလွဲမနေ ဘူးလား၊ ပြောင်းလဲတဲ့သဘောတရားဟာ သဘာဝလက္ခဏာ အစဉ်တစိုက်ပြောင်းလွဲနေတယ်၊ဒကာကြီးတို့ ခန္ဓာမှာငြိမ်သက် စွာ နေလို့လား၊ တော်တော်ကြာ လှုပ်လိုက်—တော်တော်ကြာ ရှုလိုက်-တော်တော်ကြာပြင်လိုက်၊ အစဉ်တစိုက်ပြောင်းလွဲခြင်း သဘာဝလက္ခဏာပဲ”

“အော်—ရုပ်ဆိုတဲ့ သဘော တရားဟာ သဘာဝ လက္ခဏာ အစဉ်တစိုက် ပြောင်းလွဲနေတယ်၊ ဘုရားက မမြဲတဲ့သဘောတရား ဆိုတာကို ပြောင်းလွဲနေတဲ့ သဘောတရားဟာ—မမြဲတဲ့ တရားလို့ ပြောတာပါလား၊ ဖြစ်ပျက်ဆိုတာလဲ ပညတ်လို ပြောတာပါ လား၊ သဘာဝတရားကတော့ ရုပ် အစဉ်တစိုက် ပြောင်းလွဲ- ပြောင်းလွဲ— ပြောင်းလွဲနေတတ်တဲ့ သဘော-သဘာဝ ဓာလေး ရှိပါလား၊ သဘောမသိဘူးလား၊ သိပြီ- ဒါ ရုပ်သဘောသိတာ၊ နာမ်သဘော ကြည့်လိုက်သေးတယ်၊ နာမ်၏ သဘော ကရော ဘယ်လိုလဲတဲ့နာမ်လို့တော့ဘုရားကပညတ်လိုတော့ခေါ်ဝေါ်ပြီး နာမ်၏သဘောက ဘာလဲဆိုတော့— နာမ်၏သဘော ပြန်ကြည့် တယ်၊ နာမ်သဘောကြည့်ပြန်တော့- အော်-တင်းတာပေါ်လဲ သူညွတ်လိုက်တယ်- ထွက်ထွက်ပြီး သိလိုက်တယ်၊ တောင့်တာ ပေါ်လဲ သိတယ်-ထုံတာပေါ်လဲ သိတယ်— အောင့်တာပေါ်လဲ သိတယ်—ကိုက်တာပေါ်လဲ သိတယ်—ကြွပ်တာပေါ်လဲသိတယ်—

ပူတာပေါလဲ သိတယ်၊ အော်– နာမ်လို ဘုရားက ဟောထား တယ်- ပညတ်လို ခေါ်ဝေါ်တယ်၊ နာမ်ရဲ့ သဘောဟာ သူ့ သဘောဟာဘာလဲ "ရုပ်အပေါင်းကို ညွတ်တတ်တဲ့သဘောလေး ပါလားလို့ဆိုတာ "ရုပ်အပေါင်းကို ညွတ်တတ်တဲ့ သဘောလေး မသိဘူးလား၊ နာမ်၏ သဘာဝ လက္ခဏာက ရုပ်အပေါင်းကို ညွတ်တတ်တဲ့ သဘောလေး၊ ခန္ဓာက တွေ့သွားပြီး၊ အော်– ရုပ်ကလဲ ပြောင်းလဲတဲ့သဘာဝတရား-နာမ်ကလဲ ရုပ်အပေါင်းကို ပြောင်းလဲပြီး ညွတ်တတ်တဲ့ သဘာဝတရား"

"အဲဒီတော့- အဇ္ဈတ္တ သဏ္ဍာန်က နေပြီး ဒီသဘောလေး တင်ပေးလိုက်တော့ ဗဟိဒ္ဓကျပြန်တော့လဲ-ကြည့်လိုက်ကြစမ်း၊ တင်းပေးပြီ- သဘောလေးကိုပဲ သဏ္ဍာန်တွေလဲ ပြောင်းလဲနေ တာကို တွေ့ရလိမ့်မယ်၊ အဆင်းတွေကလဲ-ဒီထဲတွင် ညိုဘာတွေ ဖြူတာတွေ- ဝါတာတွေ- ကွက်တာတွေ အဆင်းကလဲ – ပြောင်း လဲ့ပြီးတော့ မျက်စိကလဲ မြင်နေတယ်၊ မျက်စိ ပသာဒ အကြည် ဓာတ် ကိုလဲ ပြောင်း လဲ့ မြင် တတ် တယ်- အဆင်းတွေကလဲ ပြောင်းလဲနေတယ်-သဏ္ဍာန်တွေကလဲ ပြောင်း လဲနေတယ်—ရုပ်ဆိုတာ အစဉ်တစိုက် ပြောင်းလဲခြင်း—သဘာဝ တရားမျက်စိကလဲပြောင်းလဲမြင်တတ်တဲ့သဘာဝတရားနာမ်ကလဲ ပြောင်းလဲပြီးတော့ မျက်စိပေါက်ကထွက်ထွက်ပြီး ပြောင်းလဲ ပြီး၊ရုပ်အပေါင်းအဆင်းကိုလဲညွတ်တယ်–သဏ္ဍာန်ကိုလဲညွန်တယ် အဲ-အကုန်လုံး ရုပ်အပေါင်းကိုညွတ်တတ်တဲ့သဘောလေးပဲရှိတယ် အဲဒီတော့ သိမသွားဘူးလား-သဘောလေး-အော်....အသံတွေ

ကလဲ ပြောင်းလဲနေပါလား ခွေးသံ-ဝက်သံ- ကြက်သံ-ဘဲသံ- ဒကာမသံ-ဒကာသံဆိုတာ ပညတ်တရား အသံရဲ့သဘာဝတရား ပြောင်းလဲတတ်တဲ့ သဘာဝတရား နားကလဲ အသံတခုပေါ် လာမှ ပြောင်းလဲသွားတတ်တဲ့ သဘောတရား သဘာဝလက္ခဏာ သိသွားပြီ၊ သိသွားပြီမဟုတ်လား”

“တံခါးခြောက်ပေါက်က အာရုံငါး- အာရုံခြောက်ပါးနဲ့ တိုက်ခိုက်တိုင်း- တိုက်ခိုက်တိုင်း မျက်စိပေါက်ကလဲ- နာမ်က ပြောင်းလဲညွှတ်တတ်တဲ့သဘာဝ။ ရုပ်ကလဲ ပြောင်းလဲတတ်တဲ့ သဘာဝ။ နာမ်ရုပ်နှစ်ပါး ပြောင်းလဲခြင်း သဘာဝတရားပါ လား၊ မသိဘူးလား-သိသွားတော့ နာမ်ကလဲ ညွှတ်တတ်တဲ့ သဘာဝဆိုတော့ အဲဒါ ရုပ်နာမ်ကွဲမသွားဘူးလား- အဲဒီနာမ ရူပပရိစ္ဆေဒဉာဏ်-ယထာဘူတဉာဏ်- သင်္ခါရုပက္ခာဉာဏ်။ အခု တော့ ပူဘာကရုပ် သိဘာနာမ်ဆိုတော့ ခလေးလေးလဲသိဘယ်။ နာမရူပပရိစ္ဆေဒဉာဏ်ဆိုတာ ဘာလဲတဲ့။ အနတ္တမြင်တာ- လက္ခဏာမြင်တာ-သဘာဝလက္ခဏာမြင်တာ။အဲဒါ ယထာဘူတ ဉာဏ်တဲ့ ယထာဘူတဉာဏ်ဆိုတာ အမှန်မြင်တာ-ပစ္စုပ္ပန်ကို မြင်နေတာ။ အော်....ပြောင်းလဲ-ပြောင်းလဲ-ပြောင်းလဲတတ်တဲ့ သဘော။ ပြောင်းလဲပြီး ညွှတ်တတ်တဲ့သဘော။ မျက်စိကလဲ ပြောင်းလဲဖြစ်ဘတ်တဲ့ သဘော၊ သဘောလေးမြင်နေပြီ”

"ကဲ....ဖြစ်ပျက်ရှိသေးသလား အနတ္တဆိုတာရှိသေးသလား။ ဘုရားမမြဲတာရှိသေးလား။ ဘုရားဖြစ်ပျက်-မြင်ပျက် ဖြစ်ပျက်ဆိုတာရှိသေးလား။ အဲဒါဘာလဲ မဂ်မဟုတ်သေးဘူး။ အနတ္တမြင်တာရှိသေးတယ်။ အဲ့ နာမရူပ ပရိစ္ဆေဒဉာဏ် သခ်ါရုပက္ခာဉာဏ် အဲဒါဖြစ်ပျက်မြေနင်းလိုက်ပြီ၊ ဖြစ်ပျက်ဆိတ်သုဉ်းသွားပြီ။ ဘာပေါ်မှာထင်လဲ ရုပ်နဲ့နာမ်ပြောင်းလဲတဲ့ သဘောတရားလေးပေါ်မှာဘည်နေပြီ၊ ရုပ်နာမ်မလွတ်သေးဘူး သဘောရုပ်နာမ်ဖြစ်နေပြီ၊ ဖြစ်ပျက်ချုပ်သွားပြီ၊ ဖြစ်ပျက်ချုပ်မသွားဘူးလား ဖြစ်ပျက်လဲချုပ်ရမယ်တဲ့ ဝေဒနာချုပ်ရမယ် ရုပ်နာမ် ချုပ်ရမယ်တဲ့" ၅

"အခု ရုပ်နာမ်သဘာဝလက္ခဏာမြင်နေပြီ။ မြင်လိုက်တဲ့ အချိန်အခါ ရုပ်၏ပြောင်းလဲခြင်း သဘာဝတရား မျက်စိကလဲ ပသာဒအကြည် ရုပ်ကပြောင်းလဲပြီး မြင်တတ်တဲ့သဘာဝတရား နာမ်ကလဲ ပြောင်းလဲညွတ်တတ်တဲ့ သဘာဝတရား တခုတည်း။ စိတ်-စိတ်တခုတည်း နာမ်ရုပ်နှစ်ပါး ပြောင်းလဲတဲ့ သဘာဝတရား မြင်နေပြီ၊အဲဒါမှ အနတ္တခေါ်တယ်။ ဘုရားက ပညတ်ကို အနတ္တပညတ်-အနတ္တမြင်ရတာက ပြောင်းလဲတဲ့သဘောတရား၊ သူ့ဟာသူပြောင်းနေတာ သူ့ဟာသူပြောင်းပြီး ညွတ်နေတာ သူ့သဘောမဟုတ်ဘူးလား။ သူ့သဘောကဘာလဲတဲ့ ပြောင်းလဲခြင်း သူ့ဟာသူ၊ ပြောင်းလဲညွတ်တတ်တာက သူ့ဟာသူ၊ ပြောင်းလဲမြင်နေတာက သူ့ဟာသူ၊ သူ့ဟာသူပဲမဟုတ်လား။

အဲဒါဘာလဲတဲ့ ဘုရားက သဗ္ဗေခမ္မာအနတ္တ-မျက်စိကအနတ္တမြင်နေပြီ၊ အတ္တရှိသေးသလား"

"ရုပ်နဲ့နာမ်နဲ့ ယထာဘူတဉာဏ်ရယ်-သမ္မာသနဉာဏ်ရယ်၊ နာမရူပပရိစ္ဆေဒဉာဏ်ရယ်-အဲဒီဉာဏ်ပဲရတယ်။ ဒီမြင်ဟာတွေမရွတ်တတ်ပါဘူး၊ ကျင့်ကြံအားထုတ်တဲ့ ယောဂီတွေ- နာမ်ရုပ်ကွဲတဲ့ ပုဂ္ဂိုလ်တွေ သိမှာပေါ့၊ အနတ္တ မြင်နေတဲ့ ပုဂ္ဂိုလ်တွေ-အနတ္တ–အနတ္တဆိုတာ ဘယ်လိုမြင်တာလဲ-သဘောကိုသိရဲ့လား၊ အဲဒီတော့–အနတ္တမြင်ပုံ့ ဘုရားဟောတဲ့ အနတ္တမမြင်ရ-မသိရဘူး၊ ဘုရားဟောတာက ပညတ် အနတ္တ- ကိုယ်မြင်ရမှာက ပစ္စုပ္ပန် မြင်တဲ့သဘောတရား၊ ရုပ်သဘော- နာမ်သဘော၊ သူ့သဘောသူ ဘယ်လိုလဲ၊ ရုပ်သဘောက ဘယ်လိုလဲ၊ နာမ်သဘောက ဘယ်လိုလဲ၊ မြင်တတ်တဲ့ ပသာဒအကြည်ရုပ်က ဘယ်လိုလဲ၊ သူ့သဘောတွေ အကုန်သိနေရမယ်"

"အဆင်းသဘောတွေကဘယ်လိုလဲ၊ အသံသဘောတွေက ဘယ်လိုလဲ၊ အနံ့သဘောတွေက ဘယ်လိုလဲ၊ ရသသဘောတွေက ဘယ်လိုလဲ၊ အတွေ့သဘောတွေက ဘယ်လိုလဲ၊ ဓမ္မသဘောတွေက ဘယ်လိုလဲ၊ မျက်စိပသာဒ အကြည်သဘောတွေက ဘယ်လိုလဲ၊ နားပသာဒ အကြည်သဘောတွေက ဘယ်လိုလဲ၊ နှာခေါင်းပသာဒ အကြည်ရုပ်သဘောတွေက ဘယ်လိုလဲ၊ လျှာပသာဒ အကြည် ရုပ်သဘောတွေက ဘယ်လိုလဲ၊ ကိုယ့်ပသာဒ အကြည်ရုပ်သဘောတွေက ဘယ်လိုလဲ၊ မနောပသာဒ

အကြည်ရုပ်သဘောတွေက ဘယ်လိုလဲ၊ အဲဒီ ရုပ်အပေါင်းတွေကို အကုန်မသိဘူးလား”

“အဲဒီလိုမှ မသိပဲနဲ့ ရုပ် နာမ် သိတယ်လို့ ခေါ်နိုင်မလား၊ အပါယ်လွတ်ပါ့မလား၊ အဲဒါဘာလဲ အနုတ္တလက္ခဏာဉာဏ်ရပြီ၊ နိဗ္ဗာန် မပါသေးဘူး၊ မဂ် မဟုတ်သေးဘူး၊ လောကီကြားနဲ့ လောကုတ္တရာကြားနေသေးတာ မကူးသေးဘူး၊ ရုပ်နာမ်ပေါ်မှာ ရှိသေးတယ်၊ ရုပ်နာမ်ဖြစ်နေတယ်၊ ရုပ်နာမ်ဖြစ်နေတာ သေသေချာချာ ဘာသာလို့ပြောတာ၊ ပါဠိလိုမရွတ်တတ်လို့ ပါဠိကလဲ သူများအတိုင်းကကာ၊ ဦးပဥ္စင်းတို့က ပါဠိသံတွေ နာလာခဲ့တော့ ရွတ်တော့ ရွတ်ချင်တယ် မရွတ်တတ်လို့ပါ၊ ပါဠိလို သိပ်ရွတ်ချင်တာ ဘာကြောင့်လဲ၊ အတိတ်ကတုန်းက ဦးပဥ္စင်းတို့ဆရာတော်ကြီးတွေကလဲ ပါဠိလိုရွတ်သံတွေ [illegible]ရတော့ ဦးပဥ္စင်းကလဲ ပါဠိလို ရွတ်ချင်တယ်၊ ဘာသာနဲ့ဘာ၀နေတာ ဒီမှာ မဖတ်တတ်လို့”

‘အဲဒီတော့- ယောဂီမှာ အပျက်နယ်ကြီးကနေ မဖြစ်မပျက်တဲ့နယ်ကို သဘောတင်ပေးလိုက်ပြီ၊ ရုပ်အနုတ္တ နာမ်အနုတ္တ မြင်သွားပြီ၊ မြင်သွားတော့ ကဲ-ကြားထဲမှာ သင်္ခါရနယ်နဲ့ လောကုတ္တရာနယ် နှစ်နယ်ကြားထဲရောက်သွားပြီ၊ အနုတ္တနယ်ဆိုတာ သတ်သတ်စီ၊ သင်္ခါရနယ် ဆိုတာ ပဋိစ္စသမုပ္ပါဒ်လည်နေတဲ့တရား၊ ပဋိစ္စသမုပ္ပါဒ် လည်နေတဲ့တရားက သင်္ခါရ၊ အခုဟာက အနုတ္တတရားက မမွေသဘော သူ့သဘောမြဲနေပြီ၊

လောကုတ္တရာမဂ်နဲ့ လောကီကြားထဲရောက်နေပြီ၊ လောကုတ္တရာမဂ်နဲ့ လောကီကြားထဲရောက်နေပြီ၊ ကူးတော့မယ်။ ဟိုဘက်ကို အနုလောမတံတားခင်းမယ်၊ အနတ္တသဘာဝ မြင်နေပြီ၊ မြင်တာလဲ သူ့သဘော၊ မြင်တာလဲ ပြောင်းလဲတတ်တဲ့သဘော၊ နာမ်နဲ့ရုပ်နဲ့-နာမ်ပြောင်းလဲတတ်တဲ့သဘော၊ ရုပ်ကလဲ ပြောင်းလဲတတ်တဲ့သဘော၊ အသံတခုပေါ်လာမှ နားက ပြောင်းလဲ ပြောင်းလဲ ကြားတတ်တဲ့သဘော၊ နားပသာဒ အကြည်ရုပ်နဲ့ အသံနဲ့ထိမှန်လိုက်တဲ့ အချိန်အခါမှာ နာမ့်တရားကပြောင်းလဲ ပြောင်းလဲညွှတ်တတ်တဲ့သဘော သဘောတွေသိကုန်ပြီ”

“အဲဒီတော့ မြင်တာလဲ ပြောင်းလဲတတ်တဲ့သဘော ကြားဒါလဲ ပြောင်းလဲတတ်တဲ့သဘော နံတာလဲ ပြောင်းလဲတတ်တဲ့ သဘော စားလိုက်တာလဲ ပြောင်းလဲတတ်တဲ့သဘော အာရုံလုံး ပြောင်းလဲတတ်တဲ့သဘောတွေ ဖြစ်ကုန်ပြီ။ ပြောင်းလဲတတ်တဲ့ သဘောတွေ ဖြစ်လာတော့ ကဲ့....လောကုတ္တရာ မဂ်ကူးကြစို့ ကူးတော့မယ် အနုလောမတံတားခင်းမယ် မဂ်ကူးရင် တံတားဆို တံတား တံတား လူတိုင်းပါးစပ်ဖျား အနုလောမတံတား အနုလောမတံတား အနုလောမတံတား ပြောကြတယ်”

“ကဲ....ဘာသာလို အနုလောမတံတား ခင်းမယ် စိတ်ကို ပြောင်းမယ် စိတ်ကလေးပြောင်းတော့မယ် ခုနဏာဟုန်းက အနုလောမတံတား ခင်းထားတာလား တင်းတာအစ-တင်းတာ အလယ် တင်းတာအဆုံး ဆိုတာပြောင်း တင်းတာအစ တင်းတာ

အလယ် တင်းတာအဆုံးက ဖြစ်တာအစ ဖြစ်တာအလယ် ဖြစ်တာအဆုံး ရုပ်ပြောင်းလာတယ်။ ဖြစ်တာ ပျက်တာကနေပြီးတော့ တခါတဲကိုပျက်တဲ့သဘော စိတ်တွေ ပြောင်းလာတယ်။ တံတားခင်းလာ အနုလောမတံတားဆိုတာ အဲဒီစိတ်တွေပြောတာ အနုလောမပါးစပ်ပြော-စာထဲကအနုလောမ ဘာတွေမှန်းလဲမသိဘူး-စိတ်ကပြော-အဲဒီတော့ ဟိုကထွက်လိုထာနဲ့-သညာပဲအသကားပဲ-ဘာမှမသိဘူး-သညာပဲ ခန္ဓာရှာထားတဲ့ ပုဂ္ဂိုလ်ကစိတ်စစ်ထားတာ စိတ်စစ်ထားတော့ ဟိုကအသံထွက်လိုက်တာနဲ့သူဘာလဲ စာတွေပြောနေတာ သူသညာပဲ-အပါယ်မလွတ်သေးဘူး- မိုးကိုကျော့ခိုင်းရအုံးမှာပဲဆိုတာသိတယ်- ဘာကြောင့်လဲသူသညာမှမဟုတ်ပဲ”

ဒီဘုရားက ပညာရှိဆို- ပဏ္ဍိတဆို- သစ္စာလေးပါးမြင်မှပဏ္ဍိတဆိုတာ-ဒါဘယ်လိုဟာလဲ ပေါ့သေးသေးမလုပ်နဲ့ သောတာပန်ကြီးတွေ သဒ္ဒါဂါမ်ကြီးတွေမှ အနာဂါတ်ကြီးတွေမှပဏ္ဍိတ၊လောကသုံးပါးမှ လွတ်မြောက်အောင်မြင်သူတို့ ရထားတာ။ အရိယသစ္စာမြင်မှ ပဏ္ဍိတ-အဲဒီတော့ ဒကာကြီးတို့လဲပဏ္ဍိတဖြစ်အောင်လုပ်ပေါ့ ကဲ....ရအောင်လုပ် မလုပ်ပဲနဲ့တော့ဟိုရောင်ရောင်—ဒီရောင်ရောင် ပုတီးရောင်ရောင်—ဖောင်းရောင်ရောင်နဲ့ လေးဘက်ထောက်ရမယ်မှတ်။ ဒကာကြီး နောက်ပိတ်ဆုံးသာသနာမှာ သေသေချာချာဟောမယ်-တခါထဲ ယောဂီတွေသဘောပေါက်အောင် ဟောမယ်- ဦးပဥ္စင်းက ကိုယ့်စိတ်ကိုယ်စစ်ထားလို့ဟောတာ–အနုလောမဉာဏ်နဲ့ မဂ်ကူးကြစို့ရဲ။

ဘယ်လိုကူးမလဲတဲ့ ခုနတုံးက ပြောင်းလဲတဲ့သဘော ရုပ်နဲ့နာမ် ပေါ်တည်နေတဲ့စိတ် အဲဒီနေရာက လွတ်ရအုံးမယ်- ဒကာကြီး၊ ရုပ်နဲ့နာမ်နဲ့ကနေပြီး ဘယ်လိုကူးသွားတယ်ဆိုတာ ဒကာကြီးတို့ သိဘို့ပြောမယ်"

"ဘုရားက ဖြစ်ပျက်ကိုလဲလွတ်ရမယ်-ရုပ်နဲ့နာမ်ကိုလဲ ချုပ်ရမယ်-ဝေဒနာလဲချုပ်ရမယ်-ဝေဒနာချုပ်ရင်-ခန္ဓာငါးပါးချုပ်တာ ဟိုဘက်ကမ်းရောက်မှာကိုး- အခုဟာ ရုပ်နဲ့နာမ်ပေါ်မှာ ရှိနေသေးတယ်"

"ဖြစ်ပျက်ပဲချုပ်သေးတယ်၊ ရုပ်နာမ်ပေါ်မှာ မျက်စိထဲလဲ ပြောင်းလဲဘတ်တဲ့သဘော၊နားကလဲ ပြောင်းလဲတာတဲ့သဘော ဒါပဲဖြစ်နေတယ်။ ကဲ....အနုလောမခင်းမယ်။ စိတ်ကိုပြောင်း တော့မယ်။ ကိုင်း....စိတ်ကိုပြောင်းတော့မယ်။ ဘယ်လိုပြောင်း မလဲ၊ အနုလောမတံတားခင်းပြီး၊ မဂ်ကူးချင်လို့ မဂ်ကူးချင် တော့ အနုလောမတံတားခင်းမယ်။ဘယ်လိုကူးမလဲ၊ ပြောင်းလဲ တဲ့သဘောကနေပြီး ဒီရုပ်ပြောင်းလဲတဲ့သဘောကနေပြီး ရုပ် နာမ်ပေါ်ကနေပြီး ဆင်ချင်ပြန်ပြီ။ အော်.... ရုပ်နာမ်ကလဲ ပြောင်းလဲတဲ့သဘောတရား၊ နာမ်ကလဲ ပြောင်းလဲညွှတ်နေတဲ့ သဘောတရား၊ နာမ်ရုပ်နှစ်ပါး တထပ်ထဲဖြစ်နေတာ၊ ခံစားမှု သဘောတရား ဝေဒနာပါလား၊ ဝေဒနာပြောင်းလိုက်ပြီနော် ရုပ်နာမ်ဘို့ရှိသေးသလား၊ ရုပ်နာမ်မရှိတော့ဘူး၊ တံတားရောက် သွားပြီ၊ တခါထဲကူးမယ်၊ ဒီရုပ်နာမ်ပေါ်က ကူးသွားတယ်။

ပြောင်းလဲတဲ့သဘောတရား၊ ပြောင်းလဲ ညွတ်တတ်တဲ့သဘော တရား၊ နာမ်ရုပ်နှစ်ပါး တထပ်ထဲဖြစ်နေတာ၊ ခံစားမှုပေါ် ဝေဒနက္ခန္ဓာ၊ဝေဒနာပေါလား—သဘောပြောင်းလိုက်ပြီ၊ အဲဒါ အနုလောမတံတား ခင်းပြီးတော့ တခါထဲ မဂ်စိတ်ကျသွား တယ်"

"ဝေဒနက္ခန္ဓာ၊ ဝေဒနာပေါ်တည်သွားပြီ၊ ရုပ်နာမ်လွတ် မသွားဘူးလား၊ပြောင်းလဲတာရှိသေးသလား၊နာမ်ရော ပြောင်း လဲညွတ်တဲ့သဘောရှိသေးသလား၊ နာမ်ရုပ်မလွတ်သွားဘူးလား၊ ဘယ်ပေါ်မှာကျန်၊ ဝေဒနာပေါ်မှာကျန်၊ ဝေဒနာ ချုပ်ရအုံး မယ်မဟုတ်လား၊ အဲ....ဝေဒနာချုပ်မှသာလျှင် ဥပါဒါန်ရုပ် ချုပ်မှာကိုး၊ အဝိဇ္ဇာတဏှာဥပါဒါန်ဘဝ ရွတ်နေလို့မရဘူး၊ အခုတော့ ဒီလိုပြောနေတာတွေများတယ်။ အဝိဇ္ဇာကဘာလဲ၊ ဝေဒနာဘယ်လိုလဲဆိုတဲ့ဥစ္စာ–အခု ရုပ်နာမ်ပေါ်ကနေပြီး ဖြစ် သွားပြီ။ ဝေဒနာရပ်သွားပြီ၊ ပဋိစ္စသမုပ္ပါဒ်လည်သေးလား၊ ဖြစ်ပျက်ကြီးရှိသေးလား၊ ရုပ်နာမ်လဲရှိသေးသလား-ရုပ်နာမ်လဲ ရှိသေးသလား၊ မဋိစ္စသမုပ္ပါဒ် ရပ်သွားပြီမဟုတ်လား၊ အဲ.... ဝေဒနာရပ်နေပြီ၊ ဝေဒနာတဏှာ ကူးသေးသလား"

"မျက်စိပေါ်ကကလဲ မြင်လိုက်တဲ့အချိန်အခါ၊ခံစားတဲ့သဘောဝေ ဒနာ ဝေဒနက္ခန္ဓာ သိနေပြီ၊မျက်စိပေါ်ကကလဲ ဝေဒနက္ခန္ဓာ ဝေဒနာ၊ ကြားလိုက်တဲ့အသံလဲ ဝေဒနာ၊ ကြားလဲ ဝေဒနာ၊ စားလဲဝေဒနာ၊ ထိတာလဲဝေဒနာ၊လှမ်းလိုက်တာလဲ ဝေဒနာ၊

လှုပ်တယ်–လှုပ်တယ်-လှုပ်တယ်-လှုပ်တယ်မရှိဘူး၊ဝေဒနာ။ ချလိုက်တာလဲ ဝေဒနာ၊ ယိုလိုက်တာလဲ ဝေဒနာ၊ပေါက်လိုက်တာလဲ ဝေဒနာ၊ကိုက်တာတွေလဲ ဝေဒနာ၊အိပ်တာလဲ ဝေဒနာ အကုန်ဝေဒနာချည့်ပဲ။ အဲ....မဂ်စိတ်ကျသွားပြီ၊ ဝေဒနာက နေပြီး တဏှာမကူးတော့ဘူး၊ အဲဒီတော့ မဂ်စိတ်ကျသွားပြီ၊ ကဲ....ဝေဒနာကနေပြီး-တဏှာမကူးတော့ဘူး။ တလောကလုံး ဘာရှိသလဲဆိုတော့-ဝေဒနာပဲရှိတော့တယ်”

“မြင်တာလဲဝေဒနာ၊ ကြားတာလဲဝေဒနာ၊ နံတာလဲ ဝေဒနာ၊ စားတာလဲဝေဒနာ၊ ထိတာလဲဝေဒနာ၊ သိတာလဲ ဝေဒနာ၊ အဲ....ကိုင်တာလဲဝေဒနာ၊ယိုတာလဲ ဝေဒနာ၊ပေါက်တာလဲ ဝေဒနာ၊ အိပ်တာလဲ ဝေဒနာ၊ အကုန် ဝေဒနာချည့် ဖြစ်နေပြီ။ ဝေဒနာသိတော့ ဝေဒနာတွင် ရပ်နေပြီ။ ဒုက္ခဝေဒနာတွင်ပေါ် ဝေဒနာရပ်ပြီ။ ဝေဒနာထွင်ရပ်နေတော့ “ဒိဝေဒနာ”တွေချုပ်ရအုံးမယ်။ အဲ....ဝေဒနာတော့ရပ်နေပြီ။ မဂ်စိတ်ကျသွားပြီ။ ဝေဒနာတဏှာမကူးတော့ဘူး။တဏှာမကူး တော့ ဥပါဒါန်ဖြစ်သေးသလား၊ ဥပါဒါန်မဖြစ်တော့ ဘဝ ဖြစ်သေးသလား၊ ဘဝမဖြစ်တော့-ဇာတိဖြစ်သေးသလား၊အဲ.... ဝေဒနာတော့ ဝေဒနာထွင်ရပ်နေပြီ။ တဏှာမကူးတော့ဘူး”

“အဲဒီတော့- မျက်စိကလဲ ဝေဒနာ၊ နားကလဲ ဝေဒနာ၊ နှာခေါင်းကလဲ ဝေဒနာ၊ ပါးစပ်ကလဲ ဝေဒနာ၊ ဝေဒနာတွင် ရပ်နေပြီ။ ဝေဒနာပဲ သိတော့တယ်။ ဝေဒနာသိတော့- မဂ်

စိတ်တော့ တခါထဲကျသွားပြီ။ မဂ်စိတ်ကျသွားရင်- ဖိုလ်စိတ်ဖြစ်ကြစို့။ "ဖိုလ်စိတ်ဆိုတာ- မေ့လျော့နေတာ မဟုတ်ဘူး ဖိုလ်စိတ်ဆိုတာ-တချို့ မေ့နေတယ်ပြောလို့ သောတာပန်က သူများထံ တောင်းရဦးမှာလား။ အထူးတလည်လုပ်ပြီး ဖိုလ်စိတ်ဖြစ်အောင် လုပ်ရဦးမှာလား။ သောတာပန် ပုဂ္ဂိုလ်ဟာ ငါးအပါယ်လွတ်ပြီ။ ငါးမျက်စိပေါက်နေပြီးတော့ ဖြင်ပျက်လဲချုပ်ပြီ။ ဝေဒနာလဲချုပ်ပြီ။ ရုပ်နာမ်လွတ်နေပြီ။ ကာလသုံးပါး ငါးသံယောဇဉ်သုံးပါး လွတ်နေပြီဆိုတာ သူမသိဘူးလား။ အထူးတလည်လုပ်ပြီး ဘုရားကို တောင်းယူရအုံးမှာလား။ အဲသိရင် သောတာပန်။ တောင်းမယူရပါဘူး။ အဲ တောင်းယူလိုက်လို့ရှိရင် မဟုတ်လို့။ အဲဒီတော့-ဒကာကြီးတို့ မဂ်စိတ်ကျသွားပြီ။ မဂ်စိတ်ကျသွားတော့ ဖိုလ်စိတ်ဖြစ်မယ်။ ဖိုလ်စိတ်ဘယ်လိုဖြစ်မလဲတဲ့၊ မျက်စိတံခါး- နားတံခါး- ပါးစပ်တံခါး- နှာခေါင်းတံခါး၊ ကေဂ္ဂတာစိတ် ရနေမှုကိုးတဲ့၊ ပြောင်းလိုက်ပြီ။ ဘယ်လိုပြောင်းလိုက်သလဲ။ ဝေဒနာ- မျက်စိကလဲ ဝေဒနာ၊ ခန္ဓာထဲက အဇ္ဈတ္တသန္တာန်က ဓာတ်ကြီးလေးပါးပေါက-တင်းတာလဲ ဝေဒနာ၊ စောင့်တာလဲ ဝေဒနာ၊ ထုံတာလဲ ဝေဒနာ၊ အောင့်တာလဲ ဝေဒနာ၊ ကိုက်တာလဲ ဝေဒနာ၊ ဝေဒနာတွင်ရပ်နေပြီ။ ဝေဒနာတခုထဲ ဖြစ်နေပြီ။ အဲဒီ ဝေဒနာကနေပြီး စိတ်ပြောင်းတော့မယ်။ ဝေဒနာသိနေတဲ့စိတ်နော်"။

"အော်-ဆင်ခြင်လိုက်တယ် ဒကာကြီးရဲ့၊ အော်-ဝေဒနာ၊ ဝေဒနာသည် နာမ်ပါလားဆိုပြီး နာမ်စိတ်ပြောင်းလိုက်တယ်။

အဲဒီနာမ်စိတ်ပြောင်းလိုက်ကာ အရူပစိတ်ခေါ်တယ်။ အရူပစိတ် ဆိုတာ နာမ်တခုထဲ သိတယ်။ ဝေဒနာကနေပြီး နာမ်စိတ်ကို ပြောင်းလိုက်တယ်။ ရုပ်လွတ်သွားပြီနော်- ရုပ်လွတ်သွားပြီ။ ရှေ့ကျမှ ရုပ်နာမ်နှစ်ပါး 'စုံ' ချုပ်မှာနော်၊ စုံချုပ်တော့မယ်။ အဲဒီတော့ ရုပ်လွတ်သွားပြီ။ ဝေဒနာသည် နာမ်ပါလား ဆို နာမ်စိတ်ဖြစ်သွားပြီ။ အဲ-မြင်တာလဲနာမ်၊ ကြားတာလဲနာမ်၊ အဲ-နံတာလဲနာမ်၊ စားဘာလဲနာမ်၊ နာမ်တခုထဲဖြစ်နေပြီ။ အဲဒါ အရူပစိတ်ခေါ်တယ်နော်။ ထိလိုက်တာလဲနာမ်၊ သိလိုက်တာလဲ နာမ်၊ ယိုတာလဲနာမ်၊ ပေါက်တာလဲနာမ်၊ ချတာလဲနာမ်၊ နာမ် တခုထဲ ဖြစ်နေပြီ။ နာမ်တခုထဲကနေပြီးတော့ နာမ်ဝေဒနာက နေပြီး- နာမ်စိတ်ပြောင်းလိုက်တော့ ဝေဒနာသိ ခသးသလား၊ ဝေဒနာချုပ်သွားပြီ။ နာမ်စိတ်ဖြစ်နေတယ်။ ဖိုလ်စိတ်ဖြစ်အောင် လို့ တံဘားခင်းလိုက်တာ။ ဝေဒနာသည် နာမ်ပါလား။ နာမ်၏ သဘော ဘာလုပ်တတ်သလဲ- သူ့သဘော ကြည့်လိုက်တယ်။ ရုပ်နာမ်နှစ်ပါးစုံ ချုပ်တော့မယ်။ ဒုက္ခ-သုခ ချုပ်ဘော့မယ်"

"အဲ-ဝေဒနာသည် နာမ်ပါလား။ နာမ်၏သဘော ဘာ လုပ်တတ်သလဲ၊ သူ့၏ သဘော ကြည့်လိုက်တယ်။ သူ့သဘော ကြည့်လိုက်၊ အော်—နာမ်၏တရားဟာ မျက်စိနဲ့ မြင်လိုက်တဲ့ အချိန်အခါ—အဆင်းကိုလဲ ခံစားလိုက်တယ်။ အသံကိုလဲ ခံစား လိုက်တယ်။ အနံ့ကိုလဲခံစားလိုက်တယ်။ ရသာကိုလဲ ခံစားလိုက်

တယ်။ အောင်-ဒါက သုခဝေဒနာသိပြီး၊ ဓာတ်ကြီးလေးပါး ပေါ်လာတဲ့ဝေဒနာ၊ ဒုက္ခဝေဒနာ- နာမ်တရား- ဒုက္ခဝေဒနာ၊ သုခဝေဒနာ ခံစားနေပါလား၊ ဒုက္ခလဲမရှိ၊ သုခလဲမရှိ၊ သညာ ပါလား၊ ပညတ်ပါလား၊ ဒုက္ခဆိုလို့ရှိရင်ဖြင့် ဒေါသဖြစ်လိမ့် အုံးမယ်။ သုခဆိုလို့ရှိရင်ဖြင့် ရာဂဖြစ်လိမ့်အုံးမယ်။ ဒုက္ခလဲမရှိ၊ သုခလဲမရှိ၊ ပစ္စုပ္ပန်စိတ်ကလေး ဘာရှိသလဲ- ပစ္စုပ္ပန် ကြည့်လိုက် တယ်၊ ပစ္စုပ္ပန် ကြည့်လိုက်တော့- နာမ်၏ သာမညလက္ခဏာ ခံစားတဲ့ သဘောသက်ကလေးဆိုတော့-ရုပ်နာမ်နှစ်ပါး 'စုံ'ချုပ် သွားပြီ၊ ဘာလဲတဲ့၊ ကာလဝိမုတ္တိစိတ် ဖြစ်သွားပြီ၊ ကဲ-ဖြင်ပျက် ရှိသေးသလား၊ ဒုက္ခ-သုခ ရှိသေးသလား၊ နာမ်၏ လက္ခဏာ ပစ္စုပ္ပန်ခံစားတဲ့သဘော၊ အသံကြားလိုက်တဲ့အခါလဲ ခံစားတဲ့ သဘောသက်သက်ကလေး သာမညလက္ခဏာ၊ နာမ် သာမည လက္ခဏာနော်၊ နှာခေါင်းနဲ့အနံ့နဲ့ ထိမှန်လိုက်တဲ့အခါလဲ အနံ့ ရှုပ်ပေါ်မှာ ခံစားတာ်တဲ့သဘောကလေး၊ အနံ့ရယ်လို့ မသိ တော့ဘူး။ ခံစားတတ်တဲ့ သဘောသက်သက်ကလေး၊ လျှာနဲ့ ရသာနဲ့စားလိုက်တဲ့ အချိန်အခါ ခံစားတဲ့ သဘော သက်သက် ကလေး၊ အတွေ့နဲ့ ကိုယ်နဲ့ထိမှန်လိုက်တဲ့ အချိန်အခါ ခံစားတဲ့ သဘောသက်သက်ကလေး၊ မနောနဲ့ ဓမ္မနဲ့ ပေါင်းဆုံလိုက်တဲ့ အချိန်အခါ၊ ခံစားတဲ့ သဘော သက်သက်ကလေး၊ ယိုတာလဲ ခံစားတယ်၊ ပေါက်တာလဲခံစားတယ်၊ လှုမ်းတာလဲ ခံစားတယ်၊ ချလိုက်တာလဲ ခံစားတယ်၊ ထိုင်တာလဲ ခံစားတယ်၊ အိပ်တာလဲ ခံစားတယ်၊ ကေဂ္ဂတာ တည်မသွားဘူးလား။ ပီတိ- သုခ ကေဂ္ဂတာ တည်သွားပြီ။ ဘယ်ပေါ်မှာ ပီတိသုခ—ကေဂ္ဂတာ

တည်သလဲတဲ့၊ နာမ်၏သာမညလက္ခဏာ ပေါ်မှာ တည်သွား တယ်။ နာမ်၏လက္ခဏာပေါ် တည်သွားပြီ၊ ဖြစ်ပျက် ရှိသေး သလား၊ အဲ-ရုပ်နာမ် ရှိသေးသလား၊ ဝေဒနာ ရှိသေးသလား၊ ဒုက္ခ -သုခ ရှိသေးသလား”

“ချုပ်ကုန်ပြီ၊ အဲဒါ ဂေါတြဘူစိတ် လက္ခဏာစိတ်ခေါ်တယ်၊ အဲ-လက္ခဏာပေါ်တည်မသွားဘူးလား။ အိန္ဒြိယသံဝရသီလ လုံ မနေဘူးလား။ အတိတ်ကာလတုန်းက မိန်းမမြင်၊ ယောကျ်ား မြင်၊ ခွေးမြင်၊ နာတယ်၊ ကိုက်တယ်၊ ထုံတယ်၊ ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုတဲ့ အကုသိုလ်စေတသိက်တွေ ရှိသေးသလား။ အတိတ်ကအမှား ယုံမှားခြင်း ပယ်လိုက်ပြီး။ ဘာ့ကြောင့် ပယ် လဲဘဲ့-သမ္မာအသိ ဖြစ်သွားပြီ၊ မိစ္ဆာခဘွင့်ရှိသေးသလား။ အဲဒါ ကြောင့်မို့လို့ ဒကာ-ဒကာမများ အခုဟောတဲ့ဥစ္စာက ဘာလဲ၊ အဆင့်ဆင့်တရားကို တင်ပေးသွားတာ၊ ဒီလိုမှတင်မပေး၊ ရှုတာ လေးရှု- ဘော်ကြာရင်း ရှုရင်း၊ တော်ကြာရင်း ရှုရင်း၊ တော်ကြာရင်း ရှုရင်း၊ လက်စသတ်ပါမလား။ ရှုလို့ကို လက်စ သတ်မှာမဟုတ်ဘူး”

“တော်တော်ကြာ တခုမြင်ရတယ်။ တော်ကြာမြင်တယ်၊ တော်ကြာမြင်တယ်၊ တော်ကြာမြင်တယ်။ မြင်လို့ လက်စသတ် ပါမလား။ တော်တော်ကြာ-ကြာရပြန်ပြီ။ တော်တော်ကြာ ကြာရအုံးမယ်။ တော်ကြာ အသံကလာအုံးမယ်၊ တော်ကြာ အသံကလာအုံးမယ်၊ ဘော်တော်ကြာ-ကြာလိုက်၊ တော်တော်

ကြာ-ကြားလိုက်၊ တော်တော်ကြာ-ကြားလိုက် ကြားလို့လက်စသတ်ပါအုံးမလား၊ တော်ကြာ-နံ့ရလိမ့်အုံးမယ်။ တော်ကြာနံ့ရမယ်။ နံ့လို့လက်စသတ်ပါအုံးမလား။ တော်ကြာ ယိုရလိမ့်အုံးမယ်။ ဘုရားက-မြင်မမြင် မမြဲရဘူးတဲ့၊ ဘုရားဟောထားတာနော်၊ မြင်တယ်မရှိ၊ ကြားတယ်မရှိ၊ နံ့တယ်မရှိ၊ စားတယ်မရှိ၊ ထိတယ်မရှိ၊ သိတယ်မရှိ၊ ယိုသူမရှိ၊ ပေါက်သူမရှိ၊ လှမ်းသူမရှိ၊ ထသူမရှိ၊ ထိုင်သူမရှိ၊ အိပ်သူမရှိ၊ ဘာရှိသလဲ—နာမ်၏လက္ခဏာခံစားတဲ့ သဘောသက်သက်ကလေးသာပဲ ရှိတယ်။ ဒါတော့မသိဘူး”

“အခုတော့-ပုဂ္ဂိုလ်တွေသိနေတာ မြင်တာကြီးသိနေတယ်။ ကြာတာကြီး သိနေတယ်။ လေးဘက် ထောက်ရမယ်။ ဘာကြောင့်လဲ၊ ပညတ်ကြီး-သမ္မုတိကြီးနော်- ဝိပဿနာမဟုတ်ဘူး။ ဝိပဿနာဆိုတာ သဘောလက္ခဏာလေး၊ သမထဝိပဿနာကွဲဖို့အရေးကြီးတယ်။ အဲဒီတော့ - သမထ ဝိပဿနာ ကွဲဖို့ဟာကဘာလဲဆိုတော့— အခုဟာက သဘောတင်ပြီးတော့ ပြောလိုက်တာ၊ ဒကာကြီးတို့ ဦးပဥ္စင်းတို့ဟာ သံသရာလဆန်းတရက်ထဲကဒါတွေက—ဦးပဥ္စင်းတို့ အာနိသင် ဆရာတွေက သွန်သင် ဆုံးမလာတော့-ဒါပဲသိရတယ်ကိုး။ အခု သာသနာကြီးမှီတော့—သာသနာကြီးမပေါ်ရသေးတော့-ဒါပဲသိရအုံးမှာပဲ။ သာသနာကြီး ပေါ်တော့-အခုတော့ အသူမှား-အမှတ်မှားကိုခြေနင်းပြီးဒီဟာကို လိုက်ရတော့မယ်။ အနုတ္တသာသနာ၊ အနုတ္တမြင်အောင်လိုက်ရတော့မယ်။ ဒကာကြီးတို့ ဦးမဥ္စင်းတို့ အတိတ် ကာလ

တုန်းက-အားကိုးနေတာက ဘယ်ဟာအားကိုးနေသလဲဆိုတော့-ဥပမာလေး ဆောင်ပြရအုံးမှာပေါ့”

"လောကီ ပညာရှိ"

“ဘယ်လိုဥပမာလေး ဆောင်ပြရမလဲဆိုတော့-အတိတ်ကာလတုံးက-ဝိဒေဟရာဇ်မင်းကြီး- တိုင်းပြည်မှာ အမတ်လိမ္မာတွေ မရှိဘူးလား၊ ဝိဒေဟရာဇ်မင်းကြီးက အမတ်လိမ္မာတွေကို တခါတည်းကို တံစိုးလက်ဆောင် လခကောင်းပေးတယ်။ဘာကြောင့်လဲ၊လခကောင်းကောင်းပေးထားတော့ သိန်း–ဒေဝိန်း-ကာမိန်း ပဂုတ်–ခလေးဦးသားအမတ်၊ အမတ်ကြီးတွေမဟုတ်လား၊ ဘုရင့်အနားကို တခါတည်းကို သူတို့ကနေရတာ ညီလာခံဝင်ပြီးတော့ တခါတည်းကို ဝိဒေဟရာဇ်မင်းကြီးကို တခါတည်းကို အဘိုင်ပင်ခံနေပြီးတော့–သူတို့က အမတ်ကြီးတွေကို;”

“အဲဒီတော့ အတိုင်ပင်ခံအမတ်ကြီးတွေဆိုတော့ သူတို့ကို ပညာရှိသုံခမိန် လခကောင်းကောင်းရကြတယ်။ အဲဒီတော့ လခကောင်းကောင်းရတော့ သူတို့က ခိုင်းတိုင်း-ခိုင်းတိုင်း ပြည်သူပြည်သားတွေ လုပ်ရမယ်မဟုတ်လား၊ လုပ်ရမယ်ဆိုတော့ အဲဒီတော့- လုပ်ရမဲ့တရားဟာ သူတို့က–သူတို့ကခိုင်းတော့ လုပ်ရမှာပဲ။ ဘယ်လိုလုပ်ရမလဲဆိုတော့ သူတို့ကပြောတာက ဒိုနဂိုလ်တုံးက ပေါ်ပင်က သူဇိုးကိုး-ဒကာကြီးတို့ရဲ့”

"အဲဒီတော့ နောက်ပိတ်ဆုံးကျတော့ နောက်ပိတ်ဆုံး သာသနာဝင်လာပြီမဟုတ်လား၊ သာသနာဝင်လာတာ ဥပမာ လေးတင်ပြီးပြောတာ- နောက်ပိတ်ဆုံး သာသနာမိလာတော့ ဘာဖြစ်သာသလဲဆိုလို့ရှိရင် သိန်း- ဒေဝိန်း- ကာမိန်း- ပဂုတ် လေးဦးသားအမတ်က လက်ဦးဆုံးသော ပညာရှိသုခမိန်းဗျား။ နောက်တော့ သူတို့ သိန်း-ဒေဝိန်း-ကာမိန်း ပဂုတ် လေးဦးသား အမတ်ထက်-ပညာကြီးတဲ့ မဟောသဓါပေါ်လာပြီ၊သားတော် လေးပေါ်လာပြီ၊ ဝိဒေဟရာဇ်မင်းကြီး- အားကိုးရမယ့် သား တော်လေးပေါ်လာပြီ၊ လက်ဦးတုံးကတော့ ဝိဒေဟရာဇ်မင်း ကြီးဟာ အဲ....သိန်း- ဒေဝိန်း- ကာမိန်း- ပဂုတ် လေးဦးသား အမတ်ကို အားကိုးနေရတာ နောက်ကျတော့ သားတော်ပေါ် လာတဲ့ အချိန်အခါကျတော့ ဒါလဲပဲ လက် ဦး တုံး က တော့ အမှတ်ခန့်ထားတဲ့ ဥစ္စာကို မဟောသဓါကို အထင်မကြီးသေး ဘူး။ ဝိဒေဟရာဇ်မင်းကြီးကလဲပဲ မဟောသဓါကို အထင်မကြီး သေးဘူး"

"ဘာကြောင့်လဲတဲ့ လက်ဦးတုံးက ဥပါဒါန်ကနေပြီး၊ သူ ပေးထားတဲ့ လခကောင်းကောင်းပေးထားတဲ့ သိန်း-ဒေဝိန်း- ကာမိန်း ပဂုတ်လေးဦးသားအမတ်ဟာဖြင့် မဟောသဓါ နောက် မှပေါ်ရတာကိုး။ သိန်း-ဒေဝိန်း-ကာမိန်း-ပဂုတ် လေးဦးသား အမတ်ကို အရင်ပဲမေးတယ် ဒကာကြီးတို့ရဲ့ အဲဒါဖြင့်ဒကာကြီး အခု သမာထန့်ဝိပဿနာဆိုတာ သိန်း-ဒေဝိန်း-ကာမိန်း-ပဂုတ် လေးဦးသား အမတ်ရှုပုံ။ နောက် မဟောသဓါရှုပုံ၊ သိန်း-

ဒေဝိန်း-ကာမိန်း-ပဂုတ်လေးဦးသား အမတ်ကဘာကိုရှု၊အကျိုး တရားရှုပုံ၊ သမထရှုပုံ၊ မဟာသမေါရှုပုံက- အကြောင်းတရား ရှုပုံ၊ အကြောင်းသတ်- အကျိုးသတ်နှစ်ဌာနရှိတယ်။ လမ်း ကြောင်းနှစ်သွယ်ဟာကို ဆိုလိုရှိရင် ဝိပဿနာ-သမထခွဲတဲ့ လမ်း ကလေး၊ခွဲချင်လို့နော်-ဦးပဉ္စင်းဂူမှာ သမထကြီး- သမထကြီးလို့ ပြောလို့ပါနော်-အဲဒီတော့ သမထနဲ့ဝိပဿနာနဲ့ ခွဲချင်လို့ အဲဒီ တော့ သမထနဲ့ဝိပဿနာ တွဲတွဲရှုပုံတွေကို ပြောချင်လို့- သိန်း- ဒေဝိန်း-ကာမိန်း-ပဂုတ် လေးဦးသားအမတ်ရှုပုံ၊ မဟာသမေါ ရှုပုံ၊ ဥပမာလေး တင်ပြောတာပါ။ယောဂီတွေ သဘောပေါက် အောင်လို့နော်"

## "ပတ္တမြား ရတနာ"

"အဲဒီတော့ ဝိဒေဟရာဇ်မင်းကြီးရဲ့ နန်းတွင်းထဲမှာ ရေကန် ကြီးတကန်ရှိတယ်။ ရေကန်ကြီးတကန်ရှိတော့ အကျိုးသတ်၊ အကြောင်းသတ်နှစ်ပါး ရှုပုံရှုနည်းတွေကို ပြောချင်လို့ အဲ.... ဥပမာလေးဆောင်ပြောမှ ဒကာ-ဒကာမများ သဘောပေါက် မယ်။ အဲဒီတော့ ဝိဒေဟရာဇ်မင်းကြီး တိုင်းပြည်မှာ နန်းတွင်း မှာ ရေကန်ကြီးတကန်ရှိဘယ်။ ရေကန်ကြီး ရေကန်ဘောင်ရိုး ပေါ်မှာ ထန်းပင်ကြီးတပင်ရှိတယ်။ ထန်းပင်ကြီးပေါ်မှာ စွန် သိုက်ကလဲရှိတယ်။ စွန်သိုက်ထဲမှာ စွန်ချီထားတဲ့ ပြည်တန်တဲ့ ပတ္တမြားကြီးက စွန်သိုက်ထဲမှာ သားတစ်မှတ်လို့ စွန်ကချီလာ ပြီးတော့ ပတ္တမြားကြီးကို ဝင်းဝင်းတောက်ပြီး ထိန်နေတာ

ပေါ့။ စွန်သိုက်ထဲမှာလေ၊ စွန်သိုက်ထဲမှာထိန်နေတော့ တခါ ထဲကို နန်းတွင်းသူနန်းတွင်းသားတွေက ဥဩြဘ်သောင်းသောင်း ဖြစ်တယ်”

“ဟာ....ရေကန်ထဲမှာ ဝင်းဝင်းကြီးပေါ်နေတယ်၊ ဝင်း ဝင်းကြီးပေါ်နေတယ်ဆိုတော့ ဒါကို သိန်း-ဒေဝိန်း-ကာမိန်း- ပဂုတ် အမတ်ကြီးလေးဦးသား ကြားတာပေါ့၊ ရှင်ဘုရင်လဲ ကြားတော့ အဲဒီမှာ နန်းတွင်းသူ နန်းတွင်းသားတွေ ဥဩြဘ် သောင်းသောင်းဖြစ်တဲ့ အချိန်အခါကျတော့ သိန်း-ဒေဝိန်း- ကာမိန်း-ပဂုတ်လေးဦးသား အမတ်ကိုသွားပြောတော့ ဝိဒေ ဟရာဇ်မင်းကြီးပါ ရှုစားပါဆိုတော့ ရှုစားတော့ ထန်းပင်ပေါ် က စွန်သိုက်တဲက ပြည်တန်တဲ့ ပတ္တမြားလုံးကြီးက ဝင်းနေတာ ကိုး-ကန်ရိပ်သွားပြီး အရိပ်ထိုးနေတယ်။ ရေထဲမှာ အရိပ်ထိုး နေတော့ သိန်း- ဒေဝိန်း- ကာမိန်း- ပဂုတ်လေးဦးသားအမတ် ရယ်-ဝိဒေဟရာဇ်မင်းကြီးရယ်ကြည့်တယ်။ သိန်း-ဒေဝိန်း-ကာ မိန်း-ပဂုတ်လေးဦးသားအမတ် ဒီပတ္တမြားကို အကျွန်ုပ်ဆက်သ ရမယ်”

“မှန်လှပါဘုရား တပည့်တော်တို့ဆက်သပါမယ်ဘုရား။ မြင်နေ တာပဲ ရအောင်ယူပါမယ်ဘုရားဆိုပြီးတော့ သိန်း-ဒေဝိန်း-ကာ မိန်း-ပဂုတ် လေးဦးသားအမတ်က ဝိဒေဟရာဇ်မင်းကြီးကို ပဋိဉာဉ် ဥာဏ်ဝန်ခံတယ်။ ခံလိုက်တာပဲ ခံလိုက်တော့ ဝိဒေဟရာဇ် မင်းကြီးက စိတ်ချ-လက်ချ နန်းတွင်းဝင်တာပေါ့၊ တခါက

မောင်းကြေးနှင်းခတ်ပြီး တိုင်းသူပြည်သား လူအများတို့ကို သိန်း-ဒေဝိန်း-ကာမိန်း-ပဂုတ် လေးဦးသားအမတ်က မောင်းကြေးနှင်းခတ်ပြီး ခေါ်တာပဲ”

“ခေါ်တာ ဘာကြောင့်ခေါ်သလဲဆိုတော့ကာ ဟိုမှာ ထန်းပင်ပေါ်က ပတ္တမြားအကြောင်းမဟုတ်လား၊ အကြောင်းတရားကြောင့် အကျိုးတရားအရိပ်ကြီးထင်နေတယ်။ ထင်နေတဲ့ ဥစ္စာကြီးက အရိပ်ကြီးဗျ၊ ဒကာကြီးတို့ ဦးပဥ္စင်းတို့ရဲ့ ခန္ဓာကြီးဟာ အတိတ်က “ကံ”အကြောင်းတရားမို့လို့ အကျိုးတရား အရိပ်ကြီးဗျနော်—ဒီဟာကြီး အရိပ်ကြီးမဟုတ်လား၊ ရှိတယ်လို့ထင်နေတယ်။ မရှိတာကို ရှိတယ်လို့ထင်နေတယ်။ မရှိတာကြီးကို ရှိတယ်လို့ထင်နေတာက အရိပ်ကြီးဗျနော်”

“အဲဒီတော့ သိန်း-ဒေဝိန်း-ကာမိန်း-ပဂုတ် လေးဦးသားက တိုင်းသူပြည်သား လူအများတွေကိုခေါ်ခဲ့ပြီးတော့ တခါထဲ မောင်းကြေးနှင်းခတ်ပြီးတော့ ရေကန်ထဲက ပတ္တမြား ပြတဲ့ပြီးတော့ ရေတွေကို တခါထဲအပတ်ခိုင်းတာပေါ့- ဒကာကြီးတို့ရာ။ ဟာ....တိုင်းသူပြည်သား ပင်ပန်းလိုက်တာဆိုတာ ပက်လိုက်ရတာဆိုတာ ဘယ်ပြောကောင်းမလဲ ပက်တော့ ရေတွေခမ်းကုန်ရော ခမ်းကုန်တော့ ရေကန်ထဲမှာ ပတ္တမြားရှိသလား မတွေ့ဘူး။ မတွေ့တော့ဟာ တော်တော့မြုပ်သွားပြီ၊ တိုင်းသူပြည်သားလူအများကို တူးခိုင်းတာပေါ့။ တူးပြန်တော့လဲမရဘူး။ သိန်း-ဒေဝိန်း-ကာမိန်း-ပဂုတ် လေးဦးသားအမတ်က တိုင်းသူ

ပြည်သားလူအများကို ဆင်းရဲအောင်ရေပက်ခိုင်းနေပြီ၊ ရေခမ်း လဲခမ်းသွားရော မြေကြီးတူးခိုင်းတော့လဲ မရဘူး”

“မရတာဘာကြောင့်လဲ သိန်း- ဒေဝိန်း- ကာမိန်း- ပဂုတ် လေးဦးသားအမတ်ဟာဖြင့် ဘာကိုလဲတဲ့ ပတ္တမြားအရိပ်ကိုရှိတယ် လို့ထင်မှတ်ပြီးတော့နေတယ် မရှိဘာကို။ အဲ....မရှိတာကိုရှိတယ် လို့ထင်မှတ်ပြီးတော့ ပုဂ္ဂိုလ်သတ္တဝါ တိုင်းသူပြည်သားတွေကို တခါတည်းညှင်းပန်းတယ်။ တခါတည်းညှင်းပန်းတော့ ပက် လိုက်ရတာရေတွေကို၊ လေးဦးသားအမတ်တို့ ဖတ်ဖတ်ကိုခါ ရော-မရဘူး။အဲဒီတော့မှ ဝိဒေဟရာဇ်မင်းကြီးဆီကိုဝင်ပြီးတော့ မှန်လှပါဘုရား-ဘုရားတပည့်တော်တို့ မရတော့ပါဘုရား-အဲဒီ တော့ မရတော့ ဟေး....ဒါဖြင့် အဲဒီတော့မှ နောက်ပိတ်ဆုံး ကျတော့မှ သတိရတယ်။ သားတော် မဟောသဓါ ရှေ့တော် သွင်းစမ်း၊ သားတော် မဟောသဓါ ရှေ့တော်သွင်းစမ်းဆို တော့ ရှေ့တော်သွင်းလာတယ်”

“အဲဒီတော့ ဝိဒေဟရာဇ်မင်းကြီးက တခါအမိန့်ရှိတယ်။ ဟေ့....သားတော် မဟောသဓါ အဲဒီမတ္တမြားကို ဘခမည်း တော်အထင် သားတော် မဟောသဓါ ခမည်းတော်ကို အသင့် ရအောင်ဆက်သနိုင်ပါ့မလားဆိုတော့ ဟိုကသိတယ်။အကြောင်း တရား အကျိုးတရားကိုသိနေလို့ ကေန္တ-သိန်း-ဒေဝိန်း-ကာ မိန်း-ပဂုတ် လေးဦးသားအမတ် ပတ္တမြားကတော့ ဒီမှာ ကန် တဲမှာ အရိပ်ထင်နေတဲ့ဥစ္စာ၊ ပတ္တမြားက အထက်မှာ

သူကအကျိုးတရားကြီးကို ရှိတယ်ထင်မှတ်နေတာပါလားဆိုတာ မဟာသမ ါ အဲ....ပညာရှိသူခမိန်ကိုး အဲဒီတော့ ဝန်ခံတယ်။ မှန်လှပါဘုရား- အလျှင်အမြန်ခုချက်ခြင်း ဘုရားသားတော် ဘခမည်းတော်လိုချင်တဲ့ ပြည်တန်တဲ့ပတ္တမြား အခုချက်ခြင်း ဆက်သပါမယ်ဘုရား"

"ပဋိဥာဉ် ပေးတာပဲ-ဒကာကြီးတို့ ပဋိဥာဉ်ပေးတော့ ဝိဒေဟရာဇ်မင်းက ဝမ်းသာတာပေါ့လေ၊ သိန်း-ဒေဝိန်း-ကာမိန်း ပဂုတ်ကတော့ လက်မြှောက်သွားတယ်။ တိုင်းသူပြည်သား တွေလဲ့ ဖယ်ဖတ်ကိုမောသွားတာပဲ၊ ရေမကိုရတာနေ့၊ မြေ ကြီးတွေတူးရတာ အဲဒီတော့ မဟာသမ ါ သုခမိန်က ဖွားဘက် သားငါးရာကို ကဲ့....တိုင်းသူပြည်သားတွေကို ရေကန်ထဲ ရေ သွင်းလိုက်စမ်း တခါထဲ ရေသွင်းလိုက်ပါရော၊ ရေသွင်းလိုက် တော့ ပြည့်လာပလား၊ မဟောသမ ါ ဖွားဘက်သားတွေကို ခိုင်းလိုက်ဘယ်"

"ရေကြည်လာပြီလား"

"ဖောက်သွင်းတာ ကြည်လာပလား"

"ဖောက်သွင်းတာ ကြည်လာပါပြီဘုရား။ အဲ....ပတ္တမြား ကြီးပေါ်လာပြီလား။ ကြည့်စမ်း။ ပေါ်လာပါပြီဘုရား"

"အဲ....တိုင်းသူပြည်သားတွေ သိန်း-ဒေဝိန်း-ကာမိန်း-ပဂုတ် လေးဦးသားကိုခေါ်ပြီးတော့ ပက်ခိုင်းတယ်။ ဒကာ-ဒကာမ

တွေ တိုင်းသူပြည်သားတွေ မောင်းကြေးနင်းခတ် ခေါ်အုံး။ အဲဒီတော့ သိန်း-ဒေဝိန်း-ကာမိန်း-ပဂ္ဂတ် လေးဦးသားအမတ် ရေပတ်ခိုင်းတဲ့-ဒကာ-ဒကာမတွေခေါ်အုံး ခေါ်ပေးတော့လာ ကြတာပေါ့။ လာကြတော့ အား....ကြည့်စမ်း။ ခုနတုံးကတော့ မတွေ့ဘူး။ အခုတော့ ဟိုမှာပေါ်နေပြန်ပြီ။ ပတ္တမြားကြီးဆို တော့ အဲဒီတော့မှ မဟောသဓါက နန်းတွင်းထဲကနေပြီးတော့ ငွေဖလား၊နဲ့ ရေကြည်ကြည်ထည့်လာတယ်''

''အဲဒီတော့ တိုင်းသူပြည်သားလူအများ ဖွားဘက်ငါးရာကို အသင်တို့ အဲဒီပတ္တမြားဟာ အခုဘယ်မှာရှိသလဲ။ ရေကန်ထဲ မှာပါဘုရား။ အေး....ရေကန်ထဲမှာရှိတယ်လို့ ထင်မှတ်နေရ တယ်။ အဲ....ရေကန်ထဲမှာရှိသလား- မရှိဘူးလားဆိုတဲ့ဥစ္စာ အသင်တို့ အလျဉ်းမရှိတဲ့ တရားကြီးကို ရှိတယ်လို့ထင်မှတ်တာ။ ရေကန်ထဲမှာမရှိပါဘူး။ရှိတဲ့အကြောင်းတရားကို ပညာပြတော့ မှာကိုး''

မဟောသဓါက ငွေဖလားထဲ ရေကြည်ကြည်ထည့်ပြီးတော့ အဲဒီပတ္တမြားအရိပ်နေရာကိုသွားပြီးတော့ ခွက်ထိုးခံလိုက်တော့ ဟဲ့....တိုင်းသူပြည်သားလူအများတို့ ရေကန်ထဲမှာ ပတ္တမြားရှိ သေးလား။ ပြပြီ။ မရှိတော့ပါဘူးဘုရား။ ကဲ....လာကြည့်စမ်း ဟောဒီမှာ ဖလားထဲမှာဆိုတော့ အထက်ကအရိပ်နဲ့ ဖလားထဲ မှာ ပတ္တမြားတုံးကြီး ထင်နေပြန်ပြီ။ ကဲ....တိုင်းသူပြည်သား

လူအများ ဖွားဘက်သားငါးရာ အဲဒီပတ္တမြားလုံးကြီးဟာ အဲဒီ ရေကန်ထဲမှာ နှိုက်ပြီးယူကြစမ်းပါ။ရအောင်ဆိုပြီး-ခိုင်းပြန်ပြီ။

"အဲဒီတော့ နှိုက်လို့ဘယ်ရမလဲ မရှိတာကြီးကိုနော်–မရှိတာ ကြီးကို နှိုက်နေပြီ။ မရှိပါဘူး။ မရှိပါဘူးတဲ့။အေး....ဖွားဘက် သားငါးရာ ဟောဟိုစွန့်သိုက်ထဲမှာရှိလေရဲ့။ အလျင်အမြန်တက် စမ်းဆိုတော့ ဖွားဘက်တော်ငါးရာထဲက တယောက်တက်ခိုင်း တော့ ပတ္တမြားကြီးရရော့ဗျ။ အဲဒီတော့ မဟောသဓါသုခမိန် ကတော့ တိုင်းသူပြည်သားတွေမညှဉ်းဘူး။ ဘာကြောင့်လဲ အကြောင်းတရား၊ အကျိုးတရား၊ အကြောင်းသတ်လိုက်တာ ကိုး–ဒုက္ခကြီးတို့ရဲ့"

"အကြောင်းသတ်တဲ့တရားက ဘယ်လိုတရားလဲ မဟောသဓါ သုခမိန် အကြောင်းသတ်တဲ့တရား။ သိန်း-ဒေဝိန်း-ကာမိန်း- ပဂုတ် လေးဦးသားအမတ် အကျိုးသတ်တဲ့တရား။သမထတရား၊ သမထတရားက ဘယ်တရားလဲ။ ကဲ....ခန္ဓာကိုယ်ထဲက ဓာတ် ကြီးလေးပါးပေါ်လာလို့ရှိရင် ဓာတ်လဲမရှု- ရုပ်လဲမရှု- နာမ်လဲ မရှု- အဲ....လက္ခဏာလဲမရှု-မရှုတာ ဘာလို့မရှုသလဲ၊ တင်းတာ ကိုရှုတယ်။ တင်းတယ်-တစ်းတယ်–ဘောင့်တယ်–တောင့်တယ်– ထုံတယ်–ပူတယ်–အေးတယ်–ဆင်းရဲဘယ်- ချမ်းသာတယ်–လှုပ် တယ်-ရွတယ်–ဒီလိုရှုတာ အဲဒါ သမထ။သိန်း-ဒေဝိန်း-ကာမိန်း ပဂုတ်က အရိပ်ကြီး ဖမ်း နေ တယ်။ ကန် ထဲ က အ ရိပ် ကြီး အကြောင်းတရားကဘာလဲ ပတ္တမြားအရိပ်က ဘာလဲဘဲ နာမ်နဲ့

ရုပ်လက္ခဏာ၊နာမ်လက္ခဏာ– ရုပ်လက္ခဏာ– အသုဘလက္ခဏာ၊ လက္ခဏာသုံးပါးအကြောင်းတရားကြီး–မဟုတ်လား”

“ဒီအကြောင်းတရားကိုမရှုဘူး။ နာမ်နဲ့ရုပ်ကိုမရှုဘူး။ ဘယ့်နှယ်–အကျိုးတရာကြီး အရိပ်ကိုတင်းတာကြီးကိုရှုတယ်၊ တောင့်တာကြီးကိုရှုတယ်၊ ထုံတာကြီးကိုရှုတယ်။ အဲဒီဒရကန့်ထဲမှာ ရေပတ်နေတာ။ သိန်း–ဒေဝိန်း–ကာမိန်း–ပဂုတ် လေးဦးသား အမတ် အဲဒီမှာ မရှိတဲ့တရားကို ရှိတယ်လို့ ရေတွေအပက်ခိုင်းနေတာ။ တံခါးခြောက်ပေါက်က အာရုံငါး– အာရုံခြောက်ပါးနဲ့ တိုက်ခိုက်တိုင်း အရိပ်ဖမ်းပြီး ပတ္တမြားရဲ့အရိပ်ဖမ်းပြီး ရေပက်ပြန်ပြီ”

## “နာမ်ကိုရှု ရုပ်ကိုမရှုနဲ့”

“မြင်တယ်–မြင်တယ်–မြင်တယ်ဆိုတာက အရိပ်ကြီးနော်–အဲ…အကျိုးတရားကြီး၊ အဲ….ကြားတယ်– ကြားတယ်ဆိုတာ အကျိုးတရား၊ နံတယ်–နံတာကြီးရှုတာ အကျိုးတရား၊စားတာကြီးရှုတာ အကျိုးတရား၊ထိတာကြီးရှုတာအကျိုးတရား၊ သိတာကြီးရှုတာ အကျိုးတရား၊ လှမ်းတယ်လို့ရှုလိုက်တာ အကျိုးတရား၊ချတယ်လို့ရှုလိုက်တာ အကျိုးတရား၊ထိုင်တယ်လို့ရှုလိုက်တာ အကျိုးတရား၊ အိပ်တယ်လို့ရှုလိုက်တာ အကျိုးတရား၊မရှိတဲ့တရားရှုတာ။ ပတ္တမြားကို ရှိတယ်လို့ထင်မှတ်ပြီး အရိပ်ကြီးကို ရှုနေတာ။ အဲ့ဒါ အကျိုးတရားသတ်ဆိုတာ သမထပေါ့”

အဲ....မဟာသမေါ သုံးမိနစ်ကတော့ ဘာကိုရှုသလဲ လက္ခဏာ အတ္တကနေပြီး၊ အနတ္တလက္ခဏာရှုတယ်။ ပတ္တမြားကြီး ကို ရအောင်ယူတယ်။ မျက်စိပေါက်က ရုပ်၏လက္ခဏာဘာလဲ၊ သဘာဝလက္ခဏာက မျက်စိကလဲ ပြောင်းလဲ၊ ပြောင်းလဲမြင် တတ်တဲ့သဘောတရား၊ အကြောင်းသတ်လိုက်တာကိုး။ ပြောင်း လဲမြင်တတ်တဲ့သဘော၊ အဆင်းတွေကလဲ ပြောင်းလဲတယ်၊ နာမ် ကလဲပြောင်းလဲတယ်၊ တခါထဲ အကြောင်းသတ်လိုက်တော့ မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ ပါးစပ်တံခါး၊ နာမ်၏လက္ခဏာ သာမညသဘောတရားလေး သိသွားရော။ ပစ္စုပ္ပန်ဆတ်ဆတ်ကလေး သဘောလေးကိုသိသွားပြီ။ မဟာ သမေါက တခါထဲ ပတ္တမြားရအောင်ယူတာ “အကြောင်းသတ် လိုက်တာကိုး” “နာမ်ကိုရှုလိုက်ယာ၊ ရုပ်ကိုမရှုဘူး” အကျိုး တရားကိုမရှုဘူး။ ပတ္တမြားအရိပ်ကိုမရှုဘူး”

“ဘာကိုရှုလိုက်သလဲ မျက်စိနဲ့ မြင်လိုက်တဲ့ အချိန်အခါ ပြောင်းလဲဘာဘ်တဲ့သဘော။ ပြောင်းလဲပြီး ခံစားတတ်တဲ့သဘော နာမ်နဲ့ရုပ်နဲ့ တထပ်တည်းဖြစ်လာတဲ့ဥစ္စာ ခံစားမှုသဘော ဝေ ဒနာ၊ ဝေဒနာကနေပြီး နာမ်-နာမ်ကနေပြီး နာမ်၏လက္ခဏာ ခံစားတတ်တဲ့သဘောလေးဆိုတော့ ကုန်ရောနော်။ အကြောင်း သတ်လိုက်တော့ ပတ္တမြားရရော။ မျက်စိကနေပြီး ပတ္တမြားရပြီ။ ဘယ်လိုရသလဲ-မျက်စိပေါက်ကလဲ ဖြစ်ပျက်မရှိတော့ဘူး။ ရုပ်နဲ့ နာမ်လဲ မရှိတော့ဘူး။ မမြဲတဲ့တရားလဲ မရှိတော့ဘူးနော်၊ အနတ္တ တရားလဲ မရှိတော့ဘူး”

"အဲဒီတော့ မျက်စိတံခါး- နားတံခါး- နှာခေါင်းတံခါး- ပါးစပ်တံခါး-ကိုယ်တံခါး—မနောတံခါး- တံခါးခြောက်ပေါက် အာရုံငါး-အာရုံခြောက်နဲ့ တိုက်ခိုက်တိုင်း တိုက်ခိုက်တိုင်း အတ္တ ကနေပြီး အနတ္တလက္ခဏာ သဘာဝသဘောတင် ရှုလိုက်တာ။ လက္ခဏာရှုတာ၊ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ ရုပ်၏သဘာဝ လက္ခဏာ၊နာမ်သဘာဝလက္ခဏာ၊ ပစ္စုပ္ပန်လက္ခဏာလေးရှုလိုက် တာ-စာထဲက ဟိုသတင်းစာထဲက ဘယ်လိုရေးနေလဲ ဒကာကြီး။ ပစ္စုပ္ပန်- ပဒ္ဒုပ္ပန်ဆိုတာ လက္ခဏာပြောဘာ။ စာလိုသာ ဦးပဥ္စင်းမပြောတတ်တာ။ ဟော....လက္ခဏာဆိုတာဟာလဲပဲ— ပစ္စုပ္ပန်ရုပ်၏ လက္ခဏာကဘာလဲ။ သဘာဝလက္ခဏာ၊ နာမ်၏ သဘာဝလက္ခဏာ၊ ရုပ်၏သဘာဝလက္ခဏာ သဘာဝကပြောင်း လဲ၊ ပြောင်းလဲတတ်တဲ့သဘောတရားလေး။ နာမ်၏ လက္ခဏာ သဘာဝကပြောင်းလဲ၊ ပြောင်းလဲ ညွတ်တတ်တဲ့ သဘာဝ လက္ခဏာ။အဲဒီသဘာဝလက္ခဏာကို ပစ္စုပ္ပန်သဘောတရားလေး ကို ရှုနေတာ။ အဲဒါ သဘောပေါက်တယ်နော်"

"အဲဒီတော့ မဟောသဓါကတော့ တိုင်းသူပြည်သား လူအများကို ရောက်မခိုင်းဘူး—ဒကာကြီးရေ။ သူ့ ဖွားဘက် သားငါးရာကို တခါထဲကို ပညာရှိအမတ် မဟောသဓါအနား ကပ်နေတဲ့အမတ်ကို အတက်ခိုင်းတာပဲ။ အမတ်ကိုအတက်ခိုင်း တော့ အမတ်က ထန်းပင်ပေါ်က တခါထဲ ပတ္တမြားကိုင်ပြီး ဆင်းလာတာပဲ။ ဆင်းလာတော့မှ-အဲဒီတော့မှ ပတ္တမြားပြ တော့ တိုင်းသူပြည်သားလူအများ သိန်း- ဒေဝိန်း- ကာမိန်း-

ပဂုတ်လေးဦးသားအမတ်ကြောင့် ဆင်းရဲတယ်ဆိုပြီး မဟော သမ္ဘါကိုကျေးဇူးတင်တယ်"

"အဲ....အခုလဲပဲ သိန်း-ဒေဝိန်း-ကာမိန်း-ပဂုတ်လေးဦးသား အမတ် ဆိုတာကတော့-ရေကန်ပက်တဲ့တရားက ဘယ်တရားလဲ၊ မြေကြီးတူးတဲ့တရားက ဘယ်တရားလဲ-"နာတာကြီးရှုတဲ့တရား၊ ကိုက်တာကြီးရှုတဲ့တရား" ပူတာကြီးရှုတဲ့တရား၊အေးတာကြီး ရှုတဲ့တရား၊ လှုပ်တာကြီးရှုတဲ့တရား၊ ဆင်းရဲတာကြီးရှုတဲ့တရား၊ ချမ်းသာတာကြီးရှုတဲ့တရား၊ မြင်တာကြီးကိုရှုတဲ့တရား၊ကြား တာကြီးကိုရှုတဲ့တရား၊ နံတာကြီးကိုရှုတဲ့တရား၊ စားတာကြီးကို ရှုတဲ့တရား၊ ထိတာကြီးကိုရှုတဲ့တရား၊ သိတာကြီးကိုရှုတဲ့တရား၊ အဲဒါဘာလဲ သိန်း-ဒေဝိန်း ကာမိန်း-ပဂုတ် လေးဦးသားအမတ် ရေကန်ပက်ခိုင်းတဲ့ ရှုတဲ့တရား အကျိုးသတ်တရားနော်"

"အကြောင်းသတ်တရား"

"အကြောင်းသတ်တရားက နာမ်၏လက္ခဏာ၊ရုပ်၏လက္ခဏာ သဘာဝလက္ခဏာရှုပြီးတော့ နာမ်ကို အကြောင်းကိုသတ်လိုက် တော့ တခါထဲ အကျိုးတရားတွေရပ်ကုန်ရော။ အကျိုးပါသေ သွားရော။ အဲ...မဟောသမ္ဘါကတော့ သဘာဝလက္ခဏာ အကြောင်းသတ်လိုက်တော့ ပတ္တမြားကြီးရတယ်။မျက်စိပေါက် ကလဲ ရုပ်နာမ်မဖြစ်-မပျက်တော့ဘူး။ နာမ်၏လက္ခဏာ ခံစား တတ်တဲ့သဘော၊ကြားလိုက်တဲ့အသံလဲ ခံစားတဲ့သဘော၊ နံတာ

လဲ ခံစားတဲ့သဘော၊ စားတာလဲ ခံစားတဲ့သဘော၊ ထိတာလဲ ခံစားတဲ့သဘော၊ ပေါက်တာလဲ ခံစားတဲ့သဘော၊ယိုင်တာလဲ ခံစားတဲ့သဘော၊ အိပ်တာလဲ ခံစားတဲ့သဘော၊ ခံစားတာ တခုထဲရှိတယ်။ ကေဂ္ဂတာစိတ်ဖြစ်သွားပြီ။ "သီလ-သမာဓိ-ပညာ"မပြည့်စုံဘူးလား"

"သမ္မာဝါယာမ-သမ္မာသတိ-သမ္မာသမာဓိ မဂ္ဂင်ရှစ်ပါး မျက်မှောက်ပြုလိုက်ပြီမဟုတ်လား။ သီလမဂ္ဂင်-သမာဓိမဂ္ဂင်- ပညာမဂ္ဂင်-သီလမဂ္ဂင် အထူးတလည် လုပ်ထိန်းနေရတဲ့သီလလား-မျက်စိပေါက်က ,အထူးတလည်မလုပ်ရတဲ့ လုံပြီးသားသီလ။ မျက်စိအိန္ဒြေမလုံသွားဘူးလား။ နားအိန္ဒြေရော၊ နှာခေါင်း အိန္ဒြေရော၊ ပါးစပ်အိန္ဒြေရော၊ အိန္ဒြေခြောက်တန် လုံသွားပြီ။ သီလမဂ္ဂင်ရသွားပြီ။သမာဓိမဂ္ဂင်က ကေဂ္ဂတာစိတ် မပြောင်းလဲတော့ဘူး။ ကေဂ္ဂတာစိတ် ဖြစ်မနေဘူးလား၊- တခုတည်းသော သမာဓိ၊ ပညာဆိုတာအတိတ်-အနာဂါတ်--ပစ္စုပ္ပန် ကာလသုံးပါး-အဲ....အယူများ-အမှတ်များ-ငါ အတိတ်ကာလတုန်းက ယုံမှားခြင်း၊ အတိတ်ယုံမှားခြင်း၊ ပစ္စုပ္ပန်ယုံမှားခြင်း၊အနာဂါတ် ယုံမှားခြင်း၊ ယုံမှားခြင်း ငါမရှိတော့ဘူး။ "ငါ ဘယ်တော့မှ မျက်စိပေါက်ကနေပြီး အပါယ်လေးပါး ခွေးမဖြစ်တော့ဘူး။ ဝက်မဖြစ်ဘူး၊ နွားမဖြစ်ဘူး၊ ငရဲမခံရဘူး၊ ငါ သီလလုံပြီဆိုတာသိတာ။ သံသယကင်းသွားတယ်။ အဲဒါမှ သောတာပန်၊ သောတာပန်ကြီးက မေ့နေတာမဟုတ်ဘူး။ ဘုရားဆီတောင်းပြီးတော့ ဒီမယ် မေ့နေအောင် လုပ်မနေရဘူး။ ဒီမယ် လက္ခဏာ

စိတ်တခုထဲ တည်နေတာ ဖိုလ်စိတ် ဖြစ်နေပြီ။ ဝမ်နေတာ မဟုတ်ဘူး”

“သောတာပန်က ဘယ်တော့မှ ဖိုလ်မခံစားနိုင်ဘူး။ မိရော ဝ မဝင်နိုင်ဘူး။ ဖလသာဝင်နိုင်တယ်။ အဲဒီတော့ အနုပုဂ္ဂိုလ်တွေ အဲဒီတော့ သောတာပန်တွေ ဖိုလ်စိတ်ရနေတာ အားကြီးပဲ။ နေနေတာတွေ မေ့နေရင် သေလို့ရှိရင် ကိုယ်ကျိုးနဲ့ရော။ ဒါကြောင့် တိရစ္ဆာန်ဖြစ်ရော။ အဲ....တော်လဲတော်လောက်ပါ ပြီ။တရားလဲထိုင်ရအုံးမယ်။ ဦးပဥ္စင်းက အလုပ်သမား၊ အပြော သမားမဟုတ်ဘူးနော်- ဦးပဥ္စင်းက အလုပ်သမားသက်သက်ကြီး ဗျား။ အခု အစိုးရကလဲ အလုပ်သမား-အဲ....အလုပ်သမားဆို တော့ ဦးပဥ္စင်းကလဲ အလုပ်သမား။ လူရည်ချွန်ရှိနေတာ-လူ ရည်ချွန်ကိုရွေးနေတာနော်။ လူရည်ချွန်မွေးတော့ ဦးပဥ္စင်းက လဲ လူရည်ချွန်ရွေးနေတာ။ ဝိပဿနာဆိုတာ လူရည်ချွန်ရွေး တာ။ အဲဒီတော့ အလုပ်သမားမှ သိပြီးရောဆိုတဲ့ ပုဂ္ဂိုလ်တွေ သေခါနီးကျတော့-ဝေဒနာ နာတာကြီး သိရင်သိပြီးရောပေါ့ ဗျာ”

“အဲ....အဲဒီတော့ အခုဟာ အလုပ်သမားမို့ ဦးပဥ္စင်းကလဲ ဒကာ-ဒကာမများ အရေးကြီးတာက တရားထိုင်ဘို့အရေးကြီး ပါတယ်လို့ ကဲ....ဒကာ-ဒကာမတွေ မနုဿတ္တဗုဒ္ဓုပ္ပါဒရခဲ့သော တရား-တရား။ လူရယ်လို့ဖြစ်လာတဲ့အချိန်အခါ မြတ်စွာဘုရား သာသနာတော်ကြီးနဲ့ မိတဲ့အချိန်အခါ ဓမ္မရတနာတွေလဲ ပွင့်

လင်းတဲ့အချိန်အခါ၊ သုံးဦးသုံးပလ္လင်မိတဲ့ အချိန်အခါ၊ သမထ ဝိပဿနာ တရားကျင့်ကြံအား၊ ထုတ်နိုင်ကြပြီး၊ အခု ပစ္စုပ္ပန်ကာလ သာသနာနှောက်ပိတ်ဆုံး သာသနာကြီး၊ မိတဲ့အချိန်အခါ၊ မဟော သဓါပညာရှိသုခမိန်ကို အားကိုးပြီးတော့-ပတ္တမြားကြီးရင်ဝယ် ပိုက်ပြီး ပြည်တန်တဲ့ ပတ္တမြားကြီး ရနိုင်ကြပါစေကုန်တော့ သတည်း"

"သာဓု-သာဓု-သာဓု"ဟု ဝိုင်း၍ခေါ်ဆိုကြပါသည်။ တရား ပွဲကြီးပြီးပါပြီ။ ကျွန်တော့်မှာ မပြီးသေး။ အတန်ကြာသော အခါ-ယောဂီမရိသတ်နှင့်အတူ ကျွန်တော့်မိတ်ဆွေ ဦးနီအနား တွင် ဆရာတော်ဦးသာသန (သုံးခွသဲအင်းဂူကိုက်ခဲ့)နှင့် မိတ် ဆွေများ မေးနေကြပါသည်။

တရားထိုင်ခြင်းလည်း ထူးကဲသောခံစားမှုအရသာကိုကား- တရားပွဲအစ-အလယ်-အဆုံးတိုင် ပြီးမြောက်အောင်မြင်၍ ပန်း တိုင်သို့ ရောက်ခဲ့ပါသည်။ တရားထိုင်ပြီးသည့်အခါ မိတ်ဆွေ ဦးနီနှင့်အတူ အိမ်မဲ့ဇရပ်သို့ ညအိမ်ရန်ပြန်ခဲ့ပါသည်။

+ + +

မှတ်ချက်။

တဘက်ပါ ပရိုက်ရှုကွက်နှင့် ဟောပြောသော တရားများသည်။

## ကျေးဇူးရှင် သဲအင်းဂူဆရာတော် အရှင်ဦးဥက္ကဋ္ဌကိုယ်တော်တိုင်

ဟောပြောပို့ချသုံးနှုန်းထားသော စကားလုံးများ ဖြစ်ပါသည်။ ဘတ်ကောင်းရှုကောင်းအောင် ပြုန်လည်မွမ်းမံပြင်ဆင်ထားခြင်း မပြုဘဲ- နဂိုရ် မူရင်းအသုံးအနှုန်းအတိုင်း ထည့်သွင်းဖော်ပြထား ပါသည်။

ဆရာတော်ဘုရားကြီး ဟောပြောချက်များကို တိတ်ခွေမှ ဆပ်ဆင့်ကူးယူရပါသဖြင့် အထားအသို ချို့ယွင်းပါက စာရေး သူ၏ ချို့ယွင်းချက်သာ ဖြစ်ကြောင်း ဝန်ခံပါသည်။

( ၁၄ )

# "တောက်ပနေသော ကြယ်တပွင့်"

ကျွန်တော်၏ကနဦး "အသုဘ" လက္ခဏာကိုတင်ပြပေးသော ဆရာ၏အကြောင်းကို ကျေးဇူးဆပ်သော သဘောဖြင့်ရင်း တောက်ပနေသော ကြယ်တပွင့်အဖြစ်ဖြင့် သဲအင်းသာသနာတွင် ပေါ်ပေါက်နေသည့် ကိုယ်ကျိုးစွန့် ဝန်ထမ်းနေသော မောင်နှံ ကဏ္ဍာဘရပ်အနေဖြင့် ဖေါ်ပြလိုပါသည်။

လူအမည် ဦးလှဆောင်ဇနီး ဒေါ်ညွန့်တို့သည် အိမ်မဲမြို့ နယ်အပိုင် အိမ်မဲ ခတ္တိယကျေးရွာနေ လယ်သမားဦးကြီး ဦးလှ ဖြူ-ဒေါ်ကြာမယ်တို့မှ သားသမီး(၄)ဦးအနက် ဒုတိယမြောက် သားဖြစ်ကြောင်း နောင်တော်ကြီးမှာ အိမ်မဲမြို့တွင်း လယ်ပေါ် ကျောင်း ကျောင်းထိုင်စာချဆရာတော် ဦးဝရိန္ဒ ဖြစ်ကြောင်း။



သာကေတ(၇)ရပ်ကွက်-မဟာစေတီဝင်း မဏ္ဍပ်ဘုရား အနီးတွင်
“သဲအင်း ခန္ဓာကိုယ်တွေ့ ဝိပဿနာတရား”များကို ပြသနေ
သည့် (ဦးဇဝနတိက္ခ)အရှင်သူမြတ်ပုံတော်။

## တရားပြခြင်းနှင့် ဌာနဖွင့်ခြင်း

ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက်အရ သုံးခွ၊အောင်လံ့ ဟသ်ာတနှင့် သံလျင် နန်းဦးကျောင်း တွင်ရင်း တရားပြ ခြင်းနှင့် တရားဌာန ဖွင့်လှစ်ခဲ့ပါသည်။ ယခု နောက်ဆုံး သာကေတမြို့ (၇)ရပ်ကွက်ရှိ မဟာစေတီ ဘုရားဝင်း ဓမ္မာရုံ ဘုရားအနီးတွင် တရားဌာနသစ်တခု ဖွင့်လှစ်၍ တရားပြသနေရာ ရဟန်း၀ါ (၈)ဝါ ရှိနေပြီဖြစ်ပါသည်။

## တရားဌာန ပေါ်ပေါက်လာပုံ

တနေ့ ရန်ကုန်မြို့ ရွှေတောင်တန်း ဦးတိုးအောင် ဒေါ်ဌေး အောင် တို့၏ အိမ်ပေါ်ထပ်တွင် ခေတ္တ သတင်းသုံး၍ တရား ပြနေစဉ် "တရားဌာနတခု အသင့်ရှိနေပြီဖြစ်ကြောင်း၊ တရား လာပြရန် အချိန်သင့်နေပြီ ဖြစ်ကြောင်း" ရဟန်း သူတော်၏ လျှောက်ထားတောင်းပန်ချက်အရ သာကေတ(၇)ရပ်ကွက်တွင် သွားရောက်၍ သဲအင်းဝိပဿနာတရားကို ပြသနေပါသည်။

ဤအဖြစ် အပျက်ကို သဲအင်း ဆရာတော်ဘုရားကြီးအား သွားရောက်လျှောက်ထားရာ ဆရာတော်ဘုရားကြီးက ခွင့်ပြု တော် မူသည့်ပြင် ဆရာတော်ဘုရား၏ ဆုံးမဩဝါဒကိုလည်း ခံယူလျက်ရှိကြောင်းကိုလည်း သိရှိရပါသည်။

## ပါရမီဖြည့်ဘက် ပဌာန်းဆက်

အရှင် ဦးဇဝနတိက္ခ သည် ယခုအခါ သက်တော်(၆၆)နှစ် ဝါတော်(၈)ဝါ တလျှောက်တွင် (ဒေါ်ညွန့်)ရသေ့ဓအဓမှ သီလရှင်ကြီး ဒေါ်ဓမ္မသီ အဖြစ် ဖြင့် ရင်း၊ နောက်တော်မှ လိုက်၍ တရားအားထုတ်သောယောဂီများ အဓိဋ္ဌာန်ဝင်လာသူ ရှင် လူ ရဟန်း သီလရှင်များအား ချက်ပြုတ် ကျွေးမွေးခြင်း၊ အမျိုးသမီးယောဂီများ နေထိုင်မှုကိစ္စများကို လိုလေသေးမရှိ ရအောင် ကူညီ မစပေးပြီး မိမိကိုယ်တိုင်လည်း တရား အား ထုတ်ခြင်း ကိစ္စများကိုပါ ဆောင်ရွက်ပေးလျက် ရှိနေသည်ကို တွေ့ရှိရပါသည်။

### ကမ္မဋ္ဌာန်းစခန်း

ဦးဇဝနတိက္ခ အရှင်သူမြတ်သည် ရန်ကုန်မြို့တွင်းရှိ ယောဂီ များ သုဝဏ္ဏ,သာကေတ, ဥက္ကလာပ တောင်ပိုင်း မြောက်ပိုင်းမှ ယောဂီများအား တနေ့လျှင် ယောဂီ(၄၀) မှ (၆၀)အထိ တနေ့(၃)ကြိမ် ပိုင်းခြား၍ "ခန္ဓာ ဝိပဿနာတရား"များကို ပြသလျက်ရှိနေပါသည်။

\+ × +

## ဗိုလ်ငါးဗိုလ်လက် ကိုင်ထားလျက်

သကြ္ကန်အခါတော်ရက်ကြီးများ၌ ကျင်းပသော "သဲအင်္ဂုတ္တရပွဲ"များသည် တနေ့လျှင်(၃)ကြိမ် ပြုလုပ်ပေးရာ၊ သကြ္ကန်အခါရက်ကြီး(၆)ရက်တွင် စိတ်ခဲတဲအတော်ပြင်းပြင်း တရားထိုင်ရန် ဖြစ်ပေါ်လာခဲ့ပါသည်။ ကနဦးက ဝဋ်ကျွေးဆပ်ခြင်းကို ကြည့်ချင်သောစိတ် မရှိတော့ပါ။ မိမိအားလာ၍ အကျိုးပေးနေသည့် ဝေဒနာပေါ်လာလျှင် နှာသီးဝ၌ ဘက်လေ-ဝင်လေကို မိမိက ဇွတ်အတင်း အသိကပ်ထားသော်လည်း-နာကျင်သည့်အခါ၊ နာကျင်သည့်ဘက်သို့ မသိချင်၍မနေရ-အသိရောက်သွားပါသည်။

ရုပ် နှင့် နာမ် ကို လည်း အတွဲတကွ ဖြစ်ပြီး၊ အတွဲတကွ ချုပ်ပျက်သည်ကို နားလည်လာပါသည်။ နှာသီးဝမှ အသိလွှတ်ပြီး၊ နာကျင် ကိုက်ခဲသည့် ဘက်သို့ တဘက်သတ် အသိရောက်၍ "နာတယ်-ကျင်တယ်"ဟု ထင်သောအခါ ပို၍နာလာတတ်ပါသည်။ "မခံနိုင်ပါကသား"ဟု ထင်သောအခါ ပို၍မခံမရပ်နိုင်အောင် ဖြစ်လာတတ်သည်ကိုလည်း သိလိုက်ပါသည်။ မိမိစိတ်က သတ်မှတ်သလို နာသဘော-ကျင်သဘော အတက်အကျ ဖြစ်တတ်ပါသည်။ "နာတယ်-ကျင်တယ်"ဟု ထင်သောအခါ၊ တကယ်ကျင်-တကယ်နာလာတတ်သည်ကိုလည်း သိလိုက်ပါသည်။ မိမိမူလ နှာသီးဝ၌ထားသော စိတ်ကို အခြားသို့ မရောက်စေရန် အသိ အမြဲတိုင်း ကပ်ထားလေ့ ရှိမှသာ ခံနိုင်ပါသည်။

(၁) တရားထူးတရားမြတ်ကို ရလိုမှု-သဒ္ဓါတရားထက်သန်စေသည့် "သဒ္ဓါဗိုလ်"
(၂) လုံ့လဝီရိယ အလွန်စိုက်ထုတ်ရသည့် "ဝီရိယဗိုလ်"
(၃) မြဲမြံသောအမှတ် သတိပြုသည့် "သတိဗိုလ်"
(၄) စူးစူးစိုက်စိုက် တည်တည်ကြည်ကြည် စိတ်ထားရသည့် "သမာဓိဗိုလ်"တည်းဟူသော ဗိုလ်လေးပါးအား ရှေ့တန်းတင်ထားလျက်
(၅) ဝိပဿနာ အသိဉာဏ်ဖြစ်သည့် "ပညာဗိုလ်"

တို့ကိုရရန် တိုက်ပွဲဝင်နေရပါသည်။ ယခုကဲ့သို့ ဗိုလ်(၅)ဗိုလ်ဖြင့် ဝေဒနာကိုတိုက်ပွဲဝင်၍ အဆုံးတွင် ကနဦးကအကျိုးလာပေးသည့် "ဘုန်းကြီး အသုဘ"သည် ပေါ်ပေါက်လာပြီး၊ ဝေဒနာပေါ် စိတ်ပြောင်း၍ ရှုလိုက်သော် အေးငြိမ်းခြင်းနေရာဖြစ်သော "အဂိဇ္ဇာနှင့်တဏှာ ကင်းပြတ်ရာ "အလွန်ချမ်းသာသော တသောတရား မနောဝိညာဏ ဓာတ်၏ အာရုံစခန်းသို့ အမြဲရောက်သေ့ရှိပါသည်၊

၁၃၃၁ ခုနှစ် ဒုတိယဝါဆိုလဆန်း (၇)ရက်၊ တနင်းသာနေ့ (၂၁-၇-၆၉)သို့ ရောက်ရှိပြီး (၃)လ ကျော်လာသောအခါ၊ ခန္ဓာကိုယ်တွင် ခံစားနေရသော ဝေဒနာတို့သည် လျှပ်တပြက် လျင်မြန်စွာ ကာလမခြားချက်ခြင်း ချုပ်ပျက်သည်လည်းရှိပြီး၊ တဖြည်းဖြည်း တရွေ့ရွေ့ချုပ်ပျက်သည်လည်း ရှိလာပါသည်။

(၃)လနှင့်(၁၀)ရက် ကြာလာသောအခါ တရားထိုင်စဉ်

အမိုက်မှောင် အတိ ဖြစ်သော အခန်းသည်၊ တဖြည်းဖြည်း တရွေ့ရွေ့ အမှောင်ထုကိုခွင်းပြီး အလင်းရောင် ပေးသကဲ့သို့ လင်းလာတတ်ပြီး၊ ယခင်က နာကျင်ကိုက်ခဲနေသော ဝေဒနာသည် ပျောက်မှန်းမသိပျောက်၍ ယခင်ကြားနေရသော လမ်းပေါ်၌ သွားလာနေသည့် ဟီးနိုး ၁၁-၁၂-၁၆ နှင့် စစ်ကားများ၏ တစက္ကန့်မခြား ဖြတ်မောင်းနေရသော ယာဉ်များ၏အသံသည်လည်း ကြားနေရာမှ ကွယ်ပျောက် သွားပါသည်။ ချုပ်ငြိမ်းသွားပါသည်။ တခါတရံ အသံကြား၍၊ တခါတရံ ချုပ်သွားပါသည်။ (၃)နာရီ ကြာအထိ တရားထိုင်သောအခါ အထူးအဆန်းများ တွေ့ရလိမ့်မည်ဟု ယောဂီများ ပြောသံကြားရ၍ အထူး လေ့ကျင့်နေရာ- တောင့်တင်းခြင်း ကိုလည်း တွေ့ကြုံသော အခါတွင် လည်းကောင်း၊ ရင်တွင်းမှ ကြွပ်သလိုလိုဖြစ်၊ ရေငတ် ဆာလောင်သလိုလိုဖြစ်၊ နတ်ပယောဂများ ဝင်ပူးသလို တုံတုံရီရီ၊ လှုပ်လှုပ်ရှားရှားဖြစ်၊ နှာခေါင်းမှ နှာရည်တွေ ထိန်းမရ သိမ်းမရ ထွက်ကျ လာပါသည်။ ပါးစပ်ကလည်း ဘာတွေ ပြောချင်မှန်း မသိ၊ လှုပ်ရှုရှုဖြစ်လာပြီး "အော်-ခန္ဓာကိုယ်သည် ပူသော လက္ခဏာ- အေးသော လက္ခဏာ-အတုံးအခဲ ဖွဲ့စည်းနေသော လက္ခဏာနှင့် ယိုစီးတတ်သည့် လက္ခဏာ-နာကျင် ကိုက်ခဲ တောင့်တင်းသော လက္ခဏာလည်းရှိ၍ နာကျင်မှုစသည့်ဝေဒနာတို့သည် အကောင်အထည်ပေါ်ပြနိုင်စရာ ကိုင်တွယ်ညွှန်ပြစရာ မရှိ၊ နာတတ်သော သဘောလက္ခဏာ-ကျင်တတ်သော သဘောလက္ခဏာများသာ ရှိပါသလား" ဆိုသည်တို့ကိုအလိုလို သိလာခဲ့ပါသည်။

"-သိပြီ-ဒီအခါ အိမ်မှာထိုင်ပြီးလျှင်- ဘုရားတွေမှာ သွားထိုင်"လို့ ပြောသံ ကြားဘူးသည်။ "ညနေကစပြီး ဘုရားတွေမှာ သွားထိုင်မယ်"လို့ ဆုံးဖြတ်ပြီး၊ "မိုးကောင်းဘုရား ဗုဒ္ဓသာသနာ့ ဝေယျာဝစ္စ နိဗ္ဗာန်ဆော် ဝတ်အသင်းမှ- သာသနာ့ပြု ပုဂ္ဂိုလ်ကြီး-ဦးသြဘာက ဒါနပြုသော 'ဝိပဿနာဉာဏ်နှင့် ပညာ' (ဦးဘို-ဧကာလိကော ရေးသော) စာအုပ်ကို ဖွင့်၍ "သဲအင်းဂူကျောင်း ဆရာတော်ဘုရားကြီး ထံ၌ တရားအား မထုတ်မီ ပရိကံယူပုံ-အပိုဒ်ကို ဖွင့်၍ ဘတ်ပြီး တရားထိုင်ရာ၊ ယခင်ဝေဒနာပေါ်တချက်- ပျောက်တချက်လည်း မခံစားရ၊ ဖေါ်ပြနေသော "အသုဘကြီး"လည်း ပေါ်ပေါက် တွေ့မြင်လာခြင်း မရှိတော့ပဲ- လယာပြင် သက် သက် ကြီး လင်းထိန်အေးမြပြီး ရှိနေသည်ကိုသာ တွေ့ရပါသည်။ ရုံဖန်ရံခါ-အရောင်အဆင်းတွေ ပေါ်လာမလိုလိုနှင့် ပေါ်မလာပဲ နောက်ဆုံး အေးမြချမ်းသာခြင်းသည် အချိန်အားဖြင့် (၃)နာရီ(၄၅) မိနစ် ကြာခဲ့ပါသည်။

အိမ်ရောက်သော်- ဤအဖြစ် အပျက်သည် ထူးလာသည်ဟု ယူဆပြီး၊ သဲအင်းဂူကျောင်းသို့ အိမ်မှဖုံးဖြင့် လျှောက်ရာတွင်၊ ဆရာတော်က-

ဆရာတော်။ "ဒီအတိုင်းဆက်ရှုပါ၊ ထူးလာပါလိမ့်မယ်"

ကျွန်တော်။ "ဘာတွေ ထူးလာမှာလဲ ဘုရား"

ဆရာတော်။ "ညကျရင် သိရစေမယ်"

ကျွန်တော်။ "ကျေးဇူးတင်လိုက်တာဘုရား"ဟု—

ကျွန်တော်က ဖုံးမှ ကျေးဇူးတင်စကား ပြောကြား လျှောက်ထားလိုက်ပါသည်။

ညနေ(၆)နာရီအချိန်တွင်တခါ တရားထိုင်ပါသည်။ တရားမထိုင်မီ— ဦးဘို(အကာလိကော)စာအုပ်ကိုဖွင့် "ပရိကံ" ယူပြီး တရားထိုင် ပါသည်။ (ရှင်းအချိန်တွင် ဩကာသ မဆိုတတ်၊ သီလလဲ မတောင်းတတ်၊ မေတ္တာလဲ မပို့တတ်၊ ဘာမျှမလုပ်တတ်၍ မလုပ်ပါ။မည်သူ့ကိုမျှလည်း မပြောမဆို မတိုင်ပင်ပါ)။ နောက်တနေ့နံနက်တွင် တရားဝင်ထိုင်ချိန်ကစပြီး၊ မနောအကြည် ဓာတ်ပေါ်၍လာပြီး၊ ခံစားနေချိန် ကျွန်တော်၏ဇနီး ဈေးသွားနေချိန်ဖြစ်၍ ခလေးကုတင်ပေါ်မှကျ—ငို-တက်—ချီး-သေးတွေနှင့် လုံးထွေးနေသည်ကိုမသိ၊ အိမ်သို့ ဧည့်သည်တဦးဝင်လာပြီး ကျွန်တော့်နာမည်ခေါ် ဇနီးသည်အမည်ခေါ်သော်လည်း မည်သူ့အသံမျှမကြားသည့်အဆုံး ကျွန်တော့်စာကြည့်ခန်းသို့လာ၍ တံခါးအား တအားထုသည့်အခါမှ၊ ကျွန်တော့်အာရုံ ပြတ်သွားပါသည်။

"ခလေး ကုတင်ပေါ်ကကျတယ်နဲ့တူတယ်၊ခေါင်းမှာလဲညိုလို့ သူ့ အမေလဲမရှိဘူးလား မတွေ့ပါကလား"ဟု ဧည့်သည်က

ထပ်မေးရာ၊ကျွန်တော်က"ကျွန်တော် အိပ်ယာကထတုံးက ခလေးတွေနဲ့ သူ့အမေအိပ်နေတုံး သူ အခုဈေးသွားတယ်နဲ့တူပါတယ်ဗျာ"ဟု ကျွန်တော်က ပြန်ပြောလိုက်စဉ် ကျွန်တော့်ဇနီး ဈေးမှပြန်လာပါသည်။ကျွန်တော်လည်း ခလေးကိစ္စ လုံးဝစိတ်မဝင်စားပဲ၊ စာကြည့်ခန်းသို့ဝင်၍ ပရိကံယူပြီး တရားထိုင်ပါသည်။

## သမာဓိဉာဏ် မြင်လာပုံ

မှိတ်ထားသောမျက်စိသည် မှောင်နေသော်လည်း မြင်နေရသောအရာသည် ထင်ရှားကြည်လင်နေပါသည်။ "ဘုရင်စာပါးပေါ်လာသည်။ မိဘုရားတဆယ့်တယောက်ရှိသည်။ ဘုရင်နတ်ရွာလားသော် မိဘုရားတယောက်စန့်ထွက်သွား၍ မိဘုရားတယောက် ငိုနေပုံ" "စစ်သူကြီး မြင်းကြီးစီးလာနေစဉ်၊ဘုန်းတော်ကြီး တောတဲတွင် ဆွမ်းခံထွက်၊ အမျိုးသမီး(၃)ဦးကလာသူ၊ မျောက်တွေ၊ ဆင်တွေ၊ ကျားတွေ၊ ငှက်တွေ"အစရှိသည်တို့အားမြင်ပြီး၊ "လူတယောက်သည် မင်းသားဝတ်ဖြင့် တောထွက် တရားကျင့်နေသည့်ပုံ" ပေါ်နေစဉ် အာရုံပြတ်သွားခဲ့ပါသည်။

အကြောင်းမှာ "ရုံးကတွေ့ချင်လို့" ဆိုသည့် တယ်လီဖုံးကြောင့်ဖြစ်ပါသည်။ ကျွန်တော်လည်း နာရီကြည့်သော်(၁၁)

နာရီတွင် လက်တံပြနေပါသည်။ ခပ်စောစောက စကားထွက် ပြောနေသည်မှာ (၁)နာရီခန့်ကြာသွားသည်ဟု ထင်ပါသည်။ တယ်လီဖုံးကိုင်၍ ဖုံး အော်ပရေတာ၏အကူအညီဖြင့် သဲအင်းသို့ မေးပါသည်။

ကျွန်တော်။ "ဆရာတော်ဘုရား ရှိပါသလား"

ပြန်ဖြေသံ။ "ဆွမ်းဘုမ်းပေးနေတယ်"
"ပြီးတော့ ပြန်ဆက်ပါ"

ကျွန်တော်။ "တပည့်တော်- ဖူးချင်လို့ပါ- လျှောက်ပေး ပါ"

ပြန်ဖြေသံ။ "ကောင်းပြီ-ဒကာကြီး-ကောင်းပြီ"ဟု ပြန် ဖြေပါသည်။

နံနက် (၁၂) နာရီထိုးနေပါပြီ။ ကျွန်တော် သဲအင်းဂူ စံကျောင်းသို့ ဖုံးဆက်ပြောပါသည်။

ကျွန်တော်။ "ဆရာတော်ဘုရား ရှိပါသလား"

ပြန်ဖြေသံ။ "ဆွမ်းစားကျောင်းက ဒုလ္လဘရဟန်းတွေနဲ့ သွားတွေ့တယ်-ဒကာကြီး ဆွမ်းစားကျောင်း

ကိုဆက်မပါလား၊ ကိစ္စမရှိပါဘူး၊ နာရီဝက်လောက်နေ ပြန်ဆက်ပါ၊ဦးဖွင့်ပြောထားပေးပါမယ်၊ အခုနက ဓာမန်းကထန်း ဒကာတွေကလဲ ပြည့်ကြပ်နေလို့ လျှောက်ချိန်မရလိုက်ဘူး ဒကာကြီး"

ကျွန်တော်လည်း တယ်လီဖုံး ကို ချလိုက်ပြီး ကျွန်တော်တွေ့ကြုံခံစားရချက်များကို စာရွက်ဖြင့် နေ့စဉ်မှတ်သားသူဖြစ်သည့်အတိုင်း မှတ်တမ်းအား ထိုင်ရေးနေပါသည်။ ထိုအချိန်တွင် ညှော့သည်တဦးအိမ်သို့ဝင်လာပြီး "ကျွန်တော် သဲအင်းဂူကျောင်းမရောက်ဘူး၍ သူသိန် ဆရာ ဘော်က လွှတ်လိုက်ပါတယ်၊ သုံးခွမှာ စာရေးနာပြီးကာထဲက သိဘ်ဖူးချင်တဲ့စိတ် ဖြစ်မေါနေပါတယ်ခင်ဗျ၊ ခရီးသည်တင်ကားများ ဘယ်နှနာရီလောက်ထွက်သည်ကို သိပါသလား"ဟု မေးရာ၊ ကျွန်တော်က "နေပါအုံး၊ ကျွန်တော် မေးပေးပါမယ်ဟု ပြန်ပြောပါသည်။

ထို့နောက်-မိုးကောင်းဓမ္မာရုံသို့ တယ်လီဖုံး ဆက်ပါသည်။ "တယ်လီဖုံးအား ကိုင်လိုက်ရာတွင်"—

"ဟဲလို... အခု တယ်လီဖုံးကိုင်တာ ဘယ်သူပါလဲ"
"ကျွန်တော် ဩဘာပါ-အခိန့်ရှိပါ"
"ကျွန်တော် ........ပါ၊ ဆရာတော်နှင့် တွေ့ပြီး မေးစရာရှိလို့ပါ"

"အော် - ကောင်းမါပြီ၊ အခု လာပါ၊ တော်တော်ကြာ တခြားကို အာရုံပေါ်ရင် ထွက်သွားတတ်တယ်" "လာခဲ့ပါ့-လား၊ ကျွန်တော်လဲ လျှောက်ထားပေးပါမည်"ဟု ဦးသြဘာက ပြန်ပြောပါသည်။

ထိုအချိန်တွင် ကျွန်တော့်အိမ်မှ ညွှန်သည်အား ကားပေါ် တင်၍ မိုးကောင်း အရိယာမေတ္တာရှိသို့ ခေါ်ဆောင်သွားပါ သည်၊ မိုးကောင်းသို့ ရောက်သည့်အခါတွင် ဦးသြဘာက—

ဦးသြဘာ။ "အခု ရွှေကထိုင်တဲ့၊ ဝဝဖြိုးဖြိုးကြီးဟာ-ခရစ်ယာန် ကြီးပါဘုရား" "သူက ဆရာတော်ကို လျှောက်စရာ ရှိလို့ပါတဲ့ဘုရား"ဟု လျှောက်သည့်အခါ-

ဆရာတော်။ "ပြောစမ်းပါဦး"ဟု နှုတ်တော်က ပြောသော် လည်း ဆောင့်ကြောင့်ထိုင်ကြီး ဆေးလိပ်တုတ်တုတ် ကြီးအား ဖွာလျက်၊ မျက်စေ့က ကြမ်းသို့ အာရုံချ နေရင်း ပြောပါသည်။

ကျွန်တော်။ "တပည့်တော်၊ ပဌမ ရိုးရိုးကျင့်နေစဉ်က ခံစား ရသော ဝေဒနာတခု ဆုံးပြီဟု သိလိုက်ပါသည်။ သိပ်မကြာခင် နောက်တခု ဖြစ်ပြီဟု သိလိုက်ပြန်ပါ သည်။ အခုလိုကျင့်နေသော ဝေဒနာတခုကိုလဲအစ အလယ်အဆုံး သုံးပါးလုံးကို ကုန်စင်အောင် အသိ

ကပ်ထားလေ့ ရှိပါသည်။ ထိုနည်းတူ နာသော ဝေဒနာ-ပူသောဝေဒနာ-အေးသောဝေဒနာ- လှုပ်ရှားသော ဝေဒနာ- ထောက်ကန်နေသော ဝေဒနာ စသည်ဖြင့် အမျိုးမျိုးတွေ့ကြုံရပါသည်။ ခန္ဓာကိုယ်တွင်း၌ တွေ့ကြုံရသော ဝေဒနာ များကို အစ- အလယ်-အဆုံး ဖြစ်ပေါ်တိုင်း အသိ ကပ်ထားပါသည်။ ဝေဒနာများ အဘက်အကျပေါ် ၍တည်၍ ဝင်လေ-ထွက်လေကို အသိကပ်ရှုခဲ့ပါသည်။ နောက် ဝေဒနာတို့ မည်သည် လျှပ်တပြက် လျင်မြန်စွာ ကာလမခြား ချက်ခြင်း ချုပ်ပျက်သည်လည်းရှိပြီး၊ တဖြည်းဖြည်း တရွေ့ရွေ့ ချုပ်ပျက် သည် လည်း ရှိခဲ့ပြီး၊ အခုနောက်ဆုံး တဖြည်းဖြည်း တရွေ့ရွေ့ အမှောင်ထုကိုခွင်း၍ အလင်းရောင်ပေးလာပါသည်။ နောက်ဆုံး အလွန်လင်းသောအရောင်ကို ရပါသည်။ ခန္ဓာကိုယ် ပေါ်မှာ ဖြစ် လာ ခြင်း ဖြစ်ပါသည်။ နောက် မိမိ ခန္ဓာကိုယ်ကို အာရုံစိုက်ထားနေစဉ် အကြည်ဓာတ် ပေါ်လာပါသည်။ အကြည်ဓာတ် ပေါ်လာပြီးနောက်၊ မိမိခန္ဓာကိုယ်ကြီးကို အကြည်ဓာတ် ထဲ တွင် မြင် လာ ပြီး၊ မျက်စိ မှိတ် ထား သော်လည်း မျက်စိ ဖွင့်ကြည့်သကဲ့သို့ ထင်ထင်ရှားရှား မြင်ရပါသည်။ ပဌမ အရေပြားကို မြင်ရပါသည်။ ဒုတိယ အရေပြားအောက်မှ အသားကို မြင်ရပါသည်။ တတိယ အရိုး များကို မြင်ရပါ

သည်။ မိမိမြင်ရသော အမြေ-အသား-အရိုးများ သည်၊ ကြည့်နေရင်း ဖူးဖူးရောင်လာပါသည်။ ပုပ်ပွလာပါသည်။ လောက်များကျလာပါသည်။ အရိုးစုဖြစ်သွားပါသည်။ တဖန် အရေ- အသား များ ပေါ်လာပြီး၊ မီးပန်းမီးပေါက်များကဲ့သို့ ပွက်ပွက်ထလာပါသည်။ အညိုအမဲဖြစ်သည်အထိ လောင်ကျွမ်းပါသည်။ နောက်ပြာကျသွားပါသည်။ အခုလို မိမိခန္ဓာကိုယ်ကြီး ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ပျက်စီးနေသည်ကို မြင်ရသကဲ့သို့ "ဘုန်းတော်ကြီးအသုဘ" ခန္ဓာကိုယ်ကိုရှုလည်း ဤနည်းအတိုင်း မြင်တွေ့ရပါသည်။ ဘာကိုကြည့်ကြည့်-ပျက်စီးခြင်းမလွှဲ ပျက်စီးနေသည်ကို တွေ့ရပြန်ပါသည်။ အပျက်အစီး တွေ့ပါများ၍ တုန်လှုပ်ခြောက်ခြားပြီး၊ အားကိုးရာ-အားထားရာမရသည့် အခြေအနေရောက်ခဲ့ပါသည်။

## ပညာဉာဏ် စစ်ဆေးခြင်း

"တပည့်တော် ခံစားရသော ဝေဒနာ မပေါ်၊ အသုဘ မပေါ်ပဲ ဘုရင် ပုံတွေ- မိဘုရား ပုံတွေ- တိရိစ္ဆာန်အမျိုးမျိုးပုံတွေ-ဘုရားပုံတွေ- ရုပ်ရှင်များကြည့်နေရသလို- ပုံတွေ အမျိုးမျိုး ပေါ်လာပြီး၊ အလင်းရောင်ပေါ်မှာ အရောင်အဆင်းတွေ စသည်စသည်တို့ ဖြစ်ပေါ်ခဲ့ပါသည်"

ဆရာတော်။ "ဒကာကြီးတွေ့တဲ့တရားကလဲ မှန်တယ်။ ဒကာကြီး
ဟာ သူမျှားလို သမထအမြင်ပေါက်ပြီး သာသနာ
ပြုမဲ့ပုဂ္ဂိုလ်မဟုတ်၊ ဒကာကြီးဟာ- ဦးပဥ္စင်းရဲ့ သာ
သနာကို၊ ဝိပဿနာ- သမာဓိဖြင့် ပုဂ္ဂိုလ်သတ္တဝါ
များအား ထူးထူးခြားခြား ကယ်ဆယ် သာသနာပြု
မည့် ပုဂ္ဂိုလ်"ဟု ပညတ်ထုတ်လိုက်ပါသည်။

ဆရာတော်လည်း ပညတ် ထုတ် ပြီး သည် နှင့် တပြိုင်နက်
ကျွန်ုပ်တော်၏ တကိုယ်လုံး သိမ့်သိမ့်တုံပြီး ခါလိုက်သလိုဖြစ်၍
မျက်လုံးများသည် ရတ်တရက်ပြင်းထန်သော အရာဝတ္ထုတခုဖြင့်
အရိုက်ခံလိုက်ရသကဲ့သို့ မီးပွင့်၍သွားပါသည်။ မျက်စိဖွင့်ကြည့်
လိုက်သောအခါ—မှေးမှိန်သောမီးရောင်အောက်တွင် ထိုင်နေပြီး
ရုတ်တရက်- မာကြူရီ မီးရောင် ကြည့်ရသကဲ့သို့ ကြည်လင်
တောက်ပ ပွင့်လင်းလာပါသည်။

တောမှလာသော ယောဂီသည် သိလိုသော အချက်များ
ကို လျှောက်ထားပြီး—

ကျွန်တော်တို့နှစ်ယောက်လည်း ဝတ်ပြုဦးချ၍ ရွှေတိဂုံ
ဘုရားဘက်သို့ ကားကိုမောင်းထွက် လာပါသည်။ တောင်ဘက်
မုဒ်တွင် ကားရပ်၍ ညွှန်သည်အား ကားပေါ်၌ စောင့်ခိုင်း
ထားပြီး စာအုပ်ဆိုင်သို့ ဦးတည်၍ ထွက်လာပါသည်။ ဘုရား
တန်ဆောင်း တခုပြီးတခု၊ တဆိုင်ပြီးတဆိုင်၊ဘုရားရှိခိုးအမျိုးမျိုး
စာအုပ်ကိုရှာ၍ ဝယ်ရန် ထွက်ခဲ့ရာ၊ တွေ့ခဲ့ပါပြီ။ လောကုတ္တရာ
အခြေပြကျမ်း၊ ဝမ်းမြောက်ဝမ်းသာဖြင့် စနေဒေါင့်တနေရာ၌
စာအုပ်ကိုဖွင့်၍ ဩကာသ အဓိပ္ပါယ်၊ အပါယ်လေးပါး၊ ကပ်

သုံးပါ၊ ရုပ်ပြစ်ရှစ်ပါး၊ ရုန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ ရတနာသုံးပါး ကန်တော့နည်း၊ ဒုစရိုက်ဆယ်ပါး၊ ငရဲကြီးရှစ်ထပ်၊ နိဗ္ဗာန်သို့ရောက်ကြောင်း ဉာဏ်(၁၁)ပါး၊သင်္ခါရတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု နိဗ္ဗာန်ဉာဏ်ဖြစ်အောင်ရှုနည်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သော သင်္ခါရငြိမ်းမှု နိဗ္ဗာန်ကိုရခြင်း မေတ္တာတရားကို ပွားခြင်း အကျိုး(၁၁)ပါး အစရှိသည် တို့ကို၊ ဘတ်လေ- စိတ်ဝင်စားလေ- ဆင်ခြင်မလေ- သဘောပေါက်လေနှင့် ဘတ်၍ ဆုံးသွားပါသည်။ စာအုပ်ပိတ်လည်း စာအုပ်ပေါ်တွင် တခုပြီး တခု၊ တပိုဒ်ပြီး တပိုဒ်၊ စာအုပ် ဖွင့်ကြည့်သကဲ့သို့ မြင်နေရပါသည်။ ခေါင်းလောင်းထိုးသံကြားမှ သတိရပါသည်။

"ဆရာကြီး-ဆရာကြီး" ဆင်း ရတော့ မယ်၊ ဆင်းတော့၊ ဆင်းဘို့ အချိန်ရောက်ပြီ ဟု လာပြောမှပင် နာရီကြည့်မိရာ၊ ည(၁၈)နာရီခွဲ ရှိနေပြီ ဖြစ်ပါသည်။ အောက်သို့ ရောက်မှ "မော်တော်ယာဉ်တစီး လှူတယောက်"ကို သတိရမိပါသည်။ ကျွန်တော်သည် ပျော်လည်း သိပ်ပျော်သွားပါသည်။ ကျွန်တော် သိချင်သည့်- တတ်ချင်သည့်- နားလည်ချင်သည့် တရားများကို သိရပြီဖြစ်သော်လည်း၊ နှုတ်ခမ်းစူ၍ ညှိုသည် တနယ်သား ခမြာမှာ ယာဉ်ခေါင်းရင်းတွင် အိပ်ပျော်လျက် ရှိနေသည်ကို တွေ့ရပါသည်။

ကျွန်တော်။ "အားနာလိုက်တာဗျာ၊ ကျွန်တော်လဲ ခင်ဗျားကို သတိမေ့သွားတယ်"

ညွှန့်သည်။ "ကိစ္စမရှိပါဘူး၊ ကျွန်တော်လဲ ကားခိုးမှာစိုးလို့ သရေစာတောင် ထွက်မစားရဲဘူး၊ နို့ ခင်ဗျား လိုချင်တဲ့စာအုပ်ကော ရသလား"

ကျွန်တော်။ "ရပါတယ်ဗျာ- (၆)အုပ်တောင်ဗျ" "ခင်ဗျားလဲ ဆာနေရောပေါ့၊ ကျွန်တော့် ယာဉ်ထဲမှာ စားစရာ၊ ရေ၊ အိပ်ယာ ခေါင်းအုံး အဆင်သင့်၊ အပြည့်အစုံ ရှိတယ်၊ရော့-ဒီ ပဲမုန့်ကလေး အစ စ ပြေ စားလိုက်ပါအုံး"

ညွှန့်သည်။ "ကျေးဇူးတင်ပါတယ်"

ကျွန်တော်။ "ကျွန်တော်တို့ ပြန်ရင်းနှင့် ကန်တော်ကြီးကနေပြီး ဘုရားပူဇော်ထားတဲ့ မီးမောင်းတွေလဲ ကြည့်ရင်း၊ လေအေးခံရင်း သွားရအောင်၊ အပြန် ကျမှ ပဲ လမ်းမှာ တခုခု စားသွားရအောင်၊ အိမ်မှာတော့ ထမင်းတော့ရှိမယ်၊ ဟင်းတော့ ရှိမယ်မထင်တော့ ဘူး။ ကျွန်တော်တို့က ညွှန့်သည်အိမ်လာရင် အိမ်က ဇနီးသည် လယ်ရာမွန်သိပြီး ခံတွင်း တွေ့သွားရင် ခဏခဏ ညွှန့်သည်လာမှာစိုးလို့ ဆိုင်ခေါ်ကျွေးလေ့ ရှိပါတယ်၊ ဆိုင်ကျ တော့ ကြိုက်တာ မှာစားလို့ ရပါတယ်၊ ရန်ကုန်ကတော့ ဘယ်အချိန်အခါမဆို ဆိုင်ရှိရာ ရှာစားလို့ရပါတယ်၊ ဘောမှာတော့ ရမှာ မဟုတ်ဘူးနော်"

ညွှသည်။ "ဟုတ်ပါတယ်"

ယာဉ်မောင်းရင်း စကားပြောလာကြရာ၊ ကန်တော်ကြီးသို့ ရောက်ခဲ့ပါပြီ။ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကို မီး မောင်းကြီးများနှင့် ပူဇော်ထားသည့်မှာ အလွန်ပင် သပ်ပယ် လှပါသည်။

ညွှသည်။ "ကျွန်တော်က သုံးခွဆိုပေမဲ့ သုံးခွနဲ့ မိုင်(၁၀) လောက်ဝေးတဲ့ ကျေးရွာ တရွာကဖြစ်တော့ အခုလိုမီးရောင်စုံနဲ့ ဖူးမြင်ရသော် သိပ်ပီတိ ဖြစ် ပါတယ်"

ကျွန်တော်။ "ကျွန်တော်က ခင်ဗျား-ကျွန်တော့်အပေါ် မှာ စိတ်မျှားဆိုးမလားလို့ စိတ်မဆိုးတတ် တော့ သိပ်ဝမ်းသာပါတယ်ဗျာ"ဟု ပြော လိုက်သည့်အခါ၊ တောကမိတ်ဆွေက-

ညွှသည်။ "ကိစ္စမရှိပါဘူး၊ ကဲ....ကျွန်တော် ခေတ္တဘုရား ရှိခိုးလိုက်အုံးမယ်နော်"ဟု ပြောပြီး၊ ကျွန်တော် ခတ်စောစောကဝယ်လာခဲ့သော စာအုပ်ထဲမှ အတိုင်း၊ အသံနေအသံထားဖြင့် ဘုန်းကြီးလူ ထွက်ပြီပြီ၊ ခပ်ကျယ်ကျယ်ကြီး ရွတ် ဘတ် သရဇ္ဈာယ်၍ ရှိခိုးနေပါသည်။



အဓိဋ္ဌာန်ဖြင့်ကြွရောက်လာသော "ဆုတောင်းပြည့်
အင်းလေးဘုရား"(၅)ဆူ ပုံတော်။

## တချိန်သာတွေ့ရသည့် ပုဂ္ဂိုလ်

ဗုဒ္ဓဘာသာထုံးစံအရ ဘုရားမရှိခိုးဘတ်သော ကျွန်တော်သည် အတုခိုးဘို့အချိန် ဝင်ရောက်တိုက်ဆိုင်နေပါပြီ၊ အခွင့်ကောင်းနှင့် ကြုံကြိုက်နေပါပြီ၊ ကျွန်တော့်အား သူ သက်သက်လာ၍ သင်ပေးနေဘိသကဲ့သို့ ဖြစ်နေပါသည်။ ကျွန်တော်လည်း သူဆိုသည့်အတိုင်း လိုက်ဆို–မသိတာကျတော့ ကျော်ဆိုပြစ်လိုက်၍ဆိုခဲ့ရာ၊နာရီဝက်ခန့်ကြာပြီးနောက် အမျှအတန်းဝေပြီး၊ ကျွန်တော့်ဘက်သို့လှည့်ကာ "သာဓု" လိုက်ဆိုဟုပြောရာ၊ ကျွန်တော်က "သာဓု–သာဓု" ဟုဆိုလိုက်ရာတွင် သူကဆက်၍ "သာဓု"တခါကျန်သေးတယ်၊ (၃)ခါပြည့်အောင်ဆိုရတယ်ဟု သင်ပေးလိုက်ပါသေးသည်။ "သာဓု–သာဓု–သာဓု"ဟု ဆိုပြီး လိုက်ရပါသည်။ သူလည်းပြီးရော–ကျွန်တော်က–

ကျွန်တော်။ "ခင်ဗျားရွတ်တဲ့အထဲမှာ "ဝိဇ္ဇာစရဏ" ဆိုတာပါတယ်"

ဧည့်သည်။ "မှတ်ထားပေါ့ဗျာ- ဝိဇ္ဇာသုံးပါးဆိုတာကလေ–

(၁) ပုဗ္ဗေနိဝါသ....သတ္တဝါတို့၏ ရှေးရှေးသောဘဝ၌ ဖြစ်ပျက်ခဲ့ဘူးသည့် အစဉ်ကိုသိနိုင်သော ဉာဏ်။

(၂) ဒိဗ္ဗစက္ခု.... နတ်မျက်စိကဲ့သို့ မြင်သောဉာဏ်။
(၃) အာသဝက္ခယ....ပူပန်စေတတ်၊ နှိပ်စက်တတ်သော ကိလေသာတို့ကိုကုန်ခန်းစေနိုင်သောဉာဏ် ဖြစ်တယ်။

ဝိဇ္ဇာ(၈)ပါးဆိုတာက-

(၁) ဒိဗ္ဗစက္ခုဉာဏ်.... နတ်မျက်စိကဲ့သို့ မြင်နိုင်သော ဉာဏ်။
(၂) ဒိဗ္ဗသောတဉာဏ်.... နတ်တို့နားကဲ့သို့ ဝေးကွာသောအသံကို ကြားနိုင်သောဉာဏ်။
(၃) ဝိပဿနာဉာဏ်.... ရုပ်နာမ်တရားအားလုံးကို အနိစ္စ ဒုက္ခ– အနတ္တဟု ရှုမြင်သုံးသပ်နိုင်သောဉာဏ်။
(၄) စေတောပရိယဉာဏ်.... သူတပါးစိတ်ကို သိစွမ်းနိုင် သောဉာဏ်။
(၅) မနောမယဒ္ဓိဉာဏ်.... မိမိခန္ဓာအတွင်းမှ အလားတူ ကိုယ်ခန္ဓာစိတ်ဖြင့် ဖန်ဆင်းနိုင်သောဉာဏ်။
(၆) ဣဒ္ဓိဝိဓဉာဏ်.... မြေလျှိုး၊မိုးပျံ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သောဉာဏ်။
(၇) ပုဗ္ဗေနိဝါသဉာဏ်.... ရှေးရှေးသောဘဝတို့၌ ဖြစ် ပျက်ခဲ့ဘူးသည့် အစဉ်ကို သိနိုင်သောဉာဏ်။
(၈) အာသဝက္ခယဉာဏ်.... ပူပန်စေတတ်၊ နှိပ်စက်တတ် သော ကိလေသာတို့ကို ကုန်ခမ်းစေနိုင်သောဉာဏ်။

ညွှန်သည်။ "အဲဒါ-ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ (၈)ပါးဖြစ်တယ်၊ အဲဒါကဉာဏ်အဆင့်၊ စရဏ(၁၅)ပါးဆိုတာက-

(၁) သီလသံဝရ ...သီလကိုစောင့်ဆည်းတော်မူခြင်း။
(၂) ဣန္ဒြိယသံဝရ....ဣန္ဒြေကို စောင့်ဆည်းတော်မူခြင်း။
(၃) ဘောဇနေမတ္တညုတာ ..အစာအဟာရ၌ တိုင်းထွာနိုင်ခြင်း ။
(၄) ဇာဂရိယာနုယောဂ....ကာ ကို လွန် ကဲ ဘ် မ ပုံ နိုးကြားတော်မူခြင်း။
(၅) သဒ္ဓါ.... စိတ်တော်၌ ကြည်လင်ခြင်း။
(၆) သတိ.... အာရုံ၌ ခိုင်မြဲမြခြင်း။
(၇) ဟိရိ.... မကောင်းမှုမှ ရှက်ခြင်း။
(၈) ဩတ္တပ္ပ.... မကောင်းမှုမှ ထိတ်လန့်ခြင်း။
(၉) ဗဟုသစ္စ ... အကြားအမြင်များသောခြင်း။
(၁၀) ဝီရိယ ... မပြတ်သောလုံ့လရှိခြင်း။
(၁၁) ပညာ.... အဆင်အခြင်ပညာနှင့် ပြည့်စုံခြင်း။

(၁၂) ရူပါဝစရ-ပဌမဈာန် ရူပါဝစရဈာန်(၄)ပါး
(၁၃) ရူပါဝစရ-ဒုတိယဈာန် ။
(၁၄) ရူပါဝစရ-တတိယဈာန် ။
(၁၅) ရူပါဝစရ-စတုတ္ထဈာန် ။

စသည်တို့ဖြစ်ပါတယ်။

ကျွန်တော်။ "ကောင်းတယ်-ကျေးဇူးလဲတင်ပါတယ်"ဟု အားရ ပါးရ ကျေးဇူး တင် လိုက် ပါ သည်။ ထိုအခါ ညွှန့်သည်က—

ညွှန့်သည်။ "ခင်ဗျားနေ့လယ်က သဲအင်းဂူဆရာတော်ကို တရား ဆွေးနွေးချိန်မှာ ဖြစ်ဖြစ်သမျှသော တရား တို့၏ မမြဲခြင်း- ဆင်းရဲခြင်း- အနှစ်သာရမရှိခြင်း တို့ကို ပိုင်းခြားသိမြင်၍ မဂ်အစရှိသော ဈာန်တရားတို့ကို ရှေ့ရှုတော် မူနိုင်သော ဉာဏ်ကို - ဝိပဿနာဉာဏ် ရတယ်လို့ ဆိုနိုင်တယ်။ နောက်တချက်က၊ ရှေးရှေး သော ဘဝဆိုင်၌ ဖြစ်ပျက်ခဲ့ဘူးသည့်အစဉ်ကို သိနိုင် သော ဉာဏ်ကို-ပုဗ္ဗေနိဝါသဉာဏ်လို့ခေါ်တယ်ဗျ" ဟု—ကျွန်တော်အား ဉာဏ်စဉ်တွေကို ပြောပြသွားပါသည်။ နောက် ဘာဆက်မေးရမှန်းကို မသိတော့သလို- မေ့သလို- သတိလစ်သလို ဖြစ်သွားပါသည်။

ညွှန့်သည်။ "ကဲ—ဆရာကြီး သွားကြစို့"ဟု—

ခေါ်၍၊ ယာဉ်ဖြင့် ညဈေးတန်းတနေရာသို့ သွားရောက် စားသောက်ပြီး နေအိမ်သို့ပြန်၍ ညအိပ်ကြပါသည်။ ယခု စာရေးနေချိန် အထိ၊ ရင်းနှယ်သား ညွှန့်သည်အား တကြိမ် တခါမျှ မတွေ့ရတော့ပါ။

"ရုပ်တု ဆင်းတုကို မရှိခိုးဘူး၊ တရားထိုင်ရင် အရေးရမလား"

"မင်း သုံးခွကပင့်လာတဲ့ ကျောက်ဆင်းတုကိုယ်တော်လေးကို အောက်အိမ်က သွားပင့်ပေးပါလားကွယ်" ဟု ကျွန်တော် ဇနီးအား လေသံပျော့ပျော့ ချော့၍ပြောလိုက်ပါသည်။

စေတီ(၄)ပါးဆိုတာ—

(၁) ဓာတုစေတီ။ ဓာတ်တော်မြတ်ကိုကိုးကွယ်ခြင်း။
(၂) ဓမ္မစေတီ။ တရားတော်ကို ကိုးကွယ်ခြင်း။
(၃) ပရိဘောဂစေတီ။ ဘုရား အသုံး အဆောင်ကို ကိုးကွယ်ခြင်း။
(၄) ဥဒ္ဒိဿစေတီ။ ရုပ်ပွားဆင်းတုတော်ကို ကိုးကွယ်ခြင်း။

ဆိုတဲ့နေရာမှာ–ဥဒ္ဒိဿစေတီဖြစ်တဲ့ ရုပ်ပွားဆင်းတုတော်ကို ကိုးကွယ်ခြင်း ဆိုတဲ့ အပိုဒ်နဲ့ ကိုက်ညီနေတဲ့အတွက်၊ "ငါကိုးကွယ်ချင်လို့ပါ" "အရင်တုံးက- ရုပ်ပွားဆင်းတုတော်ကို ငါတို့-ကိုးကွယ်ဝပ်ပြုရင် ငရဲကြီးတယ်လို့ ငါသိနေလို့ပါ။ သေသေချာချာ–တို့ကျမ်းမှာရှာတော့လဲ ငရဲကြီးတယ်ဆိုတာ မတွေ့ဘူး" ဟု ရှင်းပြရင်း– ဇနီး သည်ကို တောင်းပန် လိုက်ရပါသည်။ ချက်ခြင်းဆိုသလိုပင် ဇနီးသည်က၊ ခယ်မ၏နေအိမ်မှ သွား၍ ပင့်ပေးပါသည်။ အိမ်သို့ရောက်လျှင် စာမွဲပေါ်တင်-ပန်းဝယ်တင်

ဆွမ်းတင်-ဆီမီးပူဇော်-သောက်ထော်ရေကပ်ပြီး— ကျွန်တော်၏ ဆရာဖြစ်သော်မူသော“ဘုရားရှိခိုးစာအုပ်”ကို ဖွင့်....”ဩကာသ ရှတ်၊ အားလုံးရှယ်” ပရိကံယူ-တရားထိုင်”စသည်ဖြင့် နေ့စဉ် မှန်မှန်၊ တခါတရံ (၃)ကြိမ်အထိ ကျင့်ကြံအားထုတ်ခဲ့ပါသည်။ နတ်တွေကိုလည်း ပင့်ခေါ်ရှိခိုး မယ်တော် သူရဿတီမှ အစပါပုဂ္ဂိုလ် သူ အားလုံးတို့ကို ပင့်၍ ရှိခိုးပါသည်။ ဘုရား မပင့်တတ်၊ မေတ္တာမပို့တတ်၊ အမျှအတန်းမဝေတတ်သေးပါ။

ကျွန်တော်သည် နေ့စဉ်၊ အာနာပါနဖြင့်သာ မှန်မှန်ကျင့်စဉ် အဖြစ်ဖြင့် ကျင့်ပါသည်။ ဣရိယာပုဒ်ကို မည်သည့်အခါမျှ မပြင် ခဲ့ပါ။ နာကျင် ကိုက်ခဲ လာသည့် ဝေဒနာ ပေါ် လာ တိုင်း ဝေဒနာ၏ အစ-အလယ်-အဆုံး သုံးပါးလုံးကို ကြေညက်နေ အောင် ရှုပွားခဲ့ပါသည်။ ဝေဒနာ အပြင်းအထန် တက်လာ သောအခါ နှာသီးဝမှလေကို ပြင်းပြင်းထန်ထန်ရှူပေးပါသည်။ ဝေဒနာနည်းသောအခါ နှာသီးဝလေကို-နည်းနည်းရှူပေးပါ သည်။ အသက်ရှူသောနှုန်းမှာ ဝင်လေ-ထွက်လေ(၂)ရပ်ပေါင်း တမိနစ်လျှင်(၁၅၀)မှ(၁၈၀)အသာသာ ရှိခဲ့ပါသည်။ လေရှူသံ ကို ခပ်လှမ်းလှမ်းမှ ကောင်းစွာကြားနိုင်ပါသည်။ နားထဲတွင် အစဉ် သွင်းထားသည့် ဆရာတော် အသံမှာ “ဝေဒနာကို တောင်ချိန်ပေး၊ လျှော့မပေးနဲ့၊ တိုက်ပေး၊ ရှေ့စိတ်က တော် ချင်ရင်-နောက်စိတ်က စွန်းတင်၊ တော်ချင်တဲ့စိတ်က အဝိဇ္ဇာ စိတ်”စသည်တို့ဖြင့် မှန်မှန်ကျင့်ခဲ့ပါသည်။

မှော်ဘိ

# ဝဇီပိတ် အဓိဋ္ဌာန်စခန်း

၁၃၃၁-ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၉)ရက်၊(၇-၈-၆၉)ကြာသပတေးနေ့၊ "ဒုတိယအကြိမ်မြောက် ဝဇီပိတ် အဓိဋ္ဌာန်စခန်း"တွင် မိမိ့ကိုယ်ကို စစ်ဆေး လိုသော ဆန္ဒ ဖြင့် ကျေးဇူးရှင် သဲအင်းဂူဆရာတော်ဘုရား၏ ခွင့်ပြုချက်အရ ဆရာတော် ကနဦးတရားရှုမှတ်သည့် အုပ်ကျပ်မိုး လေးတိုင်ဝင် အဆောက်အဦးတွင် ဝဇီပိတ်(၁၀)ရက်၊ အဓိဋ္ဌာန်စခန်းသို့ ဝင်ခဲ့ပါသည်။ ယောဂီတိုင်း ကြိုတင် စာရင်းသွင်းသူများကမူ၊ သီးသန့်အဓိဋ္ဌာန်စခန်းအတွင်း၌ အစီအစဉ်အတိုင်း ကျင့်ကြံ အားထုတ်ရပါသည်။ ကျွန်တော်ကမူ ကြိုတင် စာရင်းပေးထား သူမဟုတ်သည့်အတွက် အဓိဋ္ဌာန်စခန်းတွင် နေရာမရရှိခဲ့ပါ။ ကြိုတင်စားစရိတ်ပေးမထားသည့်အတွက်သည်း စားသောက်ရန် သီးခြားစီမံရပါသည်။

နံနက်ပိုင်း ဆရာတော်ဘုရားအား လျှောက်ထားပြီး၊ မွန်းလွဲ ပိုင်း အဓိဋ္ဌာန်စခန်းသို့ စတင်ရှေ့ဝင်ရောက်ပါသည်။ "ဒကာကြီး

ဘာမြင်မြင် အသုဘသဘောတရားကိုတင်၊ ဝေဒနာသည်-နာမ်၊ နာမ်၏သဘောတရားသည် ဘာလဲ၊ ခံစားတဲ့သဘောသက်သက် ရှိတယ်ဆိုတာကို" "နှလုံးထဲမှာစွဲမှတ်ပြီး ကျင့်ကြံပါမကြာခဏ ဆိုသလို ဦးပဉ္စင်းလဲ လာခဲ့မယ်၊ ပြစ်မထားပါဘူး"ဟု မိန့်ကြားပါသည်။

ကျွန်တော်သည် ဤကဲ့သို့ကျင့်ရန် မလွယ်ကူသော အဓိဋ္ဌာန်စခန်းသို့ မဝင်ဘူးပါ။ ကျင့်လည်း လွတ်လွတ်လပ်လပ် မကျင့်ဘူးပါ။ ညစာမစားပဲ ရှောင်ကြည်သောအကျင့်လည်း လုံးဝ မကျင့်ခဲ့ဘူးပါ။ ရဟန်းခံခြင်း၌သာ "ဝိကာလဘောဇနာ"ဆို ထိန်းသိမ်းခဲ့ပါသည်။ လူအဖြစ်နှင့် တကြိမ်တခါမျှ မကျင့်ဘူးသဖြင့် စိတ်တွင် ဖြစ်မှုဖြစ်နိုင်ပါမလားဟုပင် မိမိကိုယ်ကို မယုံကြည်ပါ၊ ယခုမူ လက်တွေ့တိုက်ပွဲဝင်ရတော့မည်။ အိပ်ယာ ဏလည်းအကျအနာ၊ စားစရာကလည်း ချိချို–ပင်မှည့် အဖျော် ယမကာအစုံအလင်နှင့် လာခဲ့သည့်ပြင် ပါလာသော မက်လက် ကုလားထိုင်ကလည်း အကျအနာ၊ ယာဉ်ကိုလည်း သေချာစွာ ဆေးကြောသုတ်သင်၍ ဆွမ်းစားကျောင်းနှင့် ကုဋိကြားတွင် စနစ်တကျ ထိုးထားပါသည်။

အလင်းရောင်ကား အမှောင်ထုဖြိုခွင်းခြင်းကို ခံရပါပြီ။ အချိန်မှာ ည(၇)နာရီ- ဆာလောင်ငတ်မွန်းခြင်းခံရမည့် ဝေဒနာသည်မရှိ- စိတ်သည်အေးချမ်းငြိမ်သက်ခြင်း အခြေအနေသို့ ရောက်ရှိနေပါသည်။

ည(၆)နာရီ(၃၀)မိနစ်အချိန်တွင် ဘုရားရှိခိုး၍ (၁၀)ပါး သီလခံယူပြီး၊ "ပုဗ္ဗကိစ္စပရိကံ" ပြုလျက် တရားထိုင်ရန်ခြင် ထောင်ချ-ထိုင်ရန်နေရာကို သေချာစွာပြုပြင်ပါသည်။ထိုအချိန် တွင် "ဘုရားရှိခိုး"စာအုပ်မှ ဘုရားရှိခိုးစာအုပ်ထဲမှ (၁၀)ပါး သီလကိုဖွင့်၍ "ဝင်လေ-ထွက်လေ"အား အသိကပ်ခါ ရှုနေပါ သည်။ တနာရီကျော်လာသည့်အခါ "ဖင်"နှင့်အောက်မှ "အ မာခံ"တို့ တွေ့ထိမှုကြောင့် နာလာ-ကျင်လာပါသည်။ အရှု တလည်းနှုံးလာစဉ် နားထဲတွင် ဒလစပ်ကြီး၊ဆရာတော်ဘုရားက အနားဦတရားလာပို့နေတိုသကဲ့သို့ ကြားနေရပါသည်။

## ဒီလို သိပါ

"နာသိးဖျားမှ စိတ်ကို ပြောင်းထား သူ့သဘောအတိုင်း ရှုနေတဲ့ ထွက်လေ-ဝင်လေကို သတိထားပြီး သိနေပါ။ ပေါ် နေတဲ့ ဝေဒနာကို ဆုံးအောင်လိုက်ပါ။ ရှုတာကို ရပ်မထားနဲ့၊ အောင့်မထားနဲ့၊ သူ့သဘောအတိုင်းရှုပါ။ ဝေဒနာနဲ့ သမာဓိ ချိန်ခွင်လျှာလို ဘောင်ကိုက် သွားဘို့နဲ့ ဘုရားဟောတဲ့ မဇ္ဈိမ ပဋိပဒါ ကျဘို့ကိုလဲ သတိပြုပါ။ တရားကို သိဘို့မြင်ဘို့ကတော့ သမာဓိ အားကောင်းလာပလားဆိုရင်၊ဘာဝနာ့မယဉာဏ်သည်၊ သူ့သဘောအတိုင်းသူ ပေါ်လာပြီး သိပါလိမ့်မယ်။ မြင်ပါလိမ့် မယ်။ သဒ္ဓါဝီရိယနဲ့သာ ကြိုးစားအားထုတ်ပါ။ ပါရမီ ရှိသ လောက်တော့ မုချရပါတယ်။ ကိုယ့်ကိုယ်ကို ပါရမီရှိမှာမဟုတ် ဘူးလို့တော့ ဘယ်တော့မှမထင်ပါနဲ့။ အလှန်ရခဲတဲ့ လူ့အဖြစ်

ကိုလဲ ရခဲ့ပါပြီ။ လူ့အဖြစ် ရလာတော့လဲ သာသနာတွင်းမှာ သာသနာတော်နဲ့ ကြုံကြိုက်နေပါပြီ။ ဗုဒ္ဓဘာသာဆိုတဲ့ မှန်ကန်တဲ့ အယူကိုလဲ ယူခွင့်ရပါပြီ။ အဲဒီတော့ ဇိုယ့်ပါရမီဟာ မသေးလှ ဘူး ဆိုတာ သိနိုင်လောက်ပါတယ်။ ပါရမီ မရှိဘူးလို့တော့ မထင်ပါနဲ့။ ပါရမီ ဆိုဘာကလဲ ဘူးသီး ခရမ်းသီးလို လေ တိုက်တိုင်း ကြီးထွားလာမယ်မဟုတ်ဘူး။ မိမိက ဖြည့်ဆည်းဘူး မှလဲ ပါရမီ ရင့်သန်လာနိုင်တယ်။ အားထုတ်မှလဲ အပါယ်က လွတ်နိုင်တယ်။ အားမထုတ်ကြ ရင်တော့- လာ လမ်း ဖြစ် တဲ့ အပါယ် လေးပါးကိုပဲ ပြန်ရမယ်။ ကြိုးစားပါ။ တထိုင်ထဲနဲ့ တရားထူးတရားမြတ် ရပါစေလို့ တိုက်တွန်းပါတယ်။ ကြိုးစား အားထုတ်ပါ။ သတိ မလစ်ပါစေနဲ့ ကြိုးစား ပါ''ဟု ဆိုသည့် အားပေးချက်ကလည်း ကြားနေရပါသည်။ သို့နှင့် ညသန်းခေါင် (၁၂)နာရီတိတိ ရှိသွားပါသည်။ ခေတ္တအသိကပ်၍ လျှောင်း လိုက်စဉ်- နံနက်(၂)နာရီ (၃၀)မိနစ် အချိန် ပြနေပါသည်။ အိပ်ယာသိမ်းဆည်း-မျက်နှာသစ်ဆေးကြောပြီးနောက်၊ နံနက်ဦး အဓိဋ္ဌာန်ဝင်ရန်အတွက် လုပ်ငန်းစပါတော့သည်။

### ''ဒုတိယနေ့ ၀၉ ပိတ် အဓိဋ္ဌာန်စခန်း''

ဒုတိယနေ့တွင် ''အသုဘ''လက်နက်ကို စတင်၍ ကိုင်ရပါ တော့သည်။ ၀၉ ပိတ် ဒုတိယနေ့တွင် ''ဆန်ပြုတ်''လာရောက်၍ ကျောင်းဝ၌ ချိတ်ထားပါသည်။ ပဌမအကြိမ် တရားထိုင်ရာ တချိန်တခါမျှမဖြစ်ဘူး-မခံစားဘူးသည့် ထူးကဲသော ဝေဒနာ



အဓိဋ္ဌာန်ဖြင့် ကြွရောက်လာသော "ဂုဏ္ဍာသယ
ရှင်သီဝလိရဟန္တာ" ၊ အရှင်သူမြတ်ကြီး
ပုံတော်။

ကြောင့် မခံမရပ်နိုင် ဖြစ်သည်ကို မိစ္ဆာဒိဋ္ဌိ အသိ အမြင်ကို သမာဓိဋ္ဌိ အသိ အမြင်ဖြင့် အစား ထိုး ပေး လိုက် ပါတယ်။
"ဝေဒနက္ခန္ဓာဟာ နာမ်–နာမ်ရဲ့သဘောဟာ ခံစားခြင်းသဘော တခုပဲရှိတယ်၊ အမှန်အတိုင်းသိမြင်တော့ ဝေဒနာ တလုံးထဲပဲ သိမြင်တယ်၊ ဒါဟာ ခံစားတတ်တဲ့ သဘော တခုထဲပေါ်မှာ စိတ်တည်တော့ သုခ-ဒုက္ခ မရှိဘူး၊ နာမ်ချုပ်နေပြီး ခံစား တတ်တဲ့သဘော၊ သဘာဝလက္ခဏာ အမှန်အတိုင်းသိနေတော့ ဒိဋ္ဌိသေသွားပါသည်"

အသုဘလက်နက်ဆိုရာ၌ မြင်တာလဲ အသုဘ၊ ကြားတာလဲ အသုဘ၊ အသုဘ ကမ္မဋ္ဌာန်းကို ရှုပွား စေခြင်း ဖြစ်ပါသည်။ "အသုဘကြီးထိုင်တယ်" "အသုဘကြီး ရှုတယ်"၊ မိမိကိုယ် ပေါ်မှာ အသုဘသညာဖြစ်တဲ့ သုခဝေဒနာကို ပယ်သတ်ခိုင်း ပါတယ်။ ဒီ သုခဝေဒနာဟာ ရာဂမီးကို ပွားစေတဲ့ အတွက် အလွန် ကြောက်မက်ဘွယ် ကောင်းပါသည်။ တဏှာမသေလို့ သုခဝေဒနာကို ခံစားနေသေးလျှင် နိဗ္ဗာန်နှင့် အဝေးကြီးဝေး ပါသည်။ ဒါကြောင့် အသုဘလက္ခဏာတွေကို စွဲစွဲမြဲမြဲ ဆင် နေအောင် ဘယ်တော့မှ ပျောက်မသွားရအောင် ကြီးမားခိုင် ခန့်တဲ့ သမာဓိကို ထူထောင်ပေးရပါသည်။ ကြာကြာထိုင်၍ ရှုလာသောအခါ အသုဘလက္ခဏာများ တည်မြဲနေသည့်အခါ ရုပ်၏ပြောင်းလဲ ဖောက်ပြန်ခြင်း အနိစ္စလက္ခဏာကို ရှုပွားရပါ

သည်။ အသုဘရုပ်ကြီး ပြောင်းလဲပြောင်းလဲနေတဲ့ ဝိပရိနာမ အချက်တွေကိုလည်း မြင်လာပါတော့သည်။ တဏှာသေဘို့ ဆိုတာ ရုပ်ကိုအမှန်အတိုင်းမြင်ပါမှ ရုပ်ပေါ်ကသာ တဏှာရာဂ ဖြစ်ပေါ်ပုံကို ယနေ့တော့ဖြင့် ထူး၍ထူး၍ သိမြင်လာခဲ့ပါ သည်။

ရှုနေရင်းနှင့်ပင် ဘုရား (၃) ဆူပေါ်လာပြီး ဆက်တိုက် ရဟန်း (၃) ပါးပေါ်လာပါသည်။ ၎င်းဘုရားသုံးဆူအား အသုဘဖြင့် ဆင်ခြင်လိုက်သောအခါတွင်လည်းကောင်း။ ရဟန်း သုံးပါးအားလည်းကောင်း။အသုဘဖြင့် ဆင်ခြင်လိုက်သောအခါ တွင်လည်းကောင်း။ မနေ့ဒွါရမှ (၁)ရက်အသုဘမှ(၁၀)ရက် အသုဘထိ အသုဘသဏ္ဍာန်တွေပျက်ပျက်ပြီး နောက်ဆုံး ချုပ် သွားပါသည်။ ရုပ်စိုင်ရုပ်ခဲ အသုဘရုပ်ကြီး ရုပ်ဃန ကြေသွားပါ သည်။ရုပ်နှင့်နာမ်ဟာ တထပ်တည်းဖြစ်-တထပ်တည်းချုပ်သဖြင့် ရုပ်ဃနကြေတော့ နာမ်ဃနလဲ ကြေသွားပါသည်။၎င်းသည် ဒုက္ခ ဝေဒနာပေါ်မှာဖြစ်တဲ့ ဒေါသကိုပယ်လိုက်တဲ့သဘော ဖြစ်ပါ သည်။ဒီတော့ ဥပေက္ခာဝေဒနာရုပ်ကြမ်း—ရုပ်လတ်ကို အာရုံမပြု တော့ပဲ၊ရုပ်နုဖြစ်တဲ့အဆင်း ရုပ်ကလာပကလေးတွေကိုသာ မြင် နေပါသည်။ အာရုံကလည်း ပြုနေပါသည်။ တွယ်လဲတွယ်နေ ပါသည်။

အခုလို တဖွားဖွားနှင့် ရုပ်ကလာပကလေးတွေကို ထပ်တလဲ လဲရှုပွားနေရာမှ ထိုရုပ်ကလာပကလေးတွေ ချုပ်ပျောက်ကုန်တဲ့

အခါ ရှုစရာမရှိတော့ပါ။ ရှုကွက်ပျောက်သွားပါသည်။ လုပ်စရာမရှိတော့ပါ။ နောက်ဆုံးတော့ ဥပေက္ခာဝေဒနာဟာလဲ ချုပ်သွားပါသည်။ထိုအချိန်ထိုအခိုက်တွင် အကျင့်လမ်း ဆုံးသွားသဖြင့် ပဌမပိုင်းလုပ်ငန်း ပြီးဆုံးသွားပါသည်။ အချိန်မှာ နံနက်(၁၀)နာရီကို ညွှန်ပြနေပါသည်။ ရေချိုးရန် အိမ်မဲဇရပ်သွား၍ ကိုယ်လက်သန့်စင်ခါ ချိတ်ထားသော နံနက်စာကိုစားလိုက်ပါသည်။ နေ့(၁)နာရီခွဲအချိန်တွင်၊ ဒုတိယပိုင်း အစီအစဉ်ကိုပင် ပြန်၍စပါတော့သည်။ ပဌမပိုင်းအတိုင်း အသုဘလက်နက်ဖြင့် အားထုတ်ခဲ့ရာ ညနေ (၅)နာရီအချိန်တွင် ပြီးဆုံးပါသည်။ အိမ်မဲဇရပ်တွင် သွားရောက်၍ ရေမိုးချိုးပြီး ခေတ္တခဏနား၍ တွေ့ရှိသမျှကို "သဲအင်းဆရာတော်ဘုရား"အား လျှောက်ထားပါသည်။ တတိယပိုင်းအစီအစဉ်ကို ည(၆)နာရီ (၃၀)မိနစ်မှစ၍ ည(၁၀)နာရီ (၃၀)မိနစ်အချိန်တွင် ပြီးဆုံးပါသည်။ ခေတ္တအနားယူပြီး(၁၁)နာရီ(၃၀)မိနစ်မှ(၁)နာရီအထိ အသိကပ်ပါသည်။

"တတိယ နေ့ဝဇ္ဇပိတ်အဓိဋ္ဌာန်းစခန်း"

တတိယနေ့နံနက်(၁)နာရီမှ(၅)နာရီအထိ နံနက်ပိုင်းတရားကျင့်ရာ၌၊ မနေ့ညက ဆရာတော်ဘုရားက သူကိုယ်တိုင် လာပြမည်ဟု ပြောထား၍ အလွန်ဝမ်းမြောက်ဝမ်းသာရှိရာ တရားထိုင်နေစဉ် ဆရာတော်ဘုရားက အနားတွင်ထိုင်လျက်"အသုဘ" ရှုခိုင်း၍နေပါသည်။ ဆရာတော်အနားတွင် ရှိနေသည်ကို လက်ဖြင့်စမ်းကြည့်သကဲ့သို့ သိနေပါသည်။ အမှန်မှာ ဆရာတော်

ဘုရားကျွန်တော်၏အနားတွင် မရှိပါ။ ဂူတွင် တရားပြနေပါသည်။

ယခင် ကျွန်တော်မခံနိုင်လောက်သည့် ဝေဒနာများ တက်နေသော်လည်း ဆရာတော်ဘုရား အနားမှာရှိနေသည်ဟု သိရှိနေသည့်အတွက်၊ တအားတက်ခါ ဝေဒနာပြင်းတို့လည်း ချုပ်ခဲ့ပါသည်။ အချိန်တိုင်း "အသုဘ"လက်နက်ကို တင်ဆောင်ထားသဖြင့် စိတ်အစဉ်များသည်လည်း "အသုဘ"စိတ်ဖြစ်နေပါသည်။ နံနက်စာစားသောက်ချိန်တွင် ထမင်းချိုင့် လာချိတ်ထားသဖြင့် နှုတ်မှ ယခုကဲ့သို့ ဆင်ခြင်ပါသည်။

"အသုဘကြီး"ချိုင့်ကိုယူတယ်။ လေးဆင့်ချိုင့်ကိုဖွင့်တယ်။ တခုပြီးတခုချတယ်။ ဇွန်းကိုကိုင်တယ်။"အသုဘကြီး" အဟာရမစားမီ ဘုရား-တရား-သံဃာ-မာတာပိတု- အာစရိယများကို ကပ်လှူပူဇော်တယ်။ "အသုဘကြီး" သရက်သီးသနပ်အချို့ကို ပန်းကန်ထဲထည့်တယ်။ ဘာလချောင်အချိုကျော် ပန်းကန်ထဲထည့်တယ်။ ဇွန်းနှင့်ခတ်ပြီး ပါးစပ်ထဲထည့်တယ်ဆိုပြီး ဝါးစားအပြီး၊ "ဒုတိယအကြိမ် အသုဘကြီး" သေလဲထိုးကလေးများကို ခရမ်းချဉ်သီးနှင့် ချက်ထားသည့်ချိုင့်ထဲ ခတ်လိုက်ရင်းပင်၊ အသေကောင်အသုဘတွေ ထည့်ထားဘိသကဲ့သို့ မြင်နေရပြီး၊ မရှေးမနှောင်း ပုပ်စော်နံနေသည့်အနံ့များ ကဇွန်းရှက် ချဉ်ရေကိုခတ်လိုက်ရင်းမင် သွေးနှင့်အကျိအချွဲတွေ ခတ်ဘိသကဲ့သို့ ဖြစ်နေပါသည်။

"အသုဘကြီး" ပေါ်ရည်နှင့်ဘူးသီးပြုတ်များကို ခတ်ပြီးတို့ခါစားမည်အပြုတွင်လည်း ပုပ်နေသောအနံ့များသည် နှာ

ခေါင်းဝတွင် အထင်းသူ့ထက်ငါ ဝင်ရောက်လာမှုများကြောင့် ရင်ထဲမှာပြည့်လာပြီး အော့အန်မပါသည်။ ထိုအချိန်မှစတင်ပြီး ထမင်းပန်းကန်ထဲတွင် ထည့်ထားသောထမင်းများကို ကြည့်လျှင်လည်း "အသုဘ" အသေကောင်တွေလိုပဲ မျက်စိမှာ ဒလစပ်ကြီး မြင်နေပါသည်။ ဘယ်လိုမှစားလို့မရ-နှလုံးမသာမကြည်ဖြစ်ပြီး ထမင်းတလုပ်နှစ်လုပ်နှင့်သာ နံနက်စာကို ပြီးလိုက်ရပါသည်။ အဘယ့်ကြောင့် ဆိုသော် စိတ်သည် အသုဘစိတ် ဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။ ချထားသောငါးဆီပြန်-သရက်သီးသနပ်-အချိုအချဉ်မုန့်မျိုးစုံပင် မစားနိုင် မသောက်နိုင်ပဲ-အပုပ်နံ့ အကျိအချွဲနှင့် ပြည့်နက်နေသော အဟာရ ဖြစ်နေပါသည်။

စားရန်ချထားသော အဟာရများကို ပြန်လည်သိမ်းဆည်းပြီး၊ ရင်ထဲတွင် မခံမရပ်နိုင်ပဲ၊ ပို့အန်မတတ် ဖြစ်လာပါသည်။ ပါလာသောအချိုအချဉ်များကိုပင် ပြန်သိမ်း၍ ခေတ္တအနားယူပြီး-စိတ်ထဲတွင် "အသုဘ" စိတ်သာ နှလုံးသွင်းနေပါသည်။ နှလုံးသွင်းနေစဉ်ပင် ကျောက်ဆင်းတုကိုယ်တော်တပါးဘေးတွင် သဲအင်းဂူဆရာတော်ကိုလည်းကောင်း၊ ဘေးတွင် ကျွန်တော်၏ မွေးသမိခင်ကိုလည်းကောင်း၊ ဘေးတွင် ဇနီးနှင့် ကလေးများကိုလည်းကောင်း တဦးပြီးတဦး ပေါ်လာပါသည်။ နောက်ဆက်တိုက် တသီတတန်းကြီး ထိုင်နေသည်ကို တွေ့ရှိရပါသည်။ အံ့ဩဘွယ်ရာမြင်ရ၍ စိတ်အစဉ်မှာ မျက်စိဖွင့်ကြည့်သကဲ့သို့

တိုက်ရိုက်တွေ့မြင်ရပါသည်။ ဤတွင် ကျွန်တော်သည် ကျောက်ဆင်းတုကြီးအား အသုဘတင်ကြည့်ရာ ယိုယွင်းပျက်စီး-ပြုတ်ကျိုးပဲ့ရှိလှန်ပါသည်။

အမှိုသဟဲမရှိတော့ပါ။ ဘေးသို့ ဆက်ရှုလိုက်သောအခါ-သဲအင်းဂူဆရာတော်ကို တွေ့ရပါသည်။ သေသေချာချာ ဆရာတော်၏မျက်နှာတော်ကို ရှုသော်ပြုံးနေသည်ကို တွေ့ရပါသည်။ ဆရာတော်၏ ရင်ခွင်တော်အတွင်းဝယ် အလင်းရောင်ကြီး ထွန်းလာသည်နှင့် အာရုံစိုက်၍ ရင်ခွင်တော်ကိုရှုလိုက်ရာ "သခင်ယေရှုခရစ်သည် တံခါးကို ခေါက်နေဟန် ရုပ်နေသည်ကို" တဝက်မျှမြင်တွေ့ရပါသည်။

ကျွန်တော် အံ့အားသင့်သွားပါသည်။တကြိမ်တခါမျှ မတွေ့မမြင်ရဘူးသည့်အတွက်၊ အရုပ်ပင် ဖြစ်နေမည်ဟုဆင်၍ "အသက်ရှင်လျက်နေသော ခရစ်တော်ဘုရားပါးလား" ဟု မေးလျှောက်သော် ပြုံးရှင်သောမျက်နှာတော်ဖြင့် ခေါင်းတော်ကို ငြိမ့်၍ပြပါသည်။ ကြက်သွေးရောင် ဝတ်ရုံကို အပေါ်မှဝတ်ဆင်ပြီး၊ အတွင်းမှ အဖြူရောင်တောက်တောက် ဝတ်ဆင်လျက်၊ နှုတ်ခမ်းမွေးတိုတို့နှင့် ဆံတော်မှာ ပုခုံးပေါ်မှ ဆင်း၍ကျနေပါသည်။ ခရစ်တော်၏ ခေါင်းတော်ပတ်ဝန်းကျင်၌ နီမြန်း တောက်ပြောင်နေသော အနီရောင်၊ အဝါရောင် အလင်းရောင်ကြီးများက ခေါင်းတော်ကိုဝိုင်းရံလျက် ရှိနေပါသည်။ ကျွန်တော်သည် ထူးဆန်းသော ရူပါရုံကြောင့် စိတ်ငြိမ်သက်၍ ဝင်စား

နေသည်တွင် ရုပ်တရက်အချက်ကျကျ၊ အာရုံပြု နှလုံးသွင်းနေသော် "အသုဘ" လက်နက်ကြီး ဝင်လာလျက် ဖျက်သောအခါ တဖြည်းဖြည်း ပျက်စီးယိုယွင်းသွားပါသည်။

သို့နှင့် ပြန်လည်ရှုကြည့်ရာ၊ မိခင်ကြီး ပြုံးပြုံးကြီး ထိုင်နေသည်ကိုတွေ့ရ၍ အလွန်အားရှိသွားပြန်ပါသည်။ ပြုံးနေလျက်ရှိနေစဉ်တွင် အချက်ကျကျနှလုံးသွင်းမှန်နေသော "အသုဘ" လက်နက်ကြီး ဝင်လာပြန်သဖြင့် ယိုယွင်းပျက်စီးသွားပြန်ပါသည်။ ဤအချိန်တွင် ဆရာတော်အားလည်းကောင်း၊ ဆင်းတုတော်ကြီးအားလည်းကောင်း ပြန်လည်နှလုံးသွင်းပြန်ရာ၊ ကနဦးကကဲ့သို့ အကောင်းဖြစ်ပေါ်မလာတော့ပါ။ "အသုဘ" မှ အရိုးစုတဖန်အရာပင် မတွေ့ရတော့ပဲ ပြောင်သလင်း ပကတိရှိပြီး၊ သေပွဲမှ သကဲ့သို့ ကောင်းကင်သို့ ဦးတည်တက်၍ ပျောက်ကွယ်သွားပါသည် အချိန်သည် ညနေ(၆)နာရီပင် ထိုးနေပါတော့သည်။

တတိယ နေ့ည(၆)နာရီ(၃၀)အချိန်မှစ၍၊ ညပိုင်း တရားထိုင်ခြင်းကို အစပြုပြီး (၁၀)နာရီ (၃၀)အချိန်တွင် ပြီးဆုံးသွားသဖြင့် အနားယူ အသိကပ်၍နေပါသည်။

## "စတုတ္ထ ဝိဇ္ဇပိတ် အစဉ်ဒွာနစခမ်း"

မွန်းလွဲ(၁)နာရီအချိန်မှ ညနေ(၅)နာရီအတွင်း တရားထိုင်နေစဉ် အချိန်တွင်၊ မနေ့က တွေ့ရှိခဲ့ရသော ကျောက်ဆင်းတု

ကိုယ်တော်၊ သဲအင်းဂူဆရာတော်၊ နတ်သမီးတပါး၊ မိခင်ကြီး၊ ဇနီးနှင့်တကွခလေးတွေအိပ်နေသည်ကို တွေ့ရပါသည်။ အကြည် ခေါ်တ်ကြီးသည် ထွန်းတောက်နေသည်မှာ မျက်စိဖွင့်ကြည့်နေဘိ သကဲ့သို့ တွေ့မြင်ရပါသည်။ ပဌမ ကျော်ကဲဆင်းတု၊ သဲအင်းဂူ ဆရာတော်၊ ဘေးတွင် နတ်သမီးကလေး၊ ၎င်း၏ ဘေးတွင် မိခင်ကြီး၊ ၎င်း၏ဘေးတွင် ဇနီးနှင့်ခလေးများကို တွေ့ရပါသည်။ ထူးဆန်း နေသည်မှာ မနေ့ကကဲ့သို့ မဟုတ်ပဲ နတ်သမီးတဦး ပိုလာသောကြောင့် ဖြစ်ပါသည်။

သို့နှင့် အစမှအဆုံးသို့ အထပ်ထပ် ကြည့်ပြီး၊ "အသုဘ" လင်္ကာ တင်လိုက်ရာ အားလုံး ပြိုပျက်ပြီး ပုပ်ပွသွားသော်လည်း၊ နတ်သမီးမှာ အစကနေဦးက ကြုံ့ကြုံ့ထိုင်သကဲ့သို့ ထိုင် နေပါသည်။ စိတ်ထဲတွင် ပို၍ထူးပြီး ဝမ်းမြောက် ဝမ်းသာ ဖြစ်ခါ၊ အပျက်ကိုမရှုတော့ပဲ အကောင်းဆုံးဖြစ်ရသော နတ်သမီး အားသာ ရှုနေပါသည်။ "အသုဘ"လက်နက်ကို ဆက်ခါ-ဆက်တင်လိုက်လျှင် ရပေမည်။ သမာဓိ ပြင်းပြင်း တင်လိုက် သော်- နတ်သမီး ပျောက်ကွယ် သွားပေမလား၊ သို့မဟုတ် အသုဘ ကောင်ကြီးများ ဖြစ်သွားပေမလား ဟု စိတ်ထဲတွင် ဖြစ်ပေါ်နေပြီး၊ သမာဓိမတင်ပဲ ရှုနေပါသည်။ နတ်သမီးမှာ ကျွန်တော့်အနား လာ၍ ပြုံးပြပါသည်။ ရီပြပါသည်။ ဟန် အမူအရာ အမျိုးမျိုးဖြင့် ပြနေပါသည်။ ကျွန်တော်ခေါ်လျှင် သူလာပြီး၊ လက်လှမ်းဆွဲလျှင်- သူ့လက်ကို လှမ်းပေးပါသည်။ သူမ၏အပြုံးသည် ကျွန်တော်ကိုင်ထားသော "အသုဘ"

လက်နက်ကို မေ့ပျောက် စေပါသည်။ အချိန် အတော်ကြာ ရှုစားပြီး၊ ဘေးမှ ရှုကွက်ဖြစ်နေသော မိခင်ဘက်၊ ဆရာတော်ဘက်တို့မှာ၊ အပုပ်ကောင်ကြီး ဘဝမှ အရိုးစု။ ၎င်းမှတဖန် မီးလောင်၍ မီးကျွမ်းသွားသကဲ့သို့ဖြစ်ပြီး၊ လေတိုက်ရာသို့ လွင့်စင်ခါ၊ တဖြည်းဖြည်းခြင်း နေရာမှ အရိုးစုသည် အမှုံဘဝမှ ပျောက်ကွယ်သွားခဲ့ပါသည်။ ရှင်းလင်းတောက်ပစွာ မြင်တွေ့နေရသောအခါတွင် ကျွန်တော်သည် အားထားရာ မှီတွယ်ရာ ဘယ်မှာမှ ရှာ၍မှရခဲ့ပါ။ ထိုအချိန်တွင် ဘေး၌ ရှိနေသော နတ်သမီးသာ ရှိပါသည်။ အားကိုးရာ ရခဲ့ပါသည်။ စိတ်၏ တွယ်ရာမှီရာသည် နတ်သမီးပင်ဖြစ်နေ၍ အလွန် ဝမ်းမြောက် ဝမ်းသာ ရှိခဲ့ပါသည်။ အားကိုးမိပါသည်။ ပျော်လည်း ပျော်ပါသည်။ ၎င်းအား ရှုနေရင်းပင်၊ ရုတ်တရက် "အသူဘာ" "အသုဘာ"၊မိမိလည်း "အသုဘာ"တွေ့နေရသော နတ်သမီးလည်း "အသုဘာ" သူလဲ မမြဲခြင်းတရား ရှိပါကလား....."အသုဘာ"က "အသုဘာ"ကို ရှုနေခြင်းသည်"အနတ္တ"ပါကလားဟု ရုတ်တရက် နှုတ်မှ ရွတ်ဆိုပြီး နှလုံးသွင်းလိုက်သည်နှင့် တပြိုင်နက်၊ ၎င်း နတ်သမီးသည် ကျွန်တော့်အား လက်နှစ်ဘက်ကမ်းရင်း လဲကျပြီး သေသွားပါသည်။ နတ်သမီးအလောင်းအား ကပ်ပြီး မျက်နှာကို ကျွန်တော်ကြည့်နေသော်-အပြုံးကလေးဖြင့် ပြုံး၍ပင် ပြုလိုက်ပါသည်။ အပြုံးကလေးကို စိုက်ပြီး ရှုနေစဉ်- တဖြည်းဖြည်း ပုပ်ပုပ်ပြီး ပွလာပါသည်။ ပုပ်၍ ပွလာနေသည်ကို ရှုမှတ်နေစဉ်၊ နားထဲတွင် ယာခုလို ဆရာတော်ဘုရား၏ ရှုကွက်ကို ကြားလိုက်ရပါသည်။

– ပုပ်တာရှုပါ၊ ပုပ်တာမြင်ပါ၊ ပုပ်တာကိုသိပါ။

– ပွတာရှုပါ၊ ပွတာကို မြင်ပါ၊ ပွတာကိုသိပါ။

– ဖောင်းတာရှုပါ၊ ဖောင်းတာမြင်ပါ၊ ဖောင်းတာသိပါ။

– အပုပ်ရေတွေ ယိုစီးတာရှုပါ၊ အပုပ်ရေတွေ ယိုစီးတာ မြင်ပါ၊ အပုပ်ရေတွေ ယိုစီးတာ သိပါ။

– လောက်တွေက ဖြစ်ဖြစ်နဲ့ စားနေတာကို ရှုပါ၊ လောက်တွေက ဖြစ်ဖြစ်နဲ့ စားနေတာကို မြင်ပါ၊ လောက်တွေက ဖြစ်ဖြစ်နဲ့ စားနေတာကို သိပါ။

"တခြား ဘာမှလိုက်မသိနဲ့၊ ငါ့ခန္ဓာကြီးဟာလဲ အသုဘကြီး ပုပ်တယ်- ပွတယ်- ဖောင်းတယ်- အပုပ်ရေတွေ ယိုစီးကျတယ်၊ ပိုးလောက်တွေ ဝမ်းခေါင်းထဲ တဖြစ်ဖြစ်နဲ့ စားနေတယ်လို့ သညာပေးပြီး ရှုပါ၊ ကောင်တာကျအောင် ရှုပါ၊ စိတ် အလုပ်ပါ၊ ကိလေသာ ခမ်းခြောက်တဲ့ တရား၊ တဏှာသေတဲ့ တရား၊ နိဗ္ဗာန်ဝင်မဲ့တရားကြီး၊ မိမိခန္ဓာကိုယ်ကြီးကို စက်ဆုတ် လာမယ်၊ ရွံမုန်းလာမယ်၊ လွတ်လိုတဲ့စိတ်တွေ တဖွားဖွား ပေါ်လာမယ်၊ နှလုံးသွင်းပါ"

ဆိုသောအသိက ကျွန်တော့်ကို ပို့ပေးနေပါသည်။ "ငါ့လက်၊ ငါ့ခြေ၊ ငါ့ကိုယ်၊ ငါ့ခေါင်း၊ မိန်းမပဲ၊ ယောကျ်ားပဲ လို့ စွဲလန်းနေတဲ့-သုဘတရားတွေကို ပယ်လိုက်၊ "အဲဒါက သမုဒယ သစ္စာကို ပယ်တာ" "အသုဘ တရားကိုယ်တွေ့ ကျွန်နေတာ- 'ရုပ်နာမ်ဒုက္ခသစ္စာကို' ပိုင်းခြား၍ သိတာ။ အသုဘ တရား- အသုဘလက္ခဏာတွေကို မိမိခန္ဓာမှာတင်ပြီး ပွားများနေတာက မဂ္ဂသစ္စာ။ အသုဘတရား ပွားများလို့ တဏှာချုပ်သွားတာက နိရောဓသစ္စာ။ ဒါဟာ အသုဘတရားဖြင့် သစ္စာလေးပါး ခွဲမြချက်ပဲ၊ သေသေချာချာရှုဟု အသံကြားရပြီး၊ နောက်ပိုင်းတွင် နတ်သမီးသည် တဖြည်းဖြည်း ပုပ်သည်ထက်ပုပ်-နံသည်ထက်နံ- ပျက်သည်ထက် ပျက်လာပြီး ကြည့်ရှုဘွယ် မကောင်း သည်ကို တွေ့ရပါသည်။ တခါထပ်၍ နတ်သမီး၏အလှကို ပြန်ပြီးရှုပါသည်။ ရှုသော်—လှပါသည်၊ ဆင်ခြင်လိုက်သော်-အပျက်ကြီး ဖြစ်ဖြစ်နေပါသည်။ နောက်ဆုံးပဲ-ဝဲယာကိုရှု၍ ဆင်ခြင်လိုက်သောအခါတွင်၊ တဖြည်းဖြည်း-အရိုးစုမှ အမှုန့်၊ ၎င်းမှတဆင့် ပြာပုံသို့ ကူးပြောင်းခါ— ဒေသတိုက်၍လွင့်သော ဖွဲနှင့်တူလာပြီး၊ အေးငြိမ်းရာ အတိသို့ ရောက် ခဲ့ ပါ သည်။ တချိန်လုံး- ၎င်းနတ်သမီး၏ မျက်နှာမှအစ-တကိုယ်လုံး အမြဲ ဒလစပ်ကြီး မြင်နေရသဖြင့် အပျော်ကြီးပျော်ပြီး-အပြုံးကြီးကိုဆင်နေခြင်းဖြင့် အချိန်ကို ကုန်လွန်ခဲ့ပါသည်။

ညနေ(၅)နာရီ(၃၀)အချိန် ရေမိုးချိုးပြီး၊ ဆရာတော်အား ဖြစ်ပျက် အစဉ်ကို လျှောက်ထား အစီရင်ခံရာ- ဆရာတော် ဘုရားက-

ဆရာတော်။ "ဒကာကြီး-ဒီနေ့ အပြုံးခရီး သွားနိုင်လေတော့၊ သမုဒယသစ္စာကို ဆင်ခြင်လေ့တို့ ဖြစ်ပေါ်လာတာ ဒါကြောင့် ကျန်ရှိနေတဲ့အချိန်မှာ၊ သမုဒယသစ္စာကို ဘယ်လိုဖြစ်တယ်၊ ဘယ်လိုပျက်တယ်၊ ဘယ်လိုသတ် ခဲ့တယ်ဆိုတာကိုပဲ ဆင်ခြင်၍နေပါ၊ နောက်တနေ့လဲ ထူးလိမ့်မယ်"

ဟုပညတ် ထုတ်လိုက်ပါသည်။ နေမင်း၏ ရောင်ခြည်များက ကျွန်တော့်အား နှုတ်ဆက်လိုက်ပါသည်။ မြတ်သန်းလျှောက်ခဲ့ ရသော တရားဂူကလေး အခန်းဆောင်ဆောင် အတွင်းမှ အမှောင် ရိပ်များအား ပျောက်ကွယ်၍သွားပါပြီ။ ညနေပိုင်း (၆)နာရီ (၃၀)မှ၊ (၁၀)နာရီ(၃၀)အထိ တရားထိုင်ပြီး၊ (၁၀)နာရီ (၃၀)မှ (၀)နာရီအထိ အသိကပ်၍ အနားယူပါသည်။

\+ × +

# ပဉ္စမနေ့ ဝိပဿနာ အစီအစဉ်

နံနက်(၁)နာရီမှ (၅)နာရီထိ တရားထိုင်ခါ၊ နံနက်(၅)နာရီမှ(၆)နာရီအတွင်း ယာဂုသုံးဆောင်ပါသည်။

နံနက်(၆)နာရီမှ (၁၀)နာရီအထိ တရားထိုင်ပြီး၊ နံနက်(၁၀)နာရီမှ (၁၁)နာရီ(၃၀)တွင်ရေချိုး၍ နံနက်စာ သုံးဆောင်ပါသည်။ နံနက် (၁၁)နာရီ(၃၀)မှ (၁)နာရီအထိ အနားယူအသိကပ်ပြီး၊ မွန်းလွဲ(၁)နာရီမှ (၅)နာရီအထိ နေ့တရားထိုင်ပါသည်။

မွန်းလွဲပိုင်းတရားထိုင်စဉ် ကျောက်အင်းတု ဘုရားဘေးတွင် သဲအင်းဂူဆရာတော်ဘုရား၊ ဆရာတော်ဘေးတွင် ဗြဟ္မာကြီး— ပြိုးပြိုးပြက်ပြက်နှင့် ရင်းဘေးတွင် ကျွန်တော်၏မိခင်၊ ရင်းဘေးတွင် ဇနီးနှင့်ခလေးများကို တွေ့ရပါသည်။ ယခင်တွေ့ရသော

"အသုဘ"လို့ဒလစပ်ကြီး မြင်နေပါသည်။ အထွေအထူးပို၍ ထူးခြားစွာမြင်ရသည် မရှိပါ-မြင်နေကျ ဖြစ်သည့်အတိုင်းသာ မြင်ရပါသည်။ကျောက်ဆင်းတု၊ သဲအင်းဆရာတော်၊ဖြူမွှာကြီး မိခင်နှင့်ဇနီးခလေးများကို အသေအချာ ဆင်ခြင်ရှုလိုက်သည့် အခါ၊အားလုံး "အသုဘ"ကြီးတွေဖြစ်နေပါသည်။ အသုဘ၏ လက္ခဏာအတိုင်းမြင်ပြီး ပုပ်လာပါသည်။ ပွလာပါသည်။ရှုချင် စဖွယ်မရှိပါ။ ၎င်းအချိန်တွင် ကျွန်တော်၏အသဲနှလုံးမှာ ဝမ်း နည်းခြင်းမက ဝမ်းနည်းကြေကွဲပြီး–အသဲနှလုံးများ တခုမကျန် ပြုတ်၍-ပြုတ်၍ ကျဘိသကဲ့သို့ဖြစ်ရ၍၊ ကျွန်တော် ငိုပွဲကြီးကို ဆင်လိုက်ရပါသည်။ ထိန်းမရ သိမ်းမရအောင် ငိုနေချိန်တွင်-

"ရဟန္တာတွေ-ဖြူမွှာကြီးတွေ-ဘုန်းကြီးတွေ–မယ်သီလရှင် တွေ-ဒကာတွေ-ဒကာမတွေ-ဘာပဲမြင်မြင်-မြင်တာစိတ်ပဲ-ပေါ် ပေါ်ပြီး ပျက်ရမဲ့တရား–ပုပ်ရမဲ့တရား- ပွရမဲ့တရား- ပေါင်းရမဲ့ တရား ခေါက်စားရမဲ့တရား စသည်ဖြင့်"အသုဘသဘောကိုသာ သိသွား-အသုဘလက္ခဏာတွေကိုသာရှု- သူ့သဘောနဲ့သူ ပေါ် လာတာပဲလို့သိရှိသိ– အသုဘသဘောကို နှလုံးသွင်းလိုက်ပါ" ဟု-နားမှကြားလေ- ငိုလေ- ထိန်းမရဖြစ်လေ– ဖြစ်ရပါသည်။ ကျွန်တော်၏ မိခင်မသေ- အသက်ရှင်လျက်ရှိသည်ကား ကျွန် တော်သိပါသည်။ မိခင်သေနေသည် သဏ္ဍာန်နှင့် ပုပ်ပွပြီး နေသည်ကိုပင် တွေ့မြင်မြင်ပြီး ထိန်းမရအောင်ဝမ်းနည်း၍ငိုနေရ

ပါသည်။ အချိန်ကုန်၍ တရားဖြုတ်လည်း မိခင်၏အသေကောင် ပုပ်ကြီး-တွေးမြင်ရင်း တကယ်မြင်နေရဘိသကဲ့သို့ တွေ့တွေ့နေ ရသဖြင့် ငိုချင်စိတ်မှာတားမရ ဖြစ်လျက် ငိုလိုက်ရပါသည်။ တနေ့လုံး ငိုနေရပါသည်။နတ်သမီး၏ချစ်ဖွယ်—တတ်မက်စွဲလန်း ဖွယ်ကောင်းသော ကိုယ်ကာယကို- ပြန်လည်တွေးမြင်ကြည့်ရာ နတ်သမီးကပျက်၍ နောက်ကွယ်တွင် မိခင်၏အသုဘအလောင်း ကြီးကို ဒလစပ်ကြီး မြင်နေရပါသည်။

ညနေ(၅)နာရီမှ (၅)နာရီ(၅)နာရီ(ရေချိုးချိန်ဦလည်း— အိမ်မဲဇရပ်သို့သွားရာ တလမ်းလုံးမျက်ရည်များဖြင့် လွှမ်းမိုး သော မျက်နှာဖြင့် နှလုံးသည်းပွတ်ကြေမွနေသော ခန္ဓာကိုယ် ကြီးက မလှမ်းချင်- လှမ်းချင်သောခြေလှမ်းဖြင့် သွားခဲ့သော် လည်း ဖြေဆည်းမရနိုင်ခဲ့ပါ။ ဇရပ်ရှင်—ဒေါ်အေးညွန့် (ယခု သီလရှင်ကြီး-ဒေါ်ဓမ္မသီ)က ကျွန်တော့်အား “ဘယ်လို ဖြစ်လာတာလဲ” ကျွန်တော်ကား မဖြေသိမ့်နိုင်အောင်ဖြစ်နေသူ ပီပီ၊ငိုလျက်— အဖြစ်သပျက်ကို ပြောပြရာ- ဒေါ်အေးညွန့်က “အမေ- ပဲခူးမှာရှိနေသားပဲ- ခလေးနဲ့အမျိုးသမီးလဲရှိသားပဲ— မသေပါဘူး”ဟု ပြောသော်လည်း-ဖြေဆည်း၍မရပါ။တကယ် မြင်နေသူဖြစ်၍ “မဟုတ်ဘူး မဟုတ်ဘူး- တကယ့်ကိုသေ ကုန်ကြပြီ၊ ဆရာတော်လဲ သေနေပြီ၊ ဘုရားတွေလည်းပျက် ကုန်ပြီ၊ ကျွန်တော် အားကိုးရာ မရှိပါဘူး” ဟု နှုတ်မှ၊ ရေ

တံလျှောက် ရေစီးကျနေသကဲ့သို့ မရပ်မနား-ဆက်ခါဆက်ခါ ပြောပြီး— ငိုမြဲငိုနေပါသည်။ သူတို့တွေလည်း ဘယ်လိုမျှ ပြော မရသော အဆုံးတွင်၊ တယောက်မျှ မပြောကြ တော့ပါ၊ ကျွန်တော်လည်း ရေမိုးချိုးပြီး-ဆရာတော်ဘုရားရှိရာ "အဓိဋ္ဌာန် ဂူ"စခန်းသို့ အတင်းပြေးဝင်လျက်"ဘုရားတပည့်တော်ကို ကယ်ပါ ဘုရား၊ တပည့်တော်မှာ အားကိုးရာမဲ့ဘဝ ရောက်နေပါပြီ၊ အားကိုးရာဆဲ မဲ့နေပါပြီ၊ ကယ်တော်မူပါ ဘုရား"ဟု ငိုကြီး ချက်မဖြင့်- ခြေတော်အစုံကို ခေါင်းဖြင့် တိုးခိုက် ဝပ်တွား လျှောက်ထားသော်၊ ဆရာတော်ဘုရားက—

ဆရာတော်။ "ဒီညလဲ ထူးလိမ့်မယ်၊ တယောက်ထဲ နေလို့တော့ ဖြစ်မှာမဟုတ်ဘူး၊ သုသာန်ဆရာတော်-ညအနားမှာ စောင့်အိပ်ခိုင်းမှဖြစ်မယ်"

ဟုမိန့်ဆို၍- သုသာန်ဆရာတော်ဘုရားကြီး (သုံးခွ သဲအင်းဂူ တိုက်ခွဲ)အား ညစောင့်အိပ်ရန် မိန့်ကြားပါသည်။

ကျွန်တော်လည်း ဝပ်ဖြည့်ပြီး-ရှေ့ဖြစ်မည့် အခြေအနေအား သိချင်စိတ်ဖြင့် ပြန်လာခဲ့ပါသည်။ ကျောင်းသို့ရောက်သည့်အခါ "အသုဘ" "အသုဘ"ဟု နှလုံးသွင်းခါ- နှာသီးဝတွင် အသိ ကပ်၍-ငိုလျက် နေပါသည်။

ညသည်- အလင်းရောင် ဖြိုခွင်းလိုက်သည်နှင့် မှောင်အတိ ဖြစ်နေပါပြီ။ သုဿာန် ဆရာတော်ဘုရားကြီး သည် လည်း အိပ်ယာလိပ်နှင့်အတူ တက်လာပါသည်။ ဆရာတော်ဘုရားကြီး လည်း ကျွန်တော့် အနားတွင် အိပ်ယာပြင်ဆင်ပြီး- အိပ်ယာ ထက်၌ အတွေ့အကြုံ-ဗဟုသုတ များ ဆွေးနွေးပြီး၊ အချိန်အား ဖြင့် ည(၁၀)နာရီခန့်ရှိမည်ဟုထင်ပါသည်။ ကျွန်တော်လည်း တရားထိုင်ခြင်းလုပ်ငန်းကို အစပြုပါသည်။

## "ဆဌမဝဇီပိတ် အဓိဋ္ဌာန်စခန်း"

နံနက်ပိုင်း(၂)နာရီ(၃၀)ခန့် ရောက်လာသော်-ကျွန်တော့် နားထဲတွင် "အမည်ခေါ်၍- ဟား-ဟား-ဟား" ရယ်သံကြီး ကြားရပါသည်။ ငိုသံတွေလည်း ကြားရပါသည်။ တခါ- တခါ၊ အော်၍-အော်၍ အမည်ကိုခေါ်နေပါသည်။ ရယ်သံများ ကြားရပါသည်။ အရာဝတ္ထုများ အမြင့်မှ ကျသံများ ကြားရ ပါသည်။ တဒုံးဒုံးဖြင့် ဆူညံသံများ ကြားရပါသည်။ ကျွန်တော်သည် တရားမပျက်-အဓိဋ္ဌာန်ပြီး ဆုံးသည့်တိုင် တရား ထိုင်နေပါသည်။ အသံများကား ပွဲတင်ထပ်လျက် ကြားနေရပါ သည်။

တရားဖြုတ်သော အချိန်သည် နံနက်( ၃ )နာရီ(၃၀)ခန့် ရှိနေပါပြီ။ တကိုယ်လုံး တုံရီ၍ ကြက်သီးမွေးသီးများ ထနေ

သည်ကို တွေ့ရပါသည်။ သို့နှင့် အနီးရှိ သုဿာန်ဆရာတော် ဘုရားကြီးအား—

ကျွန်တော်။ "အရှင်ဘုရား- တဲပည့်တော်ကို ခေါ်ပါ သလားဘုရား"

သုဿာန်ဆရာတော်။ "မခေါ်ပါဘူး"

ကျွန်တော်။ "တဒုံးဒုံး- တဒိုင်းဒိုင်းနဲ့ ဖြစ်နေတာတွေ ကော-ကြားပါသလားဘုရား"

သုဿာန်ဆရာတော်။ "မကြားပါဘူး"

သုဿာန်ဆရာတော်။ "ညက ဆရာတော်ကြီး ပညတ် ထုတ်ထားတယ်မဟုတ်လားထူးခြား မှာပေါ့"ဟု အသိပေးမှ၊ ကျွန်တော် သတိရပါတော့သည်။ ခေတ္တအသိ ကပ်ပြီး ဆင်ခြင်နေစဉ်၊ကျွန်တော့် ကိုယ်၌ ထူး ခြား သော အသိတခု ပေါ်လာပါသည်။ (နောက်ပိုင်း အမေးအဖြေ၌ ထင်ရှားစေပါမည်)

နံနက်(၅)နာရီ(၃၀)မှ(၆)ရိုနာအထွင်း ယာဂု သုံးဆောင်ပါသည်။ နံနက်(၆)နာရီ (၃၀)အချိန်တွင် တရားထိုင်ခြင်းအလုပ်သို့ တန်းဝင်ပါသည်။ နံနက်(၁၀)နာရီမှ (၁၀)နာရီ(၃၀)တွင်၊ နံနက်စာ စားခြင်းဖြပြုမိ၊ ကိုယ်လက် သန့်ရှင်းစင်ကြယ်စေပြီး၊ အိမ်သာရှိရာသို့ "အသုဘ" လက်နက်စွဲကိုင်ပြီး "အသုဘ"ကြီးလှမ်းတယ်- လှမ်းတယ်ဖြင့် အိမ်သာသို့သွားပါသည်။ "အသုဘကြီး အိမ်သာတက်တယ်" "အ သု ဘ ကြီး တံခါးပိတ်တယ်" "အသုဘကြီး ထိုင်တယ်" ထိုနှုတ်မှရွတ်ဆိုရှုမှတ်လျက် ထိုင်လိုက်ရာ၊တခန်းလုံး မှောင်အတိဖြစ်နေသောအင်တေအုပ်အိမ်သာ (ဆွမ်းစားကျောင်းနှင့် သာသနာ့ပစ္စည်းသိုလှောင်ထားရာ အဆောက်အဦး ၂-ခုကြား)မှ ဘယ်ဘက်မျက်စိမှ ပိတ်ထားသောတံခါးကို ထွင်းဖောက်၍ အပြင်မှပန်းကန် အိုးခွက်များ ဆေးကြောနေသော အမျိုးသမီး-အမျိုးသားများကို မြင်လိုက်ရပါသည်။ ကျွန်တော် အံ့ဩမိပါသည်။ နောက်-ညာမျက်စိကို အာရုံပြုလိုက်ရာ ရပ်ထားသော ကျွန်တော်၏ မာဇဒါကားလေးကို မြင်လိုက်ပါသည်။ "အသုဘ" "အသုဘ"ဟု နှုတ်မှရွတ်နေရာ-ကြည့်ရင်း- ကြည့်ရင်း- ယာဉ်ကလေးမှာ ပြိုပျက်-ပျက်စီးပြီး ကြေမွနေသည်ကို တွေ့လိုက်ရပြီး၊ ပန်းကန်ခွက်ယောက် ဆေးကြောနေကြသော အမျိုးသား-အမျိုးသမီးများကို ဆင်ခြင်လိုက်သော်- အရိုးစုကြီးတွေ မြင်ရပြီး၊နှစ်သက် မှက်မောစရာ တခုမှ မတွေ့ရတော့သည့် အဆုံးတွင် အိပ်သာမှ အသာထ၍ ကြည့်သည့်အခါ၊ မြင်နေသည့်အတိုင်း

ပင် တွေ့ရှိရပြီး တဖြည်းဖြည်း ပျက်စီးကုန်သည်အထိ ဖြစ်နေပါသည်။

သို့နှင့်မင်း၊ ကိုယ်လက်သန့်စင်ပြီး "အသုဘ"တရားကို ရှုမှတ်ဆင်ခြင်လျက်မင် စခန်းဝင်ရာဖြစ်သော ဇရပ်သို့ ဦးတည်၍ပြန်ခဲ့ပါသည်။ ထိုအချိန်မှစ၍ လူကိုကြည့်လိုက်လျှင် ပဋ္ဌမမူ အဝတ်အစား လှလှပပ၊ နောက် တဖြည်းဖြည်း၊ ခန္ဓာကိုယ်ကြီး ပုပ်လာပြီး၊ အရိုးစုဘဝသို့ ရောက်ရှိရောက်ရှိသွားပြီး၊ နောက်ဆုံး အရိုးစုကြီးနှင့်သာ တွေ့မြင်တွေ့မြင်နေရပါသည်။ ဘုန်းကြီးကို ကြည့်၍- ဘုန်းတော်ကြီးအား ဆင်ခြင်လိုက်သော်၊ ပုပ်ကျပျက်ကျလာပြီး အရိုးစုဘဝ ရောက်ရောက်နေပါသည်။ အမှန်မှာ လူကဖြစ်နေသည်မဟုတ်ပါ။ စိတ်ကဖြစ်နေခြင်း ဖြစ်သော်လည်း စိတ်ကြောင့်ဖြစ်သောရုပ်ဟူ၍ "မခွဲခြား"နိုင်ပါ။ ပညာမျက်စိ မပွင့်လင်းချိန် ဖြစ်ပါသည်။ ပညာမျက်စိ ပွင့်လင်းလာသော အခါကျမှ၊ ထင်ထင်ရှားရှား ခွဲခြားသိပါသည်။

နံနက်(၁၁)နာရီ(၃၀)မှ နေ့မွန်းလွဲ(၁)နာရီအထိ၊ အနားယူ အသင့်ကပ်နေပါသည်။ မွန်းလွဲ(၁)နာရီအချိန်တွင် စည်တော်ကြီးက၊ တရားထိုင်ရန် ဘိတ်ကြားလာသဖြင့်၊ ကျွန်တော်သည် မိမိအခိဋ္ဌာန်ဝင်နေသော-ဆရာတော်ဘုရား၏ အုပ်ကြွပ်မိုး လေးတိုင်စင် ကျောင်းသခ်ဏ်း၌ တရားမထိုင်တော့ပဲ၊ အများယောဂီတို့ တရားထိုင်ကြသည့် ဓမ္မာရုံကြီးသို့ကူး၍ တရားထိုင်ပါသည်။ အဓိဋ္ဌာန်စခမ်း (၇)ရက်တွင် ဤအကြိမ်ပင် တက်

ရောက်၍ လူအများနှင့်ထိုင်ဘူးပါသည်။ တရားပို့မည့် ဘုန်းဘော်ကြီး "ဦးဇောတိက"ကလည်း၊ "ကဲ....ကန်တော့ကြ"ဟု ဆိုလိုက်လျှင်ပင် အားလုံးဓမ္မယောဂီပရိသတ်များမှာ တပြိုင်တည်း "ဩကာသ-ဩကာသ-ဩကာသ"မှအစ၊ကန်တော့ပြီး ပရိကံကိုခံယူ၍ မိမိကြိုက်နှစ်သက်သော ပုံစံဖြင့် တရားထိုင်ကြပါသည်။

အများနည်းတူပင်၊ကျွန်တော်လည်း"အသာသ-ပဿာသ" "ထွက်လေ-ဝင်လေ"ကို ရှုမှတ်၍ တရားထိုင်ပါသည်။ ထိုင်နေရင်းပင် ဓမ္မာရုံအတွင်း၌ ရှိနေကြကုန်သော ယောဂီပရိသတ် (၅၀၀)ရာကျော်တို့မှာ အားလုံးပုပ်-အားလုံးပျက်ပြီး၊ အားလုံး "အသုဘ"ဘဝမှ-အရိုးစုဘဝ-၎င်းဘဝမှ ဓမ္မာရုံတခန်းလုံး ဘာမျှမရှိကြတော့ပဲ၊ လင်းထိန်ပြီးနေသည်ကို ရှုမှတ်မြင်တွေ့ရပါသည်။ စိတ်၏ချုပ်ငြိမ်းရာသို့ ကြိမ်ဖန်များစွာ ရောက်ခဲ့ရသည်။ လွန်စွာ စိတ်ချမ်းသာမှုကို ခံစားရပါသည်။ မျက်စိ ဖွင့်၍ကြည့်သော် ဓမ္မာရုံ၌ မည်သူတဦးတယောက်မျှ မရှိသည်ကို တွေ့ရှိရပါသည်။

ဓမ္မာရုံမှထွက်ရင်းပင်၊ ကြည့်တိုင်း-ဆင်ထင်ရှားရှား-လင်းလင်းထင်းထင်းကြီး မြင်နေရပါသည်။

ညနေ(၄)နာရီ(၃၀)ထိုးနေပြီဖြစ်၍၊ ရေမိုးချိုးပြီး အနားယူနေချိန်တွင် ကျွန်တော့်တပည့်ကလေး လာရောက်၍"နေထိုင်

ကောင်းရဲ့လား”ဟု ကျွန်တော့်အားမေးမြန်းပါသည်။ အဆိုပါ တပည့်ကလေးအား၊ အဓိဋ္ဌာန်ဝင်နေစဉ် မလာရန်နှင့် မည်သည့် ကိစ္စကိုမျှ သတင်းမပို့ရန်၊ အစားအသောက်လည်း အလို အလောက်ယူဆောင်လာပြီးဖြစ်၍ လာရောက်မပို့ရန်၊ ကနဦး ကပင် ကြိုတင်မှာကြားထားပါသည်။မှာကြားထားသည့်အတိုင်း မလိုက်နာပဲ“သက်သက် ကျွန်တော် လာချင်စိတ်ပြင်းပြလို့ ဆရာ ထံလာတာပါ”ဟု ပြောဆိုပြီး ရန်ကုန်သို့ ပြန်သွားပါသည်။ “အကြောင်းကိစ္စ သိပ်အရေးတကြီးဖြစ်မှလာ၊မင်းလာရင် ငါ့ကို လာစေချင်တဲ့အဓိပ္ပာယ်ရှိတယ်”ဟု ကျွန်တော် စော စော ပိုင်း ကထဲကပင် မှာကြားထားခဲ့ပါသည်။သူလာချိန်တွင် ကျွန်တော် အဓိဋ္ဌာန်စခန်း(မှော်ဘီ–သဲအင်းဂူကျောင်း)သို့ မလာမီညက၊ ရန်ကုန်အိမ်၌ပစ္စည်းများသိမ်းဆည်းနေချိန်တွင် ဘီဒိုအံဆွဲပြုတ်ကျ ၍ လက်ဝဲဘက်ခြေမကြီးမှာ ခြေသည်းခွံကွဲခဲ့သည့်ဒါဏ်ရာသည် ယခု(၇)ရက်ပြည့်မည့်ညနေပိုင်းတွင် ပုပ်ကွဲရှိရှိပြီး ဖြစ်နေချိန် နှင့် တိုက်ဆိုင်နေပါသည်။

သို့နှင့် ကျွန်တော်သည် ညနေ(၆)နာရီ (၃၀)အချိန်တွင် သဲအင်းဂူဆရာတော်ဘုရားထံ ညနေတိုင်း ဖူးမျှော်ဝတ်ပြုခြင်း၊ တရားများ အစစ်အဆေးခံခြင်း ကိစ္စမျိုး လုပ်နေကျအချိန် ဖြစ် သည့်အတိုင်း သွားရောက်ပါသည်။ ဆရာတော်ဘုရားအား ကန်တော့၍ ဝပ်ဖြည့်နေစဉ် “တပည့်တော်-အဓိဋ္ဌာန် ပြည့်နေ ပါပြီဘုရား၊ တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား”ဟု လျှောက် ထားသည့်အခါ—

**ဆရာတော်**။ "ဒကာကြီးလာစဉ်က (၈)ရက်(၉)ရက်လို့ ပြောပြီး၊ အခု(၇)ရက်ထဲရှိသေးတာ ဘာဖြစ်လို့ပြန်ချင်ရသတုံး"

ကျွန်တော်။ "တပည့်တော်စိတ်ထဲမှာ၊ပြန်ချင်တဲ့စိတ် ဖြစ်နေလို့ပါဘုရား"ဟု လျှောက်ထားရာ- သဲအင်းဆရာတော် ဘုရားက-

**ဆရာတော်**။ "ဒကာကြီး၊ ဒီနေ့ညတည အိပ်ပါအုံး(၈)ရက်ပြည့်ရင် တော်ပါပြီ-ဒီနေ့ည တကယ်ထူးမှာဗျ"

ကျွန်တော်။ "မဖြစ်ဘူးဆရာတော်ဘုရား-တပည့်တော်က ဗုဒ္ဓဟူးသားဘုရား"

**ဆရာတော်**။ "ဒကာကြီး ကျင့်စဉ်ကို ဒကာကြီး သတိမူပါ" "သမ္မသနဉာဏ်စဉ်သို့ ရောက်နေပြီ၊ ဒါကြောင့် ဘနေ့က အဲဒီ သမ္မသနဉာဏ်ကို သုံးသပ်ပါလို့ မှာလိုက်တယ် မဟုတ်လား"

ကျွန်တော်။ "မှန်ပါဘုရား၊ ဘုရားတပည့်တော် အဲဒီ သမ္မသနဉာဏ်ကို သုံးသပ်သည့်အခါ ဝေဒနာပေါ်မှာ ဖြစ်ပျက်တာကို တွေ့ပါတယ်ဘုရား၊ ပျက်ဘာတွေကိုလဲ တွေ့ခဲ့ရပါတယ်

ဘုရား၊ ကြောက်တာတွေလဲ ခံစားခဲ့ရတယ်၊ ရှုံတာတွေလဲ ခံစားခဲ့ရပါတယ်ဘုရား”ဟု ပြန်လည်ဖြေကြားရာ- ဆရာတော်ဘုရားက-

ဆရာတော်။ “ဒကာကြီး-စောစောပိုင်းက၊သမ္မသနဉာဏ်ကို သုံးသပ်ခိုင်းတယ်မဟုတ်လား၊ အဲဒီ သမ္မသနဉာဏ်ကို သုံးသပ်လိုက်တော့ ဖြစ် ပျက်တာကိုတွေ့တယ်၊ အဲဒါက စာလိုတော့ ဥဒယဗ္ဗယဉာဏ်လို့ ခေါ်တယ်၊ ပျက်တာက ဘင်ဂဉာဏ်၊ကြောက်တာက-ဘယဉာဏ်၊ ရှုံ့ တာက-အာဒီနဝဉာဏ်လို့ ခေါ်တယ်။ဒါက စာလိုခေါ်တာနော်၊ ဒကာကြီး၊ အဲဒီ သမ္မ သနဉာဏ်ကို ဉာဏ်စဉ်တခုတိုင်းပေါ် သုံး သပ်ရင် ဉာဏ် (၁၀) ပါးကုန်သွားရော၊ ပညတ်အားဖြင့် ရင်းပုဂ္ဂိုလ်ကို သောတာပန် လို့ခေါ်တယ်–ဒကာကြီး”

“နောက်တဆင့် သမ္မသနဉာဏ်ကို သုံးသပ် အုံး၊ ဉာဏ်(၁၀)ပါး ကုန်းသွားပြန်ရော- အဲဒါက ပညတ်လို-သကဒါဂါမ်လို့ ခေါ် ကြတယ်။ နောက်တခါ- သမ္မသနဉာဏ်ကို သုံးသပ်ပြန်တော့ ဉာဏ်(၁၀)ပါးကုန်ပြန် ရော-အဲဒါ-အနာဂါမ်လို့ခေါ်တယ်- ဒကာ ကြီး။ဉာဏ်တွေတက်နေပြီမို့ တရက်တော့

ဆက်ပြီးကျင့်လိုက်ရင်တော့ တခါတည်း ကိစ္စပြီးသွားမှာပါ။ ဒကာကြီး-ဒကာကြီး တွေ့ကြုံခဲ့တဲ့ဒုက္ခသစ္စာသမုဒယသစ္စာ နိရောဓ သစ္စာ—မဂ္ဂသစ္စာ-သစ္စာ(၄)ပါးကို ပိုင်းပိုင်း ခြားခြား မြင်ခြင်းကြောင့် စက္ခုဥဒပါဒိ- ဓမ္မစက္ခုကပွင့်လာတယ်၊ ဓမ္မစက္ခုကဖွင့်ပေး တော့ မှန်တာမြင်တယ်—

မှန်တာမြင်တော့-မှန်တာသိတယ်။ အဲဒီလို မှန်တာ သိခြင်းကြောင့် 'ဉာဏံဥဒပါဒိ' ထင်ရှားရှိလာတယ်။ အဲဒီ သစ္စာ(၄)ပါးပေါ် ပညတ် အားဖြင့် "သတ္တ လောက၊ သင်္ခါရလောက၊ ဩကာသလောက" အတွင်းလောက(၃)ပါး၊ အပြင်လောက(၃)ပါး အဲဒီလို ပညာက- ဝေဘန်ကပွားပြီး ဆုံးဖြတ်ခြင်း ကြောင့် "ပညာဥဒပါဒိ" ထင်ရှားရှိတယ်။ ဒီလို ပညာပေါ်- ဝေဘန်ကပွားပြီး အလင်းဓါတ်ကြီး ပေါ်က- ဝေဘန်ကပွားပြီး ဆုံးဖြတ်ခြင်းကြောင့် ဒကာကြီး "ဝိဇ္ဇာဥဒပါဒိ" ထင်ရှားရှိတယ်၊ အခု ပြောပြတာက၊ ပညတ်ကြီးနဲ့ ပြောတာနော်၊ ဓမ္မစက္ခုက ဖွင့်ပေးတော့ မှန်တာမြင် - မှန်တာ သိတယ်။ ပညာက ဝေဘန်ကပွားပြီး ဆုံးဖြတ်တယ်။ အလင်းဓါတ်ကြီးပေါ်မှာ ပညာက- ဝေဘန်က ပွားပြီး ဆုံးဖြတ်တယ်။ အလောကကြီးထဲ လဲမှာ

ပညာက-ဝေဘန္ဒ ကပြုပြီးဆုံးဖြတ်တယ်။ အဲဒီလို-ဆုံး ဖြတ် ခြင်း ကြောင့်၊ "အလောကော ဥဒပါဒိ" ထင်ရှား ရှိတယ်။ အဲဒါကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက၊ 'စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ဝိဇ္ဇာဥဒပါဒိ၊ အလောကော ဥဒပါဒိ" လို့ ဟောထားတာ ရှိတယ် ဒကာကြီး၊ ဒကာကြီးလဲ ဓမ္မစက္ခုကြီး ပွင့်နေပြီ-ကြိုးစားပါ"

ကျွန်တော်။ "တပည့်တော် ပြန်ရန် ဆုံးဖြတ်ပြီးပါပြီ ဘုရား၊ ခွင့်ပြုတော်မူပါ ဘုရား" ဟု ထပ် ခါ တ လဲလဲ လျှောက်ခါ၊ ဦးချပြီး ထမည်ပြုရာ၊ ဆရာတော်က-

ဆရာတော်။ "ဒကာကြီး—ဒကာကြီး တရားစထိုင်မည်ဟု မဆုံးဖြတ်မီက ဦးပဥ္စင်းကို "မိန်းမနဲ့အတူနေမယ်- တရားထိုင်ရင် ရပါ့မလား"၊ "အစိုးရအလုပ် လုပ်ရင်း-တရားထိုင်ရင် တရားရပါ့မလား"လို့ မေးဘူးတယ် မဟုတ်လား၊ အခုလဲ ဒကာကြီးရဲ့ဆန္ဒ ပြည့်ဝပြီ မဟုတ်လား၊ သာဓု-သာဓု-သာဓု-ဟု နှုတ်မှဆိုပြီး ခေါင်းလှုပ်၍ ပြုံးတော်မူပါသည်။

ကျွန်တော်လည်း၊ ကျွန်တော်၏ ဆန္ဒအရ-ပြန်ရမည် ဖြစ်၍၊ အလွန် ဝမ်းမြောက် ဝမ်းသာ ရှိလျက်၊ တရား အားထုတ်ရာ ကျောင်းသခ်မ်းသို့ အတိုင်းမသိ ဝမ်းမြောက်ခြင်းဖြင့် ပြန်ခဲ့ပါ

သည်။ ကျောင်းသခမ်းသို့ ပြန်ခဲ့ပြီး- ကြွက်လျှောက်ပေါ်၌ စီထားသော-ဘိသပ်ရည်-လိမ္မော်ရည်-ကရင်ဆိုဒါ-အခါး အင်-သရက်သီးသနပ်အစပ်-အချိုပုလင်းများ-စားစရာမျိုးစုံ ဘူးကြီးဘူးငယ်နှင့်တကွ၊ အိပ်ယာလိပ် လိပ်ပြီး အမောပြေနေရာတွင်၊ ဆရာတော်ဘုရားအား လျှောက်ထားစဉ် အချိန်က၊ တရားစစ်ဆေးချက်ကို ကြားနာရသော ရဟန်း-သံဃာ-သီလရှင် နှင့် လူပုဂ္ဂိုလ်များ လာရောက်၍ အားပေး နှုတ်ဆက်ကြပါသည်။ ယခင်က ညစာစားလျှင် စားရန်ယူဆောင်လာခဲ့သော အစာအဟာရပစ္စည်းများမှာ-မစားနိုင်ပဲ၊ မကိုင်ရပဲ ကျန်ရှိနေသော ပစ္စည်းများအား လာရောက် နှုတ်ဆက်ကြသူ အားလုံး အား ဒါနမှုကို ပြုလိုက်ပါသည်။ ဒါနပြုရာ၌၊ အလှူပြုသောပုဂ္ဂိုလ် အလှူပစ္စည်း-အလှူခံပုဂ္ဂိုလ်များအား ဆင်ခြင်သော်- အားလုံး မမြဲကြောင်း သိရပြီး၊ အခိဋ္ဌာန်အတွင်း၌ရှိနေစဉ် ဒါနအမျိုးမျိုး လှူပုံ-လှူနည်းမှုအစ-ဉာဏ်တွင်ပေါ်ခဲ့ပုံများကိုလည်း "သီးခြား" ပေါ်ပြထားပါသည်။

မော်တော်ကားသွားထုတ်၍ ပစ္စည်းများတင်ပြီး၊ သဲအင်းဂူ ကျောင်းမှ မောင်းနှင်ထွက်ခွါလာရာ-အချိန်မှာ ည(၇)နာရီ (၃၀)ရှိနေပြီ ဖြစ်ပါသည်။ တလမ်းလုံး- လူမြင်၍ ကြည့်ရာ အရိုးစု၊ ကားတွေကြည့်သည်တွင်လည်း- ကားများမှာ ယိုင်တိယိုင်တိုင် ပြိုပျက်သည့်သဘောကို တွေ့ရပြီး၊ ဒလစပ်ကြီး အရိုးစု များ မြင်မြင်နေရပြီး၊ ကားမှာ ရပ်လိုက်မောင်းလိုက်နှင့် (၂) နာရီခန့် မောင်းနှင်လာရပါသည်။ အလိုအလျှောက် မြင်ရခြင်း

မဟုတ် "ဆင်ခြင်သောအခါမှ မြင်တတ်သော တရားမှန်း"သိခဲ့ရပါသည်။ နေအိမ်သို့ ည(၉း၃၀)အချိန်ကျမှ ရောက်ရှိခဲ့ပါသည်။

"မြင်တတ်သောတရားသည်၊ ဓမ္မစက္ခုံ အမှန်မြင်တတ်သော တရားမှာ သစ္စာ(၄)ပါး၊ သိတတ်သော တရားသည် ဉာဏ်၊ အမှန်သိအပ်သော တရားသည် သစ္စာ(၄)ပါး။ ပယ်တတ်သော တရားသည်-မဂ်၊ အမှန်ပယ်အပ်သောတရားသည်-သမုဒယသစ္စာ မြတ်သောတရားအစစ်သည်-နိရောဓသစ္စာ ဖြစ်တယ်" ဒကာကြီးဟု—ဆရာတော်ဘုရားက နောက်ဆုံးပြောပြလိုက်မှ၊ ကျွန်တော်သည် အမှန်ကို ထင်ရှားစေခဲ့ပါသည်။

ထိုနေ့များကိုမူ၊ ကျွန်တော်၏ တသက်တာတလျှောက်တွင် မမေ့ပျောက်မရနိုင်တော့ပါ။ မှတ်တမ်းတင်ရသည့် နှစ်လရက်မှာ ၁၃၃၁-ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော်(၁၁)ရက်၊ စနေ တနင်္ဂနွေနှင့် တနင်္လာနေ့များ ဖြစ်ပါသည်။

# ကတုံးမတုံးဘူး-သင်္ကန်းမဆီးဘူး-
# ညစာစားမယ်

၁၃၃၁-ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၇)ရက်၊ တနင်္လာနေ့(၁၃-၄-၇၀)တွင် သဲအင်းဂူ အရိယာ သိမ်တော်အတွင်း၌ မော်လူးဆရာတော်က ဥပဇ္ဈာယ်ဆရာအဖြစ် ဆောင်ရွက်ပြီး- ကျွန်တော်သည် ဦးဝါယမဘွဲ့အမည်ကို ခံယူလျက်၊ (အမှတ်စဉ် ၂၂၄)ဖြင့် ဒုလ္လဘရဟန်းဘောင်သို့ တက်ခဲ့ပါသည်။ ထိုအချိန်က သဲအင်းဂူဆရာတော်ဘုရားသည် အထက်ဗမာပြည်သို့ တရားပြနေရာ သဲအင်းဂူသို့ ပြန်မရောက်သေးပါ။ ကျွန်တော်၏ ရဟန်းဒါယကာများမှာ တနင်္လာ-စနေနှင့် သောကြာသမီးများကို အမှူးပြုသော(၇)ရက်သား သမီးများ ဖြစ်ပါသည်။ ကျွန်တော် ရဟန်းခံရခြင်းမှာ (၉)ရက် အဓိဋ္ဌာန်ဖြင့်တရားကျင့်ရန် ဖြစ်ပါသည်။

သဲအင်းဂူဆရာတော်ဘုရားသည် ကျွန်တော် အဓိဋ္ဌာန်ဝင်ပြီး (၈)ရက်မြောက်သောနေ့က သဲအင်းသို့ ပြန်လည်ကြွရောက်လာ

တော်မူပါသည်။ (၉)ရက်မြောက်သောနေ့က ကျွန်တော်သည် ဒုလ္လဘရဟန်းဘဝ အဖြစ်နှင့်ပင် ဆရာတော်ထံသွားရောက်၍ ကန်တော့ပြီး အဓိဋ္ဌာန်မှ ထွက်တော့မည့်အကြောင်း လျှောက်ထားသောအခါ ဆရာတော်ဘုရားက—

"ဦးပဥ္စင်းကြီး"

"ဘုရား"

"ကတုံးမတုန်းဘူးဆို- သင်္ကန်းမဆီးဘူး- ညစာ စားမယ် ဥပုသ်မပြုဘူးဆို"

ကျွန်တော်။ "မှန်လှပါဘုရား-ဘုရားတပည့်တော် စိတ်ထဲ၌ ရဟန်းခံချင်စိတ် ပြင်းပြလို့ မဝတ်ပဲမနေနိုင်တော့ပါဘုရား-မရိက္ခရာပစ္စည်းအစုံ နေ့စဉ်ဆွမ်းဘုန်းပေးရန်နှင့် အချိုယမကာမှ အစ တနင်္လာ-သောကြာ-စနေ ပါရမီဖြည့်ဘက် ပဋ္ဌာန်းဆက်များဆန္ဒကို ဖြည့်စွမ်းချင်သောစိတ်က တိုက်တွန်းပါသဖြင့်— ဒုလ္လဘရဟန်းခံခြင်း ကောင်းမှုပြုရခြင်း ဖြစ်ပါသည်ဘုရား"

ဆရာတော်။ "အခု ညစာတော့ စားသေးသလား"

ကျွန်တော်။ "ညစာလည်းမဘုဉ်းပါဘုရား- ဝိနည်းတော်အရ-အလိုလို [၁၀] ပါးသီလ စောင့်နေရလို့ပါဘုရား"

ဆရာတော်။ "သင်္ကန်းကော-ဆီးပြီမဟုတ်လား"

ကျွန်တော်။ "မှန်ပါဘုရား"
ဆရာတော်။ "ဘာတွေ ကျန်သေးသလဲ"
ကျွန်တော်။ "ဒကာမနဲ့အတူနေရင်း-တရားအားထုတ်ဘို့ရယ်၊ အစိုးရအလုပ်လုပ်ရင်း တရားအားထုတ်ဘို့ရယ်၊ ဒီနှစ်ချက်ပဲ ကျန်ပါတော့တယ်။ ဒါကတော့-အသက်ရှည်သမျှကာလပတ်လုံး၊ လူမှုရေးအရ ဆောင်ရွက်ရမဲ့ တာဝန်ပါဘုရား၊ ပေါ့လျော့လစ်လျူရှု-ဥပက္ခာပြုလို့ရတဲ့အလုပ်မျိုးမှုဟုတ်ပါဘုရား"
ဆရာတော်။ "အေး-အေး၊ သာဓု-သာဓု-သာဓု၊ ကဲ လူဝတ်ပြန်လဲပေတော့"

ဟု အမိန့်ချထားကာ၊ ဥပသကာမှ ဒကာဘဝသို့ ရောက်ခဲ့ရပါသည်။

ပဥ္စမဆုံး မော်ဘီမြို့နယ်၊ သဲအင်းဂူကျောင်းတွင် ဒုလ္လဘ ရဟန်းခံ ပြီးသည့် အချိန်မှ စ၍၊ လူကိုမြင်လျှင် ရှိခိုးချင်စိတ်ဖြစ်ပေါ် လာပါသည်။ လက်အုပ်ချီပြီး ရှိခိုးလိုက် ပါသည်။ သီလရှင်တွေကိုလည်း ရှိခိုးပါသည်။ ဘုန်းကြီး မြင်လျှင်လည်း ကုန်း၍ ရှိခိုးလိုက်ပါသည်။ ဘာဖြစ်၍ ရှိခိုးချင်စိတ် ဖြစ်သနည်း ဟု ယခင်က မသိခဲ့ရပါ။

\+ \+ \+

# ဆရာတော် ဦးရေဝတ ၏
# ပါ ရ မီ ရိပ်

ကျေးဇူးရှင် ဆရာတော် ဦးရေဝတ သည်၊ သဃ်န်းကျွန်း ဘဝမြင့်ရိပ်သာ အနီး မေဃဝတီ ရွှေကျင် ကျောင်း တိုက် ၌ သတင်းသုံးပြီး၊ ဓမ္မဝိနယသာသနာပဒေသနှင့်အညီ၊ ရွှေကျင် နိကာယ ထုံးတမ်း–စည်းကမ်း–ဥပဒေ–အထွေထွေ ကို အမြဲ ရသည့်အတိုင်း၊ တသွေမတိမ်း လိုက်နာခဲ့ပြီး၊ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီး၏ သာသနာကြီး–နေလပမာ လင်း ရောင်ပြောလျက်၊ ရှည်ကြာလေးမြင့် ငါးတောင် ချင့်အောင်– တည်တန့်ခိုင်မြဲလိုသည့်ဆန္ဒ။ လောဘ–ဒေါသ–မောဟ စသည် များပြား– အကုသိုလ် တရားများ ရစ်မတ် နှောင်ဖွဲ့ ထားသည့် (၃၁)ဘုံသားများ၏ လွတ်မြောက်ရာ– ထာဝရတွင်မြတ်သော နိဗ္ဗာန်သို့ဆောင်နန်းသို့ ပို့ဆောင်လိုခြင်းဆန္ဒ–ကိုယ်တိုင်မှန်မြတ် လှသည့် တရားတော်ကို ကျင့်ကြံပွားများ အားထုတ်လိုခြင်း ဆန္ဒများဖြင့် လည်းကောင်း၊ ပါကုပေတံ အသက်ထက်ဆုံး အသားစားခြင်းမှ ကြဉ်ရှောင်ခဲ့ပါသည်။



သာသနာပြုလုပ်ငန်းဘွင် တပည့်သာဝကများအား သာသနာ့ဘောင်သို့
သွတ်သွင်းချီးမြှင့်ပေးသည့်လုပ်ငန်းကို အဓိဋ္ဌာန်ဖြင့်ပြုလုပ်ပေး
နေသော မေဃာဝတီ ရွှေကျင်ကျောင်းတိုက် ဒုလ္လဘရဟန်း
တော် (၁၃၆၀)ကျော်တို့၏ ဥပဇ္ဈာယာစရိယဆရာတော်
(သီရိဘဒ္ဒန္တရေဝတ)မထေရ် ပုံတော်။

ရှင်သာမဏေဘဝ မှ ရဟန်းဘဝ အထိ၊ ဝါတော်( ၂၀ ) တိုင်တိုင်၊ ထက်အောက် မြန်မာပြည် အရပ်ရပ်ရှိ ဆရာတော်ကြီးများထံ၌၊ ပါဠိ – အဋ္ဌကထာ၊ ဋီကာ ကျမ်းတို့ကို ပြည့်စုံကုံလုံအောင် သင်ယူခြင်း ဟူသော ပရိယတ္တိ လုပ် ငန်း များ ကို အပတ်တကုတ် ကြိုးပမ်းအားထုတ်တော် မူပါသည်။

ဆရာတော်ဘုရား၏ အဓိဋ္ဌာန်သည်၊ ဒုလ္လဘရဟန်း အပါးရေ (၁၃၆၀)ဖြစ်ပါသည်။ ယခုအခါ- ချီးမြှင့်ခဲ့သော ဒုလ္လဘရဟန်းတော် အပါးပေါင်း ( ၁၃၀၁ ) ပင် ကျော်ခဲ့ ပါပြီ။ အဓိက သာသနာပြု လုပ်ငန်း မှာ တပည့် သာဝက များအား သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြှင့်ပေးသည့် လုပ်ငန်း ပင် ဖြစ်ပါသည်။

ဆရာတော်ဘုရား သာသနာပြုရေးအတွက်၊ ဦးကျင်ဝှက်- ဒေါ်အင်းတီ မိသားစုက မြေနေရာ ဝယ်ယူပြီး ချီးမြှင့်ပေးခဲ့ပါသည်။

### ၁။ "ရှေးမင်းတို့၏ အသုံးအဆောင်ပစ္စည်း"

ဦးကျင်ဝှက်-ဒေါ်အင်းတီ မိသားစု လှူဒါန်းသော( အင်းစိန်တိုက်နယ်-မြေတိုင်းရပ်ကွက်၊ အမှတ်-၃၄(က)၊ ဦးပိုင် အမှတ် (၃) လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ-၃၉ အရ)၊ လယ်မြေကို သာသနာမြေအဖြစ်ဖြင့် ပြောင်းလဲပေးရေးကိုဆောင်ရွက်နေစဉ်အတွင်း "သာသနာ့အောင်မြေ" ဟုသတ်မှတ်သမုတ်လိုက်ပြီးသည့်နောက်၊ ကျောင်းဆောက်ရန် ရှင်းလင်းသည့်

အခါ—ရှေးမင်းတို့၏ အသုံးအဆောင်ပစ္စည်းများကို ထူးခြားစွာ တွေ့ရှိရပါသည်။

၂။ "ဆုတောင်းပြည့် မြတ်စိန္တေ ရောင်တော်ပြန်ဘုရား"

ဆရာတော်ဘုရားထံ ရုပ်ပွားကိုယ်တော်ကြီး ကြွလာဖို့မှာလည်း ဆန်းကျယ်လှပါသည်။ ကရင်ကြီး (၃)ယောက်သည် "ငါ့ကို ဦးရောတဆီ ပို့ပေး" ဟူသော အိမ်မက်အရ–ဆရာတော်ဘုရားအား ရှာ၍ ပင့်ဆောင်ပေးခဲ့ပါသည်။

အဆိုပါရုပ်ပွါးတော်ကြီးအား ဂန္ဓကုဋီတိုက် ဆောက်လုပ်ခြင်း၊ရွှေချလွှင်လှူဒါန်းခြင်း၊ပြုရန် ပင့်ဆောင်သောအခါ၊နေရာမှ မရွေ့ခြင်းနှင့်လှူဒါန်းသော ကရင်ကြီး(၃)ယောက်တည်ထားကိုးကွယ်ခဲ့သော နေရာမှာပင် ယနေ့တိုင် ကိုးကွယ်ထားရပါသည်။ အဆိုပါ ကရင်ကြီး(၃)ယောက်ကလည်း ယနေ့တိုင် မတွေ့ရသည့်ပြင် မည်သည့်နေရာတွင် နေထိုင်ကြသည်ကို ယနေ့တိုင် မသိရသည်မှာ ထူးဆန်းလှပါသည်။

၃။ "ထူးခြားသော ထန်းဖူး"

မြတ်စိန္တေရောင်တော် ပြန်စံမြန်းပြီးနောက် မကြာမီ ရက်အတောအတွင်း ကျောင်းတော်ဝင်းအတွင်းရှိ ထန်းပင်ကြီးမှ ထန်းဖူးတဖူးမှာ ကြွေကျသည်ကို ရရှိခဲ့ပါသည်။ ထိုထန်းဖူးကို သစ္စာအဓိဋ္ဌာန်ပြု၍ မြတ်စိန္တေကိုယ်တော်ကြီးအား ကပ်လှူပူဇော်ပါသည်။ ဆက်ကာပ်ပြီးများ မကြာမီ ထန်းဖူးကြီးမှာ အလိုအလျောက် ကွဲအက်ဖူးထွက်လာပါသည်။ ကွဲအက်ဖူးထွက်လာ



ဘွံတေးတောကြီးတန်းမှ အလိုအလျောက်သဗ္ဗယ် ကရင် ကြီး
(၃)ဦး ပင့်ဆောင်၍ ဆရာတော်အား လှူဒါန်းသွားသည့်
“ဆုတောင်းပြည့် မြတ်စိန္တေရောင် ရှင်တော်မြတ်ဘုရား”ပုံ။

သော ထန်းဖူးအရေအတွက်ကို စစ်ဆေးကြည့်ရှုသော် (၂၁)ဖူး တိတိဖြစ်နေသည်ကို တွေ့ရှိရသည်။

## ၄။ "ထူးဆန်းသော ငှက်ပျောပင်များ"

ဟောတုပစ္စယော (၂၄)ပစ္စည်း ပဋ္ဌာန်းဆက်အကြောင်း တရားများကို ညွှန်ပြသည့်အလား၊ ငှက်ပျောပင်၏ ပင်စည် အလယ်မှ ထွက်သီးလာသည့် ငှက်ပျောဖီးများမှာ (၂၄)ဖီး တိတိရှိသည်ကိုလည်း တွေ့ရှိရပါသည်။

တဖန်၊ စမတောင်-နန္ဒဝန်ဥယျာဉ်မှူး၊ဥယျာဉ်မှူး-ဦးသက်ဖေ (ခေါ်)အရှင် ဦးပညာဘိဝံသ ပွားပေးလိုက်သော ငှက်ပျော မင်းမှာလည်း အံ့မခန်း သီးနေသည်ကို၊ ၎င်းမြေပေါ်၌ ဖူးတွေ့ ရပါသည်။

အဆိုပါ ငှက်ပျောမင်းမှာ အလျား (၁၄)ပေ၊ အဖီး ပေါင်း(၂၆၂)ဖီး၊ တဖီး၌ အလုံးပေါင်း (၁၇)(၁၈)လုံး သီးလျက်၊ အဖီးများ ဆင်းပုံတက်ပုံမှာ၊ နဂါးပတ်- ပတ်နေ သကဲ့သို့ ရစ်၍ရစ်၍ နေပါသည်။ အချို့ယောဂီများက ရေ သပ္ပါယ်ခြင်း၊ ရှင်းလင်းခြင်း၊ပူဇော်ကန်တော့ခြင်းပြုပြီး၊အချို့ မှာ "ပြောတိုင်း ဆိုတိုင်းအောင်မြင်၍ ဆုတောင်းပြည့်သည်"ဟု အဆိုပြု၍၊ ရှိခိုးခြင်း၊ ဆုပန်ခြင်းတို့ကို ပြုကြပါသည်။ နေ့စဉ် (၅၀)မှ(၆၀) ယောဂီဓမ္မမိတ်ဆွေများဖြင့် ပြည့်နေပါသည် ယနေ့ထိုင် အပင်ပွားများမှ သီးလျက်ရှိနေပါသည်။

၅။ "သစ်ကနက်ပင်"

မြရောင်စိုပြေ နုဂိုလ်အနေမှာပင်၊ ရှုချင်ဖွယ်ကောင်းသည့် သစ်ကနက်ပင်ရိပ်တို့ကသည်း ကျောင်း၏ကြက်သရေကို ဆောင်လျက် ပေါက်နေပါသည်။ (သစ်ကနက်ပင်များသည် ကိုကိုးကျွန်း သီဟိုဠ်ကျွန်း–ရေပေါ၍ ရာသီဥတု စွတ်စိုထိုင်းမှိုင်းပြီး သန့်သော–ထူးခြားသော မြေနေရာကောင်း၊ မြေနေရာမြတ်တို့၌သာ ပေါက်တတ်သော အပင်မျိုး ဖြစ်ပါသည်။

၆။ "ဒေဝတာ ဗောဓိပင်"

နတ်ကောင်းနတ်မြတ်တို့ စိုက်ပျိုးပေးသည့်အလား၊ စိမ်းလန်းစိုပြေ ဆုချွေသူ "အောင်စေ"ဟု ဆုပေးနေသည့် ဒေဝတာ ဗောဓိပင်မှာ ညောင်တို့ ထုံးပွင့်နုံးမရှိသော်လည်း ထူးဆန်းစွာ ဖူးပွင့်ဝေဆာနေသည်ကို တွေ့ရပါသည်။



သာဝတ္ထိမြို့နယ်၊ မဘောင် မြန်နန္ဒာဥယျာဉ်မှ ဓါတ်ပွားယူခဲ့ပြီး
ပေဿဝတီ ရွှေကျင်ကျောင်းတိုက်အတွင်းရှိ မြေပေါ်၌
စိုက်ပျိုးထားသော အလျား(၁၄)ပေ၊(၂၆၂)ဖီး
သီးနေသည့် ငှက်ပျောမင်းပုံ။

## “ဝိမုတ္တိယုဂ ကမ္မဋ္ဌာန်း နည်းပြ ဆရာတော်”

(သိရိဘဒ္ဒန္တ ရေဝတာဘိဝံသ မဟာထေရ်)

ကနောင်မြို့ ရွှေဘိုကျောင်း ဆရာတော်ဘုရားကြီးသည် ဂါမဝါသီမှ စက်ဆုပ်ဘော်မူ၍ ပဌမထူ ဘာဝနာ၊ ဒုတိယ မြန်အောင်မြို့ ဘာဝနာကုန်းဟောင်း၊ တတိယ ပြည်မြို့ အင်းကြွင်းမြိုင်တောရ။ စတုတ္ထ စစ်ကိုင်းမြို့ စစ်ကိုင်းတောင် ပဌမ မြန်အောင်ချောင်ကို စတည်ပြီး တရားအားထုတ်ရာ(၁၅)နှစ် မြောက်မှ မြန်အောင်ချောင်ကုန်းပေါ်မှ ကျောင်းကလေး ပေါ်တွင် တရားထူး ရရှိခဲ့ပါသည်။

ဆရာတော်၏တပည့် ကမ္မဋ္ဌာန်းနည်းပြဆရာတော် ဦးရေဝတသည် စူလဂန္ဓာရီ ဝိဇ္ဇာလမ်းကို(၁၉)နှစ် လျှို့ဝှက်ကျင့်ကြံအားထုတ်ခဲ့ပါသည်။ အခြေအနေထူးခြားခြင်း မရှိလှပါ။ စူလဂန္ဓာရီလုပ်ငန်းစဉ်များကို တဖန်ပယ်၍၊ မဟာဂန္ဓာရီလမ်းစဉ်အတွက် မင်းကွန်းလမ်းစဉ်ဖြင့် ကမ္မဋ္ဌာန်းဆရာအဖြစ်ဖြင့် (၂၅) နှစ်တိုင်ပြသရင်း အားထုတ်ခဲ့ပါသည်။ ထူးခြားမှုကား တွေ့ခဲ့ခြင်းမရှိပါ။

အားမလျှော့ပဲ၊ စစ်ကိုင်းတောင်–ပဌမမြန်အောင်ချောင် အရှင်မြတ်ကြီးဖြစ်သော ဆရာတော် ဦးဥာဏ၏လမ်းစဉ်အရ "အဿာသ–ပဿာသ"တွက်သေ-ဝင်လေကို ကျင့်ကြံအားထုတ်ရာမှ ထူးခြားသော တရားထူးတရားမြတ်များကို ရရှိခဲ့သည်ဟု မှတ်တမ်းတင်ထားသည်ကိုလည်း ဘက်ရှုရပါသည်။

သီရိဘဒ္ဒန္တရေဝတာဘိဝံသ–မဟာထေရ် (ဆရာတော် ဦးရေဝတ)၏ နေ့စဉ်မှတ်တမ်းများနှင့် ရုပ်လှဲ–ရုပ်ပြောင်းများစွာကို သူ၏တပည့်များက တွေ့ခဲ့ပုံ စာဖြင့်အကြောင်းကြားမေးမြန်းပုံ ကိုယ်တိုင် လာရောက်လျှောက်ထားပုံများတို့ကိုလည်း ဘတ်ရှုရသည်။

သိက္ခာတော်(၅)ဝါရရှိသောအခါ၊ ၁၂၉၆–ခု၊ဝါခေါင်လ(၁၅)ရက်နေ့ "ဗုဒ္ဓဝန္ဒနာဒိလက်စွဲ"ကို စီရင်ရေးသားခဲ့ပါသည်။ ဆရာတော့်မှာ ကျမ်းပေါင်း(၄၀)ကျော်ရေးပြီး(၁၁)ကျမ်း ရိုက်နှိပ်ပြီးစီးပြီး ဖြစ်သည်ဟုသိရပါသည်။သက်တော်မှာ (၆၇)နှစ်၊ ဝါတော်[၄၇]ဝါရှိပါသည်။

ဆရာတော်ဘုရားကြီးသည် မည်သူ့မဆို စူဠသောတာပန်ဖြစ်စေရန်၊ ရဟန်း–ရှင်– လူ–ယောကျ်ား– မိန်းမများမှအစ၊ လက်တွေ့ကမ္မဋ္ဌာန်းစခန်းအား အနည်းဆုံး(၇)ရက်ဖြင့် လက်တွေ့သင်တန်းများကို ပေးနေပါသည်။ ယခုအခါ၊ ဆရာတော်သည် "ဂုဏဝတီကျောင်းတိုက်" တောင်လုံးပြန်၊ ပုဇွန်တောင်တွင် သီတင်းသုံး၍ ကမ္မဋ္ဌာန်းပြနေပါသည်ဟု သိရှိရပါသည်။



ဇစ်ကိုင်းတောင်၊ ပဌမမြန်အောင်ချောင်- အရှင်မြတ်ကြီး
ဖြစ်သော ဆရာတော်-ဦးဉာဏ၏ တပည့်-သက်တော်
(၆၇)နှစ်၊ဝါတော်(၄၇)ဝါရှိ၊လက်တွေ့ကမ္မဋ္ဌာန်း
နည်းပြ-ဒုတိယဝိသုဒ္ဓိမဂ် ဆရာတော်
(ဦးရေဝတ)၏ ပုံတော်။

# ပဉ္စမ ပိုင်း

# သမာဓိ ဉာဏ် ဖြင့်

ဝိပဿနာ - သုတပဒေသာ

"ဝိပဿနာ သုတပဒေသာ"

ဝိပဿနာကျင့်ကြံအားထုတ်သော ယောဂီသည်၊ မိမိကျင့်ကြံအားထုတ်ဆဲ ဖြစ်ပေါ်လာတတ်သော၊ ဖြစ်-ပျက် သဘောတရားနှင့် ဖြစ်နေဆဲ အချိန်အခါကို၊ ပိုင်းခြားဝေဖန်၍ ရှောင်သင့်သည်ကို ရှောင်ပြီး၊ ဆောင်သင့်သည်ကို ဆောင်နိုင်ရန်နှင့် မိမိဖြစ်နေသည့် အခြေအနေလုပ်ရပ်ကို သုံးသပ်နိုင်ရန် တင်ပြအပ်ပါသည်။

"အဘိညာဏ်(၅)ပါး"

၁။ ဒိဗ္ဗစက္ခု။ (အမြင်ပေါက်ခြင်း)
၂။ ဒိဗ္ဗသောတ။ (အကြားပေါက်ခြင်း)
၃။ ဣဒ္ဓိဝိဓ။ (အမျိုးမျိုးဖန်ဆင်းနိုင်သောတန်ခိုးများ)
၄။ ပရစိတ္တဝိဇာနန (သူတပါးစိတ်ကို သိနိုင်ခြင်း)
၅။ ပုဗ္ဗေနိဝါသ။ (ရှေးက ဖြစ်ပျက်ခဲ့သည်များကို သိနိုင်ခြင်း)

"စိတ်ဖြစ်စဉ် (၇)ပါး"

၁။ ဘဝင် ဖြစ်ခြင်း
၂။ အာဝဇ္ဇန်း ဆင်ခြင်ခြင်း
၃။ ဏ္ဏိစ္စ မြင်ခြင်း၊ ကြားခြင်း
၄။ သမ္ပဋိစ္ဆန ခံယူခြင်း

၅။ သန္တိရဏ (စူးစမ်းခြင်း)
၆။ ပုဗ္ဗော (ပိုင်းခြားခြင်း)
၇။ ဇော (လျင်စွာသိခြင်း)

**အကြောင်းတရား(၄)ပါး**

၁။ မျက်စိအကြည်ဓာတ် (ပသာဒ)
၂။ အဆင်း (ရူပါရုံ)
၃။ အလင်းရောင် (အာလောက)
၄။ နှလုံးသွင်းမှု (မနသိကာရ)

**ရခဲခြင်းတရား (၄)ပါး**

၁။ လူအဖြစ်ကိုရခဲခြင်း။
၂။ ဘုရားပွင့်သောကာလ ကြုံခဲခြင်း။
၃။ သဒ္ဓါတရားနှင့် ပြည့်စုံခဲခြင်း။
၄။ ရဟန်းအဖြစ်ကို ရခဲခြင်း။

**မပြစ်မှားထိုက်သော ခင်ပွန်းကြီး (၁၁)ပါး တို့အား ကန်တော့ခြင်း၊ ရိုသေခြင်း၊ ပူဇော်ခြင်း၊ ရှိခိုးခြင်း ပြုက အကျိုး(၁၁)ပါး ရနိုင်သည်။**

၁။ ကြမ်းတမ်း ခက်တန်လှစွာသော ဝေဒနာတို့ ကင်းရှင်းခြင်း။

၂။ ခံယူဥ်းစွာ ရှာဖွေထားရသော ပစ္စည်းဥစ္စာတို့ တည်မြဲခြင်း။

၃။ လက်ခြေစသော ကိုယ်အင်္ဂါတို့ မကျိုးမပျက် နှစ်သက်စရာ အင်္ဂါလက္ခဏာရှိခြင်း။

၄။ အနူ၊ အရူး၊ ဝဲနာနှင့် ခူနာစသော အနာကြီးများ ကင်းရှင်းစေ၍ ခါးကုန်း၊ မျက်စိကန်း၊ နားပင်း စသည်တို့ ကင်းနိုင်ခြင်း။

၅။ လေဖြတ်ခြင်း၊ ရူးသွပ်ခြင်းတို့မှ လွတ်ကင်းရခြင်း။

၆။ ရာထူး ဂုဏ်သိမ်၊ စည်းစိမ်ဥစ္စာတို့ကို မင်းစိုးရာဇာ တို့ ဘေးမပြုနိုင်ခြင်း။

၇။ သူတပါးတို့ မဟုတ်မဟပ် လုပ်ဇာတ်ဆင်ကာ စွပ်စွဲခြင်းမှ ကင်းရခြင်း။

၈။ မိဘ လင်မယား၊ သားသမီး ဆွေမျိုးညာတိ၊ ဆရာ တပည့်၊ အားကိုးလောက်သူ မိတ်ဆွေတို့နှင့် အခိုင်အမြဲ မကွဲမပျက် တည်မြဲခြင်း။

၉။ စည်းစိမ်ဥစ္စာကို အလွယ်တကူ ရှာဖွေရတတ်ခြင်း၊ စုပြီး ပုံပြီး ရနိုင်၍ သူဌေးသူကြွယ်ဖြစ်နိုင်ခြင်း။

၁၀။ မိမိ အိုးအိမ်စည်းစိမ်တို့ကို ရေဘေး၊ မီးဘေး၊ မိုးကြိုး ဘေးတို့ ကင်းဝေးနိုင်ခြင်း။

၁၁။ သေခသာအခါ နတ်ရွာသုဂတိသို့ အလွယ်တကူရောက် နိုင်ခြင်း။

## စတုလောကပါလနတ်မင်း(၄)ပါး

၁။ ဌတ္တရဋ္ဌနတ်မင်း။ (အရှေ့ မျက်နှာကို စောင့်၍ ဂန္ဓဗ္ဗနတ်ကို အစိုးရသည်)
၂။ ဝိရုဠှကနတ်မင်း။ (တောင်မျက်နှာကိုစောင့်၍ ဂုမ္ဘာန်ကို အစိုးရသည်)
၃။ ဝိရူပက္ခနတ်မင်း။ (အနောက်မျက်နှာစောင့်၍ နဂါးကို အစိုးရသည်)
၄။ ကုဝေရနတ်မင်း။ (မြောက်မျက်နှာစောင့်၍ ဘီလူးတို့ကို အစိုးရသည်)

## ကိလေသာကြောင့် ဖြစ်သောမီး(၁၁)ပါး

၁။ ရာဂမီး။ (တပ်မက်နှစ်သက်ခြင်း)
၂။ ဒေါသမီး။ (အကျိုးမဲ့ ဖျက်ဆီးခြင်း)
၃။ မောဟမီး။ (မိုက်မဲတွေဝေခြင်း)
၄။ ဇာတိမီး။ (အဖန်တလဲလဲ ပဋိသန္ဓေနေရခြင်း)
၅။ ဇရာမီး။ (အိုမင်းရင့်ရော်ရခြင်း)
၆။ သောကမီး။ (စိုးရိမ်ရခြင်း)
၇။ မရဏမီး။ (အဖန်တလဲလဲ သေရခြင်း)
၈။ ဒေါမနဿမီး။ (စိတ်ဆင်းရဲခြင်း)
၉။ ပရိဒေဝမီး။ (ငိုကြွေးရခြင်း)
၁၀။ ဒုက္ခမီး။ (ကိုယ်ဆင်းရဲခြင်း)
၁၁။ ဥပါယာသမီး။ (သက်ကြီး ရှိုက်တငင် ပင်ပန်းရခြင်း)

## ဆရာတုဆရာယောင်(၅)မျိုး

၁။ မိမိ၌စင်ကြယ်သော သီလမရှိပဲလျက်၊ စင်ကြယ်သော သီလရှိသယောင် ဆောင်၍၊ သူတထူးအား ကျူးလွန်စွာ ကဲ့ရဲ့ ရှုတ်ချလျက်၊ မြတ်သောသီလသည်“ငါ၌သာရှိသည်”ဟု ဝန်ခံ၍ အခြံအရံ အလုပ်အကျွေးတို့ကို သွေးဆောင်ဖြားယောင်းတတ်သော ဆရာလည်း တမျိုး။

၂။ မိမိ၏ စင်ကြယ်သော အသက်မွေးခြင်း မရှိပဲလျက်၊ စင်ကြယ်သော အသက်မွေးခြင်း ရှိယောင်ဆောင်၍၊ သူတထူးအား လွန်စွာ ကဲ့ရဲ့ ရှုတ်ချလျက်၊ “မြတ်သော အာဇီဝ သည် ငါ၌သာရှိ၏”ဟု ဝန်ခံ၍ အပူဇော်ခံသော ဆရာလည်း တမျိုး။

၃။ မိမိ၌ မစင်ကြယ်သော အယူ စကား တရားဒေသနာ ရှိလျက်၊ စင်ကြယ်စွာ ရှိယောင်ဆောင်၍၊ သူတထူးအား ကဲ့ရဲ့ ရှုတ်ချလျက်၊ “မြတ်သော အယူဝါဒ ဓမ္မဒေသနာသည်၊ ငါ၌ ရှိ၏”ဟု အပူဇော်ခံသော ဆရာလည်း တမျိုး။

၄။ မိမိ၌ မစင်ကြယ်သော ဉာဏ်အမြင်မရှိဘဲလျက် စင်ကြယ်သော ဉာဏ်အမြင်ရှိ၏ဟုဝန်ခံ၍ အခြွေအရံကို သွေးဆောင်ကာ ဆရာပြုလိုသော ပုဂ္ဂိုလ်လည်း တမျိုး။

၅။ မိမိ၌ မစင်ကြယ်သော ကသိုဏ်းသင်ခြင်း ရှိလျက်၊ “စင်ကြယ်သော ကသိုဏ်းသင်ခြင်းရှိ၏”ဟု ဝန်ခံ၍ အခြံအရံကို သွေးဆောင်ကာ ဆရာပြုနေသော ပုဂ္ဂိုလ်လည်း တမျိုးတို့ ဖြစ်ပါသည်။

## မေတ္တာတရားကိုပွားလေ့ရှိသောသူတို့၌ ရရှိသောအကျိုး [၁၁] ပါး

၁။ ကောင်းစွာအိပ်ရခြင်း။
၂။ ကောင်းစွာနိုးရခြင်း။
၃။ ကောင်းသောအိပ်မက်ကို မြင်မက်ရခြင်း။
၄။ လူများ ချစ်မြတ်နိုးခြင်း။
၅။ နတ်တို့ ချစ်မြတ်နိုးခြင်း။
၆။ နတ်တို့ ကောင်းစွာစောင့်ရှောက်ခြင်း။
၇။ မီး၊ လက်နက်၊ အဆိပ်စသည်တို့နှင့်မနိုပ်စက်နိုင်ခြင်း။
၈။ စိတ်တည်ကြည်ခြင်း။
၉။ မျက်နှာအဆင်း တင့်တယ်ခြင်း။
၁၀။ မတွေမဝေ သေရခြင်း။
၁၁။ ပြဟ္မာပြည်သို့ လားရခြင်း

## အသက်[၁၂၀]နှစ် နေရသော အရိယာပုဂ္ဂိုလ်[၉]ပါး

၁။ အရှင်ကဿပ။
၂။ အရှင်အာနန္ဒာ။
၃။ အရှင်အနုရုဒ္ဒါ။
၄။ အရှင်ဗာကုလ။
၅။ ဝိသာခါ။
၆။ ဟာဝါရိပုဏ္ဏား။

၇။ သေလပုဏ္ဏား။
၈။ ဗြဟ္မဏပုဏ္ဏား။
၉။ ပေါက္ခရသာဒိပုဏ္ဏား။

## ကိုယ်စောင့်နတ် [၁၂] ပါး။

| | | |
|---|---|---|
| ၁။ | သတ္တဘာဂနတ်။ | နဖူးစာရေးသည့် နတ်တပါး။ |
| ၂။ | သုရသဿတီနတ်။ | ပညာပေးနတ်တပါး။ |
| ၃။ | သကျနတ်။ | စည်းစိမ်ကိုပေးသည့်နတ်။ |
| ၄။ | မဟိရာဇာနတ်။ | အိမ်မက်ကောင်းကိုပေးသည့် နတ်တပါး။ |
| ၅။ | ကာရဝါနတ်။ | ကာမစည်းစိမ်ကို ပေးသော နတ်တပါး။ |
| ၆။ | ဓယာဘာကနတ်။ | သွားလေရာ စောင့် ရှောက်သည့် နတ်ဘပါး။ |
| ၇။ | ကလျာဏီနတ်။ | စကား ကောင်းကို မှတ်သည့် နတ်တပါး။ |
| ၈။ | ခန္ဒာဒေဝီနတ်။ | ကြက်သရေ တိုးစေသည့် နတ်တပါး။ |
| ၉။ | နရိန္ဒာဒေဝီနတ်။ | အိပ်သည့်အခါ ဦးခေါင်းရင်း ကစောင့်သည့်နတ်တပါး။ |
| ၁၀။ | မယာပိန္ဒနတ်။ | မကောင်းမှုကို မှတ်သည့် နတ်တပါး။ |

၁၁။ လက္ခဏူပနိဿယ်နတ်။ ကြည့်ရှုစောင့်မသည့် နတ်တပါး။

၁၂။ ဝါမသူဇာနတ်။ ကောင်းမှု- မကောင်းမှု မှတ်သားသည့် နတ်တပါး။

## လောကုတ္တရာ၊ ရတနာမြတ်[၇]ပါး

၁။ သဒ္ဓါရတနာ။ ရတနာ (၃) ပါးဂုဏ်နှင့် ကုသိုလ်ကံ။ ယင်းနှစ်ကံ၏ အကျိုးကိုယုံကြည်စိတ်ချခြင်း။

၂။ သီလရတနာ။ ပဉ္စင်္ဂသီလ၊အာဇီဝဋ္ဌမကသီလ။ အဋ္ဌင်္ဂသီလ၊ဒသာသီလ၊စသည်နှင့်ပြည့်စုံခြင်း။

၃။ သုတရတနာ။ ပစ္စုပ္ပန် သံသရာ စီးပွါး နှင့် စပ်သော အကြားအမြင်နှင့်ပြည့်စုံခြင်း။

၄။ စာဂရတနာ။ စိတ်မတွန့်ပဲစွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။

၅။ ပညာရတနာ။ ပစ္စုပ္ပန်၊ သံသရာစီးပွားကို ခွဲခြားဝေဖန် သိစွမ်းနိုင်သော လောကီ၊ လောကုတ္တရာ ပညာနှင့် ပြည့်စုံခြင်း။

၆။ ဟိရီရတနာ။ မကောင်းမှုကုသိုလ် ဒုစရိုက်တရားကို စက်ဆုတ်သဖြင့် ရှောင်ကြဉ်ခြင်း။

၇။ ဩတ္တပ္ပရတနာ။ ပညာရှိတို့ ကဲ့ ရဲ့ ခြင်း စသော ဘေး ကို ကြောက်၍၊ မကောင်းမှုမပြုဝန့်၊ ထိတ်လန့်ကြောက်ရွံ့ခြင်း။

## အသံနှင့်ကြားရာ အရပ်(၃)ပါး

၁။ မိုးမြည်သောအသံသည်၊ သုံးယူဇနာရှိသော အရပ်က ကြားရ၏။

၂။ အလှူပေးသောသူတို့၏ ကျော်သောအသံသည် နတ်ပြည် (၆)ထပ်တိုင် ကြားရ၏။

၃။ သီလသီတင်း ဆောက်တည်သောသူတို့၏ ကျော် စောသောအသံသည် ဗြဟ္မာပြည်တိုင်အောင် ကြားရ၏။

## ဇမ္ဗူဒီပါကျွန်းတခုလုံး ကြားရသောအသံကြီး(၄)ပါး

၁။ ပုဏ္ဏကဘီလူးသည် ကောရပ္ပမင်းကြီးကို အံကစားရာ၌ နိုင်၍ (ငါအောင်ပြီ)ဟု ဟစ်သောအသံ။

၂။ ကဿပမြတ်စွာဘုရား သာသနာတော် ရွေ့လတ်သော အခါ၊ မာတလိနတ်သားသည် ခွေးနက်ကြီးအယောင် ဆောင်၍ (ဟောင်သောအသံ)

၃။ ကေလာသတောင်ထိပ်၌ရပ်၍ (အဟံအာဠဝက)ဟု ဟစ်သောအသံ။

၄။ (အဟံကုသရာဇာ)ဟု ဟစ်သောအသံ။

## ဝိသုဒ္ဓိတရား (၇)ပါး

၁။ သီလဝိသုဒ္ဓိ။ (လူတို့၌လည်း လူတို့အလျောက် ရဟန်းတို့၌လည်း ရဟန်းတို့အလျောက် သီလ စင်ကြယ်ခြင်း)

၂။ စိတ္တဝိသုဒ္ဓိ။ (ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့်၊ အာရုံ ထင်မြင်၍ ဥပစာရစျာန် စိတ်စင်ကြယ်ခြင်း)

၃။ ဒိဋ္ဌိဝိသုဒ္ဓိ။ (ရုပ်နာမ်နှစ်ပါးသည် ဘုံသုံးပါး၌ ရှိသည် ဟု ကေန်အမှန် မြင်သော နာမ၊ ရူပ၊ ပရိစ္ဆေဒဉာဏ်၏ စင်ကြယ်ခြင်း)

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ဘုံသုံး ပါး၌ ရုပ် နာမ် နှစ် ပါး ဖြစ်ကြောင်း တရားကိုသိမ်းဆည်း၍ သိမြင်သဖြင့်၊ လူနတ်ဗြဟ္မာစသည် ကြောင့် ဖြစ်သည်ဟု ယုံမှားခြင်း၊ ဝိစိကိစ္ဆာကို လွန်မြောက်နိုင်သော ပစ္စယပရိဂ္ဂဟဉာဏ်၏စင်ကြယ်ခြင်း)

၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။ (ဘုံသုံးပါး၌ ရုပ် နာမ် နှစ်ပါးဖြစ်ခြင်း၊ ပျက်ခြင်း ကို သုံးသပ်ဆင်ခြင်၍ ဖြစ်

ခြင်း ပျက်ခြင်းကို ထင်မြင်သောကြောင့် ဩဘာသပီတိစသည် ဖြစ်ခြင်းသည်၊ ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်တည်းဟုသိမ်းဆည်း ဆင်ခြင်သောအားဖြင့်၊ မဂ်ဟုတ်သည် မဟုတ်သည်ကို ကောန်မြင်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း)

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။ (ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ် တိုင်အောင် အားထုတ်၍ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကောင်းကို ကောန်အမှန် သိသော ဉာဏ် အမြင်၏ စင်ကြယ်ခြင်း)

၇။ ဉာဏဒဿနဝိသုဒ္ဓိ။ (နိဗ္ဗာန် ရောက် ကြောင်း အကျင့်ကောင်းကို အားထုတ်၍ နိဗ္ဗာန်ကို ကောန် အမှန် သိသော မဂ်ဉာဏ် အမြင် စင်ကြယ်ခြင်း)

ဤသည်ကား ကိလေသာစင်ကြယ်ရာ၊ နိဗ္ဗာန်ချမ်းသာကြီးသို့ ရောက်ကြောင်းတရားတည်း။

## အဘိညာဏ်(၇)ပါး

၁။ ဒိဗ္ဗစက္ခုအဘိညာဏ်ဝီထိ
၂။ ဒိဗ္ဗသောတ အဘိညာဏ်ဝီထိ
၃။ ဣဒ္ဓိဝိဓအဘိညာဏ်ဝီထိ
၄။ ပရစိတ္တဝိဇာနနအဘိညာဏ်ဝီထိ
၅။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်ဝီထိ
၆။ ယထာကမ္မူပဂအဘိညာဏ်ဝီထိ
၇။ အနာဂတံသအဘိညာဏ်ဝီထိ

## အစဉ်အတိုင်း အဓိဋ္ဌာန်ပြုပုံကား

၁။ ဒိဗ္ဗစက္ခု၌၊ အဆင်းကို မြင်ရပါစေလို၏ဟု အဓိဋ္ဌာန် ပြုရသည်။

၂။ ဒိဗ္ဗသောတ၌၊ အသံကို ကြားရပါလို၏ဟု အဓိဋ္ဌာန် ပြုရသည်။

၃။ ဣဒ္ဓိဝိဓ၌၊ တခုတည်းက တရာ၊ တထောင် စသည်ဖြစ်ရပါလို၏ဟု အဓိဋ္ဌာန်ပြုရသည်။

၄။ ပရစိတ္တဝိဇာနန၌၊ စိတ်ကို သိရပါလို၏ဟု အဓိဋ္ဌာန် ပြုရသည်။

၅။ ပုဗ္ဗေနိဝါသာနုဿတိ၌၊ ရှေးကသုံးဘူးသော ခန္ဓာအစဉ်ကို သိရပါလို၏ဟု အဓိဋ္ဌာန်ပြုရသည်။

၆။ ယထာကမ္မူပဂ၌၊ အတိတ်ဖြစ်သော လောကီကုသိုလ်ကံ၊ အကုသိုလ်ကံကို သိရပါလို၏ဟု အဓိဋ္ဌာန်ပြုရသည်။

၇။ အနာဂတံသ၌၊ အနာဂါတ်၌ ဖြစ်သော ခန္ဓာ အစဉ်ကို သိရပါလို၏ဟု အဓိဋ္ဌာန်ပြုရသည်။

## အစဉ်အတိုင်း အာရုံပြုပုံကား

၁။ ဒိဗ္ဗစက္ခုအဘိညာဉ်သည်၊ ပစ္စုပ္ပန်ရူပါရုံကို အာရုံ ပြုသည်။

၂။ ဒိဗ္ဗသောတ အဘိညာဉ်သည်၊ ပစ္စုပ္ပန်သဒ္ဒါရုံ ကို အာရုံပြုသည်။

၃။ ဣဒ္ဓိဝိဓ အဘိညာဉ်သည်၊ ပါဒကစျာန် နိမ္မိတရုပ်ကို အာရုံပြုသည်။

၄။ ပရစိတ္တဝိဇာနန အဘိညာဉ်သည်၊ ရှေ့နောက် (၇)ရက် အတွင်း သူတပါး၏ စိတ်စေတသိက်ကို အာရုံပြုသည်။

၅။ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်သည်၊ ရှေ့၌ သုံးနေဘူးသော မိမိသူတပါး၏ ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးနှင့် စပ်ဆိုင်သောအမည်၊ အမျိုးစသော ပညတ်၊ နိဗ္ဗာန်၊ ဤ အာရုံ(၆)ပါးကို အာရုံပြုသည်။

၆။ ယထာကမ္မူပဂအဘိညာဉ်သည်၊ အတိတ်ဖြစ်သော လောကီ ကုသိုလ်ကံ၊ အကုသိုလ်ကံ စိတ္တုပ္ပါဒ်ကို အာရုံပြုသည်။

၇။ အနာဂတံသ အဘိညာဉ်သည်၊ အနာဂတ် ဖြစ်သော မိမိ သူတပါး၏ ခန္ဓာငါးပါးနှင့် စပ်သော ပညတ်၊ နိဗ္ဗာန်၊ အာရုံ(၆)ပါးကို အာရုံပြုသည်။

## မပြစ်မှားထိုက်သော ပုဂ္ဂိုလ်(၁၀)ပါး ခင်ပွန်းကြီး(၁၀)ပါး

၁။ ဘုရားရှင်ကိုယ်တော်ကြီး။

၂။ ပစ္စေကဗုဒ္ဓါဘုရားငယ်။

၃။ ရဟန္တာများ (ရုပ်ပွါးတော်များ-ဓာတ်တော်များ)။

၄။ အဂ္ဂသာဝကကြီး ၂-ပါး(အရှင်သာရိပုတြာ—အရှင်မောဂ္ဂလာန်)။

၅။ မိမိတို့၏ စာသင်ပေးသော ဆရာ။

၆။ ကျေးဇူးရှင် မွေးမိခင်ကြီး။

၇။ ကျေးဇူးရှင် မွေးဖခင်ကြီး။

၈။ ပေးကမ်းမစခြင်းပြုသော ပုဂ္ဂိုလ်။

၉။ မိမိထက်အသက်သိက္ခာဂုဏ်ကြီးသူ။

၁၀။ မိမိအား ဆိုဆုံးမ၊ တရားဟောပြသူ ပုဂ္ဂိုလ်။

ခင်ပွန်းကြီး (၁၀)ပါးတို့တွင် တယောက်ယောက်အား ပြစ်မှားသောသူကို လောကတွင် ဒါဏ်(၁၀)

ပါးခံရလျက်၊ သေလျှင်လည်း အပါယ်သို့ လျင်မြန်စွာ ကျရောက်တတ်သည်။

၁။ သွေးသားစုတ်ယုတ်၊ ကြမ်းကြုတ်လှပြီး၊ ဝေဒနာ ကိုယ်မှာပိစီးရောက်တတ်သည်။

၂။ ငြိုငြင်ဆင်းရဲကြပ်တည်း ရှာဖွေ၊ ပစ္စည်းတွေပျက် လေ ကုန်ဆုံးသည်။

၃။ ထိပ်ပေါက်ခေါင်းပြဲ၊ ကျိုးကန်း၊ ပင်ပန်းစရာ ကိုယ်ခန္ဓာကျင်နာ ပျက်စီးတတ်သည်။

၄။ အိုင်း၊ ယားနာ၊ ဝဲ၊ ကိုယ်လုံးစွဲ၊ စို့ရွှဲရွှတ်ရွှတ်နူ တတ်သည်။

၅။ ရှက်ကြောက်မရှိ၊ ပူမိမှုရာ၊ ပူတတ်စွာ၊ သွက်ချာလည်အောင် ရူးတတ်သည်။

၆။ မင်းစိုးရာဇာ၊ ပြစ်မှုရှာ၊ လျင်စွာဘေးကြီးရောက် တတ်သည်။

၇။ မဟုတ်တယုတ်၊ အရှုပ်ရှုပ်၊ သမုတ်စွပ်စွဲခံရသည်။

၈။ လင်နှင့်မယား၊ သား သမီးနှင့်မိဘ၊ တပည့်နှင့်ဆရာ ဉာတကာဆွေမျိုး၊ အားကိုးလောကသူ၊ တလူလူ နှင့် အရှည်မမြဲအလွဲလွဲ၊ သေကွဲရှင်ကွဲ ကွဲတတ်သည်။

၉။ ပစ္စည်းဥစ္စာ၊ ရှာကြံမရ၊ မသတ်မှတ်၊ ဖွတ်ကျော ပြာကြဲ၊ လွန်ဆင်းရဲ မွဲမွဲတည်းတည်း ဖြစ်တတ်သည်။

၁၀။ ဥစ္စာစီးပွား ပျက်ပြားကုန်ဆုံး၊ တအိမ်လုံး၊ ဟုန်းဟုန်း မီးကြီး တောက်တတ်သည်။

## ဉာဏ်(၁၀)ပါး

၁။ သမ္မသနဉာဏ် (နာမ်ရုပ်ကို အနိစ္စ စ သည် ဖြင့် သုံးသပ်ခြင်း၊ ဝိညာဉ်သိ)
၂။ ဥဒယဗ္ဗယဉာဏ် (နာမ် ရုပ်၏ အဖြစ် အပျက်ကို သိမြင်ခြင်း၊ ဝိညာဉ်သိ)
၃။ ဘင်္ဂဉာဏ် (နာမ်ရုပ်၏ အပျက်ကို သိမြင်ခြင်း၊ ဝိညာဉ်သိ)
၄။ ဘယဉာဏ် (နာမ် ရုပ် ၏ အပျက်ကို သိမြင်၍ ထိတ်လန့်ခြင်း၊ ဝိညာဉ်သိ)
၅။ အာဒီနဝဉာဏ် (နာမ်ရုပ်၌ စက်ဆုတ်ခြင်း)
၆။ နိဗ္ဗိန္ဒာဉာဏ် (နာမ်ရုပ်၌ ငြီးငွေ့ရှိရာခြင်း)
၇။ မုဉ္စိတုကမျတာဉာဏ် (နာမ်ရုပ်မှ လွတ်ချင်ခြင်း)
၈။ ပဋိသင်္ခါရဉာဏ် (နာမ်ရုပ်ကို ပညာဖြင့်ဆင်ခြင်ခြင်း)
၉။ သင်္ခါရုပေက္ခာဉာဏ် (နာမ်ရုပ်ကိုလစ်လျူရှုခြင်း)
၁၀။ အနုလောမဉာဏ် (ဥဒဗ္ဗယဉာဏ်ထိ၊ အောက်ဉာဏ် ၈-ပါးအထက် မဂ်ဖိုလ်နှင့် လျော် ခြင်း)

## ငရဲကြီး(၈)ထပ်

၁။ သိဥ္စိဝ်းငရဲ။ (ကြမ်းကြုတ်ရက်စက်စွာ ငရဲလက်နက် နှင့် ထိုးခုတ် သဖြင့် ခဏခဏ သေ၍

ရှင်ပြီးလျှင် အဖန်တလဲလဲ ခံနေရခြင်း)

၂။ ကာလသုတ်ငရဲ။ (ခံရသောသူတို့ကို သံတမျဉ်း ကြိုးဖြင့် ခတ်၍ ကိုယ်ကောင်ကို ကြီးစွာသော မှားဖြင့်ရင်း ကြိုးဘလျှောက် ခုတ်ခွေ သည်ကို ကိုင်၍နေရခြင်း)

၃။ သံဃာတငရဲ။ (ငရဲကောင်၏ ခန္ဓာကိုယ်ကို တောင်ကြီး ၄-လုံးတို့ဖြင့် ကြိတ်ချေခြင်းကို ခံနေ ရခြင်း)

၄။ ရောရုဝငရဲ။ (ငရဲကောင်သည် အလွန်အကဲ ပြင်း ထန်စွာ နာကျင်သဖြင့် သည်းထန်စွာ ဟစ်အော်ငိုကြွေး၍ ခံနေရခြင်း)

၅။ မဟာရောရုဝငရဲ။ (ရောရုဝငရဲတွင် ခံနေရသော ငရဲ ကောင်ထက် ကြီးကျယ်စွာခံနေရခြင်း)

၆။ တာပနငရဲ။ (ငရဲကောင်သည်၊ မီးတောက် မီးလျှံ အစွမ်းအားဖြင့် ပြင်းထန်စွာ ပူလောင် ကျက်ကျွမ်းသည်ကို အစဉ်မပြတ် ခံနေ ရခြင်း)

၇။ မဟာတာပနငရဲ။ (တာပနငရဲတွင် ခံနေရသော ကိုယ် ကောင်ထက် ကြီးစွာခံနေရခြင်း)

၈။ အဝီစိငရဲ။ ပြင်းထန်သော မီးတောက်မီးလျှံသည် အရှိန်မစဲ၊ အစဉ်မပြတ်တောက်လောင်၍ များစွာသော ငရဲသားတို့သည် တစ်စ တခုသော တောင်းတွင်း၌ ထည့်သွင်း

ထားသော မှုံညှင်းစေ့ ကဲ့သို့ ဒုက္ခကြီးစွာ ခံနေရခြင်း)

## သုစရိုက်(၁၀)ပါး

### ကာယကံ(၃)ပါး

၁။ ပါဏာတိပါတာ ဝိရတိ။ သူ့ အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ အဒိန္နာဒါန ဝိရတိ။ သူ့ဥစ္စာကို ခိုး ယူ ခြင်းမှ ရှောင်ကြဉ်ခြင်း။

၃။ ကာမေသုမိစ္ဆာစာရဝိရတိ။ သူတပါးသားမယားကို ပြစ်မှားခြင်းမှရှောင်ကြဉ်ခြင်း။

### ဝစီကံ(၄)ပါး

၄။ မုသာဝါဒဝိရတိ။ မဟုတ် မမှန် မုသားပြောခြင်းမှရှောင်ကြဉ်ခြင်း။

၅။ ပိသုဏာဝါစာ ဝိရတိ။ နှစ် ဦး စပ် ကြား ကုန်း ချောစကားပြောခြင်း။

၆။ ဖရုသဝါစာဝိရတိ။ ကြမ်းတမ်းသောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

၇။ သမ္ဖပ္ပလာပဝါစာဝိရတိ။ သိမ်ဖျင်းသောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

## မနောကံ(၃)ပါး

၈။ အဘိဇ္ဈာ။ သူ့ဥစ္စာငါ့ဥစ္စာဖြစ်ကောင်း၏ဟု အောင်းမေ့မှုမရှိခြင်း။

၉။ ဗျာပါဒ။ သူတပါး ပျက်စီးကြောင်းကို အောင်းမေ့မှုမရှိခြင်း၊

၁၀။ သမ္မာဒိဋ္ဌိ။ ကောင်းသောအယူကိုယူခြင်း။ ကံ- ကံ၏အကျိုးကို ယုံခြင်း။

## ကမ္ဘာပျက်ကြောင်း(၃)ပါး

၁။ သတ္တသတ္တဂ္ဂိနာဝါ။ ခုနှစ်ကြိမ်၊ ခုနှစ်ကြိမ်မီးဖျက်သည်။

၂။ အဋ္ဌမေအဋ္ဌမေဒကာ။ ရှစ်ကြိမ်၊ ရှစ်ကြိမ်ရေဖျက်သည်။

၃။ စတုသဋ္ဌိယဒါဝါယု။ ခြောက်ဆယ် လေး ကြိမ် လေဖျက်သည်။

## သေလေးပါး

၁။ အရှင်မဟာဿကပ။ ဝေဘာရတောင်

၂။ အရှင်သုဘာရ ဥတ္တမတောင်
၃။ အရှင်ခေမာ။ မကုဋ္ဌတောင်
၃။ အရှင်ဓမ္မသာရ။ ဝေမိသာကတောင်

## ရှင်လေးပါး

၁။ ရှင်ဥပဂုတ်။ တောင်သမုဒ္ဒရာ
၂။ ရှင်သာရဇတ္တ။ မြောက်သမုဒ္ဒရာ
၃။ ရှင်သက္ကောသာရ။ အရှေ့သမုဒ္ဒရာ
၄။ ရှင်မေခရ။ အနောက်သမုဒ္ဒရာ

## ပါရမီ(၁၀)ပါး

၁။ ဒါနပါရမီ — နိဗ္ဗာန်ကိုရည်မှန်း၍ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း။
၂။ သီလပါရမီ — ဥပုသ်သီလဆောက်တည်ခြင်း။
၃။ နိက္ခမပါရမီ — မြတ်သောတောထွက်ခြင်း။
၄။ ပညာပါရမီ — အရာရာ၌ တတ်သိနားလည်ခြင်း။
၅။ ဝိရိယပါရမီ — ထိုထိုကိစ္စ၌ မကြောက်မရွံ့ သက်စွန့်ကြိုးပမ်းအားထုတ်ခြင်း။
၆။ ခန္တီပါရမီ — သုခပါးနှိပ်စက်လျှင်လည်း သည်းခံနိုင်ခြြင်း။

၇။ သစ္စာပါရမီ။ ကတိသစ္စာတည်ခြင်း၊ မှန်ကန်ဖြောင့်မတ်စွာ ပြောဆိုလုပ်ကိုင်ခြင်း။

၈။ အဓိဋ္ဌာန်ပါရမီ။ မိမိရည်မှန်းထားသော ကုသိုလ်လုပ်ငန်း၌ မဖြစ်မနေ စွဲစွဲမြဲမြဲ ဆောက်တည်ဆုံးဖြတ်လုပ်ကိုင်ခြင်း။

၉။ မေတ္တာပါရမီ။ မိမိကိုယ်ကဲ့သို့ သူတပါးအပေါ်ဝယ် ကြင်နာချစ်ခင်စွာ ကောင်းကျိုးကို လိုလားခြင်း။

၁၀။ ဥပေက္ခာပါရမီ။ မုန်း အောင် ပြု လုပ် သည် ကို လည်း မမုန်း၊ ချစ် အောင် ပြု လုပ် သည် ကို လည်း မချစ်၊ စွဲလန်းသူဟူ၍ မရှိပဲ လစ်လျူရှုခြင်း၊

## ပုညကြိယာ (၁၀)ပါး

၁။ ဒါန။ အလှူပေးခြင်း။

၂။ သီလ။ သီတင်းသီလဆောက်တည်ခြင်း။

၃။ ဘာဝန။ ကမ္မဋ္ဌာန်းဘာဝနာကို စီးဖြန်းခြင်း။

၄။ အပစာယန။ မိဘ၊ ဆရာ၊ ရတနာသုံးပါးအား အရိုအသေ ပူဇော်ခြင်း။

၅။ ဝေယျာဝစ္စ။ မိဘ၊ ဆရာ၊ ရတနာသုံးပါး၏ အမှုကို ပြုခြင်း။

၆။ ပတ္တိဒါန။ မိမိကုသိုလ်ကို သူတပါးအား အမျှပေးဝေခြင်း။
၇။ ပတ္တာနုမောဒနာ။ သူတပါး၏ကုသိုလ်ကို သာဓုခေါ်ခြင်း။
၈။ ဓမ္မဿဝန။ တရားတော်ကို နာယူခြင်း။
၉။ ဓမ္မဒေသနာ။ သူတပါးတို့အား တရားဟောပြောခြင်း။
၁၀။ ဒိဋ္ဌုဇုကမ္မ။ ဖြောင့်မတ်စွာ ကောင်းသော အယူကို ယူခြင်း။

<u>နုဿတိ(၁၀)ပါး</u>

၁။ ဗုဒ္ဓါနုဿတိ (ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို အဖန်ဖန် အောက်မေ့ခြင်း)
၂။ ဓမ္မာနုဿတိ (တရားတော်၏ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ခြင်း)
၃။ သံဃာနုဿတိ (သံဃာတော်၏ ဂုဏ်ကျေးဇူးတော်ကို အဖန်ဖန် အောက်မေ့ခြင်း)
၄။ သီလာနုဿတိ (မိမိ ထိန်းသိမ်း စောင့်ရှောက် အပ်သော သီလကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း)
၅။ စာဂါနုဿတိ (မိမိပြုခဲ့ဘူးသည့် ဒါနအစုစုကို အဖန်ဖန် ဆင်ခြင်အောက်မေ့ခြင်း)

၆။ ဒေဝတာနုဿတိ (နတ်၊ ဗြဟ္မာ အပေါင်းတို့၏ ဘဝ
ဟောင်းက ကုသလပုည အစုစု ဂုဏ်
ကျေးဇူးကို အဖန်ဖန်အောက်မေ့ခြင်း)
၇။ ဥပသမာနုဿတိ (နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို အဖန်ဖန်
အောက်မေ့ခြင်း)
၈။ မရဏာနုဿတိ (သေခြင်းကို အဖန်ဖန်အောက်မေ့ခြင်း)
၉။ ကာယဂတာနုဿတိ (ဆံပင်၊ မွေးညှင်း၊ လက်သည်း၊
ခြေသည်းစသည့် ၃၂ ကောဋ္ဌာသ
ကို အဖန်ဖန် အောက်မေ့ခြင်း)
၁၀။ အာနာပါနာ နုဿတိ (နှာခေါင်းမှ ထွက်လေ၊ ဝင်လေ
ကို အာရုံပြုသောသတိ)

## ကုသိုလ်(၁၀)ပါး

၁။ ဒါနကုသိုလ် (လှူဒါန်းခြင်း)
၂။ သီလကုသိုလ် (ဥပုသ်သီလ ဆောက်တည်ခြင်း)
၃။ ဘာဝနာကုသိုလ် (ဘုရားဂုဏ်တော်များကို အာရုံပြုခြင်း
ကမ္မဋ္ဌာန်းအားထုတ်ခြင်း)
၄။ အပစာယနကုသိုလ် (ရိုလေထိုက်သူကို ရိုသေခြင်း)
၅။ ဝေယျာဝစ္စကုသိုလ် (သူတပါးကုသိုလ်လုပ်ငန်း၌ ကူညီ
ခြင်း)
၆။ ပတ္တိဒါနကုသိုလ် (မိမိရရှိသော ကုသိုလ်အဘို့ကို အမျှ
ဝေခြင်း)

၇။ ပတ္တာနုမောဒနကုသိုလ် (သူတပါးက အမျှဝေ လျှင် ဝမ်းမြောက် ဝမ်းသာ သာဓု ခေါ်ခြင်း)
၈။ ဓမ္မသာဝနကုသိုလ် (တရားစကားကို နားထောင်ခြင်း)
၉။ ဓမ္မဒေသနာကုသိုလ် (ပစ္စည်းလာဘ် မငဲ့ပဲ တရားဟော ခြင်း)
၁၀။ ဒိဋ္ဌိဇုကမ္မကုသိုလ် (အယူကို ဖြောင့်မှန်စွာ ယူခြင်း၊ ကံ ကံ၏အကျိုးကို ယုံခြင်း)

## ဖြောင့်ကန်သင်း(၅)စင်း

၁။ ဘုရားကို ယုံမှားခြင်း။
၂။ တရား၌ ယုံမှားခြင်း။
၃။ သံဃာတော်၌ ယုံမှားခြင်း။
၄။ သိက္ခာပုဒ်၌ ယုံမှားခြင်း။
၅။ တရားအားထုတ်ဖက်၊ သီတင်းသုံးဖော်သုံးဖက်တို့ အပေါ်၌ အမြက်ထွက်ခြင်း။

## ဘုရား(၃)မျိုး

၁။ ပညာဓိကဘုရား။ (သဒ္ဓါအငယ်၊ ဝိရိယအလယ်အလတ် ပညာ ထက်မြက် အား ကြီး သော ဘုရား)

၂။ သဒ္ဓါဓိကဘုရား။ (ဝိရိယအငယ်၊ ပညာအလယ်အလတ် သဒ္ဓါ ထက် မြက် အား ကြီး သော ဘုရား)

၃။ ဝိရိယာဓိကဘုရား။ (ပညာအငယ်၊ သဒ္ဓါအလယ်အလတ်၊ ဝိရိယ ထက် မြက် အား ကြီး သော ဘုရား)

## ဆရာ (၅)ယောက်

၁။ ဥပဇ္ဈာစရိယ။ (ဥပဇ္ဈာယ်ပြုပေးသောဆရာ)
၂။ နိဿယာစရိယ။ (နိဿည်းပေးသောဆရာ)
၃။ ပဗ္ဗဇ္ဇာစရိယ။ (ရှင်ပြုပေးသောဆရာ)
၄။ ဥပသမ္ပဒါစရိယ။ (ပဉ္စင်းခံပေးသောဆရာ)
၅။ ဓမ္မာစရိယ။ (စာပေ၊ကျမ်းဂန်သင်ပေးသောဆရာ)

## (၁) သမ္မာသမ္ဗုဒ္ဓဘုရားလောင်းဆုတောင်း။

၁။ ဠဒ္ဒံမေဓါနံ၊ သဗ္ဗညုတ ဉာဏ်တော်၏ (ရရှိရန်) အကြောင်းဖြစ်ပါစေသတည်း။ (စရိယာပိဋက– အကိတ္တိ စရိယဇာတ်)

၂။ "ဠဒ္ဒံမေဓါနံ ဘဗ္ဗညုတ ညာဏပတိဝေဓ သပ္ပစ္စယော ဟောတု"ဟူ၍ လည်းကောင်း။အဒ္ဓါဠမိနာပရိစ္စာဝဂန သမ္မာသမ္ဗောဓိ အဓိဂမိဿာမိ" ဟူ၍ လည်းကောင်း၊

ရည်မှန်းခြင်း၊ မြွက်ဆိုခြင်းပြု၍၊ လှူကြ၊ ဆုတောင်း ကြလေ၏။ (ဝေသန္တရာဇာတ်)

၃။ မမက္ကဗော စက္ခုတော သတာသဟဿရဏော နုသမန္တ စက္ခုမေဝ၊ ဝိယဘရံတဿ သမန္တစက္ခုနော ဓမ ဣဒံ အက္ခ ဒါနံ ပစ္စယော ဟောတု။ ဟူ၍ရင်း ဆို၍လှူ၏။ အဓိပ္ပါယ်- ငါ၏ကြွမ်သ မျက်လုံးထက် အဆပေါင်း တသိန်းလွန်ပြီး၊သမန္တ စက္ခု ခေါ်အလုံးစုံကို သိမြင်နိုင် သောသဗ္ဗညုတ ဉာဏ်မျက်လုံး ကိုသာလျှင်ပို၍ချစ်မြတ် နိုး၏။ ငါ၏ မျက်လုံးအစုံသည် ထိုသဗ္ဗညုတ ဉာဏ် မျက်လုံး တော်၏ ရရှိရန် အကြောင်း ကုသိုလ် ဓမ္မ ဖြစ်ပါစေသတည်း။

## (၂)ပစ္စေကဗုဒ္ဓလောင်းဆုတောင်း။

၁။ ဣဒံ မေပုညံ ပစ္စေကဗောဓိ ဉာဏဿ ပစ္စယောဟောတု ဟူ၍ လည်းကောင်း။

၂။ ဣဒံ မေဒါနံ ပစ္စကဗုဒ္ဓတ္တံဘဝေယျ ဟူ၍လည်း ကောင်း။

၃။ တုမ္မေဝိယဘဝါမိဟူ၍ လည်းကောင်း။

၄။ ယထာတုမ္မေဟိဉာဏံ၊တထာဟောတုဟူ၍လည်းကောင်း၊

၅။ တုမ္မေဟိယထာဒိဌံဘဝါမဟူ၍ လည်းကောင်း။ အမျိုး မျိုးလာရှိသည်။

အချုပ်သဘောမှာ ပစ္စေကဗုဒ္ဓဉာဏ်ကို စိတ်ညွတ်၍ ဒါနစ သော ကုသိုလ်တို့ကို ပြုတိုင်းဆုတောင်းလျှင် စိတ်ညွတ်သည့်

အတိုင်း ဖြစ်နိုင်တော့သည်ဟူလို။ ထို့ကြောင့် "အဓိကာရေစ ဆန္ဒဂတိ ဒွင်္ဂဟမန္တာ အဟောယေဝ အဘိနိဗ္ဗာရေ"ဟု အပါ ဒါနအဋ္ဌကထာဗုဒ္ဓဝင်၌ လာလေသည်။ အဓိပ္ပာယ်မှာ လိုလား သော သူ့အတွက် ထူးကဲစွာ အားထုတ်ခြင်းတရပ်၊ ထိုထိုသော ဆု၌ အာသာပြင်းထန်ခြင်းတရပ်၊ ဤအင်္ဂါ(၂)ပါးနှင့် ပြည့်စုံ လျှင် ဗျာဒိတ်ခံနိုင်၍ ပါရမီပြည့်တော့သည်ဟု ဆိုသည်။

## (၃) အဂ္ဂသာဝကဆုတောင်း။

အဟံ ပိအယံ တေရောဝိယ အနာဂတေ ကေဿဗုဒ္ဓဿ အဂ္ဂသာဝကောဘဝေယျန္တိ ပနိဒ္ဒါနံ အကာသိ (ထေရဂါထာ အဋ္ဌကထာ)။ အဓိပ္ပါယ်- ငါသည်လည်း ဤမထေရ် ကဲ့သို့ နောင်အခါ တဆူသော ဘုရားရှင်၏ အဂ္ဂသာဝက (လက်ျာရံ လက်ဝဲရံ) ဖြစ်လို၏ဟု ဆုတောင်းမှုပြု၏ ဟုဆိုလိုသည်။ ကျန် မဟာသာဝက နှင့် ပကတိသာဝက ဆုတို့မှာလည်း အလားတူ ပင် မိမိ အလိုရှိရာ စိတ်ညွတ်ပြီး၊ နှုတ်မြွက်၍ တောင်းကာ ကုသိုလ်တို့ကို ပြုသွားနိုင်လျှင် ရနိုင်တော့သည်။

## အတုယူဘွယ်ကောင်းသော ဆုတောင်းများ။

လောဘ- ဒေါသ- မာန- ဣဿ- မစ္ဆရိယ-ထိနမိဒ္ဓ စသော အကုသိုလ် အယုတ်တရားတို့သည်၊ မဂ်ဉာဏ်နှင့် ဈာန်တရားတို့မှ အပြီးအပြတ် ပယ်သတ်နိုင်သည် မှန်သော်လည်း ယင်းအယုတ်

တရားတို့ကို ပယ်ခွါရန်နှင့် မဖြစ်ပေါ်ရန် တကယ်လိုလားပါက ဒါနပြု၍ဖြစ်စေ၊ သီလကိုစောင့်ထိန်း၍ဖြစ်စေ၊ ထိုထို အယုတ်တရားတွေ (မဂ်ဉာဏ်မရမီပင်) မဖြစ်ပေါ်လိုဟု (ဆုတောင်းမှု) အထပ်ထပ်ပြုခြင်း၊ ကုသိုလ်အထပ်ထပ်ပြုခြင်းကို အားထုတ်ပါက ယင်းအကုသိုလ် အယုတ်တရားတွေကင်းလွတ်၍ နေနိုင်ကြောင်း သာဓကထုတ်ပြပါအံ့—

ဒုကနိပါတ်—ဗိရဏတ္ထမ္ဘဝဂ် ဓမ္မဝဇ ဇာတ်တော် အရှင်သာရိပုတ္တာအလောင်း- ဆတ္တပါဏိ အမည်ခံ ယောကျ်ားသည် အယုတ်တရား(၄)ပါးတို့ကို မဖြစ်ပေါ်လို၍ ဆုတောင်းအဓိဋ္ဌာန်ပြုခဲ့သဖြင့် မဖြစ်ပေါ်ပဲ နေနိုင်ပုံမှာ—

၁။ ဣဿာ— သူတပါးအပေါ် ငြူစူခြင်းမှ ကင်းနေ၏။

၂။ ကောဓ—သူတပါး အပေါ် အမျက်ထွက်ခြင်းမှ ကင်းနေ၏။

၃။ ပိယ—ချစ်ခြင်း တွယ်တာခြင်းမှ ကင်းနေ၏။

၄။ သူရာပါန—သေရည်သောက်ခြင်းမှ ကင်းနေ၏။ ၎င်းကို အတုယူသင့်လှ၏)

## တောင်းသင့်သောဆုများ

၁။ သူတပါး—ကိုယ်စိတ် ၂-ပါး ဆင်းရဲအောင် ဘယ်အခါမျှ မပြုလုပ်ရပါလို၏။

၂။ သူတပါး—ကိုယ်စိတ် ၂-ပါး ချမ်းသာအောင် အခါခါ ပြုနိုင်ရပါလို၏။

၃။ အများ၏ကောင်းကျိုးကို အခါခါ ဆောင်ရွက်နိုင်ရပါလို၏။

၄။ ဆင်းရဲသူများကို ကယ်ဆယ်နိုင်ရပါလို၏။

၅။ သေဘေးကြုံနေသူတို့အား လွတ်မြောက်အောင် ကယ်ဆယ်နိုင်ရပါလို၏။

၆။ အရုပ်ဆိုးသူ—အင်္ဂါချို့ယွင်းနေသူများအား တင့်တယ်ပြည့်စုံလာအောင် ဆောင်ရွက်ရပါလို၏။

၇။ ရန်ညိုးဖွဲ့ခြင်း-ဂလဲ့စားချေခြင်း ဘယ်သူ့အားမျှ မပြုရပါလို၏။

၈။ ငြူစူ—ဝန်တိုခြင်းမှ အမြဲကင်းလိုပါရ၏။

၉။ ကာမပိုင်ရှိသူဟူသမျှ စိတ်ဖြင့်ပင် မပြစ်မှားလိုပါ၏။

၁၀။ သူတပါး၏ သမီးပျို-သားပျို တို့အား ဖျက်ဆီးမှု ဘယ်အခါမျှ မပြုရလိုပါ၏။

၁၁။ အဓမ္မရာဂ—ဝိသမလောဘနှင့် မိစ္ဆာဓမ္မတို့မှ ထာဝစဉ် ကင်းလွတ်ရပါလို၏။

၁၂။ တရားသဖြင့်သာ အောင်မြင်ရ-ကြီးပွားရ-စီးပွါးဖြစ်ရပါလို၏။

၁၃။ သူတပါးနှစ်နာ၍ မိမိအကျိုးရှိမှုမျိုး ဘယ်အခါမျှ မဖြစ်ရပါလို၏။

၁၄။ မုန်းသူအချင်းချင်း—ယခင်ကအတိုင်း ပြန်လည်ချစ်ခင်လာအောင် ဆောင်ရွက်နိုင်ရပါလို၏။

၁၅။ တဦးချင်းဖြစ်သောရန်ပွဲမှစ၍ နိုင်ငံချင်းဖြစ်သောရန်ပွဲ စစ်ပွဲဟူသမျှတို့ကိုပါ ဆက်၍မဖြစ်ပဲ လုံး၀ ပြေငြိမ်း သွားအောင် ဆောင်ရွက်နိုင်ရလိုပါ၏။

၁၆။ တဦးက တဦးကို ညှင်းပန်းခြင်း မှစ၍ တနိုင်ငံက အခြားတနိုင်ငံကို ညှင်းပန်းနှိပ်စက်မှုမျိုးတွေ မလုပ် ဖြစ်အောင် ကာကွယ် ရနိုင်လိုပါ၏။

၁၇။ ကမ္ဘာကြီးတခုလုံး မိသားစုပမာ ထာ၀စဉ် အချင်း ချင်း ကောင်းကျိုး လိုလားအောင် ဆောင်ရွက် နိုင် ရပါလို၏။

ဤသို့ စသဖြင့် ကောင်းကျိုးကို ဖြစ်စေနိုင်သော ဆုမျိုးကို စေတနာနှင့်ဉာဏ်ရှိသလောက် တိုး၍ တောင်းယူနိုင်လျှင် ရရှိ နိုင်တော့၏။

## မတောင်းသင့်သောဆုမျိုးများ။

၁။ သူတပါးအချစ်ကိုခွဲဖျက်ရပါလို၏ ဟူ၍ လည်းကောင်း။

၂။ သူတပါးစည်းစိမ်ကိုဖျက်ဆီးရပါလို၏ဟူ၍လည်းကောင်း

၃။ ငါ့ကိုတခါညှင်းဆဲလျှင် သင့်ကို[၁၀]ခါ ညှင်းဆဲနိုင်ရပါ လို၏၊ ဟူ၍လည်းကောင်း။

၄။ ငါ့ကိုနှိပ်စက်ဘူးသူ မှန်သမျှတို့အား ၁၀ ဆက်တိုင် ပြန်၍ နှိပ်စက်နိုင်ရပါလို၏၊ ဟူ၍လည်းကောင်း

၅။ သူတပါး ကြံစည်သမျှ အကုန်လုံး ပျက်စီးပါစေ၊ ဟူ၍လည်းကောင်း။

ဤသို့စသော-အကုသိုလ် ပွါးမည့် ယုတ်ညံ့သည့် ဆုတောင်းမျိုးများကို ကိုယ်တိုင်လည်း မပြုကောင်း၊ သူတပါး တို့အားလည်း၊ နည်းလမ်းမပေးသင့်ပေ။ ယင်း ဆုတောင်းမှားမျိုးသည် ဒေါသအလျောက် လုပ်တဲ့ရာ ကိုယ်ကျိုးလွန်စွာဆုတ်ယုတ်စေတတ်၍ သတိအထူးပြုပြီး ရှောင်ကြပါလေ။ တောင်းမိ ခဲ့လျှင်လည်း။ ဤအချိန်ကစ၍ (၎င်း ဆုတောင်းမျိုး သည်) ရပ်ဆိုင်းပျောက်ကွယ် သွားပါစေသတည်း ဟုထပ်၍ ဆုတောင်းကိုရုပ်သိမ်းပြစ်ပါလေ။

**ထိပ်လန့်ဘွယ်နမူနာ....**

သပ္ပဗုဒ္ဓ အနူဗာဟိယ ဒါရုဒိပရိပိုဇ်ပက္ကုသာတိဘုရင်နှင့် တမ္ဗဒဌိက လူသတ်သမား လေးဦး တို့က ဘဝတခုမှပြည့်တန်ဆာမဘဦးအား ခေါ်ပါးပြီး ငွေမပေးလို၍ သတ် ပစ်ကြသဖြင့် ထိုမိမ္မက "မကောင်းဆု ပန်သည် မှာ" ငါ့အားသတ်သလို - ငါသည်ဘဝီလူးမဖြစ်ပြီး သင်တို့(၄)ဦးအား သတ်နိုင်ရပါလို၏ ဟုဆုတောင်းမှားခဲ့ခြင်းကြောင့်၊၎င်းတို့ (၄) ဦးအား ဝေါတမဗုဒ္ဓလက်ထက်မှာပင် ယင်းဘီလူးမက နွားမအသွင်ဖြင့် ဝှေ့သတ်လိုက်လေ၏။ရှေးကလည်းအကြိမ်ကြိမ် သတ်ခဲ့လေပြီး နောက်တွင်လည်း သတ်နေလိမ့်လတံ့-ထိုအကုသိုလ်ကားမဆုံးနိုင်တော့တကား။....

## တောင်းသင့်သောဆုများ

၁။ ဤကောင်းမှုကြောင့် သံသရာ၌ နစ်မွန်းရန် (တောင်းမှားမိသော ဆုဆိုးများသည်) ယခုအချိန်ကစ၍ အဆုံးသတ် ပျောက်ကွယ်သွားပါစေ ဟူ၍လည်းကောင်း။

၂။ ဤကောင်းမှုကြောင့် လောဘ - ဒေါသ - မောဟ မာန - ဣဿာ - မစ္ဆရိယ စသော အယုတ်တရား တို့ကို မစင်သဘွယ် အမြဲစက်ဆုတ်ကာ အမြတ်မှမှတ္တိနှင့်သာ မွေ့လျော်ရပါလို၏ ဟူ၍လည်းကောင်း။

၃။ သူ့အသက်သတ်ခြင်း၊ သူ့ပစ္စည်းခိုးဝှက်ခြင်း၊ သူ့သား မယား ပြစ်မှားခြင်း၊ မမှန်စကား ပြောဆိုခြင်း၊ သေရည် သောက်စားခြင်း ဟူသော- ကံငါးပါးတို့ကို ကာယ-ဝစီ မဆိုထားဘိ၊ မနောကံဖြင့်ပင် လွန်ကျူးမှု ဘယ်အခါမျှ မပြုမိပါစေသတည်း ဟူ၍လည်းကောင်း။

၄။ ပဉ္စာနန္တရိယကံကြီး(၄)ပါးနှင့် သူတော်ကောင်းတို့အား ဘယ်အခါမျှ စိတ်နှင့်ပင် မပြစ်မှားမိရပါလို၏ ဟူ၍လည်းကောင်း။

၅။ သဒ္ဓါစသော သူတော်ကောင်း ဥစ္စာ(၇)ဖြာတို့နှင့်သာ အမြဲ မွေ့လျော်ရပါလို၏ ဟူ၍လည်းကောင်း။

၆။ ဒုစရိုက်(၁၀)ပါးတို့မှ ထာဝစဉ်ကင်းလွတ်၍ သုစရိုက် (၁၀)ပါး၊ ပုညကိရိယာ(၁၀)ပါး၊ ပါရမီ(၁၀)ပါး သူမြတ်တရားတို့ကိုသာ အသက်ပမာ အမြဲလက်ကိုင် ထားနိုင်ရပါလို၏ ဟူ၍လည်းကောင်း။

ဤသို့-စသည်ဖြင့် ဒုက္ခ၌ နှစ်မွန်းစေမည့် ဆုတောင်းမျိုးကို လုံးဝရှောင်ကွင်းပြီး ချမ်းသာအဆင့်ဆင့်ကိုသာ ပို့ဆောင်နိုင်မည့် သူကောင်းသူမြတ်တို့၏ ဆုမျိုးကိုသာ ပန်ဆင်ကြပါကုန်။

ဗောဓိပက္ခိယတရား(၃၇)ပါး

| | | |
|---|---|---|
| ၁။ | သတိပဋ္ဌာန် | ၄-ပါး |
| ၂။ | သမ္မပ္ပဓာန် | ၄-ပါး |
| ၃။ | ဣဒ္ဓိပါဒ် | ၄-ပါး |
| ၄။ | ဣန္ဒြေ | ၅-ပါး |
| ၅။ | ဗိုလ် | ၅-ပါး |
| ၆။ | ဗောဇ္ဈင် | ၇-ပါး |
| ၇။ | မဂ္ဂင် | ၈-ပါး |
| | | ၃၇-ပါး |

သတိပဋ္ဌာန်(၄)ပါး

၁။ ကာယာနုပဿနာ သတိပဋ္ဌာန် — ထွက်သက် ဝင်သက် အစရှိသော ရုပ်ကာယ၌ ခိုင်မြဲစွာတည်သောသတိ။

၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်–ဆိုထွက်သက်-ဝင်သက်ကို ခံစားသောဝေဒနာ။

၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်– ထို ထွက်သက်ဝင်သက်ကို အာရုံပြုသောစိတ်။

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်– ထို ထွက်သက်လေ- ဝင်သက်လေတို့ကို လက္ခဏာဖြင့်တင်၍ သုံးသပ်ခြင်း။

## သမ္မပ္ပဓါန်(၄)ပါး

၁။ ဖြစ်ပြီးသော အကုသိုလ် တရားကို ပယ်ပစ်ရအောင် လုံ့လပြုခြင်း။

၂။ မဖြစ်သေးသော အကုသိုလ် တို့ကို မဖြစ်စေရအောင် လုံ့လပြုခြင်း။

၃။ မဖြစ်သေးသော ကုသိုလ်တရား တို့ကို ဖြစ်စေခြင်းငှာ လုံ့လပြုခြင်း။

၄။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တဖန်တိုးပွါးအောင် လုံ့လပြုခြင်း။

အားဖြင့် စေတသိက် တလုံးသာ ရ၏။ ထိုတရား တို့သည် အာနာပါနကမ္မဋ္ဌာန်း တည်းဟူသော အဓိကကုသိုလ်တရားကို ပွါးများအားထုတ်လျက် နေသောကြောင့် ဆိုဘွယ်မရှိ အပြီး ပါဝင်တော့သည်သာ ဖြစ်ပေသည်။

## ဣဒ္ဓိပါဒ်(၄)ပါး

၁။ ထိုအာနာပါနကမ္မဋ္ဌာန်းကို ပွါးများအားထုတ်လိုသော ဆန္ဒစေတသိက်သည် ဆန္ဒိဒ္ဓိပါဒ်မည်၏။

၂။ ပွါးများအားထုတ်သော ဝီရိယစေတသိက်သည် ဝီရိယိဒ္ဓိပါဒ်မည်၏။

၃။ ပွါးများအားထုတ်သောအခါ ဖြစ်ပေါ်သောစိတ်သည် စိတ္တိဒ္ဓိပါဒ်မည်၏။

၄။ ပွါးများ အားထုတ်သောအခါ၌ဖြစ်သော ဝိပဿနာဉာဏ်သည် ဝိမံသိဒ္ဓိပါဒ်မည်၏။

## ဣန္ဒြေ(၅)ပါး

၁။ ထိုအာနာပါနကမ္မဋ္ဌာန်ကို ပွားများအားထုတ်လိုသော သဒ္ဓါစေတသိက်သည် သိဒ္ဓိန္ဒြေမည်၏။

၂။ ပွါးများအားထုတ် လိုသောဝီရိယ စေတသိတ် သည် ဝီရိယိန္ဒြေမည်၏။

၃။ ပွါးများအားထုတ်သော အခါ၌ ဖြစ်သော သတိစေတသိတ်သည်၊ သတိန္ဒြေမည်၏။

၄။ ပွါးများ အားထုတ်သောအခါ၌ အာရုံကို တည်ကြည်စွာယူသော ဧကဂ္ဂတာ စေတသိတ်သည် သမာဓိန္ဒြေမည်၏။

၅။ ဝိပဿနာရှုဆင်ခြင်သောအခါ၌ ဖြစ်သောပညာ စေတသိတ်သည်ပညိန္ဒြေမည်၏။

## ဗိုလ်(၅)ပါး

၁။သဒ္ဓါဗိုလ် ၂။ဝိရိယဗိုလ် ၃။သတိဗိုလ်
၄။သမာဓိဗိုလ် ၅။ပညာဗိုလ်

## ဗောဇ္ဈင်(၇)ပါး

၁။ထိုအာနာပါနကမ္မဋ္ဌာန်း၌ ခိုင်မြဲစွာ သည်သော သတိသည် သတိသမ္ဗောဇ္ဈင် မည်၏။

၂။ထိုသို့အားထုတ်၍ တရားအပေါ်၌ဆင်ခြင်- စဉ်းစား-လိမ္မာပွါးများခြင်းသည် ဓမ္မဝိစယ သမ္ဗောဇ္ဈင်မည်၏။

၃။ထိုသို့အားထုတ်၍ တနေ့တခြားဝိရိယတရား တိုးပွါး များ၍ သွားခြင်းသည်ဝိရိယသမ္ဗောဇ္ဈင်မည်၏။

၄။ထိုအလုပ်၌စိတ်ပျော်မွေ့ခြင်းသည်၊ပီတိ သမ္ဗောဇ္ဈင်မည်၏။

၅။ပီတိတရားဖြစ်ပွါးသောအခါမှစ၍၊ပျင်းရိခြင်း၊ငိုက်မည်းခြင်း အစ ရှိသော ပူလောင်မှု တို့ ငြိမ်း ခြင်း သည် ပဿဒ္ဓိ သမ္ဗောဇ္ဈင် မည်၏။

၆။ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်သည်ရှိသော် ထိုအာရုံ၌ ကောင်းစွာတည်ကြည်ခြင်းသည် သမာဓိသမ္ဗောဇ္ဈင်မည်၏။

၇။သမာဓိသမ္ဗောဇ္ဈင်ဖြစ်သည် ရှိသော် စိတ်၏ မငြိမ်သက်မှုအတွက် နှင့် ကြောင့် ကြ စိုးရိမ်ဘွယ် မရှိခြင်းသည်၊ ဥပေက္ခါ သမ္ဗောဇ္ဈင်မည်၏။

## မဂ္ဂင်သစ္စာ(၈)ပါး။

၁။ သမ္မာဝါစာ- မှန်သောစကားကိုပြောဆိုခြင်း။....) အဓိ

၂။ သမ္မာကမ္မန္တ- မှန်သောအမှုကို ပြုလုပ်ခြင်း။ ....) သီလ

၃။ သမ္မာအာဇီဝ- မှန်သောအသက် မွေးခြင်း။ ....) မဂ္ဂင်

၄။ သမ္မာဝါယမ- မှန်သော အားထုတ်ခြင်း။....) အဓိ

၅။ သမ္မာသတိ- မှန်သော အောက်မေ့ခြင်း။) .... စိတ္တ

၆။ သမ္မာသမာဓိ- မှန်သောတည်ကြည်ခြင်း။ ) မဂ္ဂင်

၇။ သမ္မာဒိဋ္ဌိ- မှန်သောမြင်ခြင်း။ ....)အဓိ ပညာ

၈။ သမ္မာသင်္ကပ္ပ- မှန်သောကြံစည်ခြင်း။ ....) မဂ္ဂင်

ထို့ကြောင့်၊ အာနာပါနကမ္မဋ္ဌာန်းကို ကောင်းစွာ အားထုတ်၍ ဝိဇ္ဇာမုတ္တိဉာဏ် နှစ်ပါးနှင့် ပြည့်စုံသော အခါ၊ မဂ္ဂင် ရှစ်ပါးတို့သည်၊ အပြီးပါဝင် ကုန်၏။ အသီးတရာ အညာတခု ဆိုသကဲ့သို့ အသီးကခူးဆွတ်သော် တလုံးစီသာခူးဆွတ်နိုင်၍၊ အညာကခူးဆွတ်သော် အသီးဟူသရွေ့ အလုံးစုံပါလာရကုန်၏။ သတိပဋ္ဌာန်လေးပါး စသည်တို့ကို တပါးစီ၊ တပါးစီခွဲ၍ အားထုတ်သော်အသီးကခူးဆွတ်သည်နှင့်တူ၏။ ပြဆိုပြီးသောအတိုင်း အာနာပါနဝါယောဓါတ် တခုကို မိမိရရ ကောင်းစွာ အားထုတ်သည် ရှိသော်၊ အညာက ခူးဆွတ်သည်နှင့် တူ၏။ ဤသို့

အာနာပါနကမ္မဋ္ဌာန်းတခုဌ် ပင်လျှင်၊ ဗောဓိပက္ခိယ တရား (၃၇)ပါးတို့ သည်လည်း အပြီးပါဝင်ကုန်သည်။

## ပါရမီတော် ဖြည့်ကျင့်တော်မူပုံ

၁။ သမ္မာသမ္ဗုဒ္ဓဆု နှင့်ရောက်လိုလျှင် ပါရမီဆယ်ပါး အပြား သုံးဆယ် ကို ကမ္ဘာ ပေါင်းလေးသင်္ချေနှင့် တသိန်း ဖြည့်ကျင့်ပြီးမှ နိဗ္ဗာန်သို့ရောက်မည်။

၂။ ပစ္စေကဗုဒ္ဓါဆု နှင့်ရောက်လိုလျှင် ပါရမီဆယ်ပါး အပြား နှစ် ဆယ် ကို ကမ္ဘာ ပေါင်း နှစ်သင်္ချေနှင့်တသိန်း ဖြည့်ကျင့်ပြီးမှ နိဗ္ဗာန်သို့ရောက်မည်။

၃။ အဂ္ဂသာဝကဆု နှင့်ရောက်လိုလျှင် ပါရမီ ဆယ်ပါးကို ကမ္ဘာပေါင်း တသင်္ချေ နှင့်တသိန်း ဖြည့် ကျင့် ပြီး မှ နိဗ္ဗာန်သို့ ရောက်မည်။

၄။ မဟာသာဝကဆု နှင့်ရောက်လိုလျှင် ပါရမီဆယ်ပါး ကို ကမ္ဘာတသိန်း ဖြည့်ကျင့်ပြီးမှ နိဗ္ဗာန်သို့ရောက်မည်။

၅။ ပကတိသာဝကဆု နှင့်ရောက်လိုလျှင် ပါရမီဆယ်ပါးကို ဖြည့်ကျင့်၍ ယခုဘဝ၌ပင်လျှင် နိဗ္ဗာန်သို့ ရောက်နိုင်၏။ သို့အတွက်ကြောင့်၊ ဤပကတိသာဝကဆုနှင့် သွားသောလမ်းထက် ပိုမို၍တိုသော လမ်း နီးသောလမ်းဟူ၍ မရှိပေ။ ထို့ကြောင့် ဖြတ်လမ်းဟု ဆိုသတည်း။

## ခုနှစ်ရက်၊ ခုနှစ်လအတွင်း မဂ်ဖိုလ်ရနိုင်ပုံ

ပကတိသာဝက ဆုကို တောင်းလျှင်၊ ခုနှစ်ရက် အတွင်း ၌လည်းကောင်း။ ခုနှစ်လအတွင်း၌လည်းကောင်း၊ ဒုတိယ ဘဝ၌လည်း ကောင်း၊ တတိယ ဘဝ၌ လည်းကောင်း၊ မဂ်ဖိုလ်ကို ရနိုင်သည်။ (ဗုဒ္ဓဝင်ဋီကာ-၁၁-ကြောင်း)

## ဗျသနတရား(၅)ပါး။

၁။ ဉာတိဗျသန -ဆွေမျိုးပျက်စီးခြင်း။
၂။ ဘောဂဗျသန -စည်းစိမ်ဥစ္စာပျက်စီးရခြင်း။
၃။ ရောဂဗျသန -အနာရောဂါကြောင့် ပျက်စီးရခြင်း။
၄။ သီလဗျသန -အကျင့်သီလပျက်စီးရခြင်း။

၅။ ဒိဋ္ဌိဗျသန -ကောင်းမြတ်သော အယူဝါဒ ပျက်စီးရခြင်း။

## မူတင်(၁၃)ပါး ဆောက်တည်ပုံ

၁။ ပံသုကူလမူတင်။ ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊
ပံသုကူလိကင်္ဂံ သမာဒိယာမိ။

ဂဟပတိဒါန စီဝရံ၊ လူဒါယကာတို့ ပေးလှူအပ်သော သင်္ကန်းကို။ ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ ပံသုကူလိကင်္ဂံ ပံသုကူသင်္ကန်း ဝတ်ရုံသုံးစွဲခြင်းဟူသော- ပံသုကူလိက မူတင်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၂။ တိစီဝရိတ်မူတင်။ စတုတ္ထကစီဝရံ၊ ပဋိက္ခိပါမိ၊
တေစီဝရိကင်္ဂံ သမာဒိယာမိ။

စတုတ္ထကစီဝရံ၊ ၄-ခုမြောက်သော သင်္ကန်းကို၊ ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ တေစီဝရိကင်္ဂံ၊ သင်္ကန်း ၃-ထည် ကိုသာ ဝတ်ရုံသုံးစွဲခြင်းဟူသော တိစီဝရိတ် မူတင်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၃။ ပိဏ္ဍပါတ်မူတင်။ အတိရေကလာဘံ ပဋိက္ခိပါမိ၊
ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ။

အတိရေကလာဘံ၊ အပို အလွန်ရသော လာဘ်လာဘကို ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ ပိဏ္ဍပါတိကင်္ဂ၊ ဆွမ်းခံလှည့်သည်၍ ရအပ်သောဆွမ်းကိုသာ သုံးဆောင်ခြင်း ဟူသော ပိဏ္ဍပါတ်ဓုတင်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၄။ <u>သပဒါနစရိယဓုတင်</u>။ လောလုပ္ပစာရံ ပဋိက္ခိပါမိ၊ သပဒါနစာရိကင်္ဂံ သမာဒိယာမိ။

လောလုပ္ပစာရံ၊ ဆွမ်း၌ လျှပ်ပေါ်မှုအကျင့်ကို။ ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ သပဒါနစာရိကင်္ဂ၊ အိမ်စဉ် မပျော်ပဲ၊ အစဉ် အတိုင်း လှည့်လည်ဆွမ်းခံခြင်းဟူသော သပဒါနစာရိယဓုတင်ကို သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၅။ <u>ကောသနိကဓုတင်</u>။ နာနာသနဘောဇနံ ပဋိက္ခိပါမိ၊ ကောသနိကင်္ဂံ သမာဒိယာမိ။

နာနာသနဘောဇနံ၊ အထူးထူးသော နေရာ၌- ဘောဇဉ် စားသောက်ခြင်းကို၊ ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ ကောသနိကင်္ဂ၊ တနေရာတည်း၌သာ ခဲဘွယ်ဘောဇဉ် စားသောက်ခြင်း တည်း ဟူသော ကောသနိကဓုတင်ကို။ သမာဒိယာမိ၊ ဆောက်တည် ပါ၏။

၆။ <u>ပတ္တပိုဏ်ဓုတင်</u>။ ဒုတိယဘာဇနံ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်္ဂံ၊ သမာဒိယာမိ။

ဒုတိယဘောဇနံ၊ ၂-ခုမြောက်သော နှုတ်၌ ရှိသော ဆွမ်းခဲဘွယ် ဘောဇဉ် စားသောက်ခြင်းကို၊ ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ ပတ္တပိဏ္ဍိကင်္ဂ၊ တခုတည်းသော ခွက်၌ရှိသော ခဲဘွယ်ဘောဇဉ် စားသောက်ခြင်း ဟူသော ပတ္တပိဏ် မူတင်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၇။ ခလုပစ္ဆာဘတ္တိက မူတင်။ အတိရိတ္တ ဘောဇနံ ပဋိက္ခိပါမိ၊ ခလုပစ္ဆာဘတ္တိကင်္ဂ သမာဒိယာမိ။

အတိရိတ္တဘောဇနံ၊ အတိရိတ်ပြုပြီးအပ်သော ဘောဇဉ်ကို၊ ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ ခလုပစ္ဆာဘတ္တိကင်္ဂ၊ နောက်ထပ်တဖန် မစားသောက်ခြင်းဟူသော ခလုပစ္ဆာဘတ္တိ မူတင်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၈။ အာရညကင်မူတင်။ ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ အာရညိကင်္ဂ၊ သမာဒိယာမိ။

ဂါမန္တသေနာသနံ၊ ရွာတွင်းရွာဦး၌ တည်သော ကျောင်း၊ အိပ်ယာနေရာကို ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ အာရညိကင်္ဂ၊ တော၌တည်သောကျောင်း အိပ်ယာနေရာ၌သာ နေထိုင်ခြင်း ဟူသော အာရညကင် မူတင်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၉။ ရုက္ခမူဓုတင်။ ဆန္ဒပဋိက္ခိပါမိ၊
ရုက္ခမူလိကင်္ဂ သမာဒိယာမိ။

ဆန္ဒံ၊ အမိုးရှိသောကျောင်း အိပ်ယာနေရာကို၊ ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ ရုက္ခမူကင်္ဂ၊ သစ်ပင်ရင်းအနီး၊ သစ်ပင်ရိပ်အတွင်း၌သာ နေထိုင်ခြင်းဟူသော ရုက္ခမူဓုတင်ကို။ သမာဒိယာမိ ဆောက်တည်ပါ၏။

၁၀။ အဗ္ဘောကာသိကဓုတင်။ ဆန္ဒဥ္စရုက္ခမူလဥ္စပဋိက္ခိပါမိ၊
အဗ္ဘောကာသိကင်္ဂ သမာဒိယာမိ။

ဆန္ဒဥ္စ၊ အမိုး ရှိသော ကျောင်း၊ အိပ်ယာ နေရာ ကို ၎င်း၊ ရုက္ခမူလဥ္စ၊ သစ်ပင်ရင်းအနီး၊ သစ် ပင် ရိပ် အ တွင်း ကို၎င်း၊ ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ အဗ္ဘောကာသိကင်္ဂ၊ ဟင်းလင်းပြင်လွင် တီးခေါင်၌သာ နေထိုင်ခြင်းဟူသော အဗ္ဘောကာသိကဓုတင်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၁၁။ သုသာနိဓုတင်။ နသုသာနံ ပဋိက္ခိပါမိ၊
သောသာနိကင်္ဂ၊ သမာဒိယာမိ။

သုသာနံ၊ သုသာန် ကို။ နပဋိက္ခိပါမိ၊ မပယ် မြစ် ပါ။ သောသာနိကင်္ဂ၊ သုသာန်၌ နေ့စဉ် သွားရောက်နေထိုင်ခြင်းဟူသော သုသာန်ဓုတင်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၁၂။ ယထာ သန္တတိ ဓုတင်။ သေ နာ သ န လော လုပ္ပံ ပဋိက္ခိပါမိ၊
ယထာသန္တတိကင်္ဂ
သမာဒိယာမိ။

သေနာသနလောလုပ္ပံ၊ ကျောင်း အိမ်ယာ ရာရာ၌ လျှပ်ပေါ်ခြင်းကို၊ ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ ယထာသန္တတိကင်္ဂ၊ ဦးစွာရအပ် ခင်းထားအပ်သည့်အတိုင်း နေထိုင်ခြင်း ဟူသော ယထာသန္တတိကင်္ဂကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

၁၃။ **နေသဇ္ဇိကင်္ဂ။** သေယျံ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂ သမာဒိယာမိ။

သေယျံ၊ အိပ်ခြင်းကို ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ နေသဇ္ဇိကင်္ဂ၊ ထိုင်ခြင်းဟူသော နေသဇ္ဇိကင်္ဂကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

## ပဋ္ဌာန်း နှစ်ဆယ့်လေးပစ္စည်း ဘုရားရှိခိုး

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမည ပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော၊ ဣမံပဋ္ဌာနတ္ထံဒေသိတံ အဟံဝန္ဒာမိ။

ဟေတုပစ္စယော၊ ဟိတ်ခြောက်ပါးဖြစ်၍ ချေသောက်မြစ်သဘွယ် ကျေးဇူးပြုတတ်သော တရားလည်းကောင်း၊ အာရမ္မဏပစ္စယော၊ အာရုံ ခြောက်ပါး ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား လည်းကောင်း။ အဓိပတိ ပစ္စယော၊ ကြီး ကဲ စိုး မိုး ၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ အနန္တရပစ္စယော၊ အခြားမဲ့နာမ်အား ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ သဟဇာတပစ္စယော၊ အတူဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ အညမညပစ္စယော၊ အချင်းချင်း ပြန်လှန်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ နိဿယပစ္စယော၊ မှီ ရာ ဖြစ် ၍ ကျေးဇူး ပြုတတ်သော တ ရား လည်း ကောင်း။ ဥပနိဿယပစ္စယော၊ အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား လည်းကောင်း။ ပုရေဇာတပစ္စယော၊ ရှေး၌ ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။ ပစ္ဆာဇာတပစ္စယော၊ နောက်မှ ဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်းကောင်း။ အာသေဝနပစ္စယော၊ အဖန်တလဲလဲ မှီဝဲအပ်သည့်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ကမ္မပစ္စယော၊ မျိုးစေ့ ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။ ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်း ကောင်း။ အာဟာရ ပစ္စယော၊ ထောက်ပံ့ နိုင်စေခြင်းဖြင့် ကျေး ဇူး ပြု တတ် သော တရား လည်းကောင်း။ ဣန္ဒြိယပစ္စယော၊ အသီးသီး မိမိကိစ္စ အစိုးရခြင်းဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ ဈာနပစ္စယော၊ ကပ်၍ ရှုစားခြင်း ကိစ္စဖြင့် ကျေးဇူးပြုတတ်သော

တရားလည်းကောင်း။ မဂ္ဂပစ္စယော၊ ခရီးလမ်းကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။ သမ္ပယုတ္တပစ္စယော၊ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။ ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည် ဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်းကောင်း။ အတ္ထိပစ္စယော၊ ရှိသည်ဖြစ်၍ (ဝါ) ပစ္စုပ္ပန် ရှိဆဲဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်းကောင်း၊ နတ္ထိပစ္စယော၊မရှိဘဲကျေးဇူးပြုတတ်သောတရားလည်းကောင်း။ ဝိဂတ ပစ္စယော၊ ကင်း၍ ကျေး ဇူး ပြု တတ် သော တရား လည်းကောင်း၊ အဝိဂတပစ္စယော၊ မကင်းသည် ဖြစ်၍ (ဝါ) ပစ္စုပ္ပန် တရား တို့အား မကင်း လေပဲ ရှိဆဲ ပစ္စုပ္ပန် ကိစ္စဖြင့် ကျေးဇူးပြုတတ်သော တရား လည်း ကောင်း။ ဣတိ ဤသို့ စတုဝီသတိပစ္စယော၊ နှစ်ဆယ့်လေးပစ္စည်းတို့သည် မဟာ မက ရဏ ပဋ္ဌာန်းကျမ်းကြီး၌၊ ဠိတာ၊ တည်ကုန်သည် ဟောန္တိ ဖြစ်ကုန်၏။ ဣမံပဋ္ဌာနတ္တံ၊ ဤပဋ္ဌာန်းပစ္စည်းအနက်ကို၊ ဒေသိတံ၊ ဟောတော်မူသော ဗုဒ္ဓမြတ်စွာဘုရားကို၊ အဟံ၊ အကျွန်ုပ်သည် ဝန္ဒာမိ ရှိခိုးပါ၏။

## သုခဒါတဗ္ဗဓမ္မဒါနများ

ချမ်းသာမှုသည် အမျိုးမျိုးရှိသဖြင့် ယင်းချမ်းသာမှုတို့ အလိုက် အမည် များလည်း အမျိုးမျိုး ရှိပြန်ရာ နမူနာ အဖြစ် ဖြင့် အောက်ပါ(၁၄)မျိုးတို့ကိုမှတ်သားရာ၏။

၁။ ဇီဝသုခဓမ္မဒါန- အသက်ချမ်းသာမှုကို ပေးခြင်း။

၂။ အဘယသုခမမ္မဒါန- ဘေးကင်းမှုကိုပေးခြင်း။
၃။ ယာပနသုခမမ္မဒါန- မျှတမှုကိုပေးခြင်း။
၄။ ရမ္မလာသုခမမ္မဒါန- မွေ့လျော်မှုကိုပေးခြင်း။
၅။ သမ္မာသာသသုခမမ္မဒါန-သက်သာရာရမှုကို ပေးခြင်း။
၆။ ထုတိသုခမမ္မဒါန- ချီးကျူးမှုကိုပေးခြင်း။
၇။ သိရိသုခမမ္မဒါန- အသရေရှိမှုကိုပေးခြင်း။
၈။ ဂုဏသုခမမ္မဒါန- ဂုဏ်ရှိမှုကိုပေးခြင်း။
၉။ ဌာနန္တရသုခမမ္မဒါန- ရာထူးရမှုကိုပေးခြင်း။
၁၀။ ဩကာသသုခမမ္မဒါန- စည်းစိမ်ကိုပေးခြင်း။
၁၁။ သမ္ပတ္တိသုခမမ္မဒါန- အခွင့်အရေးကိုပေးခြင်း။
၁၂။ သုဂတိသုခမမ္မဒါန- သုဂတိချမ်းသာကို ပေးခြင်း။
၁၃။ သမာပတ္တိသုခမမ္မဒါန–သမာပတ်ချမ်းသာကိုပေးခြင်း။
၁၄။ နိဗ္ဗာနသုခမမ္မဒါန- နိဗ္ဗာန်ချမ်းသာကိုပေးခြင်း။

## အသေးစိတ်ရှင်းလင်းချက်

### ၁။ ဇီဝသုခမမ္မဒါန-

ဟူသည် အသက်ဆုံးရှုံးရန် ကြုံတွေ့နေရသော သတ္တဝါတဦးဦး၏ အသက်ဇီဝိန်ကို ဆုံးရှုံးမှုမရှိဘဲ လွတ်မြောက်သွားအောင် တနည်းနည်းဖြင့် စီမံပြီး ထိုသူ၏ ဇီဝသုခရရှိသွားရန် ဆောင်ရွက်ပေးသော ကုသိုလ်မျိုးကို ဆိုလိုသည်။

၂။ အဘယသုခ ဓမ္မဒါန-

ဟူသည် အသက်ကိစ္စမဟုတ်သော်လည်း ဒုက္ခကြုံရန်ဘေးရန်တခုခု ကြုံတွေ့နေသူအား ထိုဘေးဒုက္ခမှ လွတ်မြောက်သွားအောင် ဆောင်ရွက် ပေးသောကုသိုလ်မျိုးဖြစ်သည်။

၃။ ယာပနသုခဓမ္မဒါန-

ဟူသည် သူတဦး၏ ကိုယ်ခန္ဓာမျှတ ချမ်းသာရေးအတွက် လျှော်ရာ၊နေရာ ဆေး၊အစာ-ဆရာ-နည်းလမ်းစသည်ဘို့ဖြင့် ထိုသူ့ခန္ဓာမျှတချမ်းသာမှုရရှိအောင် ဆောင်ရွက်ပေးသောကုသိုမျိုးဖြစ်သည်။

၄။ ရမ္မဏသုခဓမ္မဒါန-

ဟူသည် မိမိထံ ရောက်လာသောဧည့်သည်နှင့် ခရီးသွားစသည်ဘို့အားကိုယ်ဖြစ်စေ၊ စိတ်ဖြင့်စေ မွေ့လျော်ချမ်းသာမှု တခုခုရရှိစေရန် ဆောင်ရွက်ပေးသော ကုသိုလ်မျိုးဖြစ်သည်။

၅။ သမ္မာသာသသုခဓမ္မဒါန-

ဟူသည် ဒုက္ခအမျိုးမျိုးကြုံတွေ့နေသူအားယာယီဖြစ်စေ၊ တာရှည်ဖြစ်စေ၊ ထိုဒုက္ခမှသက်သာရာရရှိသွားအောင် ဆောင်ရွက်ပေးသည့် ကုသိုလ်ဒါနမျိုးကို ဆိုသည်။

၆။ သုတိသုခဓမ္မဒါန-

ဟူသည် ပုဂ္ဂိုလ်နှင့် လျော်ကန်

သော ချီးကြူးစကား ဂုဏ်ပြုစကားတို့ကို လူအများရှေ့တွင် ထုတ်ဖော်ပြောဆိုကာ သူတပါး၏ စိတ်ချမ်းသာမှုရရှိအောင် ဆောင်ရွက်ပေးသော ကုသိုလ်မျိုးကို ဆိုသည်။

၇။ ဿိမိရှိသုခဓမ္မဒါန–

ဟူသည် ဂုဏ်သိမ်ရှိ နှမ်းပါးနေသူ တဦးဦးအား အသရေဘခုခုခါသာပေါ်လာပြီး လူအများ သိမြင်လာအောင် တနည်းနည်းဖြင့် ဆောင်ရွက်ပေးသော ကုသိုလ်မျိုးကို ဆိုသည်။

၈။ ဂုဏာသုခဓမ္မဒါန–

ဟူသည် ဂုဏ်နိမ့်ကျနေသူအား ဖြစ်စေ၊ ဂုဏ်ရှိပါလျက် ဖော်ထုတ်ခွင့်မရသူအား ဖြစ်စေ၊ လူအများက ဂုဏ်ရှိသူဟု သိရှိသူဆမှတ်ယူအောင် ဆောင်ရွက်ပေးသော ကုသိုလ်ဒါနမျိုးကို ဆိုသည်။

၉။ ဌာနန္တရသုခဓမ္မဒါန–

ဟူသည် လက်ရှိရာထူးမှ လျှော့ကျနေသူအားဖြစ်စေ၊ လုံးဝရာထူးမရရှိသေး၍ ဂုဏ်ငယ်နေသူအားဖြစ်စေ၊ လျှော်ကန်ရာ ရာထူးတခုခုရရှိသွားအောင် ဆောင်ရွက်ပေးသော ကုသိုလ်မျိုး ဖြစ်သည်။

၁၀။ ဩကာသသုခဓမ္မဒါန–

ဟူသည် မဲ ပေးနိုင်ခွင့်၊ ထောက်ခံနိုင်ခွင့်၊ အကြံပေးနိုင်ခွင့်၊ အဆိုတင်ပြနိုင်ခွင့် စသော အခွင့်အရေးများ ဆုံးရှုံးကင်းမဲ့၍ အားငယ်နေသူအား မိမိ၏

အကူအညီကြောင့် လိုအပ်သော အခွင့်အရေး များ ရရှိသွားအောင် ဆောင်ရွက်ပေးသော ကုသိုလ်မျိုးကိုဆိုသည်။

၁၁။ သမ္ပတ္တိသုခဓမ္မဒါန—

ဟူသည် ပျက်စီး လက်လွတ်သွားချက်လုပ်ငန်းဖြစ်စေ၊ စီးပွါးရေး ဖြစ်စေ၊ စည်း မ် ဥစ္စာဖြစ်စေ၊ ပျက်စီးလက်လွှတ် သွားချက် ကြုံနေရာ၊ ၎င်းကိုပြန်လည် တည်တန့်ခွင့် ရရှိသွားအောင်ဆောင်ရွက်ပေးသော ကုသိုလ် မျိုးကိုဆိုသည်။

၁၂။ သုဂတိသုခဓမ္မဒါန—

ဟူသည် ပစ္စက္ခဘဝဒုဂ္ဂတိစာရင်းဝင် အချုပ်ခန်းထဲ ၊ ရန်သူ ဟုမှတ်ယူ ထားသောစာရင်းထဲ၊ ရန်သူဟုမှတ်ယူထားသော စာရင်း ထဲမှ သေဒ်ရင်း၊ သံသရာဘဝဒုဂ္ဂ အပါယ်လေးပါကျသို့ စာရင်းထဲမှ သေဒ်ရင်း၊ လွတ်မြောက်ကာ လွတ်လပ်သော ပင်ကိုအခြေအနေနှင့် သုဂတိဘဝဘက်သို့ရောက်ရှိစေအောင် ဆောင်ရွက် ပေးသော ကုသိုလ်မျိုးကိုဆိုသည်။

၃။ သမာပတ္တိသုခဓမ္မဒါန-

ဟူသည်စျာန်နှင့်မဂ်ဖိုလ်တို့ကိုရရှိသွားပြီးသူတို့အား သက်ဆိုင်ရာ စျာန်သမာပတ် နှင့် ဖလသမာပတ် ချမ်းသာတို့ကိုရရှိခံစား နိုင်အောင် ဆောင်ရွက်ပေးသော ကုသိုလ်မျိုးကို ဆိုသည်။

၁၄။ နိဗ္ဗာနသုခမ္မဒါန–

ဟူသည် ကား မချမ်းတာ၊ ဈာနချမ်းသာ၊ သမာပတ်ချမ်းသာတို့ထက် သာလွန် မြင့်မြတ်သောနိဗ္ဗာန် ချမ်းသာကို ရရှိလာအောင် ဆောင်ရွက် ပေးသော ကုသိုလ် မျိုးကိုဆိုသည်။

"ပရိတ်တော်ကို ရွတ်ဆိုအပ်သော အချိန်ကာလ"

၁။ မင်္ဂလသုတ်၊ မေတ္တာသုတ်

ကျက်သရေ မင်္ဂလာ ရှိသော အလှူမင်္ဂလာ အိမ်တက် မင်္ဂလာ ပြုလုပ်သောအခါတို့၌ ရွတ်ဆိုအပ်သည်။

၂။ ရတနသုတ်

ဥပါဒ်အန္တရာယ်ဖြစ်သော အခါတို့၌ ရွတ်ဆိုအပ်သည်။

၃။ မေတ္တသုတ်

ထိတ်လန့်ခြင်းဖြစ်သောအခါ သူတပါး ရန်ငြိုးဖွဲ့သော အခါတို့၌ ရွတ်ဆိုအပ်၏၊

၄။ ခန္ဓသုတ်

မြွေ ကင်း သန်း ပိုးမွှားအန္တရာယ် ထူသော်သောအခါ၌ ရွတ်ဆိုအပ်သည်။

၅။ မောရသုတ်

မင်းဘေး အနှောင်အဖွဲ့သင့်သော အခါတို့၌ ရွတ်ဆိုအပ် သည်။

၆။ ငဋ္ဌသုတ်
မီးဘေးသက်ရောက်သောအခါတို့၌ ရွတ်ဆိုအပ်သည်။

၇။ ဓဇဂ္ဂသုတ်
စစ်ဘေးစစ်ဒဏ် ရောက်သော အခါတို့၌ ရွတ်ဆိုအပ်သည်။

၈။ အာဋာနာဋိယသုတ်
နာနာဘာဝ နှောက်ယှက်သောအခါတို့၌ ရွတ်ဆိုအပ်သည်။

၉။ အင်္ဂုလိမာလသုတ်
မိန်းမတို့ မီးမဖွားနိုင်သောအခါတို့၌ ရွတ်ဆိုအပ်သည်။

၁၀။ ဗောဇ္ဈင်္ဂသုတ်
ရောဂါဝေဒနာ ဖြစ်သောအခါတို့၌ ရွတ်ဆိုအပ်သည်။

၁၁။ ပုဗ္ဗဏှသုတ်
ဂြိုလ်စီးဂြိုလ်နင်း ကံဇာတာ ညှိုးသောအခါတို့၌ ရွတ်ဆိုအပ်သည်။

ပရိတ်တော် (၁၁)သုတ်လုံး ရွတ်ဆိုပါက အခါခပ်သိမ်း အကျိုးပေးနိုင်သည်။

## အောင်စကြာမန္တာန်နှင့် ပါဠိအနက်

ဇ ယ စ က္ကေ၊ ဇ ယ န္တော ယော
ဇ ယိ တ ဗ္ဗေ၊ ဇ ယာ သ နေ
ဇ ယာ ပေ သိ၊ ဇ ယေ သိ နံ
ဇ ယံ ဒေ တု၊ ဇ ယု တ္တ ရော

ဇယစက္ကော၊ အောင်မဟီပေါ် အောင်စည်ဆော်၍ အောင်တော်မူပြီးသော စကြာရတနာသည်း ရှိတော်မူပေထသော။ ယောဇိနော ဇိနာမည်တွင် အောင်ပွဲဆင်သည့် အောင်မြင်ပြီးစီး အကြွင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ ဇယာသနေ၊ အောင်သဘင်နှဲ့ အောင်ပွဲဆင်ရာ မဟာဗောဓိ အတုမရှိသည့် သိရိဗ္ဗေသည် ရွှေပလ္လင်၌။ဇယိတဗ္ဗေ၊ အောင်ထိုက် အောင်အပ်သော မာန်ငါးရပ် တို့ကို။ ဇယန္တော၊ အောင် သ ဘင် ကျင်း အောင် တပ် ခင်း၍ အောင်ခြင်းကြီး အောင်တော် မူလေပြီ။ ဇယုတ္တရော၊ လောကဓါတ်တိုက် ခရိုင်နယ်မှာ ဘယ်သူ ဘယ်ပြိုင်ပြိုင် အောင်နိုင်စွာပွဲဖွင့်၍ ရဲရင့်တဲ့ သတ္တိထူးတို့ဖြင့် အောင်ပွဲမှူးကြီး ဖြစ်တော်မူပါပေသော။ယောဇိနော၊ အောင်တကာထွဋ်ဖူး အောင်ပွဲမှူးကြီးဖြစ်တော်မူပါပေသော ထိုအရှင်တော်မြတ်ဘုရားကြီး သည်။ ဇယေသိနံ၊ အောင်ဆု အောင်လာဘ် အောင်ပန်းမြတ်လို့ မပြတ်တစေ ရှာမှီးလေ့လာနေကြကုန်သော ဝေနေယျ တပည့် သာဝက အပေါင်းတို့အား။ ဇယာပေသိ၊ အောင်ဆုဖြိုးဝေ အောင်မိုးစွေလျက် အောင်စေတော်မူလေပြီ။ ယောဇိနော၊ ဗောဓိပင်ခြေ ပလ္လင်ဖွေ့တွင် သခ်ျမာန်ဂိုဏ်းကို

ခုတ်ပိုင်းဖြတ်ချိုး၍ စက်တန်ခိုးဖွင့်တော်မူပြီးသော ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ မေ-အောင်ဘို့မနေး အောင်အရေးကို မျှော်တွေးရည်ရော် ဘုရားတပည့်တော်အား။ ဇယံ-မရှောင်ခင်း အခေါင်နင်း၍ အောင်ခြင်းဆိုတဲ့ အောင်ဆုတောင်း မြတ်ကို။ ဒေတု- အောင်အရေးကိုတောက် အောင်သွေးမြောက်ဘို့ ချီးမြှောက်မိန့်ကြား ပေးသနားတော်မူလိုက်ပါတော့ အောင်စကြာနေတန္တန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

## စမတောင်တော်ပေါ်မှ ပေးအပ်သည့် သမ္ဗုဒ္ဓေဂါထာတော်ကြီးနှင့် ပါဠိအနက်

၁။ သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဉ္စ
ပဉ္စသတ၊ သဟဿာနိ
ဒွါဒသဉ္စ၊ သဟဿကေ
ဂင်္ဂါယံ၊ ဝါလုကစုဏ္ဏေ။

၂။ ပရာဇေတွာ၊ ဗဟုဖုလ္လေ
နမာမိ၊ သိရသာမဟံ
တေသံ ဓမ္မဉ္စ၊ သံဃဉ္စ
အာဒရေန၊ နမာမဟံ။

၃။ နမက္ကာရာနုဘာဝေန
ဟိတွာ၊ သဗ္ဗေ ဥပဒ္ဒဝေ
အနေကာ၊ အန္တရာယာပိ
ဝိနဿန္တု၊ အသေသတော၊

၁။ အဠဝီသံ၊ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေ၊ ဘုရားရှင် တို့ကို လည်းကောင်း။ ပဉ္စသတသဟဿာနိ၊ ငါးသိန်း ကုန်သော။ သမ္ဗုဒ္ဓေ၊ ဘုရားရှင် တို့ကို လည်းကောင်း၊ ဒွါဒသဉ္စသဟဿကေ၊ တသောင်းနှစ်ထောင် ကုန်သော သမ္ဗုဒ္ဓေ၊ ဘုရားရှင် တို့ကို လည်းကောင်း၊ ဂန္ဓါယံ ဂန္ဓ မြစ်၌ ဝါလုကာစုဏ္ဏော သဲလုံးတို့ကို၊

၂။ ပရာဇေတွာ ရှုံးစေပြီး၍။ ဗဟုဖလ္လေ၊ ဂင်္ဂါသဲလုံးထက် အလွန်များစွာ ပွင့်တော်မူကြသော၊သမ္ဗုဒ္ဓေ၊ ဘုရားရှင် တို့ကိုလည်းကောင်း၊ အာဒရေန ရိုသေလေးမြတ်စွာ အဟံ-အကျွန်ုပ်သည်။ သိရသာ၊ ဦးကွောင်းရတနာ မြတ် အင်္ဂါဖြင့်-နမာမိ၊ရိုသေမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။ တေစ- ထိုဂင်္ဂါသဲလုံးပုံ နှုန်းတမျှ ပွင့် ကုန် ကြ သော လောကတ္တရ္ဒထား ရှင်တော် မြတ်ဘုရား တို့ကို လည်း ကောင်း၊ တေသံ- ထိုဘုရားရှင်ဟူသမျှတို့၏ ဓမ္မဉ္စ မဂ် လေး၀ ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို လည်းကောင်း၊ သံဃဉ္စ ကလျာဏ ပုထုဇဉ် သံဃာတော်မြတ်နှင့်တကွ အရိယာသံဃာတော် မြတ်ဘို့ကိုလည်းကောင်း၊ အဟံ-အကျွန်ုပ်သည် နမာမိ ရိုသေမြတ်နိုး ရှိခိုးပါ၏ အရှင်ဘုရား။

၃။ နမက္ကာရာ နုဘာဝေန၊ ဘုရား, တရား, သံဃာ, မြတ် သုံးဖြာတို့ကို ရိုသေမြတ်နိုး ရှိခိုးမှုကိုပြုရသော ကောင်းမှု ရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေဥပဒ္ဒဝေ၊ ကြွင်းမဲ့ ဥသုံ အလုံးစုံ စိတ္တုတြာ သ- ဘေးဘယ နှောင့်ယှက်

စိတ်စက်မရှင် မကြည်မလင် မငြိမ်မသက် ကေဂ္ဂတာ တည်ကြည်ရာမရသော ဥပါဒ် ထိုထို အရပ်၌ အကျိုးမဲ့ ဆင်းရဲစွာ ကဝိနေရခြင်း တည်းဟူသော ဥပသဂ္ဂါ- ဤသုံးဖြာတို့ကို၊ ဟိတွာ-ပယ်ဖျောက်ပြီး၍ အနေကာ- များ ပြား လှ ကုန် သော၊ အန္တရာ ယာပိ- အန္တရာယ် အပေါင်း မကောင်းဟူသမျှတို့သည်။ အသေသတော- အသေသေန၊ အကြွင်းအကျန်မရှိ အကုန်အစင်အားဖြင့် ဝိနဿန္တု- လွင့်ကင်းစင်ပျောက် ဝေးသို့ ရောက်လျက် မလာမရောက်ပါစေကုန်သတည်း။

မှတ်ချက်။

အသုံးချပုံချနည်းကို ဆိုင်ရာနှင့် တွေ့ဆုံ ဆွေးနွေး နိုင်ပါသည်။

## နမောတေဂါထာ

နမောတေဗုဒ္ဓဝီရတ္ထု ဝိပ္ပမုတ္တော သိသမ္ဘဝိ။
သမ္မောဓပဋိပန္နောသို၊ တဿမေသရဏံဘဝ။

ဝိရ၊ ဒီပင်္ကရာထွင့် ချာမှန်ကင်း သုံးလူ့မင်း၏ ခြေရင်းတော်၌ ဦးဖြင့်ခိုက်ခါ ဘုရားဖြစ်လိုပါကြောင်း ဆုတောင်းတော်မူသည် မှစ၍၊ လေးသင်္ချေနှင့်ကမ္ဘာတသိန်း မတိမ်းမစောင်း ဆုတော် တောင်းခါ၊ ပါရမီတော်ဆယ်ပါး အပြားသုံးဆယ် ငါးသွယ်

သောစွန့်ခြင်းကြီးတို့ကို မပြီးမနေ ဝေသန္တရာ ဘဝဇာတ်တော်ကျအောင် ရွက်ဆောင် အမြတ်ကြီးမြတ်လှသော လုံ့လဝိရိယ ရှိတော်မူသော ဗုဒ္ဓမြတ်စွာဘုရား၊ တေ-ရှင်တော်မြတ်ဘုရားအား၊မေ-ဒုက္ခသစ္စာ ရုပ်နာမ်နှစ်ဖြာ အစုမျှသာဖြစ်သော ဘုရားတပည့်တော်၏ နမော-ရှိသေမြတ်နိုး အားတော်ကိုး၍ ရှိခိုးလိုက်ခြင်းသည် အတ္ထု-ဖြစ်ပါစေသတည်း။

ဝိရ-တိုင်းတော်ပြည်တော် ရာဟုနန်းသူအပေါင်း လေးဆောင်းရံသန်း ရွှေနန်းသုံးလူ စွန့်တော်မူလျက်၊ တောထွက်ပြီးကာ၊ခြောက်နှစ်ကြာမျှ ဗုဒ္ဓအဖြစ် ဘုရားဖြစ်အောင် ကျင့်ဆောင်မပြတ်ကြီး မြတ်သောလုံ့လဝိရိယ ရှိတော်မူသော၊ မြတ်စွာဘုရားတ—ရှင်တော်မြတ်ဘုရားကြီးသည်၊ သဗ္ဗဓိ—ခပ်သိမ်းကုန်သော၊ အို- နာ- သေရေး- အပယ်ဘေးနှင့် ရှုတ်ထွေးစွာလျှ ဝဋ်ဒုက္ခအပေါင်းတို့မှ၊ ဝိပ္ပမုတ္တော၊ဆင်းရဲကင်းပျောက် နိဗ္ဗာန်ရောက်၍ ချမ်းမြေ့ကြည်ဖြူ လွတ်တော်မူသည်၊ အသိ-ဖြစ်တော်မူပေပြီ။ အဟံ—ဒုက္ခသစ္စာ ရုပ်နာမ်နှစ်ဖြာ အစုမျှသာဖြစ်သောဘုရားတပည့်တော်မှာမူကား၊ သမ္မာပဋိပန္နော ကျွဲဦးမြောင်းလှစွာ ဝဋ်ဒုက္ခအပေါင်းတို့၌ ကျရောက်၍နေရသည် အသ္မိ-ဖြစ်ခြေ၏။

ဝိရ၊ဗုဒ္ဓကိစ္စငါးဌာနကို နေ့ညမအား ဉာဏ်တော်ပွား၍ သနားဂရုဏာ သတ္တဝါ ဝေနေချမ်းသာစေရန် မြတ်နိဗ္ဗာန်သို့ ကေန်ရောက်အောင် တရားပေါင်းတို့ဖြင့် ပို့ဆောင်မငြီး၊ ကြီးမြတ်သော လုံ့လဝိရိယ ရှိတော်မူသော ဗုဒ္ဓမြတ်စွာဘုရား၊တ—ရှင်တော်မြတ်ဘုရားကြီးသည်၊ တဿမေ—ထိုဒုက္ခသစ္စာ ရုပ်နာမ်နှစ်ဖြာ အစုမျှသာ ဘုရားတပည့်တော်၏၊ သရဏံ၊ ဇာတိတို့ကို

အို-နာ-သေရေး-အပါယ်ဘေးတို့မှ ဆင်းရဲဘေးတို့မှ သေဒဏ ဘေးတို့မှ ရောဂါဘေးတို့မှ ကင်းဝေးလွတ်ရာ ချမ်းသာကေန် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော ကိုးကွယ်ရာ အစစ် အမှန်သည်၊ ဘဝ-ဖြစ်တော်မူပါ မြတ်စွာဘုရား။

## ပထဝီဇယဂါထာ

ပထဝိ ဗလသုန္ဒရီ သဗ္ဗညု ဗောဓိမဏ္ဍလေ။
သင်္ချေယျံ မာရသေနံ၊ ဇယောဇယတု မင်္ဂလံ။

ပထဝီဗလသုန္ဒရီ၊ မြေထုမခြား ကြီးမားလှန်မင်း ကောင်း မြတ်သောသည်းခံခြင်းရှိသော ဗောဓိမဏ္ဍလေ၊ သဗ္ဗညုတာ ဉာဏ်ကြက်ရာမှန်၍ မြေကြန်ဓိမတိ တုမရှိကြံ့ခိုင် ဗောဓိမဏ္ဍိုင်၌ အသင်္ချေယျ၊ သင်္ချာဖွဲ့ယှက် ရေတွက်မရ များပြားလှသော မာရသေနံ၊ ဗိုလ်ပါရဲမက် လက်နက်စုံကျင်း တိုက်ဖျက်ခြင်းငှာ ချဉ်းကပ်လာသော မာရ်နတ်စစ်သည်တော်ကို၊ သဗ္ဗညု၊တရား ဥဿုံ အလုံးစုံကို အကုန်သိတတ် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ဇယောယထား ပါရမီရှိန်-အဟုန်ကြောင့် မြေဝသုံ ရိုက်ဟုန်တိမ်း လျက် အောင်ခြင်းကြီး အောင်တော်မူသကဲ့သို့ တတြာ-ထို့ အတူ၊မေငါ့အား၊ မင်္ဂလာအပေါင်းတည်း အောင်ဘွယ်များစွာ အောင်ရာအောင်ကြောင်း အောင်အပ်သမျှ မင်္ဂလာအပေါင်း သည်၊ ဇယတု-အဆောတလျင် အောင်မြင်ပြီးစီး အောင်ခြင်း ကြီး အောင်ပါစေသတည်း(ဝါ)အောင်ပါစေသော်။

မှတ်ချက်။ ဤ ပဌဝီဇယဂါထာကို အနည်းဆုံး နံနက် (၃)ခေါက်၊ ည(၃)ခေါက် အမြဲရွတ်၊အမှုကိစ္စ ရှိက၊ ခြေကိုစုံရပ်၍ ခုနစ်ခေါက်ရွတ်၍ သွား ရမည်။ ဂါထာ အနက်အဓိပ္ပာယ်ကို ဆင်ခြင်၍ ဥာဏ်ရှိတိုင်း သုံးလေ။

## စိန္တာမဏိဂါထာ

၁။ စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓ ရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
၂။ စိန္တာမဏိ ရတနာနိ၊ ဓမ္မံ ဓမ္မ ရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
၃။ စိန္တာမဏိ ရတနာနိ၊ သံဃံ သံဃာ ရတနာနံ။
ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

အနက်။ ၁။ စိန္တာမဏိ ရတနာနိ၊ ကြံတိုင်းဖန်တိုင်းရပ်ဆိုင်း မရှိ၊ အလိုကိုပြည့်စေနိုင်သော ရတနာတို့သည် ဗုဒ္ဓံ-ဘုရားတည်းဟူသော ရတနာမြတ်ပေတည်း ရတနာတို့သည်၊ ဗုဒ္ဓရတနာနံ-ဘုရား တည်းဟူ သော ရတနာတို့ကို၊ သရဏံ-ကိုးကွယ်ဆည်း ကပ်လေးမြတ်ခြင်းကို၊ ကရံ ကရောန္တော ပြုတိုက် သည်ဖြစ်၍ ကရတိ ပြုသောသူ၌ ဣစ္ဆာ—ကြံစည် တောင့်တ လိုအင်ဆန္ဒသည်၊ ခိပ္ပမေဝ- ဆော လျှင်စွာ သာလျှင်၊ သမိဇ္ဈတု၊ ပြည့်စုံပါစေ သတည်း။

၂။ စိန္တာမဏိ ရတနာနှိ– ကြံဖန်လိုက်တိုင်း ရပ်ဆိုင်း မရှိ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်၊ ဓမ္မ–တရားတည်း ဟူသော ရတနာမြတ်ပေတည်း။ ဓမ္မရတနာနှံ–တရား တည်းဟူ သော ရတနာတို့ကို၊ သရဏံ– ကိုးကွယ်ဆည်းကပ် လေးမြတ် ခြင်းကို၊ ကရံ–ကရောန္တော–ပြုထိုက်သည်ဖြစ်၍၊ ကရတိ–ပြုသော သူ၌၊ ဣစ္ဆာ–ကြံစည်တောင့်တ လိုအင်ဆန္ဒသည်၊ ခိပ္ပမေဝ– ဆောလျင်စွာလျှင်၊ သမိဇ္ဈတု–ပြည့်စုံပါစေသတည်း။

၃။ စိန္တာမဏိ ရတနာနှိ– ကြံဖန်လိုက်တိုင်း ရပ်ဆိုင်း မရှိ အလိုကို ပြည့်စေနိုင်သော ရတနာတို့သည်၊ သံဃ–သံဃာတည်း ဟူသော ရတနာမြတ်ပေတည်း။ သံဃ ရတနာနံ–သံဃာတည်း ဟူသော ရတနာတို့ကို၊ သရဏံ–ကိုးကွယ်ဆည်းကပ် လေးမြတ် ခြင်းကို၊ ကရံ–ကရောန္တော–ပြုထိုက်သည်ဖြစ်၍၊ ကရတိ–ပြုသော သူ၌၊ ဣစ္ဆာ– ကြံစည်တောင့်တ လိုအင်ဆန္ဒသည်၊ ခိပ္ပမေဝ– ဆောလျင်စွာလျှင်၊ သမိဇ္ဈတု–ပြည့်စုံပါစေသတည်း။

## "ငါးပါးသီလ စောင့်ထိန်းခြင်းနှင့် မစောင့်ထိန်းခြင်း တို့၏ အကျိုးအပြစ်"

မည်သည့် အကျင့်စခန်းမှနေ၍ သမထ အကျင့်ပဲ ဖြစ်စေ၊ သမထ ဝိပဿနာပဲ ဖြစ်စေ၊ ကျင့်သော ယောဂီသည် လူနှင့် အပ်သော ငါးပါးသီလ ကို စင်ကြယ်စွာ ထိန်း သိမ်း ပြီးမှ၊ ကျင့်ကြံအားထုတ်သင့်သည့်ပြင်၊ လူ့ဒါန်းရာ၌လည်း ငါးပါးသီလ ထိန်းသိမ်းပြီးမှ လှူဒါန်းခြင်း၊ အလှူခံခြင်းပြုခြင်းသည် အရေး ကြီးလှပါသည်။

လူတိုင်း၊ သိပြီးသား ဖြစ်သော်လည်း၊ ယခု စာ အုပ် ကို ဘတ်သောယောဂီတို့ သိသင့် သိထိုက် သဖြင့်၊ ငါးပါးသီလ၏ အကျိုး အကျဉ်းချုပ်အား ဖော်ပြအပ်ပါသည်-

## "ငါးပါးသီလ စောင့်ထိန်းရခြင်း အကျိုးငါးပါး"

၁။ ကြီးစွာသော စည်းစိမ်ဥစ္စာကို ရနိုင်သည်။
၂။ ကောင်းသော ဂုဏ်သတင်း ကျော်စောခြင်း ရှိသည်။
၃။ ပရိတ်သတ်အလယ်၌ ရဲရဲရင့်ရင့် မျက်နှာပြ လှသည်။
၄။ သေသောအခါ မတွေဝေပဲ သေရသည်။
၅။ သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ရောက်သည်။

## ၁။ ပါဏာတိပါတာ ကံသိန်းသိမ်းခြင်း၏အကျိုး

သူ့ အသက် ကို မ သတ် ခြင်း၏ အကျိုး၊ ပါဏာတိပါတ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းသောပုဂ္ဂိုလ်သည်၊ သေပြီးသည့်နောက် နတ်ပြည်သို့ရောက်ရသည်၊ နတ်ပြည်မှစုတေပြီး လူ့ဘုံတွင် ဖြစ်သောအခါ—

၁။ အလုံးနှင့်အရပ် လိုက်လျောညီညွတ်ခြင်း။
၂။ လျှင်မြန်သောအဟုန်နှင့် ပြည့်စုံခြင်း။
၃။ ကောင်းစွာညီညွတ်သော ခြေဘဝါးရှိခြင်း။
၄။ တင့်တယ်ပြေပြစ်ခြင်း။
၅။ ပြေပြစ်သန့်ရှင်းသော စကားရှိခြင်း။

၆။ သတ္တဝါများ၏ ချစ်ခင်မြတ်နိုးခြင်းကို ခံရခြင်း။
၇။ မိမိ၏ပရိသတ်သည် စည်းလုံးညီညွတ်စွာ ရှိခြင်း။
၈။ ကိုယ်လက်ခက်ထရော် မရှိခြင်း။
၉။ မိမိအား သူတပါးတို့ မဖျက်ဆီးနိုင်ခြင်း။

၁၀။ ကောင်းသောရုပ်ရည် အဆင်းသဏ္ဌာန်ရှိခြင်း။
၁၁။ အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံခြင်း။

## ၂။ ပါဏာတိပါတကံ ကျူးလွန်ခြင်း၏အပြစ်

သူ၏အသက်ကို သတ်သောသူသည်၊ သေပြီးသောအခြားမဲ့၌ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ တို့သို့ ရောက်တတ်သည်။ လူ့ဘုံတွင်ဖြစ်သောအခါ—
၁။ အသက်တိုသည်။
၂။ မွေးစကပင် သေတတ်သည်။

## ၃။ အဒိန္နာဒါန ထိန်းသိမ်းခြင်း၏ အကျိုး

သူတပါး၏ ပစ္စည်းဥစ္စာကို မခိုးယူခြင်း၏ အကျိုးမှာ သေပြီးသည့် အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရသည်။ နတ်ပြည်မှ စုံတေပြီး လူ့ဘုံတွင် ဖြစ်သောအခါ—

၁။ များစွာသောဥစ္စာပစ္စည်း ရှိခြင်း။
၂။ အပိုင်းအခြား အရေအတွက် မရှိသော စည်းစိမ်ဥစ္စာ ရှိခြင်း။
၃။ ခိုင်မြဲသော စည်းစိမ်ဥစ္စာရှိခြင်း။
၄။ အလိုရှိအပ်သော ပစ္စည်းဥစ္စာတို့ကို လျင်မြန်စွာရခြင်း။
၅။ မင်းအစရှိသော ရန်သူတို့က မနှောက်ယှက်နိုင်သော ပစ္စည်းဥစ္စာရှိခြင်း။
၆။ မြတ်သောစည်းစိမ်ဥစ္စာရှိခြင်း။
၇။ ထိုထိုနေရာအရပ်၌ အကြီးအကဲဖြစ်ရခြင်း။
၈။ မရှိဟူသော အဖြစ်မျိုးကို မသိရခြင်း။
၉။ ငြိမ်းချမ်းအေးမြစွာ နေရခြင်း စသည့်အကျိုးတို့ကို ရရှိနိုင်ပါသည်။

## ၄။ အဒိန္နာဒါန ဝေရမဏီကံ ကျူးလွန်ခြင်း၏ အပြစ်။

သူတပါး၏ပစ္စည်းဥစ္စာကို ခိုးယူသောသူသည် သေပြီးသော အခြားမဲ့၌-ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ၊ တို့သို့ ရောက်တတ်၏။ လူ့ဘုံတွင် ဖြစ်သောအခါ-
၁။ ဥစ္စာပစ္စည်း ဆုံးရှုံးပျက်စီးခြင်းသို့ ရောက်ရသည်။
၂။ တချင်ရွေးမျှသော ပစ္စည်းဥစ္စာမျှလည်း မတည်တတ်၊ မရှိတတ်။

## ၅။ ကာမေသုမိစ္ဆာစာရ ထိန်းသိမ်းခြင်း၏ အကျိုး

သူတပါး၏ မယားနှင့် အုပ်ထိန်းခြင်းမကင်းသော သမီးပျို များကို မေထုန် မကျူးလွန်ခြင်း (မိန်းမများအတွက်၊ မိမိ၏ ကာမပိုင်လင်မှတပါး အခြားယောကျ်ားနှင့် မေထုန် မကျူး လွန်ခြင်း)၏ အကျိုး— ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို လုံခြုံ အောင် စောင့်ထိန်းသောပုဂ္ဂိုလ်သည် သေပြီးသော အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရသည်။ နတ်ပြည်မှ စုတေပြီး လူ့ဘုံတွင် ဖြစ်သောအခါ—

၁။ အမျက်ဒေါသ မကြီးခြင်း။
၂။ မှန်ကန်စွာ ပြုလေ့ရှိခြင်း။
၃။ မျက်နှာရွှင်ပြစွာရှိခြင်း။
၄။ နှစ်သက်အပ်သော ချမ်းသာသုခ ရရှိခြင်း။
၅။ ပြည့်စုံလင်သော ဣန္ဒြိယရုပ် (မျက်စိ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကာယ— ယောကျ်ားဖြစ်က ပုမ္ဘာဝရုပ်၊ မိန်းမဖြစ်က ဣတ္ထိဘာဝရုပ် စသည်ရှိခြင်း။
၆။ ပြည့်ဝသောလက္ခဏာရှိခြင်း။
၇။ ယုံမှားသံသယ မရှိရခြင်း။
၈။ ပူပန်ကြောင့်ကြ မရှိရခြင်း။
၉။ ချမ်းသာစွာနေရခြင်း။
၁၀။ ဘေးရန်မရှိခြင်း။
၁၁။ ချစ်သောသူတို့နှင့်အတူ နေရခြင်း စသည့် အကျိုးတို့ကို ရရှိနိုင်ပါသည်။

## ၆။ ကာမေသုမိစ္ဆာစာရကံ လွန်ကျူးခြင်း၏အပြစ်

ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်သောသူသည် သေပြီးသော အခြားမဲ့၌၊ ငရဲဘုံ၊ တိရိစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့သို့ ရောက်တတ်သည်။ လူ့ဘုံတွင် လူဖြစ်သောအခါ—

၁။ ရန်သူပေါများသည်။

၂။ မြင်သမျှ လူအပေါင်းအသင်းသည် ရန်သူလို သဘောထားနေတတ်ကြသည်။

## ၇။ မုသာဝါဒါ ထိန်းသိမ်းခြင်း၏ အကျိုး

မဟုတ် မမှန်သော စကားကို မပြောဆိုခြင်း၏ အကျိုး— မုသာဝါဒ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းသောပုဂ္ဂိုလ်သည်၊ သေပြီးသောအခြားမဲ့၌ နတ်ပြည်သို့ ရောက်ရသည်။ နတ်ပြည်မှစုတေပြီး လူ့ဘုံတွင် ဖြစ်သောအခါ—

၁။ အပြစ်လွတ်ကင်း၍ ချိုသာသောစကား ရှိခြင်း။

၂။ ညီညီညွတ်ညွတ် ဖြူငင်သော သွားရှိခြင်း။

၃။ မဝလွန်းခြင်း။

၄။ မပိန်လွန်းခြင်း။

၅။ မပုလွန်းခြင်း။

၆။ မမြင့်လွန်းခြင်း။

၇။ ခံတွင်း၌ ကြာညိုအနံ့ကဲ့သို့ မွှေးကြိုင်သောအနံ့ ရှိခြင်း။

၈။ ရိုသေစွာ နားထောင်လိုက်နာသော ပရိသတ်ရှိခြင်း။

၉။ လေးလေးနက်နက် မှတ်ယူအပ်သော စကားရှိခြင်း။
၁၀။ ကြာပွင့်ချပ်ကဲ့သို့ နူးညံ့နီမြန်းပါးလွှာသော လျှာရှိခြင်း။
၁၁။ မတုန်လှုပ်ခြင်းစသော အကျိုးတို့ကို ရရှိနိုင်ပါသည်။

## ၈။ မုသာဝါဒကံကို ကျူးလွန်ခြင်း၏ အပြစ်

မဟုတ်မမှန်သောစကားကို ပြောဆိုသောသူသည် သေပြီးသော အခြားမဲ့၌၊ ငရဲဘုံ၊ တိရိစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံတို့ကို ရောက်တတ်သည်။ လူ့ဘုံတွင်ဖြစ်သောအခါ—

၁။ မဟုတ်မဟာရား အစွပ်အစွဲခံရတတ်သည်၊

၂။ သူတပါးပြုသော မတရားမှုများ မိမိအပေါ်သို့ ကျရောက်တတ်သည်။

## ၉။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ထိန်းသိမ်းခြင်း၏ အကျိုး။

သေရည်သေရက် မသောက်ခြင်း၏အကျိုးမှာ သုရာမေရယ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းသောပုဂ္ဂိုလ်သည်၊ သေပြီးသော အခြားမဲ့၌ နတ်ပြည်သို့ရောက်ရတတ်သည်။ နတ်ပြည်မှ စုတေပြီး လူ့ဘုံ၌ဖြစ်သောအခါ

၁။ အခါခပ်သိမ်း သတိရှိခြင်း

၂။ ဖြစ်ပေါ်လာသောကိစ္စတို့၌ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော ဉာဏ်ရှိခြင်း။

၃။ ပျင်းရိမှုမရှိခြင်း။
၄။ မဆွံ့မအခြင်း။
၅။ ရူးသွပ်မှုမရှိခြင်း။
၆။ ထိတ်သန့်ဘုန်လှုပ်မှုမရှိခြင်း။
၇။ ဖိနှိပ်ချုပ်ချယ်မှု မရှိခြင်း။
၈။ ငြူစူမှုမရှိခြင်း။
၉။ နှမြောဝန်တိုမှုမရှိခြင်း။
၁၀။ မှန်သောစကားကို ပြောဆိုခြင်း။
၁၁။ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ အကျိုးမရှိသော စကားကို ပြောဆိုခြင်း တို့မှ ကင်းလွှတ်ခြင်း စသည့် အကျိုးတို့ကို ရရှိနိုင်ပါသည်။ (ဣတိဂုတ္တကအဋ္ဌကထာဒုတိကနိပါတ်-ပဌမသုတ် တတိယဝဂ္ဂမှာ ဤအတိုင်း ဖော်ပြထားပါသည်။)

## ၁၀။ သုရာပါနသီလကို ကျူးလွန်ခြင်း၏အပြစ်

သေရည် သေရက် သောက် သော သူ သည်၊ သေပြီးသော အခြားမဲ့၌၊ ငရဲဘုံ၊ တိရစ္ဆာနဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံ တို့သို့ ရောက်တတ်သည်။ လူ့ဘုံတွင် လူဖြစ်သောအခါ-

၁။ ရူးသွပ်သောသူဖြစ်တတ်သည်။
၂။ စိတ်ဂယောင်ချောက်ချား ဖြစ်နေတတ်သည်။
၃။ အ, လည်း အ၊ နား,လည်း ပင်းတတ်သောသူ ဖြစ်နေတတ်သည်။

(အင်္ဂုတ္တရနိကာယအဌက နိပါတ်ပါဠိတော် ဒါနဝဂ္ဂမှာ ၎င်း အင်္ဂုတ္တရ-နိကာယ အဖွင့်၊ မနောရထပူရဏီ အဌကထာ၊ အဌကနိပါတ် ဒါနဝဂ္ဂတို့၌ ဖော်ပြထား ပါသည်)

ဗြဟ္မာစိုရ်နှင့်ယှဉ်တွဲသော ဒါနမှုများအကြောင်း

ပါရမီရှင်ယောဂီများ ဒါနပြုသောအခါ မိမိပြုရမည့် မည်သည့်ဒါနလုပ်ငန်းမဆို အောက်ဖော်ပြပါ ဗြဟ္မာစိုရ်နှင့်ယှဉ်တွဲသော ဒါနမျိုးဖြစ်စေရန် အမြဲသတိပြုစေလိုပါသည်။

၁။ မေတ္တာနှင့်ယှဉ်တွဲပုံ။

အစာလိုနေသောရဟန်း၊ ရှင်—လူနှင့် တိရစ္ဆာန် တဦးဦးအား၊ သူ၏အခက်အခဲနှင့် လိုလားချက်ပြည့်စုံ၍ ရွှင်လန်းမှုရှိစေရန် မေတ္တာထား၍ တတ်နိုင်ရာ အစာတခုခုကို ပေးလှူလိုက်ခြင်းမျိုးကို ဆိုလိုသည်၊

ဤဒါနမျိုးပြုရာ၌ သဒ္ဓါ—ပညာစေတနာနှင့် ယောနိသောမနသိကာရ (၃) မျိုးတို့သည် တပါတည်း ပါဝင်လျက်ရှိသည်ဟု သတိပြုပါလေ။

၂။ ကရုဏာနှင့်ယှဉ်တွဲပုံ။

ဆာလောင်၍ပင်ပန်းနေသူ၊အားနည်းနေသူအား သနားကြင်နာ၍ ထိုဆာလောင်မှုဒုက္ခမှ လွတ်မြောက်သွားပြီး ချမ်းသာကြည်ရွှင်မှုရစေရန် ရည်သန်ပြီး မိမိ၌ရှိထားသော အစာအဟာရကို သဒ္ဓါစေတနာကောင်းဖြင့် ပေးလှူခြင်းမျိုးကို ဆိုသည်။

ခရီးစရိတ်ပြတ်လပ်ခက်ခဲနေသူအား။ ထောက်ပံ့ခြင်း၊ အဝတ်ချို့တဲ့နေသူအားလည်းကောင်း၊ တခုခုချို့တဲ့နေ၍ ဒုက္ခကြုံတွေ့နေသူတို့အားလည်းကောင်း၊ ခက်ခဲရာကို အထက်ပါစေတနာမျိုးဖြင့် ထောက်ပံ့ကူညီခြင်းမျိုးကို ဆိုသည်။

၃။ မုဒိတာနှင့်ယှဉ်တွဲပုံ။

အစာ၊ရေ၊အဝတ်စရိတ်စသည် တခုခုခက်ခဲနေသည်ကို တွေ့ရှိရ၍ ဤသူ့ဒုက္ခကြုံတွေ့နေရသော အခက်အခဲဒုက္ခမှ လွတ်မြောက်သွားလျှင် ထိုသူမှာ ကြည်ရွှင်ဝမ်းသာမှုရမည်ကို မျှော်ဆ-အာရုံပြုပြီး၊ထိုသူ၏ ကြည်ရွှင်ဝမ်းသာရရေးအတွက် လိုအပ်ရာကို ထောက်ပံ့ကူညီခြင်း၊ မုဒိတာဖြစ်မှုကို ဆိုသည်။

၄။ ခန္တီမုဒိတာနှင့်ယှဉ်တွဲပုံ။

မိမိဆာလောင်၍ စားရန်ပြင်နေသောအစာကိုဖြစ်စေ၊ ဆာလောင်လာလျှင် စားရန်ထားရှိသောအစာကိုဖြစ်စေ၊ မိမိရှေ့တွင် တကယ်ဆာလောင်လာသူကိုတွေ့လျှင် ဆင်ခြင်သည်မှာ ငါ၏အစာကို ငါစားလိုက်လျှင် ငါအဆာပြေသွားနိုင်သော်လည်း၊ရှေ့တွင်တွေ့မြင်ရသော ထိုဒုက္ခသည်အား ပေးလှူလိုက်လျှင် ထိုဒုက္ခမှလွတ်သွားပြီး၊ ထိုသူချမ်းသာခွင့်ရရှိပေတော့မည်ဟု သဘောပေါက်သဖြင့် မိမိဒုက္ခကိုသီးခံပြီး ထိုသူ့အား သုခ ပေးတော့မည်၊ ထိုသူ ချမ်းသာကြည်ရွှင်မှုကို ငါလိုလားတော့သည်ဟု သဒ္ဓါစေတနာထားကာ ပေးလှူခြင်းမျိုးကို ဆိုလိုသည်။

## ၅။ မေတ္တာမုဒိတာနှင့်ယှဉ်တွဲပုံ။

ဆာလောင်၍ အဟာရလို နေသူ၌ ဆာလောင်မှုဒုက္ခ၊ လူနေမှုဒုက္ခနှင့် ရှာရမှုဒုက္ခအပြင်၊ ရှာ၍မရရှိသောဒုက္ခ(၄)မျိုးတို့ တပြိုင်နက် ကြုံနေသူတို့အား၊ မိမိရှိအစာအချို့ကို ခွဲဝေ၍ပေးကမ်းလိုက်လျှင် အထက်ပါ ဒုက္ခ(၄)မျိုးလုံး တပြိုင်တည်း ငြိမ်းသွားနိုင်သည်ကို သဘော ပေါက်သဖြင့် ထိုဒုက္ခ(၄)မျိုးကြုံနေသူအပေါ် ကိုယ်ချင်းစာမှု ဒုက္ခ(၄)မျိုးကင်းလျှင် ဝမ်းမြောက်နိုင်ခွင့်ရရှိမှုတို့ကို လိုလား သောသဒ္ဓါ စေတနာမြင့်၍မျှော်ချက်တို့ဖြင့်ကူညီထောက်ပံ့ပေး မှုမျိုးကို ဆိုသည်။

## ၆။ ဂရုဏာ-မေတ္တာ-မုဒိတာ-ပညာတို့နှင့်ယှဉ်တွဲပုံ။

ဆာလောင်မှုသည် ရောဂါတခု ပင်ဖြစ်ရာ ထိုဆာလောင်မှုကြောင့် အားအင်နည်းသွားခြင်း၊ အခြားလုပ်ငန်းတွေ မလုပ်နိုင်တော့ခြင်း၊ စီးပွားရေးပါထိခိုက် လာစေသော အကျိုးဆုတ်ယုတ်မှုတွေ များစွာ ကူးစက်လာ သောသဖြင့် အဟာရမပြည့်စုံ၍ ဒုက္ခတွေစုပုံလာသော ဒုက္ခ သည်တို့အား ဒုက္ခမှလွတ်မြောက်၍ ကြည်ရွှင်ဝမ်းသာလာကာ၊ ကောင်းမျိုးများစွာကိုဆက်၍ ရရှိသွားစေရန် သုံးသပ်ဆုံးဖြတ် ပြီး၊ထိုဒုက္ခ စုငြိမ်းသွားစေရန် မိမိက စွမ်းနိုင်သလောက် ကူညီ ထောက်ပံ့ခြင်း ပြုလုပ်ပေးမှုကို ဆိုသည်။

## ၇။ သဒ္ဓါဖိုလ်-ပညာဖိုလ်နှင့် ဂရုဏာတို့ယှဉ်တွဲပုံ။

ဆာလောင်နေသူ၏ ရုပ် နာမ် (၂)ပါးတို့ တာရှည်စွာ တည်တံ့နိုင်ရေးအတွက်၊ ဤ ငါးမှာရှိသော အဟာရသည်(ဝါ)ဤဝတ္ထုဖြင့် စီမံယူရရှိသော အဟာရသည် အထောက်အပံ့ မမှုဖြစ်နိုင်ပေသည်။ ငါသည် အားနည်း နေသော ရုပ်နာမ်နှစ်ပါးတို့ကို အလှူခံအရာထားပြီး ဤအဟာရကို လှူဘွယ်ဝတ္ထုအဖြစ်ဖြင့် လှူဒါန်းလိုက်ရသော ပရမတ္ထဒါနမျိုးလည်း ဖြစ်သွားမည့်ပြင် ထိုသူမှာလည်း သက်သာချမ်းသာရရတော့မည်ဟု အားရထက်သန်စွာဖြင့် သဘောပေါက်ကာ ပေးလှူခြင်းမျိုးကို ဆိုသည်။

## ၈။ သဒ္ဓါဖိုလ်-ပညာဖိုလ်နှင့် ဂရုဏာ-မေတ္တာ-မုဒိတာတို့ ယှဉ်တွဲပုံ။

ဆာလောင်နေသူ၏ ရုပ် နာမ် (၂)ပါးတို့အား ရှိသာကာ- တာရှည်တည်တံ့နိုင်ဆောင် ကူညီပေးရသော် ထိုသူသည် သူတော်ကောင်းတို့၏ ဥစ္စာနှစ်ဖြာသော ဒါန၊ သီလ၊ ဘာဝနာ စသည့်ကောင်းမှု ကုသိုလ်များကို ပွားတိုးနိုင်စေရန်လည်းကောင်း၊ ထိုသို့ပြုလုပ်နိုင်သော ကောင်းမှုတို့ကြောင့် ထိုသူ၌ ဘဝသံသရာတလျှောက်တွင် ဤဒုက္ခမျိုးမှ လွတ်ကင်းပြီး သုခချမ်းသာ စည်းစိမ်အဖြာဖြာတို့ကိုပါ ရရှိသွားစေရန်လည်းကောင်း၊ ထိုသို့ သုခချမ်းသာတို့ဖြင့် အများ၏အကျိုး၊ သာသနာ၏အကျိုး၊ လောကဓမ္မ၏အကျိုးတို့ကိုပါ ကျယ်ပြန့်

စွာ ရရှိသွားစေရန်လည်းကောင်း၊ သဘောပေါက်ရည်သန်ပြီး၊ ငါသည်. ထိုဖော်ပြပါ ကောင်းကျိုးအဆင့်ဆင့်တို့ကို ဖြစ်ပေါ်စေနိုင်သည့် ဤ အဟာရဓမ္မာကို ဇီဝိတဒါနနှင့် ဓမ္မာနုဂ္ဂဟဒါန အဖြစ်ဖြင့် ပေးလှူပါ၏ဟု ဉာဏ်အမြင်ကျယ်ကာ ပေးလှူသော ဒါနမျိုးကို ဆိုသည်။

## ၁၀။ သက်လွတ်စာနှင့်စပ်ပုံ။

သတ္တဝါအားလုံးအပေါ်၌ တကယ်မေတ္တာ-ဂရုဏာ-မုဒိတာစေါ်ပိုလာသဖြင့် မိမိကိုယ်ခန္ဓာ ကောင်းစားရေးအတွက် သူတပါး၏ အသွေး-အသား၊ အဆီ-အဥတို့ စသည်တို့ကို စားမြိုမှုမပြုလို၊ သတ္တဝါတို့၏ အသား အသွေး-အဆီ-အဥတို့မှ လွတ်သော သစ်ရွက်-သစ်သီးတို့ဖြင့်သာ အဟာရကိုစွပြီးစေတော့အံ့ဟု သတ္တဝါများ အပေါ်၌ တကယ့်မေတ္တာ-ဂရုဏာ-မုဒိတာတွေ လွှမ်းမိုးပြီး သဒ္ဓါဖိုလ်၊ ပညာဖိုလ်ဦးစီး၍ သက်လွတ်စားခြင်းဖြင့် ကျင့်သုံးမှုမျိုးကို ဆိုသည်။

## ၁၁။ သဒ္ဓါဖိုလ်နှင့်ဓမ္မဝိစယ သမ္ဗောဇ္ဈင် စသည်တို့ ဦးစီးယှဉ်တွဲပုံ။

ငါစားရန်ထားသော ဤ အဟာရသည် ထိုဆာလောင်နေသူအား ပေးလှူလိုက်လျှင် လက်ရှိဒုက္ခမှလည်း ငြိမ်းသွားစေနိုင်၏။ ထိုသူ၏ ရုပ်နာမ်နှစ်ပါးတို့လည်း သက်သာအားရှိမှုရသွားရ၏။ ဒါန-သီလ စသော ကောင်းသောအလုပ်တွေကိုလည်း လုပ်ခွင့်ရသွားနိုင်၏။ ငါ့ အတွက်မှာ

လည်း ဤအဟာရပစ္စည်းပေါ်မှာ ငါ့ဟာ-ငါ့ဥစ္စာ-ငါပိုင်သည်ဟု စွဲလမ်းနေသော တဏှာနှင့်ဥပါဒါန်ထို့ကိုလည်း လျှော့သွားစေနိုင်၏။ ငါ့မှာ အစုလိုက်ကြီးရှိနေသေးသော တဏှာစသည်ကိလေသာ ဒုဒယ်ကြီးကို ဖဲ့ချေရန် ဤအဟာရဒါနသည် လက်နက်တခုဖြစ်နိုင်၏။ လှူပြီးသည့်နောက်ပိုင်းမှာလည်း၊ စာဂါနုဿတိ ကမ္မဋ္ဌာန်းပါဖြစ်နိုင်၍ ကောင်းကျိုးများစွာ ရရှိနိုင်စေတော့မည်ဟု သဘောပေါက်ဆင်ခြင်ကာ သဒ္ဓါပီတိ-ပါမောဇ္ဇပသဒ္ဓိစသည်တို့နှင့်ယှဉ်တွဲ၍ ပေးစွန့်ခြင်းကို ပြုလုပ်သောဒါနမျိုးကို ဆိုသည်။

၁၂။ ဖိုလ်နှင့်ဣန္ဒြေအဆင့်ဝင်သဒ္ဓါ- သတိ- ပညာများ ဗောဇ္ဈင်အဆင့်ဝင်သတိ၊ သမာဓိ-ပညာ- ဝီရိယတို့နှင့် ယှဉ်တွဲပုံ။

အဟာရသည် ယာယီမှုသုခကို ဖြစ်စေသလို သဒ္ဓါ-စေတနာ-သတိ-သမာဓိ-ပညာ-ဝီရိယ စသည်တို့သည် ထာဝရသုခဖြစ်သော နိဗ္ဗာန်ကိုရရှိနိုင်၏။ ထို့ပြင့် အဟာရနှင့်တကွ သဒ္ဓါ-စေတနာ-ပညာစသည်တို့သည် အနိစ္စနယ်နှင့်ဒုက္ခနယ်ဝင်ဖြစ်ကြသလို နိဗ္ဗာန်သည်ကား နိစ္စနှင့် သုခနယ်ဝင်ဖြစ်ကြသော အဟာရဒါနမှုဖြင့် နိစ္စ- သုခနယ်ဝင်ဖြစ်သော နိဗ္ဗာန်ချမ်းသာအတွက် ပေးလှူပါ၏။ "ဣဒံမေဒါနံ (ဒါနကမ္မံ) နိစ္စ-သုခ-နိဗ္ဗာနဿယပစ္စယောဟောတု" ဟုဆိုကာ ပေးလှူခြင်းမျိုးကို ဆိုသည်။

## ၁၃။ ဖိုလ်-ဘောဇျင်-မဂ္ဂင်စသည်တို့ ဦးစီးယှဉ်တွဲပုံ။

ဤအလုပ်ခံယောဂီသည်၊ ဝဋ်သုံးပါးကိုဖြစ်စေနိုင်သည့် အနုသယကိလေသာကို ပယ်သတ်နိုင်သော မဂ္ဂင်ဉာဏ်-ဖိုလ်ဉာဏ်နှင့်နိဗ္ဗာန်ကို ရှေ့ရှုဦးတည်ပြီး၊ ဝီတိက္ကမကိလေသာနှင့် ပရိယုဋ္ဌာန ကိလေသာတို့ကို ပယ်သတ်နိုင်သော အဓိသီလ-အဓိစိတ္တ-အဓိပညာသိက္ခာခေါ် ဝိပဿနာဉာဏ် အနုဗောဓဉာဏ်တို့ ပေါ်ထွက်ရေးအတွက် ကျင့်သုံးနေသူ၏ သမာဓိကိလေသာသတ်၊ ယောဂီမြတ်ဖြစ်ပေသည်။ ငါသည် ဤယောဂီမြတ်၏ သမာဓိ-သီလ-ပညာ-ဥပေက္ခာတို့အား အလုပ်ခံအရာထားပြီး "အဟာရ-အဝတ်-အသုံးအဆောင်" စသော လှူဘွယ်ဝတ္ထုတို့ကို ပေးလှူရသော် ထိုယောဂီမှာ ကိလေသာတွေ လျော့သွား၊ ပါးသွားလို၏။ ထိုယောဂီမှာ သီလ-သမာဓိ-ပညာ ဥပေက္ခာ ပွါးတိုးလာသလို ငါ့မှာလည်း ပွါးတိုးလာရာ၏ဟု သဘောပေါက်မျှော်မှန်းပြီး ကိလေသာ ပဟာယကနှင့် နိဗ္ဗာနသစ္ဆိကိရိယ ဒါနမျိုးဖြစ်စေရန် "ဣဒံ မေ ဒါနံ ကိလေသက္ခယံ ဝဟံ ဟောတု၊ ဣဒံ မေ ဒါနံ နိဗ္ဗာနဿ သစ္ဆိကိရိယာယ ပစ္စယော ဟောတု" ဆိုကာ ပေးလှူသောဒါနမျိုးကို ဆိုသည်။

## အလောင်းတော်မျောက်မင်း၏ ပါရမီ (၁၀) ပါးဖြည့်ပုံ။

ရှေးအခါက အလောင်းတော်မျောက်မင်းသည် အသူတရာနက်သော ချောက်၌ကျ၍နေသော ပုဏ္ဏားကို ကျောက်ကုန်း၌ထား၍ ကုန်းပေါ်တင်ပြီးနောက် မောပန်းလှ၍ ပုဏ္ဏား၏ပေါင်ပေါ်၌ ခေါင်းထား၍ တခဏအိပ်ပျော်လေ၏ ပုဏ္ဏားသည် တောမျောက်သားဖြင့် သားမယားကို မျက်နှာပြရန် ကြီးစွာ

သောကျောက်ဖြင့် တချက်တည်းထုလေ၏။ ဦးခေါင်းမှ သွေးအရည်တို့သည် လေးမျက်နှာတို့၌ ဖြာဖြာ၍ထွက်ကုန်၏။ မျောက်မင်း၏ကိုယ်အလုံးသည် သွေးအတိ-လိမ်းကျံ၍နေ၏။ ထိုအခါ ပုဏ္ဏားမှ အတန်ငယ်ခွါ၍ ပုဏ္ဏားကိုကြည့်ပြီးလျှင်၊ ဤလောကမှာ သည်ကဲ့သို့သောသူများ ရှိပေသေးသည်တကား.ဟု အံ့သြသော စကားကို ဆိုဘော်မူ၍ ထိုပုဏ္ဏားကို ရပ်ရွာသို့ ချမ်းသာစွာ ရောက်အောင်ပို့သော အခွင့်ကိုသာ အားထုတ်တော်မူ၏။

ထိုအခါ တောအရပ်သည် ခြသေ့-ကျားသစ်- သားရဲ အလွန်ထူထပ်သည် ကြာမြင့်၍ မလျော်သင့် ရွာသို့ချမ်းသာစွာ ရောက်အောင် ငါပို့ဆောင်မည်၊ငါသည် သစ်တပင်မှသစ်တပင်သို့ ကူး၍သွားမည်၊ ငါ့ဦးခေါင်းမှကျသော သွေးကြောင်းသွေးစက်ကို လမ်းပြု၍လိုက်ခဲ့လော့ဟုဆို၍ ရွာသို့ရောက်အောင် ပို့ဆောင်လေ၏။

\+ \+ \+

အထက်ပါ ဘုရားလောင်းမျောက်မင်း ပါရမီ(၁၀)ပါး ဖြည့်စုံပုံကိုထောက်၍ ပါရမီ(၁၀)ပါးကို ခွဲခြား၍ ဖော်ပြပေးမည်။

၁။ မေတ္တာပါရမီ.... ဤပုံ၌ ချောက်၌ကျ၍နေသော ပုဏ္ဏားကိုမြင်သောအခါ မိမိသားငယ်ကျ၍နေသည်ကို မြင်သကဲ့သို့ ပုဏ္ဏား၏အကျိုးကို ဆောင်တလိုလားခြင်း အားကြီးစွာဖြစ်၍လာသော စိတ္တုပ္ပါဒ်ကား မေတ္တာ ပါရမီတည်း။

၂။ ပညာပါရမီ.... အသူတရာနက်သော ချောက်မှ ကမ်းပေါ်သို့ ချောမောစွာရောက်နိုင်ရာသော အကြောင်းကိုရှာကြံသော စိတ္တုပ္ပါဒ်စုကား ပညာပါရမီတည်း။

၃။ ဝိရိယပါရမီ.... ရှာကြံ၍သိမြင်သည့်အတိုင်း သက်စွန့်ကြိုးပန်း အားထုတ်သော ကိုယ်အမှုကား ဝိရိယပါရမီတည်း။

၄။ ခန္တီပါရမီ.... ဦးခေါင်းကို ကြီးစွာသော ကျောက်နှင့် ထုရာ၊ အရေထူအရေပါးတို့ ပြတ်စုတ်၍ အရိုးကွဲမျှ ပြင်းထန်လှသော ဒုက္ခဒါဏ်ချက်ကြီး ထိပါးသည်ကိုပင် နာသည် ကျင်သည်ဟု အမှုမထားငြိုးငြူမှုမရှိ ပကတိကြည်လင်သော စိတ်အတိုင်းနေနိုင်သည်ကား ခန္တီပါရမီတည်း ဤအခါမှာ ခန္တီမရှိခဲ့လျှင် နာကျင်သည့်အတွက်နှင့် စိတ်ပျက်ကြကုန်လတ္တံ့။

၅။ ဥပေက္ခာပါရမီ– ဤ မျှ လောက် အ ပင် ပန်း ခံ ၍ ရွက်ဆောင်ဆဲဖြစ်သော ငါ့ကိုဤမျှလောက် အကျိုးမဲ့ကြီးကို ပြုဘိသည်ဟု ပုဏ္ဏားဌ်စိတ်မကွက်သည်ကား ဥပေက္ခာပါရမီတည်း။ စိတ်ပျက်၍ ကုန်မှုဆိုသည်ကား၊ ပုဏ္ဏား၏ အရှေ့အကျိုးကိုလည်း ဆုံးခမ်းတိုင်အောင် ဆောင်တော့မည်မဟုတ် နောက်က ဆောင်ခဲ့ပြီးသမျှ ကုသိုလ်စုလည်း အချည်းနှီးဖြစ်၍ကုန်တော့မည် အလောင်းတော်မှုကား အဇ္ဈတ္တသန္တာန်၌ ခန္တီအခံရှိသည့်အတွက်ကြောင့် ကျင်နာမှု ပင်ပန်းမှုကြောင့်လည်း စိတ်မကွက် ဥပေက္ခာမရှိ သည့်အတွက်ကြောင့် ပုဏ္ဏားကို စိတ်ဆိုးမှုနှင့်လည်း စိတ်မပျက်မှု၍ ဦးခေါင်းမှထွက်သော

သွေးစက် သွေးကြောင်းကို လမ်းပြ၍ နေရပ်ဌာနသို့ ရောက်အောင် ပို့ဆောင်ပေးသတည်း။

၆။ ဒါနပါရမီ- အသူတရာနက်သော ချောက်ကြီး ဖြစ်၍ အခန့်မတော်လျှင် သေလောက်သော အတွက် ဤပုဏ္ဏား၏ အတွက်နှင့် အသက်ကို စွန့်တော်မူသည်ကား ဒါနပါရမီတည်း။ ပုဏ္ဏား၏ အသက်ကို ကယ်တော်မူသည်လည်း ဇီဝိတဒါနမင်။

၇။ သီလပါရမီ- အသက်ကိုအသေပြုသော ပုဏ္ဏားကို ပြန်လှန်၍ မနှိပ်စက် ကြမ်းကြုတ်သော စကားကိုမျှ မဆိုမပြွက် စောင့်ရှောက်ချက်ကား သီလပါရမီတည်း။

၈။ နိက္ခမပါရမီ- ပုဏ္ဏားကို ကယ်တင်သည့်အတွက်ကြောင့် ကောင်းမှုကုသိုလ်၏ အကျိုးကို မျှော်တောင်းတသာယာခြင်း မရှိသကား၊ နိက္ခမပါရမီတည်း၊ ဘဝမ္ပတ္တိ၊ ဘောဂသမ္ပတ္တိဟု ဆိုအပ်သော အကျိုးကို တောင်းတ၍ပြုကြသော ကုသိုလ်စုသည် နိက္ခမ ပါရမီ ပြည့်သော ကုသိုလ်စုတည်း။

၉။ သစ္စာပါရမီ- ပုဏ္ဏား၏အကျိုးကို အဆုံးသို့ ရောက် အဓိဋ္ဌာန်ပါရမီ- အောင် ငါဆောင်မည်ဟု စိတ်ပဋိညာဉ် ထားသည်အတိုင်း ပြုသောဒါဏ်ချက်နှင့် ဒုက္ခကြီးဖြစ်လျှင်ပင် မပျက်မကွက် အဆုံးတိုင် ဆောင်ရွက်သည့်ကား သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီတည်း။

၁၀။ အဓိဋ္ဌာန်ပါရမီ–ဤ ဗုဒ္ဓါး ၏ အ ကျိုး ကို အဆုံးတိုင်
အောင် ငါဆောင်မည်ဖြစ်သော စိတ်
ပင့်ညာဉ် မရွေ့မပြောင်း သည်ကား အဓိဋ္ဌာန်ပါရမီ
တည်း။

သစ္စာပါရမီ– သင့်ကိုငါကယ်တော်မူမည်ဟု ဗုဒ္ဓါးပြောကြား
သော နှုတ်ပင့်ညာဉ်ကိုမပျက်သည်ကား သစ္စာ
ပါရမီတည်း။

ဤသို့လျှင် အ လောင်း တော် မျောက် မင်း ပြုသောအမှု၌
ပါရမီ(၁၀)ပါး ပြည့်ကြောင်း ထင်ရှားပေသတည်း။

\+ × +

<u>ကျေးဇူးပြု၍ အောက်ပါအမှားများကို ပြင်ဆင်ပြီးမှ</u>

<u>ဤစာအုပ်ကို ဖတ်ရှုပါ။</u>

| မျက်နှာ | ကြောင်း | အမှား | အမှန် |
|---|---|---|---|
| ၁၂ | ၁၀ | သဘောဘောင် | သဘောသူဆောင် |
| ၁၂ | ၂၀ | အသက်သေ | သက်သေ |
| ၁၇ | ၁၇ | သုသာန် | သုသာန် |
| ၀၉ | ၂ | ကျလဲ | ကျ၍ |
| ၂၅ | ၉ | ကော်ပစ် | တော်ပစ် |
| ၂၉ | ၁ | ယာနိကာ | ယာနိက |
| ၃၄ | ၂၁ | ခေါ်ပြပါ | ခေါ်ကြပါ |
| ၄၁ | ၉ | ဂုန်စွာ | မွန်စွာ |
| ၄၂ | ၁၂ | လဲသူလိုက် | လဲသီလိုက် |
| ၅၄ | ၂၀ | ဝမ်းခေမ်း | ဝမ်းနှခါင်း |

| | | | |
|---|---|---|---|
| ၅၈ | ၁၃ | စိတ်သာအေးမြ | စိတ်အေးမြ |
| ၅၉ | ၅ | ရေ့ကျ | ရော်ကျ |
| ၆၃ | ၃ | ဓမ္မာ | ဓမ္မ |
| ၆၃ | ၂၁ | ထိုင်လိုက် | ထိုင်ခိုင်းလိုက် |
| ၇၀ | ၁၇ | ရမ့ါမလား | ရပါမလား |
| ၇၀ | ၂၁ | ဝဟာရမှာ | ဟောရမှာ |
| ၇၁ | ၁၄ | ပညတ်လို့ | ပညတ်လို |
| ၈၀ | ၁၈ | ကိုယ့်အလုပ်မှာ | ကိုယ်လုပ်မှာ |
| ၈၁ | ၁၁ | တင်တာပေါလဲ | တင်းတာပေါလဲ |
| ၈၆ | ၂၁ | ဘောင်ဘော | ဘောက်ဆော |
| ၈၇ | ၁၂ | ဒါပဲ့ရှု | ဒ့ါပဲရှု |
| ၁၀၀ | ၁၁ | တင်းပေးပြီ | တင်ပေးပြီ |
| ၁၀၀ | ၂၀ | လှဲညွှန် | လှဲညွှတ် |
| ၁၁၃ | ၈ | စေတသိက် | စေတသိတ် |
| ၁၁၈ | ၆ | မဂုတ် | ပဂုတ် |
| ၁၁၈ | ၁၂ | ကန်ရိပ်သွား | ကန်ထဲသွား |
| ၁၁၈ | ၁၉ | ဥာဏ်ဝန်ခံ | ညာဉ်ဝန်ခံ |
| ၁၂၁ | ၆ | ပဋိဥာဉ် | ပဋိညာဉ် |
| ၁၃၃ | ၂ | ခတ္တိယကျေးရွာ | အိမ်မဲမြို့ |
| ၁၃၅ | ၁ | ပဌားန်း | ပဌာန်း |
| ၁၄၀ | ၃ | တဖုံးမှ | ကဖုံးမှ |
| ၁၄၉ | ၆ | (၆)အပ်ဘောင် | (၆)အုပ်တောင် |
| ၁၅၃ | ၈ | တာဂရိယာန | ဇာဂရိယာန |
| ၁၅၃ | ၇ | ကာကိုလွန်တော် | ကာလကိုလွန်သော် |
| ၁၅၆ | ၁၅ | နှုံး | နှုန်း |

| မျက်နှာ | ကြောင်း | အမှား | အမှန် |
|---|---|---|---|
| ၁၅၇ | ၅ | လေးတိုင်ဝင် | လေးတိုင်စင် |
| ၁၅၈ | ၄ | ပြစ်မထား | ပစ်မထား |
| ၁၅၈ | ၈ | ရှောင်ကြည့် | ရှောင်ကြဉ် |
| ၁၅၈ | ၁၉ | ငတ်မွန်းခြင်း | ငတ်မွတ်ခြင်း |
| ၁၆၀ | ၁၇ | အမိဋ္ဌာန် | အဓိဋ္ဌာန် |
| ၁၆၃ | ၁၆ | အဓိဋ္ဌာန် | အဓိဋ္ဌာန်း |
| ၁၆၇ | ၁၈ | စခမ်း | စခန်း |
| ၁၆၉ | ၁၂ | အသူဘ | အသုဘ |
| ၁၇၃ | ၁ | ပဥ္စမနေ့ | ပဉ္စမနေ့ |
| ၁၇၄ | ၁ | ဒဘာစပ် | ဒလစပ် |
| ၁၇၄ | ၁၀ | သိန်းမရ | သိမ်းမရ |
| ၁၇၅ | ၄ | တတ်မက်ခွဲ | တပ်မက်စွဲ |
| ၁၇၅ | ၁၅ | သပျက် | အပျက် |
| ၁၇၇ | ၈ | အခိဋ္ဌာန် | အဓိဋ္ဌာန် |
| ၁၇၇ | ၁၅ | အဓိဋ္ဌာန် | အဓိဋ္ဌာန် |
| ၁၇၇ | ၁၉ | မွေးသီးများ | မွေးညင်းများ |
| ၁၇၉ | ၂၂ | အိပ်သာမှ | အိမ်သာမှ |
| ၁၈၀ | ၂၁ | ခခမ်း | စခန်း |
| ၁၈၉ | ၁၁ | အဓိဋ္ဌာန် | အဓိဋ္ဌာန် |
| ၁၈၉ | ၁၁ | အဓိဋ္ဌာန် | အဓိဋ္ဌာန် |
| ၁၉၁ | ၁၂ | ချထားကာ | ချကာ |
| ၁၉၂ | ၇ | ငါးကောင် | ငါးထောင် |
| ၁၉၄ | ၁၉ | ဆဓိဋ္ဌာန် | အဓိဋ္ဌာန် |
| ၂၁၁ | ၂ | ပုဗ္ဗော | ဝုဗ္ဗော |

| မျက်နှာ | ကြောင်း | အမှား | အမှန် |
|---|---|---|---|
| ၂၁၆ | ၃ | ပုဏ္ဏ | ပုဏ္ဏား |
| ၂၁၆ | ၂၀ | မယာပိန္နဲ | မဟာပိန္နဲ |
| ၂၂၁ | ၁ | ဒွိပ္ပစက္ခု | ဒိပ္ပစက္ခု |
| ၂၂၁ | ၅ | ဝါသာနု | ဝါသနု |
| ၂၂၆ | ၁၄ | မီးလျှင် | မီးလျှံ |
| ၂၂၇ | ၁၄ | ဝါသုဏာ | ပိသုဏာ |
| ၂၃၁ | ၉ | ဗုဒ္ဓဒါ | ဗုဒ္ဓါ |
| ၂၃၂ | ၁၇ | ရှိလေထိုက် | ရှိသေထိုက် |
| ၂၄၆ | ၆ | စိတ္တ | စိတ္တ |
| ၂၄၇ | ၁၀ | မဟာသာ | မဟာသာ |
| ၂၅၃ | ၁ | ရေရာ | နေရာ |
| ၂၅၆ | ၁ | မမ္မဒါန | ဓမ္မဒါန |
| ၂၅၇ | ၁၀ | ကုသို | ကုသိုလ် |
| ၂၅၉ | ၅ | စည်း မ် | စည်းစိမ် |
| ၂၆၀ | ၂ | မချမ်းတာ | မဂ်ချမ်းသာ |
| ၂၆၀ | ၃ | စျာန | စျာန် |
| ၂၆၅ | - | နမောတောဂါထာ | နမောတောဂါထာနှင့် ပါဠိအနက် |
| ၂၆၇ | ၄ | မြတ်စွသာ | မြတ်စွာ |
| ၂၆၇ | - | ပထဝီဇယဂါထာ | ပထဝီဇယဂါထာနှင့် ပါဠိအနက် |
| ၂၆၈ | - | မိန္တာမဏိဂါထာ | စိန္တာမဏိဂါထာနှင့် ပါဠိအနက် |